**➤ ပကတိပြုရာဌာန အကျဉ်း** ။ ။ (၁) ဆန္ဒဘေဒဌာန- ဆန်းပျက်မည့်အရာဌာန၊ (၂) အသုခုစ္စာရဏဌာန- အန္တရာယ် အဖတ်ခက်မည့် အရာဌာန၊ (၃) သန္ဓိစ္ဆာရဟိတဌာန- သန္ဓိ မစပ်လိုသော အရာဌာနတို့ ဖြစ်ပါသည်။

(တနည်း) **ပကတိပြုရာဌာန အကျယ်** ။ ။ (၁) ဣတိသဒ္ဒါလည်း မနှောင်းရာ ဆန်းစောင့်ဖွယ်လည်း မလိုရာ၌ အာလုပ်ပုဒ်၏ အဆုံးသရကို ပကတိပြုရပါမည်။ (ပုံစံ) ကတမာစာနန္ဒ+အနိစ္စသညာ။

၂။ သမာသ်မဟုတ်ရာ၌ ပုဒ်အဆုံး ဒီဃသရတို့ကို ပကတိပြုရမည်။

(ပုံစံ) အာယသ္မာ အာနန္ဒော။

၃။ အတိတ်ကြိယာ၏ အစ၌ နာမ်ပုဒ်၏အဆုံး ဣ အကွရာ, ဥ-အကွရာတို့ကို ပကတိပြုရမည်။ (ပုံစံ) ဂါထာဟိ+အဒ္ဓုဘာသိ၊ သတ္ထု+အဒါသိ။

၄။ နိပါတ်ပုဒ်တို့၏ အဆုံးသရကို ပကတိပြုရမည်။ (ပုံစံ) အရေ+အဟမ္ပိ။

**➤ ကတမာစာနန္ဒ အနိစ္စသညာ-ကို ကတမာစာနန္ဒနိစ္စသညာ-ဟု သန္ဓိစပ်သင့် /မစပ်သင့်** ။ ။ ဣတိသဒ္ဒါလည်း မနှောင်းရာ ဆန်းစောင့်ဖွယ်လည်း မလိုရာ၌ အာလုပ်ပုဒ်၏ အဆုံးသရကို ပကတိပြုရမည်ဖြစ်သောကြောင့် သန္ဓိ မစပ်သင့်ပါ။

http://www.dhammadownload.com



➢ **အာယသ္မာ အာနန္ဒေါ-၌ အာယသ္မာနှင့် အာနန္ဒ-ကို သန္ဓိစပ်သင့်/ မစပ်သင့် ။ ။** သမာသ်မဟုတ်ရာ၌ ပုဒ်အဆုံး ဒီယသရတို့ကို ပကတိပြုရမည်ဖြစ်သောကြောင့် သန္ဓိ မစပ်သင့်ပါ။

➢ **ဝါထာဟိ အဗ္ဘာသိ-၌ ဝါထာဟိနှင့် အဗ္ဘာသိ-ကို သန္ဓိမစပ်သင့်ခြင်းအကြောင်း ။ ။** အဗ္ဘာသိ-ဟူသော အတိတ်ကြိယာ၏အစ ဝါထာဟိ-ဟူသော နာမ်ပုဒ်၏အဆုံး ဣ-အက္ခရာကို ပကတိပြုရသောကြောင့် သန္ဓိ မစပ်သင့်ပါ။

➢ **သတ္ထု အဒါသိ-၌ သတ္ထုနှင့် အဒါသိ-ကို သန္ဓိ မစပ်သင့်ခြင်းအကြောင်း** အဒါသိ-ဟူသော အတိတ်ကြိယာ၏အစ၌ သတ္ထု-ဟူသော နာမ်ပုဒ်၏အဆုံး ဥ အက္ခရာကို ပကတိပြုရသောကြောင့် သတ္ထုနှင့် အဒါသိကို သန္ဓိ မစပ်သင့်ပါ။

➢ **အရေ အဟမ္ပိ-၌ သန္ဓိ မစပ်ရခြင်းအကြောင်း ။ ။** နိပါတ်ပုဒ်တို့၏ အဆုံးသရကို ပကတိပြုရမည်ဖြစ်သောကြောင့် သန္ဓိ မစပ်ရပါ။

➢ **ပတတိ အဓိပ္ပါယ် ။ ။** ကျေခြင်း, အာဒေသပြုခြင်းဟူသော ဖောက်ပြန်ခြင်းသို့ မရောက်ခြင်းကို "ပကတိ"ဟု ခေါ်ပါသည်။

➢ **ပကတိ ပြုရခြင်းအကျိုး ။ ။** သရနှောင်းရာ၌ စိရင်သော သရာ သရေ လောပ်၊ ဝါပရော အသရူပါ၊ ကွစာသဝဏ္ဏံ လုတ္တေ၊ဝမောဒ္ဒ ဒန္တာနံသုတ်တို့၏ အစီအရင်ကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

**မေး ။ ။** တော ဏ္ဍမံ-ပုံစံ၌ သရေ ကွစိသုတ်ဖြင့် ပကတိ မပြုခဲ့သော် ပြောင်းလဲ သွားနိုင်သော ပုံစံတို့ကို သုတ်ထောက်ညွှန်ပြပါ။

**ဖြေ ။ ။** သရာသရေ လောပ်သုတ်ဖြင့် ရှေ့သရကိုချေလျှင် "ကိမံ"ဟု ပြောင်းလဲသွားနိုင်ပါသည်။ ဝါပရော အသရူပါသုတ်ဖြင့် နောက်သရကိုချေလျှင် "ကောမံ"ဟု ပြောင်းလဲသွားနိုင်ပါသည်။ သရာ သရေ လောပ်၊ ကွစာသဝဏ္ဏံ လုတ္တေသုတ်တို့ဖြင့် စိရင်လျှင် "ကေမံ"ဟု ပြောင်းလဲသွားနိုင်ပါသည်။ သရာ သရေ လောပ် ဒီယံသုတ်တို့ဖြင့် စိရင်လျှင် "ကီမံ"ဟု ပြောင်းလဲသွားနိုင်ပါသည်။ ဝမောဒ္ဒ ဒန္တာနံသုတ်ဖြင့် စိရင်လျှင် "ကွိမံ"ဟု ပြောင်းလဲသွားနိုင်ပါသည်။ ယဝမဒန တရလာစာဂမာသုတ်ဖြင့် စိရင်လျှင် "ကောယိမံ"စသည် ပြောင်းလဲသွားနိုင်ပါသည်။

**မေး ။ ။** ကော ဏ္ဍမံ-၌ သရေ ကွစိသုတ်ဖြင့် ပကတိ မပြုလျှင် ဝင်လာနိုင်သော အစီအရင်များကို သုတ်ညွှန်းပြ ဖြေဆိုပါ။

**ဖြေ ။ ။** ကောဏ္ဍမံ-၌ ပကတိ မပြုလျှင် (၁) သရာ သရေ လောပ်သုတ်ဖြင့် ရှေ့သရကို ချေခြင်း၊ (၂) ဝါ ပရော အသရူပါသုတ်ဖြင့် နောက်သရကိုချေခြင်း၊ (၃) ကွစာသဝဏ္ဏံ လုတ္တေသုတ်ဖြင့် အသဝဏ်ပြုခြင်း၊ (၄) ဝမောဒ္ဒ ဒန္တာနံသုတ်ဖြင့် -

http://www.dhammadownload.com



အစိတ်ဩကို ဝပြုခြင်းဟူသော အစီအရင်များ ဝင်လာနိုင်ပါသည်။

➢ **ကွစိ-သဒ္ဒါ ထည့်ဆိုရခြင်းအကျိုး** ။ ။ ဣတိသဒ္ဒါနှောင်းရာ၌ဝင်း၊ ဆန်းစောင့်လိုရာ၌ဝင်း၊ အ-အက္ခရာ, ဣတိ, ဣဝ, ဧဝ, ဧတ္ထ စသည်နှောင်းရာ၌ဝင်း ပကတိမပြုဘဲ သန္ဓိစပ်ရခြင်း အကျိုးရှိပါသည်။

➢ **ဇိဂှါယတန်-၌ ပကတိ မပြုဘဲ သန္ဓိစပ်ရခြင်းအကြောင်း** ။ ။ ဇိဂှါယတန်ကား သမာသ်ပုဒ်ဖြစ်သောကြောင့် ပကတိ မပြုဘဲ သန္ဓိစပ်ရပါသည်။

➢ **သဒ္ဓိဓ ဝိတ္ထံ ပုရိသဿ သေဋ္ဌ-၌ ပကတိ မပြုဘဲ သန္ဓိစပ်ရကြောင်း**

သဒ္ဓိဓဝိတ္ထံ ပုရိသဿ သေဋ္ဌ-၌ ဆန်းစောင့်လိုရာဖြစ်သောကြောင့် ပကတိ မပြုဘဲ သန္ဓိစပ်ရပါသည်။

## ၂၅။ ဒီဃံ

သရာခေါ ဗျဥ္ဇနေ ပရေ ကွစိ ဒီဃံ ပပ္ပေါန္တိ။

သမ္မာ ဓမ္မံ ဝိပဿတော၊ ဧဝံ ဂါမေ မုနီ စရေ၊ ခန္တီ ပရမံ တပေါ တိတိက္ခာ။

ကွစိတိ ကဿ? ဣဓ မောဒတိ၊ ပေစ္စမောဒတိ၊ ပတိ လီယတိ၊ ပဋိဟညတိ။

* ဗျဥ္ဇနေ၊နောက်ဗျည်းကြောင့်။သရာ၊ရှေ့သရတို့သည်။ကွစိ၊အချို့၌။ဒီဃံ၊ဒီဃအဖြစ်သို့။ပပ္ပေါန္တိ၊ရောက်ကုန်၏။ * ပရေနောက်ဖြစ်သော။ဗျဥ္ဇနေ၊ဗျည်းကြောင့်။သရာခေါ၊ရှေ့သရတို့သည်။ကွစိ၊၌။ဒီဃံ၊ဒီဃအဖြစ်သို့။ပပ္ပေါန္တိ၊ရောက်ကုန်၏။

* သမ္မာဓမ္မံ၊ကောင်းမြတ်သောတရားကို။ဝိပဿတော၊ရှုသောသူဖား။* ဧဝံ၊ဤအတူ။ဂါမေ၊ရွာ၌။မုနီ၊ရဟန်းသည်။စရေ၊ကျင့်ရာ၏။* တိတိက္ခာ၊တိတိက္ခာ-ဟုဆိုအပ်သော။ခန္တီ၊သည်းခံခြင်းသည်။ပရမံ၊မြတ်သော။တပေါ၊အကျင့်တည်း။ ကွစိတိပဒံ၊ကွစိ-ဟူသောပုဒ်ကို။ကဿ ဝုတ္တံ၊အဘယ့်ကြောင့် ဆိုအပ်သနည်း။ဣဓ၊ဤပစ္စုပ္ပန်ဘဝ၌။မောဒတိ၊မွေ့လျော်ရ၏။ပေစ္စ၊တမလွန်ဘဝ၌။မောဒတိ၊မွေ့လျော်ရ၏။ပတိလီယတိ၊တွန့်၏။ပဋိဟညတိ၊ညှဉ်းဆဲ၏။

➢ **ဒီဃံ-ဟု ဒ-ပုဒ်သာရှိသော အာဒေသဝိဓိသုတ်။**

➢ **နိမိတ်-အရ** ။ ။ ဗျဥ်း စဗျည်း ပဗျည်းတို့ကို ယူရပါမည်။

➢ **ကာရီ-အရ** ။ ။ အ, ဣ သရတို့ကို ယူရပါမည်။ (ကစ္စဉ်း)

➢ **ဒီဃပြုရာဌာန** ။ ။ (၁) သုတ္တသုခုစ္စာရဏဌာန- စုဏ္ဏိယပါဠိဝယ် ရွတ်လွယ်ရာ ဌာန၊ (၂) ဆန္ဒာနုရက္ခဏဌာန- ဆန်းစောင့်လိုရာ ဌာနတို့ ဖြစ်ပါသည်။

## ၂၆။ ရဿံ

သရာ ခေါ ဗျဥ္ဇနေ ပရေ ကွစိ ရဿံ ပပ္ပေါန္တိ။

ဘောဝါဒိနာမ သော ဟောတိ၊ ယထာဘာဝိဂုဏော သော။

http://www.dhammadownload.com



ကွစီတိ ကာ၀ါ? သမ္မာသမာဓိ၊ သာဝိတ္ထိ ဆန္ဒသော မုခံ၊ ဥပနိယတိ ဇီဝိတမပ္ပမာယုဂါ။

* ဗျဥ္ဇနေ၊နောက်ဗျည်းကြောင့်။သရာ၊သရတို့သည်။ကွစိ၊အချို့၌။ရဿံ၊ရဿ အဖြစ်သို့။ပပ္ပေါ်ရွိ၊ရောက်ကုန်၏။ * ပရေနောက်ဖြစ်သော။ဗျဥ္ဇနေ၊ဗျည်းကြောင့်။ သရာခေါ၊သရတို့သည်။ကွစိ၊၌။ရဿံ၊ရဿအဖြစ်သို့။ပပ္ပေါ်ရွိ၊ရောက်ကုန်၏။

* သော၊ထိုပုဏ္ဏားသည်။ဘောဝါဒိနာမ၊(ဘောဝါဒိ+နာမ) ဘော ဘော-ဟု ဆိုလေ့ရှိသောသူမည်သည်၊ဟောတိ၊ဖြစ်၏။* သော၊ထိုသူသည်။ဝုဏ္ဏေန၊ဝုဏ်အားဖြင့်။ ယထာဘာဝိ၊ယထာဘာဝိမည်သည်။ဟောတိ၊ဖြစ်၏။ ကွစိတိပဒံ၊ကွစိ-ဟူသောပုဒ်ကို။ကသ္မာ ဝုတ္တံ၊အဘယ့်ကြောင့် ဆိုအပ်သနည်း။သမ္မာသမာဓိ၊ကောင်းသော သမာဓိ။ သာဝိတ္ထိ၊သာဝိတ္ထိမည်သော ဂါထာသည်။ဆန္ဒသော၊ဆန်းကျမ်း၏။ (ဝါ) ဗေဒင်ကျမ်း၏။မုခံ၊အကြောင်းတည်း။* ဇီဝိတံ၊ဇီဝိတ-ဟု ဆိုအပ်သော။အပ္ပံ၊နည်းသော။ အသက်သည်။ဥပနီယတိ၊ကပ်၍ ဆောင်၏။

➢ **ရဿံ-ဟု ၁-ပုဒ်သာရှိသော အာဒေသပဓိသုတ်။**

➢ **နိဓိတ်-အရ ။ ။** နဗျည်း, ဂဗျည်းတို့ကို ယူရမည်။ (ကစ္စည်း)

➢ **ရဿပြုရာဌာန ။ ။** (၁) ဆန္ဒာနုရက္ခဏဌာန- ဆန်းစောင့်လိုရာ ဌာန၊ (ပုံစံ) ဘောဝါဒိနာမ သော ဟောတိ။ (၂) အာဂမဌာန- အာဂုမ်နှောင်းရာဌာန (ပုံစံ) ယထယိဒံ။ (၃) သံယောဂဌာန- သံယုဂ်နှောင်းရာ ဌာန၊ (ပုံစံ) ပရက္ကမော။

➢ **ဘောဝါဒိနာမ သော ဟောတိ-၌ ရဿပြုရခြင်းအကြောင်း ။ ။** ဆန်းစောင့်လိုရာ ဌာနဖြစ်သောကြောင့် ရဿပြုရပါသည်။

➢ **ယထယိဒံ-(ယထာ+ကွဒံ) ၌ ရဿပြုရခြင်းအကြောင်း ။ ။** ယ-ဟူသော အာဂုမ်နှောင်းရာ ဌာနဖြစ်သောကြောင့် ရဿပြုရပါသည်။

➢ **ပရက္ကမော (ပရာ+တမော) ၌ ရဿပြုရခြင်းအကြောင်း ။ ။** က္က-သံယုဂ် နှောင်းသောကြောင့် ပရက္ကမော-၌ ရဿပြုရပါသည်။

➢ **ရဿပြုရခြင်းအကျိုး ။ ။** ဆန်းဝိုဏ်းကို စောင့်ခြင်းအကျိုး သုတ်ပုဒ်ကို ရွတ်ဖတ်လွယ်စေခြင်းအကျိုး စကားကို ပြေပြစ်စေနိုင်အကျိုး ရှိပါသည်။

## ၂၇။ လောပဌ တတြာတာရော

သရာ ခေါ ဗျဥ္ဇနေ ပရေ ကွစိ လောပံ ပပ္ပေါ်ရွိ။ တတြ စ လောပေ ကတေ အကာရာဂမော ဟောတိ။

သသီလ၀ါ၊ သ ပည၀ါ၊ ဧသဓမ္မော သနန္တနော၊ သ၀ေ ကာသာ၀ မရဟာတိ၊

http://www.dhammadownload.com



သ မာနကာမောပိ ဘဝေယျ၊ သဝေ မုနိ ဇာတိဘယံ အဒဿိ။ ကွစီတိ ကသ္မာ? သော မုနိ၊ ဧသော ဓမ္မော ပဒိဿတိ၊ န သော ကာသာဝ မရဟတိ။

* (**ကစ္စည်းအလို**) ဗျဥ္ဇနေစ၊နောက်ဗျည်းကြောင့်လည်း။သရာ၊သရတို့သည်။ ကွစိ၊အခို့၌။လောပံ၊ကျေပျောက်ခြင်းသို့။ပပ္ပေါ်ရွိ၊ရောက်ကုန်၏။တတြ၊ထိုကျေခြင်းကို။ ကတေ၊ပြုအပ်ပြီးသော်။အကာရောစ၊အ-အက္ခရာ လာသည်လည်း။ဟောတိ၊ဖြစ်၏။

* (**ဒု-အလို**) ဗျဥ္ဇနေစ၊ကြောင့်လည်း။သရာ၊ရှေ့ ဇတသ္ဒါ တသ္ဒါတို့၏ အဆုံး ဩသရတို့သည်။လောပံ၊သို့။ကွစိ၊အခို့သော ပုံစံ၌။ပပ္ပေါ်ရွိ၊ရောက်ကုန်၏။တတြ၊ထို ကျေရာဌာန၌။အကာရောစ၊အ-အက္ခရာလာသည်လည်း။ဟောတိ၊ဖြစ်၏။

* ပရေနောက်ဖြစ်သော။ဗျဥ္ဇနေစ၊ဗျည်းကြောင့်လည်း။သရာ ခေါ်။သရတို့သည်။ ကွစိ၌။လောပံ၊ကျေခြင်းသို့။ပပ္ပေါ်ရွိ၊ရောက်ကုန်၏။တတြ လောပေ၊ထိုကျေခြင်းကို။ ကေ၊ပြုအပ်ပြီးသည်ရှိသော်။အကာရာဂမောစ၊အ-လာသည်လည်း။ဟောတိ၊ဖြစ်၏။

သော၊ထိုသူသည်။သီလဝါ၊သီလရှိ၏။။* သော၊ထိုသူသည်။ပညဝါ၊ပညာရှိ၏။

ဓမ္မော၊ဤသဘောသည်။သနန္တနော၊ရှေးဦးဖြစ်၏။။* သော၊ထိုသူသည်။ဝေ၊စင်စစ်။ ကာသာဝံ၊သက်နိုးကို။အရဟတိ၊ထိုက်တန်၏။။* သော၊ထိုသူသည်။မာနကာမောပိ၊ မြတ်နိုးခြင်းကို အလိုရှိသည်လည်း။ဘဝေယျ၊ဖြစ်ရာ၏။။* သောမုနိ၊ထိုရဟန်းသည်။ဝေ၊ စင်စစ်။ဇာတိဘယံ၊ဇာတိဘေးကို။အဒဿိ၊မြင်လေပြီ။ ကွစိတိ ပဒံ၊ကွစိ-ဟူသောပုဒ်ကို။ ကသ္မာ ဝုတ္တံ၊အဘယ့်ကြောင့် ဆိုအပ်သနည်း။သော၊ထိုသူသည်။မုနိ၊ရဟန်းမည်၏။။တေန၊ ထို့ကြောင့်။သော၊ထိုသူသည်။မုနိ၊ရဟန်းမည်၏။။* ဧသောဓမ္မော၊ဤတရားသည်။ပဒိ ဿတိ၊ထင်၏။။* သော၊ထိုသူသည်။ကာသာဝံ၊သက်နိုးကို။န အရဟတိ၊မထိုက်တန်။

➢ **လောပံ+စ+တတြ+အကာစရာ–ဟူ ၄–ပုဒ်ရှိစသော လောပဝိဓိ/အာဂမဝိဓိ။**

➢ **ဗျဥ္ဇနေန–အရ/နိမိတ်–အရ ။ ။** သဗျည်း, ပဗျည်း, ဓဗျည်း, ဝဗျည်း, မဗျည်း စသည်တို့ကို ယူရပါမည်။ (ကစ္စည်း) ➢ **သရာ–အရ / ကာရီ–အရ ။ ။** ဇတသ္ဒါ တသ္ဒါတို့၏ အစိတ်ဩသရကို ယူရပါမည်။

➢ **အ–အက္ခရာ လာရာဌာန ။ ။** ဇတသ္ဒါ တသ္ဒါတို့၏ အဆုံး၌ လာရပါမည်။

**ဓေး ။ ။** ဤသုတ်ဖြင့် အဘယ်သဒ္ဒါတို့၏ အစိတ်သရကို ချေရမည်နည်း။

**ဖြေ ။ ။** ဤသုတ်ဖြင့် ဇတသ္ဒါ တသ္ဒါတို့၏ အစိတ်ဩသရကိုသာ ချေရပါမည်။

➢ **ဇတသ္ဒါ တသ္ဒါတို့၏ အစိတ်ဩကိုသာ ဧဒျရဒြေင်းအဇကြောင်း**

သသီလဝါ စသည်ဖြင့် ဇတသ္ဒါ တသ္ဒါတို့၏ အစိတ်ဩကိုချေသော ပြယုဂ်တို့ကို တွေ့ရသောကြောင့်ငင်း၊ တဒနုရောဓေနသုတ်ကို ဆိုသောကြောင့်ငင်း ဇတသ္ဒါ တသ္ဒါတို့၏ အစိတ်ဩကိုသာ ချေရပါသည်။

http://www.dhammadownload.com



➤ **စ-ာဒ္ဒါ၏ အနက်** ။ ။ စသဒ္ဒါသည် သမုစ္စည်းအနက်ရှိပါသည်။

➤ **စ-ာသဒ္ဒါဆို ရခြင်းအကျိုး** ။ ။ စသဒ္ဒါဖြင့် ဧသအတ္ထော၊ဧသအာဘောဂေါ၊ ဧသက္ကဒါနိ ပြယုက်တို့၌ နောက်သရနှောင်းသောကြောင့် ဧတသဒ္ဒါ၏ အဆုံး (ဝါ) အစိတ် သြသရကို ချေရခြင်းအကျိုး ရှိပါသည်။ (ရူပသိဒ္ဓိ)

(တနည်း) စသဒ္ဒါဖြင့် ကထံ ဇာနေမုတံ-၌ ဥ-အက္ခရာ လာရခြင်းအကျိုးရှိပါသည်။ (နိဒ္ဒေသ)

(တနည်း) စသဒ္ဒါဖြင့် ကစ္စိ နော တွံ-ကစ္စိ+နုတွံ၊ ဇာနေမုတံ-ဇာနေမ+တံ-ပြယုဂ် တို့၌ သြအက္ခရာ ဥအက္ခရာ လာရခြင်းအကျိုးရှိပါသည်။ (ဗာလာဝတာရ)

(တနည်း) စသဒ္ဒါဖြင့် အာသီဝိသော-အာသု+ဝိသော-၌ ဤ-အက္ခရာ လာရခြင်း အကျိုးရှိပါသည်။ (စူဠနိရုတ္တိ)

➤ **တတြာကာရော-ဟု သုတ်ခွဲ၍ တည်ရကျိုး** ။ ။ တတြာကာရော ယောဂ ဝိဘာဂဖြင့် တဒမိနာ (တံ+ဣမိနာ) ဝိဇာနာထ-၌ နိဂ္ဂဟိတ်မှနောက်ဖြစ်သော သရကို ချေ၍ အ-လာရခြင်းအကျိုးရှိပါသည်။

## ၂၈။ ပရ ဒွေဘာဝေါ ဌာနေ

သရမှာ ပရဿ ဗျဉ္ဇနဿ ဒွေဘာဝေါ ဟောတိ ဌာနေ။

ဣဓပုမာဒေါ ပုရိသဿ ဇန္တုနော၊ ပဗ္ဗဇ္ဇံ ကိတ္တယိဿာမိ၊ စာတုဒ္ဒသိံ၊ ပဉ္စဒ္ဒသိံ၊ အဘိက္ကန္တတရော စန္ဒော။ ဌာနေတိ ကသ္မာ? ဣဓ မောဒတိ၊ ပေစ္စ မောဒတိ။

* ဌာနေ၊သင့်လျော်သောအကြောင်းသည်။သတိ၊ရှိလတ်သော်။ပရဿ၊နောက် ဗျည်း၏။ဒွေဘာဝေါ၊သဒိသဒွေဘော်ပြုသည်။ဟောတိ၊ဖြစ်၏။

* ဌာနေ၊သင့်လျော်သောအကြောင်းသည်။သတိ၊ရှိလတ်သော်။သရမှာ၊သရမှ။ ပရဿ၊နောက်ဖြစ်သော။ဗျဉ္ဇနဿ၊ဗျည်း၏။ဒွေဘာဝေါ၊သည်။ဟောတိ၊ဖြစ်၏။

* ဣဓ၊ဤလောကဌ်။ဇန္တု၊နော၊ဇန္တု-ဟုဆိုအပ်သော။ပုရိသဿ၊ယောကျား၏။ ပမာဒေါ၊မေ့လျော့ခြင်းသည်။* ပဗ္ဗဇ္ဇံ၊ရဟန်းအဖြစ်ကို။ကိတ္တယိဿာမိ၊ငါပြောဆိုအံ့။ စာတုဒ္ဒသိံ၊တစ်ဆယ့်လေးရက်မြောက်သောနေ့။ပဉ္စဒသိံ၊တစ်ဆယ့်ငါးရက် မြောက်သော နေ့။* စန္ဒော၊လမင်းသည်။အဘိက္ကန္တတရော၊အလွန်နှစ်လိုဖွယ်ရှိ၏။

ဌာနေတိပဒံ၊ဌာနေ-ဟူသောပုဒ်ကို။ကသ္မာ ဝုတ္တံ၊ အဘယ့် ကြောင့် ဆိုအပ်သနည်း။ ဣဓ၊ဤပစ္ဆာပွန်ဘဝ၌။မောဒတိ၊မွေ့လျော်ရ၏။ပေစ္စ၊တမလွန်ဘဝ၌။မောဒတိ၊မွေ့ လျော်ရ၏။ဣဓတိအာဒီသု ဤသို့ အစရှိသည်တို့၌။ပတိသေဓနတ္ထံ၊မြစ်ခြင်းငှာ ဆိုအပ်၏။

➤ **ပရ+ဒွေဘာဝေါ+ဌာနေ-ဟု ၃-ပုဒ်ရှိသော အာဝဓိဓိသုတ်။**

**မေး** ။ ။ ဤသုတ်သည် ဝိဓိသုတ်ရှစ်မျိုးတို့တွင် မည်သည့်ဝိဓိသုတ် ဖြစ်သည်ကို ရှင်း

http://www.dhammadownload.com



လင်း ဖြေဆိုပါ။

ဖြေ ။ ။ အသန္တိုပတ္တိ အာဂမော (ထင်ရှားမရှိသော အကွရာ၏ ထင်ရှားဖြစ်ပေါ်လာခြင်းသည် အာဂမ) ဟူသော ရှုပသိဒ္ဓိ အဆိုအရ နဂိုက မရှိသော နောက်တစ်လုံး ဖြစ်ပေါ်လာခြင်းဖြစ်၍ အာဂမဝိဓိသုတ် ဖြစ်ပါသည်။

➢ **ပရဒ္ဒေဘာဝေါ-သည် သမာသ်မဟုတ်ခြင်းအကြောင်း** ။ ။ ပရဿ-ပုဒ် နောင် ဗျွဥနဿ-သဒ္ဒါထား၍ ဖွင့်သဖြင့် ပရဿ-ကို ဗျွဥနဿ-၌ စပ်ရမည်ဖြစ်၍ ဒွေဘာဝေါ-၌ မစပ်နိုင်သောကြောင့်ငင်း၊ ဗျွဥနဿ-သဒ္ဒါ အလယ်၌ခြားနေသဖြင့် ယုတ္တတ္ထ မဖြစ်သောကြောင့်ငင်း ပရနှင့် ဒွေဘာဝေါသည် သမာသ်မဟုတ်ပါ။(ဦးကာ)

➢ **ဒွေဘာဝ-အရ** ။ ။ အသစ်ဖြစ်ပေါ်လာသော အပေါ်အကွရာကို ယူရမည်

➢ **ဌာန-အရ** ။ ။ ရွှေ့ရသသရ သုံးလုံးနှင့် အာဒီယသရကို ယူရပါမည်။

**သရမှာ-အရ/နိမိတ်-အရ** ။ ။ ရဿသရ သုံးလုံးနှင့် အာဒီယသရ ဖြစ်ပါ၁

**ဗျနဿ-အရ/ ကာရီ-အရ** ။ ။ ဝဂ္ဂေ ယောသာယောသာနံသုတ်ဖြင့် ဒုတိယကွရာ ရှိရာ၌ ပဌမအကွရာလာ၍ စတုတ္ထ အကွရာရှိရာ၌ တတိယ အကွရာ လာရမည်ဟု ဆိုသောကြောင့် ပဌမကွရာငါးလုံး၊ တတိယကွရာငါးလုံး၊ ၎-အကွရာကြည့် ပဌမကွရာ လေးလုံး၊ ယ လ ဝ သ-အားဖြင့် (၁၈) လုံးဖြစ်ပါသည်။

➢ **ဒွေဘော်ပြုရမည့် အတွရာများ** ။ ။ ပဌမကွရာငါးလုံး၊ တတိယကွရာငါးလုံး ၎-အကွရာကြည့် ပဌမကွရာလေးလုံး၊ ယ လ ဝ သ-အားဖြင့် (၁၈) လုံး ဖြစ်ပါသည်။

➢ **ဒွေဘော်လာရာဌာနများ** ။ ။ (၁) ပ, ပတိ, ပဋိ, ကမု, ကုသ, ကုဓ, ကီ, ဂဟ, ဇုတ, ဉာ, သိ, သု, သမ္ဗု, သရ, သသဓာတ်-စသည်တို့၏ အစဗျည်း။ (ပုံစံ) ဣဓမ္မမာဒေါ၊ သုပ္ပဋိပ္ပန္နော စသည်။

(၂) တိက, တယ, တီသ, ဝတ-စသည်တို့၏ အစဗျည်း။ (ပုံစံ) ကုသလတ္တိက၊ လော်ကတ္တယံ၊ ဧကတ္တိသ စသည်။

(၃) ဝတု, ဝဋ္ဋ, ဒိသဓာတ် စသည်တို့၏ အစဗျည်း။ (ပုံစံ) ဝတ္တတိ၊ ဝဋ္ဋတိ၊ဒဿနံ

(၄) ဥ, ဒု, နိ-ဟူသော ဥပသဂ္ဂ-မှ နောက်ဖြစ်သော ဗျည်း။ (ပုံစံ) ဥက္ကံသော၊ ဒုက္ကရံ၊ နိက္ကဒ္ဒေါ။

၅။ တ, စတု, ဆန့် သန္တ-သဒ္ဒါတို့၏ အာဒေသဖြစ်သော သ-စသည်မှ နောက်ဖြစ်သောဗျည်း။ (ပုံစံ) တက္ကရော၊ စတုက္ကံ စသည်။

၆။ ပုဒ်အဆုံးလည်းမဟုတ် အာဒီယလည်းမဟုတ်သော အခြားဒီယမှ နောက်ဖြစ်သော ယ-စသောဗျည်း။ (ပုံစံ) နိယျတိ စသည်။

http://www.dhammadownload.com



၂၇။ ဧဟေ ဥ၊ သယေဓ၊ သဗ္ဗော စံ တိသုတ်တို့ဖြင့် စီရင်အပ်သော ဗျည်း။
၈။ ယဝတံ တလန ဒကာရာနံ-စသောသုတ်ဖြင့် စီရင်အပ်သော ဗျည်း။
၉။ တဿ စဝဂ္ဂ-စသောသုတ်ဖြင့် စီရင်အပ်သော ဗျည်း။
၁၀။ တပါဒိတော သီသုတ်ဖြင့် စီရင်အပ်သော သီပစ္စည်း။
၁၁။ ဆန်းစောင့်လိုရာ၌ ဗျည်း။

၁၂။ ယရ, စဿ, ဓံသု, ဘမု-စသော ဓာတ်တို့၏ အစဗျည်းဖြစ်သော ရဿသရသုံးလုံး အာဒီယနောင် ဝဂ်တို့၏ စတုတ္ထ ဒုတိယ အက္ခရာ တို့ဖြစ်ပါသည်။

**မေး ။ ။** ယခုကာလ၌ တွင်ကျယ်နေသော "ဟေတုပစ္စယော"ဟူသော အရေးအသားသည် သဒ္ဒါစည်းကမ်းနှင့် ညီ/မညီ စီစစ်ပြပါ။

**ဖြေ ။ ။** ပတိ-ဥပသာရပုဗ္ဗ်၏ အစဗျည်း၌ ဒွေဘော်ရောက်ရမည်ဖြစ်သောကြောင့်ဂင်း။ ပစ္စယော-၌လည်း ပတိရှေးရှိသော ဣဓာတ်ဖြစ်သောကြောင့်ဂင်း ပ-၌ ဒွေဘော်မရောက်သော "ဟေတုပစ္စယော"ဟူသော အရေးအသားသည် သဒ္ဒါစည်းကမ်းနှင့် မညီပါ။ (ဟေတုပ္ပစ္စယော-ဟု ရှိရမည်)

➤ ဒွေဘော် ၄-မျိုး ။ ။ (၁) ဣဓမ္မာဒေါ်-စသည်၌ သရ မဖက် ဗျည်းသက်သက်ကိုသာ ဒွေဘော်ပြုခြင်းသည် ဗျဥ္ဇနဒွေဘော် (**သန္ဓိဒွေဘော်**) မည်၏။

(၂) ရုက္ခံ ရုက္ခံ စသည်၌ ဝိဘတ်နှင့်တကွ ပုဒ်ကို ဒွေဘော်ပြုခြင်းသည် ပဒဒွေဘော် (**နာမ်ဒွေဘော်**) မည်၏။

(၃) တိတိက္ခတိ စသည်၌ သရနှင့်တကွဗျည်းကို ဒွေဘော်ပြုခြင်းသည် ဓာတုဒွေဘော် (**အာချာတ်ဒွေဘော်**) မည်၏။

(၄) ဘုတ္တော၊ ဘုတ္တာဝီ စသည်၌ တ-ပစ္စည်းကို ဒွေဘော်ပြုခြင်းသည် ပစ္စယဒွေဘော် (**ကိတ်ဒွေဘော်**) မည်၏။

## ၂၉။ ဝဂ္ဂေ ယောသာ ယောသာနံ တတိယဲ ပဌမာ

ဝဂ္ဂေ ခေါ ပုဗ္ဗေသံ ဗျဥ္ဇနာနံ ယောသာယောသဘူတာနံ သရမ္ဟာ ယထာသင်္ချံ တတိယပဌမက္ခရာ ဒွေဘာဝံ ဂစ္ဆန္တိ ဌာနေ။

ဧသေဝ စဏ္ဍာနပုလော၊ ယတြဋ္ဌိတံ နပုသဟေယျ မစ္စု၊ သေလေ ယထာ ပဗ္ဗတမုဒ္ဓနိဋ္ဌိတော၊ စတ္တာရိဋ္ဌာနာနိ နရော ပမတ္တော။

ဌာနေတိ ကသ္မာ? ဣဓ စေတသော ဒဠှံ ဂဏှာတိ ထာမသာ။

* ဌာနေ၊သင့်လျော်သော အကြောင်းသည်။သတိ၊ရှိလတ်သော်။ဝဂ္ဂေ၊ငါးပါးသော ဝဂ်၌။တတိယ ပဌမာ၊တတိယက္ခရာ, ပဌမက္ခရာတို့သည်။ယောသာယောသာနံ၊ယောသ

http://www.dhammadownload.com



အယောသ စတုတ္ထ ဒုတိယ အကွရာဖြစ်ကုန်သော ဗျည်းတို့၏။ဒွေဘာဝံ၊အသဒိသ ဒွေဘော်အဖြစ်သို့။ဂဆ္ဆန္တိ၊ရောက်ကုန်၏။

* ဌာနေ၊သည်။သတိ၊သော်။ဝဂ္ဂေခေါ၊ငါးပါးသောဝဂ်၌။တတိယပဌမကွရာ၊ တတိယကွရာ, ပဌမကွရာတို့သည်။သရမှာ၊သရမှ။ပုဗ္ဗေသံ၊ရှေ့၌ဖြစ်ကုန်သော။ယောသာ ယောသဘူတာနံ၊ယောသ အယောသ ဖြစ်၍ ဖြစ်ကုန်သော။ဗျဥ္ဇနာနံ၊စတုတ္ထ ဒုတိယ အကွရာဖြစ်ကုန်သော ဗျည်းတို့၏။ယထာသဒ္ဒီအစဉ်အတိုင်း။ဒွေဘာဝံ၊ဒွေဘော် အဖြစ် သို့။ဂဆ္ဆန္တိ၊ရောက်ကုန်၏။

* ဇသေဝစ၊ဤတရားသည်သာလျှင်။ဗျာနပ္ပလော၊ဗျာန်ဟူသော အကျိုးရှိ၏။ * ယတြ၊အကြင်အရပ်၌။ဍိတံ၊တည်သောသူကို။ မစ္စု၊သေမင်းသည်။နပ္ပသဟေယျ၊မည့်ဉီး ဆဲနိုင်ရာ။* သေလေ၊တခဲနက် ကျောက်အတိပြိုးသော။ပဗ္ဗတမုဒ္ဓနိ၊တောင်ထိပ်၌။ဍိတော ယထာ၊တည်နေသောသူကဲ့သို့။* ပမတ္တော၊မေ့လျော့သော။နရော၊လူသည်။စတ္တာရိလေး ပါးကုန်သော။ဌာနာနိ၊အကြောင်းတို့သို့။အာပဇ္ဇတိ၊ရောက်၏။ ဌာနေတိပဒံ၊ဌာနေ ဟူသော ပုဒ်ကို။ကသွာ ဝုတ္တံ၊အဘယ့်ကြောင့်ဆိုအပ်သနည်း။ဤက၊ဤသာသနာတော်၌ စေတသော၊စိတ်၏။ထာမသာ၊အစွမ်းဖြင့်။ဒဠှံ၊မြဲစွာ။ဂဏှာတိ၊ယူ၏။

**➢ ဝဂ္ဂေ+ ယောသာယောသာနံ+ တတိယ ပဌမာ-ဟု ၃-ပုဒ်ရှိသော အာဝမဝိဓိ။**

**➢ ဤသုတ်ကို ဆိုရကျိုး ။ ။** ဝဂ် စတုတ္ထကွရာ, ဒုတိယကွရာတို့၏ တူသည်၏ အဖြစ်ဖြင့် ဒွေဘော်ရောက်လုလတ်သော် မှတ်သားခြင်းအကျိုးငှာ ဝဂ္ဂေ ယောသာ-စသောသုတ်ကို ဆိုရပါသည်။

**➢ တတိယ ပဌမ အကွရာတို့ကိုသာ ဒွေဘော်ပြုခြင်းအကြောင်း ။ ။** ဌာန်ချင်း နီးသည်၏အစွမ်းကြောင့် တတိယ ပဌမ အကွရာတို့ကိုသာ ဒွေဘော်ပြုရသည်

**➢ ယောသာယောသ-အရ ။ ။** စတုတ္ထကွရာ, ဒုတိယကွရာတို့ကို ဝဂ္ဂေ ယောသာ ယောသာနံ-ဟု မှတ်အပ်သောကြောင့် ယောသာ ယောသ-သဒ္ဒါဖြင့် စတုတ္ထကွရာ ဒုတိယကွရာတို့ကိုသာ ယူရပါသည်။ [ ဝဂ်၏ စတုတ္ထ, ဒုတိယအက္ခရာတို့ သဒိသ ဒွေဘော်မရောက်ရန် သတ်မှတ်ပြသောသုတ် ဖြစ်သောကြောင့်ထင်း၊ ဌာန-သဒ္ဒါလိုက်လာသောကြောင့်ထင်း ယောသ-အရ စတုတ္ထ အက္ခရာ၊ **အယောသ-အရ-** ဒုတိယ အက္ခရာတို့ကိုသာ ယူရပါမည်။]

**➢ ယောသာ ယောသ-သဒ္ဒါဖြင့် စတုတ္ထ ဒုတိယကွရာတို့ကို ယူရကျိုး**

ကတည်း။ တန္ဓယော၊ တမ္မယော စသည်တို့၌ ဝဂ် ပဉ္စမက္ခရာတို့သည် ယောသ ဖြစ်သော်လည်း တတိယကွရာ ဒွေဘော်ပြုလေသလောဟု မလျှင်းပါးနိုင်ခြင်း အကျိုး ရှိပါသည်။

http://www.dhammadownload.com



➤ **ပဥ္စမကွရာနှင့် တတိယကွရာတို့ကို ဒွေဘော် မပြုရခြင်းအကြောင်း** ဌာနသဒ္ဒါ လိုက်လာသောကြောင့် (ဝါ) ဌာန်ချင်းဝေးသောကြောင့် ဒွေဘော် မပြုရပါ။

➤ **ဝဂ္ဂ-သဒ္ဒါ ဆိုရခြင်းအကျိုး** ။ ။ ဝဂ္ဂ-သဒ္ဒါဖြင့် အဝဂ်ထဲ၌ရှိသော ယောသ အက္ခရာ, အယောသ အက္ခရာတို့ကို နှစ်စေခြင်းအကျိုးရှိပါသည်။

➤ **ယောသာယောသ-သဒ္ဒါ ထည့်ဆိုရကျိုး** ။ ။ ယောသာယောသ-သဒ္ဒါဖြင့် တတိယက္ခရာ, ပဌမက္ခရာတို့၏ တည်ရာဌာနကို မှတ်ခြင်းအကျိုးရှိပါသည်။

➤ **ယောသ-အရ** ။ ။ တတိယက္ခရာနှင့် ဌာန်အားဖြင့် နီးသောကြောင့် စတုတ္ထ အက္ခရာငါးလုံးကိုသာ ယူရပါမည်။

➤ **အယောသ-အရ** ။ ။ ဒုတိယက္ခရာ ငါးလုံးမှတစ်ပါး ယူစရာ အက္ခရာမရှိသောကြောင့် ဒုတိယက္ခရာငါးလုံးကို ယူရပါမည်။

## စတုတ္ထကဏ္ဍ

## ၃၀။ အံ ဗျဥ္ဇနေ နိဂ္ဂဟိတံ

နိဂ္ဂဟိတံ ခေါ ဗျဥ္ဇနေ ပရေ အံ ဣတိ ဟောတိ။

ဧဝံဝုတ္တေ၊ တံ သာဓုတိ ပဋိသုဏာတွာ။

* ဗျဥ္ဇနေ၊ဗျည်းကြောင့်။နိဂ္ဂဟိတံ၊နိဂ္ဂဟိတ်သည်။အံ၊အံပြုသည်။ဟောတိ၊ဖြစ်၏။

* ပရေနောက်ဖြစ်သော။ဗျဥ္ဇနေ၊ဗျည်းကြောင့်။နိဂ္ဂဟိတံခေါ၊နိဂ္ဂဟိတ်သည်။အံ ဣတိ၊အံပြုသည်။ဟောတိ၊ဖြစ်၏။

ဧဝံ၊ဤသို့။ဝုတ္တေ၊ဆိုအပ်သည်ရှိသော်။တံ၊ထိုစကားကို။သာဓုတိ၊ကောင်းပြီဟူ၍။ ပဋိသုဏာတွာ၊ဝန်ခံ၍။

➤ **အံ+ဗျဥ္ဇနေ+နိဂ္ဂဟိတံ-ဟု ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➤ **နိမိတ်-အရ ယူရမည့်ဗျည်း** ။ ။ ဝဗျည်း, သဗျည်းတို့ ဖြစ်ပါသည်။(ကစွည်း (တနည်း) အံ-မှ တစ်ပါးသော ဗျည်းဖြစ်ပါသည်။

➤ **မယူသင့်သောဗျည်း** ။ ။ အံဗျည်း ဖြစ်ပါသည်။

**မေး** ။ ။ အံ ဗျဥ္ဇနေ နိဂ္ဂဟိတံသုတ် မရှိခဲ့သော် တံ သာဓုတိ-ဟူသော ဘုရားရှင်ပါဦးတော် သည် မည်သို့ဖြစ်သွားနိုင်သည်ကို အကြောင်းနှင့်တကွ ဖြေဆိုပါ။

**ဖြေ** ။ ။ ဗျဥ္ဇနေစသုတ်ဖြင့် နိဂ္ဂဟိတ်ချေ၍ "တသာဓုတိ" ဟု ဖြစ်သွားနိုင်ပါသည်။

➤ **ဤသုတ်ကို ဆိုရကျိုး** ။ ။ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ၊ ဧဟေ ဉ၊ သယေစ၊ မဒါသရေ ကွစိ လောပံ၊ ဗျဥ္ဇနေစ-သုတ်တို့ဖြင့် နိဂ္ဂဟိတ်ကို ဝဂ္ဂန္တပြုခြင်း, ဉ ပြုခြင်း, မ ဒပြုခြင်း ချေခြင်း-စသော အစီအရင်များကို တားမြစ်ခြင်း အကျိုးရှိပါသည်။

http://www.dhammadownload.com



(တနည်း) သရ, ဝဂ်ဗျည်းနှင့် ဟ, ယ, ဝ, ရ, လ အက္ခရာတို့ကြောင့် နိဂ္ဂဟိတ်၏ ကျေခြင်း, အာဒေသပြုခြင်းတို့တို့ တားမြစ်ရခြင်း အကျိုးရှိပါသည်။

(တနည်း) ဝ-အက္ခရာ သ-အက္ခရာ-စသော ဗျည်းကြောင့်လည်း များသောအား ဖြင့် ပကတိပြုခြင်း အကျိုးငှာ ဤသုတ်ကို ဆိုရပါသည်။

➤ **နိဂ္ဂဟိတ်ကို အံ-ပြုရခြင်းအကျိုး** ။ ။ သရ, ဝဂ်, ဟ, ယ, ဝ, ရ, လ- အက္ခရာတို့ကြောင့် နိဂ္ဂဟိတ်၏ ကျေခြင်း, ပြုခြင်းကို တားမြစ်ရခြင်းအကျိုးရှိပါသည်။

➤ **အံနှင့် နိဂ္ဂဟိတ် တူပုံ** ။ ။ အံ-၌ အသရသည် ရွတ်ဆိုကာမျှသာ အကျိုးရှိသည်ဟု ဆိုသောကြောင့် အံ-အရ သရ-မပါ၊ ဝိန္ဒုပ္ပောက်သက်သက်သာ ရသဖြင့် အံနှင့် နိဂ္ဂဟိတ် တူပါသည်။

➤ **အံနှင့် နိဂ္ဂဟိတ် ထူးပုံ** ။ ။ အံ-ကား အသရ-ဟူသော မှီရာသရရှိ၍ နိဂ္ဂဟိတ်ကား မှီရာသရ သီးခြားမရှိ၊ ဗျည်း၏မှီရာသရကို ကပ်၍ မှီရသည်။ဤသို့ ထူးသည်။

➤ **ဤသုတ်၌ ရနိုင်သည့် ဝိဓိ အမျိုးအစား** ။ ။ ဤသုတ်သည် ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ-စသော သုတ်တို့၏အစီအရင်ကို တားမြစ်သောကြောင့် ပတိသေဓိဓိသုတ်၊ သရကင်းသော နိဂ္ဂဟိတ်ကို နိဂ္ဂဟိတ်ပင်ပြုသဖြင့် ရွှပ်ထူးမရှိသောကြောင့် ပကတိဝိဓိသုတ် နိဂ္ဂဟိတ်ကို အသရနှင့်တကွ နိဂ္ဂဟိတ်ပြုသောကြောင့် အာဒေသဝိဓိသုတ်ဖြစ်ပါသည်

➤ **နိဂ္ဂဟိတ်ကို အံပြုရာ၌ မှီရာသရနှင့်တကွ ပြုရခြင်းအကျိုး** ။ ။ ရွတ်ဖတ် လွယ်ကူစေခြင်း အကျိုးရှိပါသည်။

## ၃၁။ ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ

ဝဂ္ဂဘူတေ ဗျဥ္ဇနေ ပရေ နိဂ္ဂဟိတံ ခေါ ဝဂ္ဂန္တံ ဝါ ပဠေါတိ။

တန္ဒီစ္စုတံ၊ ဓမ္မဥ္စရေ သုစရိတံ၊ စိရပ္ပဝါသိ ပုရိသံ၊ သန္တ္တသ္သ မနံ ဟောတိ၊ တက်ာရုဏိက်ံ၊ ဇဝေန်ိ ဘိက္ခဝေ သိက္ခိတဗ္ဗံ။

ဝါဂ္ဂဟဏေန နိဂ္ဂဟိတံခေါ လကာရာဒေသော ဟောတိ ပုဂ္ဂလံ။

ဝါတိ ကသ္မာ? န တံ ကမ္မံ ကတံ သာဓု။

* ဝဂ္ဂေဝဂ်ဖြစ်သော ဗျည်းကြောင့်။နိဂ္ဂဟိတံ၊နိဂ္ဂဟိတ်သည်။ဝဂ္ဂန္တံ၊နှောင်းသော ဝဂ်၏ ၎, ည, ဏ, န, မ-ဟူသော ဝဂ္ဂန္တအဖြစ်သို့။ဝါ၊အချို့။ပဠေါတိ၊ရောက်၏။

* ပရေနောက်ဖြစ်သော။ဝဂ္ဂဘူတေ၊ဝဂ်ဖြစ်၍ဖြစ်သော။ဗျဥ္ဇနေ၊ဗျည်းကြောင့်။ နိဂ္ဂဟိတံခေါ၊နိဂ္ဂဟိတ်သည်။ဝဂ္ဂန္တံ၊သို့။ဝါ၊အချို့။ပဠေါတိ၊၏။

* တံ၊ထိုနိဗ္ဗာန်သည်။နိစ္စုတံ၊ရွေ့လျော့ခြင်းမရှိ။* သုစရိတံ၊ကောင်းစွာ ကျင့်အပ်သော။ဓမ္မံ၊တရားကို။စရေ၊ကျင့်ရာ၏။* စိရပ္ပဝါသိံ၊ (စိရံ+ပဝါ+ိ) ကြာမြင့်စွာ ကွဲကွာ

http://www.dhammadownload.com



၍နေသော။ပုရိသံ၊ယောက်ျားကို။ * တဿ၊ထိုရဟန္တာပုဂ္ဂိုလ်၏။မနံ၊စိတ်သည်။သန္တံ၊ငြိမ်သက်သည်။ဟောတိ၊၏။ * ကာရုဏိကံ၊သနားတတ်သော။တံ၊ထိုသူကို။* ဘိက္ခဝေ၊ရဟန်းတို့။ ဧဝံခေါ၊ဤသို့သာလျှင်။သိက္ခိတဗ္ဗံ၊သင်အပ် ကျင့်အပ်၏။

**ဝါဂွဟကောနှ၊ဝါသဒ္ဒါဖြင့်။နိဂ္ဂဟိတံခေါ၊နိဂ္ဂဟိတ်သည်။လ ကာရာဒေသော၊လပြုသည်။ဟောတိ၊ဖြစ်၏။**ပုဂ္ဂလံ၊ပုဂ္ဂိုလ်ကို။ ဝါတိပဒံ၊ဝါ-ဟူသောပုဒ်ကို။ကသွာ ဝုတ္တံ၊အဘယ့်ကြောင့် ဆိုအပ်သနည်း။ကတံ၊ပြုအပ်သော။တံကမ္မံ၊ထိုအမှုသည်။နသာဓု၊မကောင်း။ကြတိအာဒီသု၊ဤသို့အစရှိသည်တို့၌။ပတိသေဓနတ္ထွံ၊ မြစ်ခြင်းငှာ ဆိုအပ်၏။

➢ **ဝဂ္ဂန္တ်+ဝါ+ဝဂ္ဂေ-ဟု ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **ဝဂ္ဂန္တ-အရ** ။ ။ င, ဉ, ဏ, န, မဗျည်းတို့ကို ယူရပါမည်။

➢ **ဝဂ္ဂေ-အရ/ နိဓိတ်-အရ ယူရမည့်ဗျည်း** ။ ။ င, စ္ဈ, ဋ္ဌ, ဴ, ဏ-မှကြွင်းသော ဝဂ်ဗျည်း (၂၀) ဖြစ်ပါသည်။

➢ **ဝဂ္ဂေ-အရ/နိဓိတ်အရ မယူသင့်သော ဗျည်း** ။ ။ င, စ္ဈ, ဋ္ဌ, ဴ, ဏ ဗျည်းတို့ ဖြစ်ပါသည်။

➢ **ဝဂ္ဂန္တ-အရ င-ကိုယူလျှင် ဝဂ္ဂေ-အရ ▪ က, ခ, ဂ, ဃဗျည်းတို့ကိုယူရမည်။**

➢ **ဝဂ္ဂန္တ-အရ ဉ-ကိုယူလျှင် ဝဂ္ဂေ-အရ ▪ စ, ဆ, ဇ, ဉ ဗျည်းတို့ကို ယူရမည်။**

➢ **ဝဂ္ဂန္တ-အရ ဏ-ကိုယူလျှင် ဝဂ္ဂေ-အရ ▪ ဋ, ဌ ဗျည်းတို့ကို ယူရပါမည်။**

➢ **ဝဂ္ဂန္တ-အရ န-ကိုယူလျှင် ဝဂ္ဂေ-အရ ▪ တ, ထ, ဒ, ဓ, န-ဗျည်းတို့ကို ယူရမည်**

➢ **ဝဂ္ဂန္တ-အရ မ-ကိုယူလျှင် ဝဂ္ဂေ-အရ ▪ ပ, ဖ, ဗ, မ-ဗျည်းတို့ကို ယူရပါမည်။**

➢ **စဝဂ်ငါးလုံးတို့တွင် နိမိတ်သာ ဖြစ်သောဗျည်း ▪ စ, ဆ, ဇဗျည်း။**

➢ **နိမိတ် ကာရိယ နှစ်ပါးစုံဖြစ်နိုင်သော ဗျည်း▪ ဉ ဗျည်း ဖြစ်ပါသည်။**

➢ **နိမိတ်/ကာရိယ နှစ်ပါးစုံ မဖြစ်နိုင်သော ဗျည်း ▪ ဈဗျည်း။**

➢ **ဝါ-သဒ္ဒါ၏ အနက်** ။ ။ ဝါသဒ္ဒါသည် သမုစ္စည်းအနက် ရှိပါသည်။

➢ **ဝါ-သဒ္ဒါ ဆိုရကျိုး** ။ ။ (ရူပသိဒ္ဓိ-အလို) ဝါသဒ္ဒါဖြင့် အနက်တစ်မျိုးကို သိစေရခြင်း၊ ယင်းအနက်တစ်မျိုးကို သိရသည့်အတွက် ပဠိသလ္လိနော(ပဠိ သံ+လိနော) ဝယ် သံ-ဥပသာရပုဒ်၏အစိတ် (ဝါ) အဆုံး၊ ပုလ္လိင်(ပုံ+လိင်)ဝယ် ပုံသဒ္ဒါ၏အစိတ် (ဝါ) အဆုံးဖြစ်သော နိဂ္ဂဟိတ်ကို လ-အက္ခရာကြောင့် လပြုရခြင်းအကျိုး ရှိပါသည်။

(ကစ္စည်း-အလို) ဝါသဒ္ဒါသည် သမုစ္စည်းအနက်, ဝိကပ်အနက် ဖြစ်ပါသည်။

➢ **ကစ္စည်းအလို ဝါ-သဒ္ဒါ ဆိုရကျိုး** ။ ။ သမုစ္စည်းအနက်ရှိသော ဝါသဒ္ဒါဖြင့် ပုဂ္ဂလ-၌ အဝိဘတ်ဟူသော အဝဂ်ဗျည်းနှောင်းသောကြောင့် နိဂ္ဂဟိတ်ကို လပြုရခြင်းအကျိုးရှိပါသည်။ ဝိကပ်အနက်ရှိသော ဝါသဒ္ဒါဖြင့် နံ တံ ကမ္မံ ကတံ သာဓု-ပုံစံ၌

http://www.dhammadownload.com



နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ မပြုရဟု တားမြစ်ရခြင်းအကျိုး ရှိပါသည်။

➤ **ဝါ-သဒ္ဒါဖြင့် ပြအပ်သော ဝိဓိသုံးပါး** ။ ။ ဝဝတ္ထိတ ဝိဘာသာအနက်ရှိသော ဝါသဒ္ဒါဖြင့် တဏှာ်ရော-စသည်၌ အမြဲစီရင်ရခြင်း နိစ္စဝိဓိ၊ တာ်ရောတီ-တဲ့ ကရောတီ စသည်၌ ရံခါ မစီရင်ရခြင်း အနိစ္စဝိဓိ၊ နု တဲ့ ကမ္မံ ကတံ သာဓု စသည်၌ အမြဲ မစ်ရင်ရခြင်း အသန္တဝိဓိကို ပြပါသည်။

**မေး** ။ ။ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တပြုရမည်ဟုဆိုရာ အမှတ်မရှိ ဝဂ္ဂန္တများ ပြုနိုင်ပါသလော။

**ဖြေ ။ ။ [ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တပြုရာ၌ (၅) ဆရာ၏ သတ်မှတ်ချက် ]**

(မပြုနိုင်ပါ) နိမိတ်ဖြစ်သော ဝဏ်အက္ခရာ, အနုဿရ အမည်ရသော နိဂ္ဂဟိတ်ကာရီတို့ ဌာန်ချင်းနီးသည်၏ အစွမ်းအားဖြင့် နိဂ္ဂဟိတ်ကို ထိုနိမိတ်ဖြစ်သော ဝဏ်၏ အဆုံး ပဥ္စမက္ခရာကိုသာ ပြုနိုင်ပါသည်။

➤ **ဤသုတ်ဖြင့် နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ-သာ ပြုရခြင်းအကြောင်း** ။ ။

နိမိတ်ဖြစ်သော ဝဏ်အက္ခရာ, အနုဿရ အမည်ရသော နိဂ္ဂဟိတ်ကာရီတို့ ဌာန်ချင်းနီးသည်၏ အစွမ်းကြောင့် နိဂ္ဂဟိတ်ကို ထိုနိမိတ်ဖြစ်သော ဝဏ်၏ အဆုံး ဝဂ္ဂန္တ-သာ ပြုရပါသည်။

**မေး** ။ ။ ဤသုတ်ဖြင့် အဘယ့်ကြောင့် ကဝဏ်နှောင်းလျှင် ငၤ စဝဏ်နှောင်းလျှင် ဉ - စသည် ပြုရပါသနည်း။

**ဖြေ** ။ ။ နှောင်းသော နိမိတ်နှင့် အနုဿရမည်သော ကာရီနိဂ္ဂဟိတ်၏ ဌာန်အားဖြင့် နီးစပ်သောကြောင့်-ကဝဏ်နှောင်းလျှင် ငၤ စဝဏ်နှောင်းလျှင် ဉ - စသည် ပြုရသည်

**မေး** ။ ။ ကဝဏ်နှောင်းရာ၌ စဝဂ္ဂန္တဗျည်း စသည်မပြုဘဲ အဘယ့်ကြောင့် ကဝဂ္ဂန္တဗျည်း သာ ပြုရသည်ကို ပေါ်လွင်အောင် ရှင်းပြပါ။

**ဖြေ** ။ ။ ဌာန်ချင်း နီးသောကြောင့် ပြုရပါသည်။

**[ရှင်းလင်းချက်/ ဌာနာသန္န- ဌာန်ချင်း နီးစပ်ပုံ]** တက်ာရုကိုက်-၌ နိမိတ်ဖြစ်သော က-သည် ကဏ္ဌဌာန်၊ တဲ-၌ နိဂ္ဂဟိတ်ကား နာသိကဌာန်၊ ငၤကား ကဏ္ဌ နာသိကဌာန် နှစ်ပါး၌ဖြစ်၏။ ဤသို့ ငၤသည် နိမိတ် က-နှင့်ငင်း။ ကာရီ နိဂ္ဂဟိတ်နှင့်ငင်း ဌာန်အားဖြင့် နီးစပ်သောကြောင့် က-ဝဏ်နှောင်းလျှင် ကဝဂ္ဂန္တ ငၤပြုရပါသည်။

➤ **ဝဂ္ဂ-သဒ္ဒါ ပိုလွန်ပုံ** ။ ။ အန္တံ ဝါ ဝဂ္ဂေ-ဟုငင်း၊ ဝဂ္ဂန္တံ ဝါ-ဟုငင်း ဆိုက ပြီးကောင်းလျက် ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ-ဟု ဆိုခြင်းကြောင့် ဝဂ္ဂ-သဒ္ဒါ ပိုလွန်ပါသည်။(ရူပသ)

➤ **ဝဂ္ဂ-သဒ္ဒါ ပိုလွန်ရခြင်းအကျိုး /ဝဂ္ဂ-သဒ္ဒါ ဆိုရခြင်းအကျိုး** ။ ။ မိမိဝဏ်ဗျည်းနှောင်းသောကြောင့်သာ နိဂ္ဂဟိတ်ကို မိမိ ဝဂ္ဂန္တ ပြုရမည်ဟု အနက်လွန်ကို သိရခြင်းအကျိုးရှိပါသည်။

http://www.dhammadownload.com



➤ **ဝဂ္ဂန္ဆံ-ဟု ဧကဝုစ်ဖြင့် ဆိုရခြင်းအကြောင်း** ။ ။ နိဂ္ဂဟိတ်ကို တစ်ပြိုင်တည်း စုပေါင်း၍ ဝဂ္ဂန္တ မပြုနိုင်၊ တစ်လုံးချင်းသာ ပြုနိုင်သောကြောင့် ဝဂ္ဂန္ဆံ-ဟု ဧကဝုစ်ဖြင့် ဆိုပါသည်။ (နျာသ)

➤ **ဝဂ္ဂေ-ဟု ဧကဝုစ်ဖြင့် ဆိုရခြင်းအကြောင်း** ။ ။ ဝဂ်ဗျည်း နိမိတ်သည် တစ်လုံးစီသာ နိမိတ်ဖြစ်နိုင်သောကြောင့် ဝဂ္ဂေ-ဟု ဧကဝုစ်ဖြင့် ဆိုပါသည်။ (နျာသ)

## ၃၂။ ဧဟေ ဉ်

ဧကာရ ဟကာရေ ပရေ နိဂ္ဂဟိတံ ခေါ ဉ ကာရံ ပပ္ပေါတိ ဝါ။

ပစ္စတ္တညေဝ ပရိနိဗ္ဗာယိဿာမိ၊ တညေဝေတ္ထ ပဋိပုစ္ဆိဿာမိ၊ ဧဝဉ် ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗံ၊ တဉ် တဿ မုသာ ဟောတိ။

ဝါတိ ကသ္မာ? ဧဝမေတံ အဘိညာယ ဧဝံ ဟောတိ သုဘာသိတံ။

* ဧဟေ၊ဧ, ဟ-အက္ခရာကြောင့်။နိဂ္ဂဟိတံ၊နိဂ္ဂဟိတ်သည်။ဝါ၊အနျို့။ဉ်၊ဉ အဖြစ်သို့။ပပ္ပေါတိ၊ရောက်၏။

* ပရေနောက်ဖြစ်သော။ဧကာရ ဟကာရေ၊ဧအက္ခရာ, ဟ-အက္ခရာကြောင့်။ နိဂ္ဂဟိတံခေါ၊နိဂ္ဂဟိတ်သည်။ဝါ၊အနျို့။ဉ ကာရံ ဉ အက္ခရာအဖြစ်သို့၊ပပ္ပေါတိ၊ရောက်၏။

* ပစ္စတ္တညေဝ၊(ပစ္စတ္တံ+ဧဝ)(ပတိ+အတ္တံ+ဧဝ)အသီးအခြားသာလျှင်။ပရိနိဗ္ဗာယိဿာမိ၊နိဗ္ဗာန်ယူသိမ်း ငြိမ်းတော့အံ့။ * ဧတ္ထ၊ဤသင်မေးသောအချက်၌။တံဧဝ၊သင့်ကို သာလျှင်။ပဋိပုစ္ဆိဿာမိ၊မြန်၍ မေးဦးအံ့။ * ဘိက္ခဝေ၊ရဟန်းတို့။ဧဝဉ် (ဧဝံ+ဟိ)ဤသို့ သာလျှင်။ဝေါ၊သင်တို့သည်။သိက္ခိတဗ္ဗံ၊သင်အပ် ကျင့်အပ်၏။။* တဿ၊ထိုသူ၏။တဉ်၊ (တံ+ဟိ)ထိုစကားသည်သာလျှင်။မုသာ၊ချွတ်ယွင်းသည်။ဟောတိ၊ဖြစ်၏။ ဝါတိပဒံ၊ဝါဟူသော ပုဒ်ကို။ကသ္မာ ဝုတ္တံ၊ အဘယ့်ကြောင့် ဆိုအပ်သနည်း။ဧဝံဤသို့။တေ၊ဤတရားကို။ အဘိညာယ၊သိ၍။ဧဝံဤသို့။သုဘာသိတံ၊ကောင်းစွာဆိုအပ်သည်။ဟောတိ၊ဖြစ်၏။

➤ **ဧဟေ+ဉ်-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➤ **နိမိတ်-အရ** ။ ။ လိုက်လာသော ဝါသဒ္ဒါသည် ဝဝတ္ထိတ ဝိဘာသာအနက် ရှိသောကြောင့် ဧဝနိပါတ်၏ ဧ-အက္ခရာ, ဟိနိပါတ်၏ ဟ-အက္ခရာကို ယူရပါမည်။

➤ **ဧဝမေတံ ၊ ဧဝံ ဟောတိ ၌ နိဂ္ဂဟိတ်ကို ဉ မပြုရခြင်းအကြောင်း** ။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတ ဝိဘာသာအနက်ရှိသောကြောင့် ဧဝနိပါတ်၏ ဧ-အက္ခရာ, ဟိနိပါတ်၏ ဟ-အက္ခရာ မဟုတ်ရကား နိဂ္ဂဟိတ်ကို ဉ -မပြုရပါ။

မေး ။ ။ ဧ-ဟ အက္ခရာကြောင့် နိဂ္ဂဟိတ်ကို ဉ ပြုရာ၌ ရူပသိဒ္ဓိဆရာ ချမှတ်ထားသော စည်းကမ်းများကို ဖောက်ပြပါ။ [ ဉ ပြုရာ ဌာန]

ဖြေ ။ ။ လိုက်လာသော ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့် ဧဝ

http://www.dhammadownload.com



နိပါတ်၏ ဇ-အက္ခရာ, ဟိနိပါတ်၏ ဟ-အက္ခရာ နှောင်းရာ၌သာ နိဂ္ဂဟိတ်ကို ဥပြုရပါမည်၊ အခြားသော ဇ-ဟနှောင်းရာ၌ ဥ-မပြုရပါ။

➤ **အဓိကာရ ဝါသဒ္ဓါဖြင့် ပြအပ်သော ဝိဓိ ၂-ပါး** ။ ။ ပစ္စတ္တညေဝ-ပစ္စတ္တံ+ဧဝ၊ ဧဝဉ်-ဧဝံ+ဟိ-တို့၌ အနိစ္စဝိဓိ၊ ဧဝမေတံ၊ ဧဝံ ဟောတိ-တို့၌ အသန္တဝိဓိကို ပြပါသည်

၃၃။ **သယေ စ** (တိပဒ၊ တျက္ခရသုတ်)

နိဂ္ဂဟိတံ ဧခါ ယကာရေ ပရေ သဟ ယကာရေန ဥ ကာရံ ပပ္ပေါတိ ဝါ။ သညောဂေါ၊ သညျုတ္တံ။ **ဝါတိ** ကသ္မာ? သံယောဂေါ၊ သံယုတ္တံ။

ယေစ၊နောက် ယ-အက္ခရာကြောင့်လည်း။သ၊နိမိတ် ယနှင့်တကွ။နိဂ္ဂဟိတ်၊နိဂ္ဂဟိတ်သည်။ဝါ၊အချို့။ဥ်၊ဥ-အပြုသို့ပပ္ပေါတိ၊ရောက်၏။

* ပရေနောက်ဖြစ်သော။ယကာရေယ-အက္ခရာကြောင့်။ယ ကာရေန၊ယ-အက္ခရာနှင့်။သဟ၊တကွ။နိဂ္ဂဟိတံခေါ၊နိဂ္ဂဟိတ်သည်။ဥ ကာရံဥ ပြုသို့။ပပ္ပေါတိ၊ရောက်၏။

သညောဂေါ၊(သံ+ယောဂေါ)ယှဉ်ခြင်း။သညျုတ္တံ၊(သံ+ယုတ္တံ)ယှဉ်ခြင်း။ဝါတိပဒ၊ဝါ-ဟူသောပုဒ်ကို။ကသ္မာ ဝုတ္တံ၊ အဘယ့်ကြောင့် ဆိုအပ်သနည်း။သံယောဂေါ၊ယှဉ်ခြင်း။ သံယုတ္တံ၊ယှဉ်ခြင်း။

➤ **သ+ယေ+စ (သဟ+ယေ+စ)-ဟု ဒ္ဝ-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➤ **နိမိတ်-အရ** ။ ။ ယ-အက္ခရာ ဖြစ်ပါသည်။

➤ **ကာရီ-အရ** ။ ။ ယ-အက္ခရာနှင့် နိဂ္ဂဟိတ်ဖြစ်ပါသည်။

➤ **ကာရိယ-အရ** ။ ။ ဥ-အက္ခရာဖြစ်ပါသည်။

**မေး** ။ ။ ဤသုတ်ဖြင့် အဘယ့်ကြောင့် အဘယ်နိဂ္ဂဟိတ်ကို ဥပြုရမည်နည်း။

**ဖြေ** ။ ။ | **ဝါ-သဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပါယ်** | လိုက်လာသော ဝါ-သဒ္ဒါသည် ဝဝတ္ထိတ ဝိဘာသာ အနက်ရှိသောကြောင့် သညောဂေါ (သံ+ယောဂေါ) ၌ သံ-ဥပသာရ ပုဒ်၏အဆုံး (ဝါ) အစိတ်ဖြစ်သော နိဂ္ဂဟိတ်၊ ယညဒေဝ(ယံ+ယဒေဝ)၌ ယ-သဗ္ဗနာမ် နှောင်းသော နိဂ္ဂဟိတ်ကိုသာ ဥပြုရပါမည်။

➤ **သဟယေစ-ဟုမဆိုဘဲ သယေစ-ဟု ဆိုရခြင်းအကျိုး** ။ ။ ဝိဋကတ်သုံးပုံတို့၌ ရွတ်ဖတ်လွယ်ကူစေခြင်းအကျိုးငှာ အက္ခရာချေလိုက ချေထားနိုင်သည်ဟူသော အဓိပ္ပါယ်ကို သိစေခြင်းငှာ ဟ-ကိုချေ၍ "သယေစ"ဟု ဆိုပါသည်။

➤ **ဖောဉ်သုတ်နှင့် သယေစ-သုတ်ပေါင်း၍ ဖောဉ်ယ-ဟု တပေါင်းတည်း ဆိုသင့်လျက် နှစ်သုတ်ခွဲ၍ ဆိုရခြင်းအကျိုး** ။ ။ သယေစ-သုတ်ဖြင့် နိမိတ်ယနှင့်တကွ နိဂ္ဂဟိတ်ကို ဥပြုသည်ဟု သိစေခြင်းအကျိုး ရှိပါသည်။(ရာသ)

➤ **စ-သဒ္ဒါ၏အနက်** ။ ။ စ-သဒ္ဒါသည် အနုကမုနအနက်ရှိပါသည်။

http://www.dhammadownload.com



➤ **စ-သဒ္ဒါ ဆိုရကျိုး** ။ ။ စသဒ္ဒါဖြင့် ဖေဥ်-သုတ်မှ ဥ်-ဟူသော ကာရိယ ကို သယေစ-သုတ်သို့ လိုက်ပါစေရန် ဆွဲငင်ယူခြင်း, ထိုသို့ ဆွဲငင်ယူထားသဖြင့် ဥ်-ဟူသော ကာရိယသည် မဒါသရေ-သုတ်သို့ မလိုက်တော့ဟု သိရခြင်းအကျိုးရှိပါသည်

➤ **သယေစ-ရွပ်ပြီးပုံ** ။ ။ သယေစ-ကို သဟ+ယေစ-ဟု ပုဒ်ဖြတ်၊ တေသုဝုဒ္ဓိ-စသောသုတ်ကြီးဖြင့် သဟ-သဒ္ဒါကို သ-ပြု၊ သယေစ ပြီး၏။

(တနည်း) သယေစ-ကို သဟ+ယေစ-ဟု ပုဒ်ဖြတ်၊ တေသုဝုဒ္ဓိ-စသော သုတ်ကြီးဖြင့် သဟ-၌ ဟ-ကိုချေ၊ သယေစ ပြီး၏။ (ဋီကာ)

## ၃၄။ မဒါသရေ

နိဂ္ဂဟီတသာ ခေါ သရေ ပရေ မကာရ ဒကာရာဒေသာ ဟောန္တိ ဝါ။

တမဟံ ပြုမိ မြာဟ္မဏ်၊ တေဒဝေါစ သတ္ထာ။ ဝါတိ ကသ္မာ? အက္ကောစ္ဆိမံ အဝဓိမံ၊ အဇိနိ မံ အဟာသိ မေ။

* သရေနေ၌က်သရကြောင့်။နိဂ္ဂဟီတံ၊နိဂ္ဂဟီတ်သည်။မဒါ၊မ-ပြု, ဒ-ပြုတို့သည်။ ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။

ပရေနောက်ဖြစ်သော၊သရေသရကြောင့်။နိဂ္ဂဟီတသာခေါ၊ နိဂ္ဂဟီတ်၏။မကာရ ဒကာရာဒေသာ၊မ-ပြု ဒ-ပြုတို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။

* တံ၊ထိုသူ့,ကို။ပြာဟ္မဏ်၊မကောင်းမှုကို အပပြုပြီးသူဟူ၍။ အဟံ၊ငါဘုရားသည်။ ပြုမိ၊ဟောတော်မူ၏။* သတ္ထာ၊မြတ်စွာဘုရားသည်။ဧတံ၊ဤစကားကို။အဝေါစ၊မိန့်ဆိုပြီ။ ဝါတိပဒံ၊ဝါဟူသောပုဒ်ကို။ကသ္မာ ဝုတ္တံ၊အဘယ့်ကြောင့် ဆိုအပ်သနည်း။မံ၊ငါ့ကို။အက္ကော စ္ဆိ၊ဆဲရေးပြီ။မံ၊ငါ့ကို။အဝဓိ၊သတ်ဆဲပြီ။ မံ၊ငါ့ကို။အဇိနိ၊အောင်ဘူးပြီ။မေ၊ငါ၏။ ခန်း၊ဥစ္စာကို။ အဟာသိ၊ဆောင်ဘူးပြီ။ဣတိ၊ဤသို့ အစရှိသည်တို့၌။ပတိသေဓနတ္ထံ၊၏။

➤ **မဒါ+သရေ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

**မေး** ။ ။ ဤသုတ်ဖြင့် အဘယ့်ကြောင့် အဘယ်သဒ္ဒါနောင် နိဂ္ဂဟီတ်ကို မ, ဒ-ပြုပါသနည်း

**ဖြေ** ။ ။ [ **မ, ဒ-ပြုရမည့် စည်းကမ်း**] လိုက်လာသော ဝါသဒ္ဒါသည် ဝဝတ္ထိတ - ဝိဘာသာအနက်ရှိသောကြောင့် ယ, တ, ဧတေ-သဒ္ဒါနောင်ရှိသော နိဂ္ဂဟီတ်ကိုသာ ဒ-ပြုရပါသည်။ အမှတ်မရှိသဒ္ဒါတို့နောင် နိဂ္ဂဟီတ်ကို မ-ပြုရပါသည်။

**မေး** ။ ။ **"ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ"** ဟူသော ရွတ်ဆိုနည်းသည် အဘယ်သဒ္ဒါစည်းကမ်းနှင့် ညီညွတ်ပါသနည်း၊ ဖြေဆိုပါ။

**ဖြေ** ။ ။ ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ-ဟူသော ရွတ်ဆိုသော နည်းသည် မဒါသရေ-သုတ်၌

http://www.dhammadownload.com



မဒါ-ဟူသော ယောဂဝိဘာဂဖြင့် ဗျည်းနှောင်းရာ၌လည်း နိဂ္ဂဟိတ်ကို မ-ပြုသည် ဟူသော သဒ္ဒါစည်းကမ်းနှင့် ညီညွတ်ပါသည်။

**မေး** ။ ။ ဤသုတ်ဖြင့် မည်သည့်လိင် မည်သည့်ပုဒ်တို့နောက်၌ရှိသော နိဂ္ဂဟိတ်ကိုသာ မ, ဒပြုနိုင်ပုံကို ခွဲခြား ဖော်ပြပါ။

**ဖြေ** ။ ။ ပုလ္လိင် ဣတ္ထိလိင် ယ, တ, ဧတ-သဒ္ဒါနောင် နိဂ္ဂဟိတ်ကို မ-ပြုပါသည်။နပုံလိင် ယ, တ, ဧတ-သဒ္ဒါနောင် နိဂ္ဂဟိတ်ကို ဒ-ပြုပါသည်။ (သဒ္ဒနီတိ)

➢ **(ယောဂဝိဘာဂ) မဒါ-ဟု သုတ်ခွဲ၍ တည်ရကျိုး** ။ ။ မဒါ သရေသုတ်၌ မဒါ-ဟူသော ယောဂဝိဘာဂဖြင့် ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ-ဝယ် ဗျည်းနှောင်းရာ၌လည်း နိဂ္ဂဟိတ်ကို မ-ပြုရခြင်း အကျိုးရှိပါသည်။ (ရူပသိဒ္ဓိ)

(တနည်း) မဒါ-ဟူသော ယောဂဝိဘာဂဖြင့် တဒ္ဓိတ်-ဝယ် နိဂ္ဂဟိတ်ကို ဒ-ပြုရခြင်း အကျိုးရှိပါသည်။ (ဋီကာ)

➢ **သရေ-ဟု သုတ်ခွဲ၍ တည်ရကျိုး** ။ ။ သရေ-ဟူသော ယောဂဝိဘာဂဖြင့် တယိဒမသာရံ+တံ+ဂ္ဂဒ မသာရံ-ဝယ် သရကြောင့် နိဂ္ဂဟိတ်ကို ယ-ပြုရခြင်း အကျိုးရှိပါသည်။

## ၃၅။ ယ ဝ မ ဒ န တ ရ လာစာဂမာ

သရေ ပရေ ယကာရော ဝကာရော မကာရော ဒကာရော နကာရော တကာရော ရကာရော လကာရော ဂ္ဂမေ အာဂမာ ဟောန္တိ ဝါ။

နယိမဿ ဝိဇ္ဇာ၊ ယထယိဒံ စိတ္တံ၊ မိဂီ ဘန္တာ ဝုဒိဂ္ဂတိ၊ သိတ္တာ တေ လဟု မေဿတိ၊ အသိတ္တာ တေ ဂရုမေဿတိ၊ အသော ဘဒြော ကသာမိဝ၊ သမ္မဒညာ ဝိမုတ္တာနံ၊ မနသာ ဒညာ ဝိမုတ္တာနံ၊ အတ္တာဒတ္ထ မဘိညာယ၊ စိရံ နာယတိ၊ ဂ္ဂတော နာယတိ၊ ယသ္မာတိဟ ဘိက္ခဝေ၊ တသ္မာတိဟ ဘိက္ခဝေ၊ အဇ္ဈတ္တဂ္ဂေ ပါဏုပေတံ၊ သဒ္ဓိရေဝ သမာသေထ၊ အာရဂ္ဂေရိဝ သာသပေါ၊ သာသပေါရိဝ အာရဂ္ဂါ၊ ဆဇ္ဇဘိညာ သဇ္ဇာယတနံ။

**ဝါတိ ကသ္မာ?** ဇဝံ မဟိဒ္ဓိယာ ဇော၊ အဂ္ဂေါဒ္ဓိ မံ အဝမိ မံ အဇိနိ မံ အဟာသိ မေ၊ အဇေယျော အနုဂါမိကော။

**စဂ္ဂဟဏေန** ဂ္ဂဓေဝ မကာရဿ ပကာရော ဟောတိ။ စိရပ္ပဝါသိ ပုရိသံ။ ကကာရဿစ ဒကာရော ဟောတိ၊ သဒတ္ထပသုတော သိယာ။ ဒကာရဿစ တကာရော ဟောတိ၊ သုဂတော။

* သရေ၊နောက်သရကြောင့်။ယပမဒန တရလာစ၊ယ ဝ မ ဒ န တ ရ လ အက္ခ

http://www.dhammadownload.com



ရာတို့သည်လည်း။အာဂမာ၊လောကုန်သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။

* ပရေနောက်ဖြစ်သော။သရေသရကြောင့်။ယကာရော၊ယအက္ခရာငင်း။ဝကာရော၊ဝအက္ခရာငင်း။မကာရော၊မအက္ခရာငင်း။ဒကာရော၊ဒအက္ခရာငင်း။နကာရော၊နအက္ခရာငင်း။တကာရော၊တ- အက္ခရာငင်း။ရကာရော၊ရအက္ခရာငင်း။လကာရော၊ လအက္ခရာငင်း။ဣမေဤအက္ခရာတို့သည်။အာဂမာ၊လောကုန်သည်။ဝါ၊အချို့။ဟောန္တိ၏။

* (န+ဣမသ)ဣမသ၊ဤသူအား။ဝိဇ္ဇာ၊အတတ်ပညာသည်။နမရှိ။* ဣဒံစိတ္တံ၊ဤစိတ်သည်။ဟောတိယထာ၊ဖြစ်သကဲ့သို့။* မိဂီ၊သမင်မသည်။ဘန္တော၊တုန်လှုပ်လျက်။ဥဒိက္ခတိ၊ကြည့်၏။* တေ၊သင်၏။သိတ္တာ၊သွန်အပ်ပြီးသော လေ့သည်။လဟုလျင်စွာ။ဧသေတိ၊ရောက်လတံ့။ * တေ၊သင်၏။အသိတ္တာ၊မသွန်ရသေးသော လေ့သည်။ဂရု၊လေးစွာ။ဧသေတိ၊ရောက်လတံ့။ * ဘဒြော၊အပြေးကောင်းသော။အသော၊မြင်းသည်။ကသာ၊ကြိမ်လုံးမှ။အပ ဗောဓေတိ ဣဝဖဲကြဉ်ရှောင်ရှားသကဲ့သို့။ * သမ္မာ၊ကောင်းစွာ။အညာ၊သိ၍။ဝိမုတ္တာနံ၊လွတ်ကုန်သော သူတို့အား။* မနသာ၊စိတ်ဖြင့်။အညာ၊သိ၍။ဝိမုတ္တာနံ၊လွတ်ကုန်သောသူတို့အား။* အတ္တ+အတ္တံ၊ကိုယ့်အကျိုးကို။အဘိညာယ၊သိ၍။* စိရံ၊ကြာမြင့်မှ။အာယတိ၊လာ၏။ * ဣတောဤ၍အရပ်မှ။အာယတိ၊လာ၏။* ဘိက္ခဝေ၊ရဟန်းတို့။ယသ္မာ၊အကြင့်ကြောင့်။ဣဟ၊၍လောကဌ်။ * ဘိက္ခဝေ၊ရဟန်းတို့။တသ္မာ၊ထို့ကြောင့်။ဣဟ၊၍လောကဌ်။ * အဇ္ဇ တဂ္ဂေ(အဇ္ဇ+အဂ္ဂေ)ယနေ့မှစ၍။ပါဏုပေတံ၊အသက်ရှည်သမျှ ကာလပတ်လုံး။ * သင်္ဂီရေ၊ (သင်္ဂီ+ဧဝ)သူတော်ကောင်းတို့နှင့်သာလျှင်။သမာသေထ၊ပေါင်းဖော်ကုန်ရာ၏။ * အာရဂ္ဂေ၊ပွတ်ဆောက်ဖျားဌ်။သာသပေါ ဣဝ၊မုန်ညှင်းစေ့ကဲ့သို့။ * သာသပေါ၊မုန်ညှင်းစေ့သည်။အာရဂ္ဂေ+ဣဝ၊ ပွတ်ဆောက်ဖျားဌ်ကဲ့သို့။* ဆဇ္ဇဘိညာ(ဆ+အဘိညာ) ခြောက်ပါးသော အဘိညာဉ်။* သဇ္ဇာယတနံ(ဆ+အာယနံ)ခြောက်ပါးသော အာယတန။

ဝါတိပဒံ၊ဝါ ဟူသောပုဒ်ကို။ကသွာ ဝုတ္တံ၊အဘယ့်ကြောင့် ဆိုအပ်သနည်း။* ဧသာ၊ဤကောင်းမှု၏ ပြည့်စုံခြင်းသည်။ဧဝံ မဟိဒ္ဓိယာ၊ဤသို့ ကြီးသော တန်ခိုးရှိ၏။မံ၊ငါ့ကို။အဣ္ဂြောဆ္ဆိ၊ဆဲနေပြီ။မံ၊ငါ့ကို။အဝဓိ၊ညှဉ်းဆဲပြီ။မံ၊ငါ့ကို။အဇိနိ။အောင်ဘူးပြီ။မေ၊ငါ၏။ဓနံ၊ဥစ္စာကို။အဟာသိ၊ ဆောင်ဘူးပြီ။အဧယျော၊ရန်သူတို့သည် မအောင်နိုင်။အနုဂါမိကော၊အစဉ်တစိုက် လိုက်တတ်၏။

ဣဒေ၊ဤသုတ်၌သာလျှင်။စတ္တာဟဏော၊စသဒ္ဒါဖြင့်။မကာရဿ၊မ-အက္ခရာ၏။ပကာရော၊ပပြုသည်။ဟောတိ၊ဖြစ်၏။စိရပ္ပဝါသိ၊ကြာမြင့်စွာကွဲကွာ၍နေသော။ပုရိသံ၊ယောကျ်ားကို။ကကာရဿစ၊က-အက္ခရာ၏လည်း။ဒကာရော၊ဒပြုသည်။ဟောတိ၊ ၏။သဒ္ဓာပသုတော၊ကိုယ့်အကျိုး၌ လေ့ကျက်သည်။ သိယာ၊ဖြစ်ရာ၏။ဒကာရဿစ၊ဒ-

http://www.dhammadownload.com



အက္ခရာ၏လည်း။တကာရော၊တ-ပြုသည်။ဟောတိ၊ဖြစ်၏။သုဂတော၊စကားကောင်းကို ဆိုတော်မူတတ်သော ဘုရား။

➢ **ယဝမဒနတရလာ+စ+အာဂမာ-ဟု ၃-ပုဒ်ရှိသော အာဂမဝိဓိသုတ်။**

➢ **စ-သဒ္ဒါ၏အနက်** ။ ။ စ-သဒ္ဒါသည် သမုစ္စည်းအနက်ရှိပါသည်။

➢ **စ-သဒ္ဒါ ဆိုရခြင်းအကျိုး** ။ ။ (ကစ္စည်းအလို) စသဒ္ဒါဖြင့် စိရပ္ပဝါသီ-၌ မ-ကို ပ-ပြုရခြင်း၊ သဒ္ဒတ္ထပသုတော-၌ က-ကို ဒ-ပြုရခြင်း၊ သုဂတော-၌ တ-ကို ဒ-ပြုရခြင်း ရှိပါသည်။ (ရူပသိဒ္ဓိ-အလို) စသဒ္ဒါဖြင့် အတိပဂေါခေါ-၌ ဂ-အက္ခရာ လာရခြင်းအကျိုးရှိပါသည်။

➢ **ယ-အက္ခရာ လာရာဌာန** ။ ။ ယ-အက္ခရာသည် ယထယိဒံ၊ ယထာယေဝ စသည်တို့၌ ဣ-အက္ခရာ, ဧဝ-စသည်တို့ကြောင့် ယထာ-စသော သဒ္ဒါနောင် အနိစ္စ အားဖြင့် လာ၍။ ဝိယဉ္ဇန၊ ပရိယန္တ-စသည်တို့၌ အ, အာ, ဥ, ဧ, ဩသရတို့ကြောင့် ဝိသဒ္ဒါ ပရိသဒ္ဒါ-စသော ဥပသာရပုဒ်နောင် နိစ္စအားဖြင့် လာပါသည်။

➢ **ဝ-အက္ခရာ လာရာဌာန** ။ ။ ဝအက္ခရာသည် တိဝဂ်လ်-စသည်၌ အဝဏ်ဥသရတို့ကြောင့် တိ-စသောသဒ္ဒါနောင် နိစ္စအားဖြင့် လာပါသည်။

➢ **မ-အက္ခရာ လာရာဌာန** ။ ။ မ-အက္ခရာသည် လဟု မေဿတိ၊ ဂရု မေဿတိ၊ ကသာမိဝ-ဝယ် ဆန်းစောင့်လိုရာဌာန စသည်၌ အ, အာ, ဣသရတို့ကြောင့် လဟု-စသော သဒ္ဒါနောင် လာပါသည်။

➢ **ဒ-အက္ခရာ လာရာဌာန** ။ ။ ဒ-အက္ခရာသည် အ, အာ, ဤသရတို့ကြောင့် ဥ-ဟူသော ဥပသာရပုဒ်၊ သုကိ, ကေနစိ, ကိဉ္စိ, ကိသ္မိဉ္စိ, ကောစိ, သမ္မာ, ယာဝ, တာဝ ပုန-စသော နိပါတ်ပုဒ်နှင့် ယ, တ, ဧတ, အတ္ထ, သ-စသော သဒ္ဒါနောင် လာပါသည်။

➢ **န-အက္ခရာ လာရာဌာန** ။ ။ န-အက္ခရာသည် စိရံ နာယတိ၊ ဣတော နာယတိ-ဝယ် အာသရကြောင့် အာယတိသဒ္ဒါ၏ အစ၌ လာပါသည်။

➢ **တ-အက္ခရာ လာရာဌာန** ။ ။ တ-အက္ခရာသည် ယသ္မာတိဟ၊ တသ္မာတိဟ၊ အဇ္ဇတဂ္ဂေ-ဝယ် ဣဟ, အဂ္ဂ-စသည်ကြောင့် ယသ္မာ, တသ္မာ, အဇ္ဇ-စသော သဒ္ဒါနောင် လာပါသည်။

➢ **ရ-အက္ခရာ လာရာဌာန** ။ ။ ရ-အက္ခရာသည် နိ, ဒု, ပါတု, ပုန, ဓိ, ပါတ, စတု-စသော သဒ္ဒါနောင်၎င်း၊ သရ-မ္ဟနောက်၌ ဣဝ, ဧဝသဒ္ဒါတို့ကြောင့် ဆန်းစောင့်လိုရာ ဌာန၌၎င်း လာပါသည်။

➢ **လ-အက္ခရာ လာရာဌာန** ။ ။ လ-အက္ခရာသည် ဆဋ္ဌဘိညာ-ဝယ် အ, အာသရကြောင့် ဆသခ်္ခာသဒ္ဒါနောင် လာပါသည်။

http://www.dhammadownload.com



မေး ။ ။ ဆဋ္ဌဘိညာ+ဆလဘိညာ-ဟု ပါဠိနှစ်ထွေရှိရာ မည်သည့်ပါဠိ သင့်မြတ်သည်ဟု (၍) သာဓကပြ၍ ဆုံးဖြတ်ခဲ့ပါ။

ဖြေ ။ ။ လင်္ဃာန မဝိသေသော- လငယ် ဥကြီး အထူးမရှိဟု ဆိုသောကြောင့် နှစ်ပါဠိလုံး မှန်ကန်သင့်မြတ်ပါသည်။

➢ **ဝါသဒ္ဓါ၏ အနက်** ။ ။ ဝါသဒ္ဓါသည် ဝဝတ္ထိတ ဝိဘာသာ အနက်ရှိပါသည်

➢ **ဝါသဒ္ဓါဖြင့် ဝိဓိသုံးပါး ပိုင်းခြားပုံ** ။ ။ ဝါသဒ္ဓါဖြင့် ယ-အက္ခရာ လာရာတွင် ပရိယောသာနံ စသည်၌ နိစ္စဝိဓိ၊ ယထာဒံ-ယထာ ဣစ္ဆံ စသည်၌ အနိစ္စဝိဓိ၊ ပရိက္ခတော စသည်၌ အသန္တဝိဓိကိုဂင်း။ ဒ-အက္ခရာ လာရာတွင် ဥဒဂ္ဂေါ စသည်၌ နိစ္စဝိဓိ၊ သင်္ခေဝ-သင် ဧဝ စသည်၌ အနိစ္စဝိဓိ၊ ကေနစိ အတ္ထကာမေန စသည်၌ အသန္တဝိဓိကိုဂင်း၊ ရ-အက္ခရာ လာရာတွင် နိရာလယော-နိ အာလယော စသည်၌ အနိစ္စဝိဓိကိုဂင်း၊ ဒွါဒိဠိတံ စသည်၌ အသန္တဝိဓိကိုဂင်း ပြပါသည်။

## ၃၆။ ကွစိ ဩ ဗျဥ္ဇနေ

ဗျဥ္ဇနေ ပရေ ကွစိ ဩကာရာဂမော ဟောတိ။

အတိပွဂေါခေါ တာဝ သာဝတ္ထိယံ ပိဏ္ဍာယ စရိတုံ၊ ပရောသဟသံ။

ကွစိတိ ကသ္မာ? ဧထ ပဿထိမံ လောကံ၊ အန္ဓီဘူတော အယံ လောကော။

* ဗျဥ္ဇနေနောက်ဗျည်းကြောင့်။ကွစိ၊အချို့၌။ဩ၊ဩ-အက္ခရာသည်။အာဂမော၊လာသည်။ဟောတိ၊ဖြစ်၏။ * ပရေနောက်ဖြစ်သော။ဗျဥ္ဇနေ၊ဗျည်းကြောင့်။ကွစိ၊၌။ဩကာရာဂမော၊ဩ-အက္ခရာ လာသည်။ဟောတိ၊ဖြစ်၏။

တာဝ၊ရှေးဦးစွာ။သာဝတ္ထိယံ၊သာဝတ္ထိပြည်သို့။ပိဏ္ဍာယ၊ ဆွမ်းခံဖို့ရာ။စရိတုံ၊သွား ခြင်းငှာ။အတိပွဂေါခေါ(အတိပွ+ခေါ)အလွန်စောသေး သည်သာတည်း။* ပရောသဟ သံ(ပရ+သဟသံ) တစ်ထောင် ထက်အလွန်။ကွစိတိ ပဒံ၊ကွစိ-ဟူသောပုဒ်ကို။ကသ္မာ ဝုတ္တံ၊အဘယ့်ကြောင့် ဆိုအပ် သနည်း။ ဧထ၊လောကြကုန်။ဣမံ လောကံ၊ဤလောကသည်။အန္ဓီဘူတော၊အမိုက် အတိသာ ဖြစ်၏။

➢ **ကွစိ+ဩ+ ဗျဥ္ဇနေ-ဟု ၃-ပုဒ်ရှိသော အာဂမဝိဓိသုတ်။**

➢ **ဗျဥ္ဇနေ-အရ/ နိမိတ်-အရ** ။ ။ အတိပွဂေါခေါ(ပရောသတံ) ပရော သဟသံ ပုံစံတို့၌ ဩ-အက္ခရာနောင် ခဗျည်း သဗျည်းသာရှိသောကြောင့် ဗျဥ္ဇနေ-အရ ခဗျည်း သဗျည်းကိုသာ ယူရပါမည်။

➢ **ဩ-အက္ခရာ လာရာဌာန** ။ ။ ဩ-အက္ခရာသည် အတိပွဂေါခေါ-ဝယ်

http://www.dhammadownload.com



အတိပွ-သဒ္ဒါ, ပရောသဟသ်-ဝယ် ပရ-သဒ္ဒါနောင် လာပါသည်။

➢ **ကွစိ-သဒ္ဒါ ဆိုရကျိုး ။ ။** ကွစိသဒ္ဒါဖြင့် ဇထ ပဿထိမံ လောက်၊ အန္ဓီဘူတော အယံ လောကော စသည်တို့၌ ဩ-လာခြင်းကို တားမြစ်ရခြင်းအကျိုး ရှိပါသည်။

## ၃၇။ နိဂ္ဂဟီတဋ္ဌ

နိဂ္ဂဟီတဋ္ဌဂမော ဟောတိ သရေဝါ ဗျဉ္ဇနေဝါ ပရေ ကွစိ။

စက္ခု၊ ဥဒပါဒိ၊ အဝံသိရော၊ ယာဝဋ္ဌိဓ ဘိက္ခဝေ ပုရိမံ ဇာတိ သရာမိ၊ အဏုံထူလာနိ သဗ္ဗသော၊ မနောပုဗ္ဗင်္ဂမာ ဓမ္မာ။

ကွစိတိ ကသ္မာ? ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ၊ နံ ဟိ ဇတေဟိ ယာနေဟိ၊ ဂစ္ဆေယျ အဂတံဒိသံ။

စဂ္ဂဟဏေန ဝိသဒ္ဒသဒ ပကာရော ဟောတိ၊ ပစေဿတိ ဝိစေဿတိ ဝါ။

* သရေဝါနောက်သရကြောင့်ဝင်း။ဗျဉ္ဇနေဝါနောက်ဗျည်းကြောင့်ဝင်း။ကွစိ၊အချို့၌ ဘဋ္ဌနိဂ္ဂဟိတ်လာသည်လည်း။ဟောတိ၊ဖြစ်၏။

* ပရေနောက်ဖြစ်သော။သရေဝါသရကြောင့်ဝင်း။ဗျဉ္ဇနေဝါဗျည်းကြောင့်ဝင်း။ကွစိ၊၌နိဂ္ဂဟိတဋ္ဌ၊နိဂ္ဂဟိတ်သည်လည်း။အာဂမော၊လာသည်။ဟောတိ၊ဖြစ်၏။

* စက္ခု၊ပညာမျက်စိသည်။ဥဒပါဒိ၊ထင်ရှားဖြစ်ပြီ။ * အဝံသိရော၊ (အဝ+သိရော) အောက်သို့ ညွတ်သော ဦးခေါင်းရှိ၏။* ဘိက္ခဝေ၊ရဟန်းတို့။ယာဝဓ အတိဝိယ၊ အလွန်လျှင်။ဣဓ၊ဤသာသနာ၌ရ တရားတို့၌။ပုရိမံ ဇာတိ၊နွေးဘဝကို။သရာမိ၊အောက်မေ့၏။ * အဏုံထူလာနိ၊(အဏု+ထူလာနိ)ငယ်ငယ် ကြီးကြီး ဖြစ်ကုန်သော။(ပါပါနိ၊မကောင်းမှုတို့ကို။) သဗ္ဗသော၊အချင်းခပ်သိမ်း။(သမေတိ၊ ငြိမ်း စေ၏။) * ဓမ္မာ၊နာမကွန္ဓာတရား သုံးဝါးတို့သည်။မနောပုဗ္ဗင်္ဂမာ၊(မနောပုဗ္ဗ+ဂမာ)ဝိညာဏကွန္ဓာသာလျှင် ပြဓာန်းခြင်းရှိကုန်၏။ ကွစိတိ ပဒံ၊ကွစိ-ဟူသောပုဒ်ကို။ကသ္မာ ဝုတ္တံ၊ အဘယ့် ကြောင့် ဆိုအပ်သနည်း။ * ဣဓေဝ၊ဤပစ္စုပ္ပန်ဘဝ၌သာလျှင်။နံ၊ထိုသူ့ကို။ပသံသန္တိ၊ချီးမွမ်းကုန်၏။ * ပေစ္စ၊တမလွန်ဘဝ၌။သဂ္ဂေ၊နတ်ပြည်၌။ပမောဒတိ၊မွေ့လျော်ရ၏။* ဇတေဟိ ယာနေဟိ၊ ဤယာဉ်တို့ဖြင့်။အဂတံ၊မရောက်ဘူးသော။ဒိသံ၊နိဗ္ဗာန်အရပ်သို့။နဟိ ဂစ္ဆေယျ၊မရောက်နိုင်ရာ။ စဂ္ဂဟဏေန၊စသဒ္ဒါဖြင့်။ဝိသဒ္ဒသဓ၊ဝိသဒ္ဒါ၏လည်း။ပကာရော၊ ပပြုသည်။ဟောတိ၊၏။ ပစေဿတိ၊ရွေးချယ်နိုင်လတ့ံ။ဝါ၊တနည်းကား။ဝိစေဿတိ၊ရွေးချယ်နိုင်လတ့ံ။

➢ **နိဂ္ဂဟိတံ+စ-ဟု ၂-ပုဒ်ရှိသော အာဝမဝိဓိသုတ်။**

➢ **နိဂ္ဂဟိတ်လာရာ၌ ရွေ့နိမိတ်ကား ။ ။** ရဿသရ သုံးလုံး ဖြစ်ပါသည်။

➢ **နောက်နိမိတ်ကား ။ ။** သရနှင့် ဗျည်း ဖြစ်ပါသည်။

http://www.dhammadownload.com



➤ နိဂ္ဂဟိတ်လာရာ ဌာန ။ ။ နိဂ္ဂဟိတ်သည် သုခုစ္စာရဏဌာန-ဓွတ်ဖတ်လွယ်ကူရာ ဌာန၌ လာပါသည်။

➤ နိဂ္ဂဟိတ် လာရခြင်းအကျိုး ။ ။ နိဂ္ဂဟိတ်လာခြင်းသည် သုခုစ္စာရဏ အကျိုးရှိပါသည်။

မေး ။ ။ နိဂ္ဂဟိတ်လာရာဝယ် အဘယ့်ကြောင့် အဘယ်သရမျှားနောက်၌ လာပါသနည်း ဖြေဆိုပါ။ (၁၃၅၀-ခု ငယ်)

ဖြေ ။ ။ နိဂ္ဂဟိတ်သည် ရဿသရသို့ အစဉ်လိုက်သောကြောင့် ရဿသရသုံးလုံးနောက်၌ လာပါသည်။

မေး ။ ။ အဘယ်ဌာန၌ အဘယ့်ကြောင့် အဘယ်သရနောင် နိဂ္ဂဟိတ်လာရသည်ကို ဖြေဆိုပါ။ (၁၃၅၅-ခု ငယ်)

ဖြေ ။ ။ သုခုစ္စာရဏဌာန၌ ရဿသရသို့ အစဉ်လိုက်သောကြောင့် ရဿသရသုံးလုံးနောင် နိဂ္ဂဟိတ် လာရပါသည်။

➤ **စ-သဒ္ဓါ၏အနက်** ။ ။ စသဒ္ဓါသည် သမုစ္စည်းအနက်ရှိပါသည်။

➤ **စ-သဒ္ဓါဆိုရခြင်း အကျိုး** ။ ။ စသဒ္ဓါဖြင့် ပစေဿတိ-၌ ဝိသဒ္ဒ။ါ ပ-ပြုရခြင်း အကျိုးရှိပါသည်။

## ၃၈။ ကွစိ လောပဲ

နိဂ္ဂဟိတံ ခေါ သရေ ပရေ ကွစိ လောပံ ပပ္ပေါတိ။

တာသာဟံ သန္ဓိကေ၊ ဝိဒူနဂ္ဂမိတိ။

**ကွစိတိ ကသ္မာ? အဟမေဝ နူနဟာလော၊ ဇတမတ္ထံ ဝိဒိတွာန။**

* သရေနောက်သရကြောင့်။နိဂ္ဂဟိတံ၊နိဂ္ဂဟိတ်သည်။ကွစိ၊အချို့၌။လောပံ၊ကျေခြင်းသို့။ပပ္ပေါတိ။ရောက်၏။ * ပရေနောက်ဖြစ်သော။သရေသရကြောင့်။ နိဂ္ဂဟိတံခေါ၊နိဂ္ဂဟိတ်သည်။ကွစိ၌။လောပံ၊သို့။ပပ္ပေါတိ၊ရောက်၏။

* အဟံ၊ငါသည်။တာသံ၊ထိုမိန်းမတို့၏။သန္ဓိကေ၊အထံ၌။* (ဝိဒူနံ+အဂ်္ဂ+ဏ္ဏတိ) ဝိဒူနံ၊ပညာရှိတို့ထက်။အဂ်္ဂမိတိ၊မြတ်၏။ဟူ၍။ ကွစိတိပဒံ၊ကွစိ-ဟူသော ပုဒ်ကို။ ကသ္မာ ဝုတ္တံ၊အဘယ့်ကြောင့် ဆိုအပ်သနည်း။အဟမေဝ၊ငါသည်သာလျှင်။ဗာလောနူန၊မိုက်သလော။ ဇတမတ္ထံ၊ထိုအနက်ကို။ဝိဒိတွာန၊သိ၍။

➤ **ကွစိ+လောပံ-ဟု ၂-ပုဒ်ရှိသော လောပဝိဓိသုတ်။**

➤ **နိဂ္ဂဟိတ်ချေရာ ဌာန** ။ ။ (၁) ဆန္ဒာနုရက္ခဏဌာန-ဆန်းစောင့်လိုရာ ဌာန၊ (၂) သုခုစ္စာရဏဌာန-ဓွတ်ဖတ်လွယ်ရာဌာနတို့ ဖြစ်ပါသည်။

➤ **နိဂ္ဂဟိတ် ချေရခြင်းအကျိုး** ။ ။ ဆန်းစောင့်လိုခြင်း, ဓွတ်ဖတ်လွယ်ကူခြင်း

http://www.dhammadownload.com



အကျိုးငှာ နိဂ္ဂဟိတ်ကို ချေရပါသည်။

➤ **တွစိ-သဒ္ဒါ ထည့်ဆိုရခြင်းအကျိုး** ။ ။ ကွစိသဒ္ဒါဖြင့် အဟမေဝ နူနဟလော၊ စတမတ္တံ ဝိဒိတွာန စသည်တို့၌ နိဂ္ဂဟိတ်ချေခြင်းကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

(ရာသ-အလို) ကွစိ သြ ဗျဥ္ဇနေသုတ်မှ ကွစိ-သဒ္ဒါအလိုက်ခံလျှင် သြ-ဟူသော ကာရိယလည်း လိုက်လာမည်ဖြစ်၍ ယင်း သြလိုက်လာခြင်းကို တားမြစ်ခြင်းအကျိုးငှာ ကွစိ-သဒ္ဒါကို ထည့်ဆိုရပါသည်။

## ၃၉။ ဗျဥ္ဇနေစ

နိဂ္ဂဟိတံ ခေါ ဗျဥ္ဇနေ ပရေ ကွစိ လောပံ ပပ္ပေါတိ။
အရိယသစ္စာန ဒဿနံ၊ စတံ ပုဒ္ဓါန သာသနံ။
ကွစိတိ ကသ္မာ? စတံ မင်္ဂလမုတ္တမံ၊တံ ဝေါ ဝဒါမိ ဘဒ္ဒန္တေ။

* ဗျဥ္ဇနေစ၊နောက်ဗျည်းကြောင့်လည်း။နိဂ္ဂဟိတ်၊နိဂ္ဂဟိတ်သည်။ကွစိ၊အချို့၌။ လောပံ၊ကျေခြင်းသို့။ပပ္ပေါတိ၊ရောက်၏။ * ပရေနောက်ဖြစ်သော်။ဗျဥ္ဇနေ၊ကြောင့်။ နိဂ္ဂဟိတံခေါ၊နိဂ္ဂဟိတ်သည်။ကွစိ၊၌။လောပံ၊သို့။ပပ္ပေါတိ၊၏။

* အရိယသစ္စာနံ၊အရိယသစ္စာတို့ကို။ဒဿနံ၊မြင်ခြင်း။* စတံ၊ဤသည်လျှင်။ပုဒ္ဓါနံ၊ ဘုရားရှင်တို့၏။သာသနံ၊အဆုံးအမတော်တည်း။ကွစိတိပဒံ၊ကို။ ကသ္မာဝုတ္တံ၊နည်း။* စတံ၊ဤတရားသည်။ဥတ္တမံ၊မြတ်သော။မင်္ဂလံ၊မင်္ဂလာမည်၏။ * ဘဒ္ဒန္တေ၊အိုအရှင်တို့။ ဝေါ၊အရှင်တို့အား။တံ၊ထိုစကားကို။ဝဒါမိ၊ပြောဆိုအံ့။

➤ **ဗျဥ္ဇနေ+စ-ဟု ၂-ပုဒ်ရှိသော အာဝမဝိဓိသုတ်။**

➤ **နိမိတ်-အရ** ။ ။ ဒဗျည်း, သဗျည်းတို့ကို ယူရပါမည်။ (ကစ္စည်း)

➤ **နိဂ္ဂဟိတ် ချေရာ ဌာန** ။ ။ (၁) ဆန္ဒာနုရက္ခဏဌာန-ဆန်းစောင့်လိုရာ ဌာန၊ (၂) သုခုစ္စာရဏဌာန-ရွတ်ဖတ်လွယ်ရာဌာနတို့ ဖြစ်ပါသည်။

➤ **စ-သဒ္ဒါ၏ အနက်** ။ ။ စ-သဒ္ဒါသည် ကွစိ-သဒ္ဒါကို ငင်သောကြောင့် အနုကမုနအနက်၊ စိရပ္ပဝါသီ-၌ နိဂ္ဂဟိတ်၏ ပ-အပြုကို ဆည်းသောကြောင့် သမုစ္စည်းအနက်၊ သရကြောင့်သာ နိဂ္ဂဟိတ်ကျေသည်မဟုတ်၊ ဗျည်းကြောင့်လည်း နိဂ္ဂဟိတ်ကျေသည်ဟု ပေါင်းသောကြောင့် သမ္ပိဏ္ဍနအနက်တို့ ဖြစ်ပါသည်။

## ၄၀။ ပရောဝါသရော

နိဂ္ဂဟိတမှာ ပရော သရော လောပံ ပပ္ပေါတိ ဝါ။
ဘာသိတံ အဘိနန္ဒန္တိ၊ ဥတ္တတ္တံဝ၊ ယထာဗိဇံဝ၊ ယထာဧည်ဝ။
ဝါတိ ကသ္မာ? အဟမေဝ နူနဟလော၊ စတဒဟောသိ။

http://www.dhammadownload.com



* နိဂ္ဂဟိတမှာ၊နိဂ္ဂဟိတ်မှ။ပရော၊နောက်ဖြစ်သော။သရော၊သရသည်။လောပ်၊ ကျေခြင်းသို့။ဝါ၊အချို့။ပပ္ပေါတိ၊ရောက်၏။ * [ဣ-အလို့] နိဂ္ဂဟိတမှာ၊မှ။ပရော၊သော။ သရော၊ကျတိ, ကျဝ, ကျဒါနိ, အသိ, အပိ, ဧဝ နိပါတ်ပုဒ်တို့၏ ကျ အ, ဧ သရသည်။ လောပ်၊ကျေခြင်းသို့။ဝါ၊အချို့။ပပ္ပေါတိ၊ရောက်၏။ (ဝုတ္တိအနက်နည်းတူ။)

* သုဘာသိတံ၊ကောင်းစွာဆိုအပ်သော စကားကို။အဘိနန္ဒန္တိ(အဘိနန္ဒုံ+ကျတိ) အလွန်နှစ်သက်၏ဟူ၍။* ဥတ္တတ္တံဝ၊(ဥတ္တတ္တံ+ကျဝ) လော်ပြီး ဦးပြီးသော ရွှေကဲ့သို့။* ယထာဝီဇံဝ၊(ယထာဝီဇံ+ကျဝ) အကြင်အကြင်မျိုးစေ့ကဲ့သို့။* ယထာခေ့ဝ၊(ယထာခေ့+ကျဝ) အကြင်အကြင် စပါးကဲ့သို့။ဝါတိ ပဒံကို။ကသ္မာဝုတ္တံ၊နည်း။အဟမေဝ၊ငါသည်သာလျှင်။ဗာလောနဉ္ဉန၊မိုက်သလော။ဧတံ၊ဤသို့သော အကြံသည်။အဟောသိ၊ ဖြစ်ပြီ။ကျတိအာဒီသု၊တို့၌။ပတိသေဓနတ္ထံ၊မြစ်ခြင်းငှာ ဆိုအပ်၏။

➢ ပဓရော+ဝါ+သဓရော–ဟူ ခု–ပုဒ်ရှိဓသော ဓလောပဝိဓိသုတ်။

➢ သဓရော–အရ/ကာရီ–အရ ။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတ ဝိဘာသာ အနက်ရှိသောကြောင့် ကျတိ, ကျဝ, ကျဒါနိ, အသိ, အပိ, ဧဝ နိပါတ်ပုဒ်တို့၏ ကျ အ, ဧ သရတို့ကို ယူရပါမည်။

➢ ဤသုတ်ဖြင့် အဘာယ်ကြောင့် အဘာယ်ပုဒ်တို့၏ အဘာယ်သရကို ခေျရမည်နည်း။ ➢ ဝါသဒ္ဒါဖြင့် ဖြဆို့အပ်ဓသော အဓိပ္ပါယ် ။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတ ဝိဘာသာ အနက်ရှိသောကြောင့် အဘိနန္ဒန္တိ၊ စက္ကံဝ၊ ကလိန္နာနိ၊ တံ့သိ၊ ကျဒ္ဓမ္မိ၊ သဒိသံဝ-စသော ပုံစံတို့၌ ကျတိ, ကျဝ, ကျဒါနိ, အသိ, အပိ, ဧဝ နိပါတ်ပုဒ်တို့၏ ကျ, အ, ဧ သရတို့ကိုသာ ခေျရမည်။ အခြားသော ပုဒ်တို့၌ မခေျရပါ။ ➢ ဝါသဒ္ဒါဖြင့် ဖြဆို့အပ်ဓသော ဝိဓိ သုံးပါး ။ ။ ဝါသဒ္ဒါဖြင့် ကျဒါနိ, ကျဝ သဒ္ဒါတို့၏ ကျသရကို အမြဲခေျရခြင်း နိစ္စဝိဓိ၊ ကျတိ, အသိ, အပိ, ဧဝ-တို့၌ ကျ, အ ဧ သရတို့ကို ရံခါခေျရခြင်း အနိစ္စဝိဓိ၊ ကျဝ, ကျတိ, ကျဒါနိ, အသိ, အပိ, ဧဝသဒ္ဒါတို့မှ ကြွင်းသောပုဒ်တို့၏ သရတို့ကို မခေျရခြင်း အသန္တဝိဓိကို ပိုင်းခြားပြသည်။

➢ ဝါ–သဒ္ဒါ ထည့်ဆို့ရကျိုး ။ ။ (ကစ္စည်း-အလို) ဝါသဒ္ဒါဖြင့် အဟမေဝ နူန ဗာလော၊ ဧတဒဟောသိ-စသော ပုံစံတို့၌ နောက်သရခေျခြင်းကို တားမြစ်ရခြင်း အကျိုးရှိပါသည်။ (နာမ-အလို) ကွစိသဒ္ဒါသည် များသောအားဖြင့် ဧကရုပ်ကိုပြု၍ ဝါ-သဒ္ဒါကား ဒွိရုပ်ကိုပြ၏၊ ဤသို့ အနက်မတူသောကြောင့် ဝါ-သဒ္ဒါကို ဆိုပါသည်။

## ၄၁။ ဗျဥ္ဇနာ စ ဒိသညောဂါ

နိဂ္ဂဟိတမှာ ပရသို့ သရေ လုတ္တေ ယဒိ ဗျဥ္ဇနော သသညောဂေါ ဝိသညောဂေါ ဟောတိ။ ။ ဧဝံသတေ အာသဝါ၊ ပုပ္ဖံသာ ဥပ္ပဇ္ဇိ။

**လုဓ္ဓေတိ ကသ္မာ? ဧဝမဿ ဝိဒ္ဒုနဂ္ဂမိတိ။**

http://www.dhammadownload.com



**စဝ္ဆဟာဏေန** တိဏ္ဏံ ဗျဥ္ဇနာနမန္တရေ ယေ သရူပါ၊တေသမ္ပိလောပေါ ဟောတိ။ အဂ္ဂဂါရိရံ၊ ပဋိသန္ဓာရဂုတ္ဘသ။

* နိဂ္ဂဟီတမှာ၊နိဂ္ဂဟီတ်မှ။ပရသ္မိ၊နောက်ဖြစ်သော။သရေသရသည်။လုတ္တော၏ ကျေသော်လည်း။ဗျဥ္ဇနော၊သံယောဂဗျည်းသည်။ဝိသညောဂေါ၊ဝိသံယောဂဗျည်းသည်။ ဟောတိ။ဖြစ်၏။ * နိဂ္ဂဟီတမှာ၊မှ။ပရသ္မိသော။သရေသည်။လုတ္တော၏၊ကျေသော်လည်း။ ဗျဥ္ဇနော။ ဗျည်းသည်။ယဓိပိ သသညောဂေါ၊အကယ်၍ သသံယောဂဗျည်းဖြစ်ငြားအံ့။ ဝိသညောဂေါ၊ဝိသံယောဂဗျည်းသည်။ဟောတိ၊ဖြစ်၏။

* (ဇဝံ+အဿတေ)ဇဝံ၊ဤသို့။အဿ၊ထိုသူအား။တေအာသဝါ၊ထိုအာသဝေါတရားတို့သည်။* အဿာ၊ ထိုမိန်းမအား။ပုပ္ဖံ၊ဥတုပန်းသည်။ဥပ္ပဇ္ဇိ၊ဖြစ်ပြီ။(ဝါ) ပွင့်ပြီ။ လုတ္တေတိပဒံ၊ကို။ကသ္မာ ဝုတ္တံ၊နည်း။ဇဝံ၊ဤသို့ဆိုအပ်သည်။အဿ၊ဖြစ်ရာ၏။ဝိဒူနံ၊ပညာရှိတို့ထက်။အဂ္ဂမိတိ၊မြတ်၏၊ဟူ၍။ဣတိအာဒိသူ၊တို့၌။ပတိသေနေတ္တံ၊ဆိုအပ်၏။

**စဝ္ဆဟာဏေန**၊ဖြင့်။တိဏ္ဏံ၊ သုံးလုံးကုန်သော။ဗျဥ္ဇနာနံ၊ဗျည်းတို့၏ (ဝါ) ဗျည်းတို့တွင်။ အနန္တရေအတွင်း၌။ယေ၊ အကြင်ဗျည်းနှစ်လုံးတို့သည်။သရူပါ၊တူသောရုပ်သွင်ရှိကြကုန်၏။တေသမ္ပိ၊ထိုနှစ်လုံးတို့တွင် တစ်လုံး၏လည်း။လောပေါ၊ကျေသည်။ဟောတိ၊၏။ အဂ္ဂဂါရိရံ(အဂ္ဂိ+အာဂါရိရံ) မိတင်းကုပ်။(ပဋိသန္ဓာရဂုတ္တိ+အဿ)ပဋိသန္ဓာရဂုတ္တိ၊ဧစ္ဆစ်သောဖြစ်ခြင်းရှိသည်။အဿ၊ဖြစ်ရာ၏။

➢ **ဗျဥ္ဇနော+စ+ဝိသညောဂေါ-ဟု ၃-ပုဒ်ရှိသော လောပဝိဓိသုတ်။**

➢ **ဤသုတ်၏ နိဗိတ်ဖြစ်ထိုက်သောသုတ် ။ ။** ပရော ဝါ သရောသုတ်။

➢ **ဗျဥ္ဇနော-အရ/ တာရီ-အရ ။ ။** ဝိသညောဂပြုရမည့် ဗျည်းဖြစ်သောကြောင့် ဝိသညောဂေါ-ကိုထောက်၍ သံယောဂဗျည်း၊ (ဝါ) သသညောဂဗျည်းကိုသာ ယူရမည် (တနည်း) ထေရော အဘိဓမ္မံ ဘာသတု-၌ ထေရ-သဒ္ဒါသည် သီတင်းကြီး အားလုံးနှင့် သက်ဆိုင်သော်လည်း အဘိဓမ္မာတရားကို ဟောနိုင်သော မထေရ်ကိုသာ ယူရသကဲ့သို့ ဝိသညောဂဗျည်းထိုက်သော သံယောဂဗျည်းကိုသာ ယူရပါမည်။

**မေး ။ ။** ဤသုတ်ဖြင့် အဘယ်ဗျည်းကို ဝိသညောဂ ပြုရမည်နည်း၊/ ချေရမည်နည်း။

**ဖြေ ။ ။** ဤသုတ်ဖြင့် သံယုဂ်၏ တစ်စိတ်ဖြစ်သော ရှေ့ဗျည်းကို ဝိသညောဂ ပြုရပါမည်။ (ဝါ) ချေရပါမည်။

➢ **သညောဂ (ဝါ) သံယောဂ မည်ပုံ ။ ။** သရတစ်လုံးတည်း၌ ဗျည်းနှစ်လုံးတည်နေခြင်းသည် သညောဂ (ဝါ) သံယောဂ မည်ပါသည်။

➢ **သညောဂ (ဝါ) သံယောဂ-အရ ။ ။** ဿဗျည်း နှစ်လုံးတို့တွင် ရှေ့ သဗျည်းကို ယူရပါမည်။ (ဝါ) ယှဉ်ကပ်အပ်သော အာဂန္တုက ရှေ့ဗျည်းကို ယူရပါမည်။

http://www.dhammadownload.com



➢ **ဝိသဒညောဂ မည်ပုံ** ။ ။ သံယုဂ်ကင်းသော ဗျည်းသည် ဝိသညောဂ မည်၏

➢ **ဝိသဒညောဂ-ဘရ** ။ ။ သဗျည်းနှစ်လုံးတို့တွင် နောက် သဗျည်းကို ယူရမည်။

➢ **စ-သဒ္ဓါ၏အနက်** ။ ။ စသဒ္ဓါသည် သမုစ္စည်းအနက်ရှိပါသည်။

➢ **စ-သဒ္ဓါ ဆိုရကျိုး** ။ ။ (ကစ္စည်းအလို) စသဒ္ဓါဖြင့် အဂျာဂါရံ၊ ပဋိသန္ဓာရ ဝုဘျသ-စသော ပုံစံတို့၌ ဗျည်းသုံးလုံးတို့တွင် သုတိတူသော အစဗျည်းတစ်လုံးကို ချေရခြင်း အကျိုးရှိပါသည်။

(ဗျပသိဒ္ဓိအလို) စသဒ္ဓါဖြင့် အဂျာဂါရံ၊ ဝုတျသ-စသော ပုံစံတို့၌ ဗျည်းသုံးလုံးတို့တွင် သရူပ သသညောဂဗျည်းကို ဝိသညောဂဗျည်း ပြုရခြင်း အကျိုးရှိပါသည်။

## ပဋ္ဌမကဏ္ဍ

### ၄၂။ ဓဂါသဓရေ ပုထဿာဂဓမာ ကွစိ

ပုထဂ္ဂစ္ဆေတဿ အန္တေ သရေ ပရေ ကွစိ ဂကာရာဂမော ဟောတိ။

ပုထဂေဝ။ **ကွစိ**တိ ကဿ? ပုထဓေဝ။

* သရေနောက်သရကြောင့်။ပုထဿ၊ပုထနိပါတ်၏။အန္တေ၊အဆုံး၌။ကွစိ၊အချို့၌။ ဂေါ၊ဂ-အက္ခရာသည်။အာဂမော၊လာသည်။ဟောတိ၊ဖြစ်၏။ * ပရေသော။သရေ၊ကြောင့်။ပုထဂ္ဂစ္ဆေတဿ၊ပုထဟူသော နိပါတ်၏။အန္တေ၊အဆုံး၌။ကွစိ၊၌။ဂကာရာ ဂ မော၊ဂ,လာသည်။ဟောတိ၊၏။ * ပုထဂေဝ(ပုထ+ဓေဝ) အရိယာတို့မှ အသီးအခြားသာတည်း။ကွစိတိပဒ၊ ကို။ကဿ ဝုတ္တံ၊နည်း။ပုထဓေဝ၊အရိယာတို့မှ အသီးအခြားသာတည်း

➢ **ဓဂါ+သဓရေ+ပုထဿ+အာဂဓမာ+ကွစိ-ဟူ ၅-ပုဒ်ရှိသော အာဂမဝိဓိသုတ်။**

➢ **သဓရေ-အရေ/ နိမိတ်-အရေ** ။ ။ ဂေါသရေ ပုထဿာဂမောသုတ်၏ အစီ အရင်းသည် ပုထဂေဝ-ဟူသော ပြယုဂ်၌သာ ထင်သောကြောင့် ဓသရကိုသာ ယူရမည်။

➢ **အာဂမ မည်ပုံ** ။ ။ ရှေ့၌ ထင်ရှားမရှိသော အက္ခရာတို့၏ ထင်ရှားစွာ ဖြစ်ပေါ်လာခြင်းသည် "အာဂမ" မည်ပါသည်။

➢ **ဂ-လာရော ဌာနေ • သရေ-ဟူသော နိမိတ်ဓသရနှင့် နီးကပ်နေသောကြောင့် ပုထ-ဟူသော နိပါတ်ပုဒ်၏ အဆုံး၌သာ ဂ-အက္ခရာ လာရပါသည်။**

➢ **ဝုတ္တိန္တိ အဓန္တ-သဒ္ဓါထည့်၍ ဖွင့်ရခြင်းအကြောင်း** ။ ။ သရေ-ဟူသော နိမိတ်ဓသရနှင့် နီးကပ်နေသောကြောင့် ဝုတ္တိန္တိ အန္တေ-သဒ္ဓါထည့်၍ ဖွင့်ရပါသည်။

➢ **အဓန္တ-အရေ** ။ ။ သရေ-ဟူသော နိမိတ်ဓသရနှင့် နီးကပ်နေသောကြောင့် ပုထ-ဟူသော နိပါတ်ပုဒ်၏ အဆုံးကိုသာ ယူရပါမည်။

➢ **ကွစိ-သဒ္ဓါ ထည့်ဆိုရခြင်းအကျိုး** ။ ။ ပုထဓေ-စသည်တို့၌ ဂ-အက္ခရာလာခြင်းကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

http://www.dhammadownload.com



## ၄၃။ ပါဿ စန္ဓော ရဿော

ပါက္ကစ္ဆေတဿ အန္ဓေ သရေ ပရေ ကွစိ ဂကာရာဂမော ဟောတိ။ အန္ဓော စ သရော ရဿော ဟောတိ။

ပဂေဝ ဝုတ္တသ်သ။ **ကွစိတိ** ကသ္မာ? ပါဓေဝ ဝုတ္တသ်သ။

* သရေနောက်သရကြောင့်။ပါဿ၊ပါနိပါတ်၏ **အဆုံးဌ်**။ကွစိ၊အချို့ဌ်။ဂေါဂ-အက္ခရာသည်။အာဂမော၊လာ၏။အန္ဓော၊ပါနိပါတ်၏အစိတ်အာသည်။ရဿော စ၊ရဿ ပြုသည်လည်း။ဟောတိ၊ဖြစ်၏။

ပရေသော။သရေကြောင့်။ပါက္ကစ္ဆေတဿ၊ပါဟူသော နိပါတ်၏။အန္ဓေ၊အဆုံးဌ်။ ကွစိ၊ဌ်။ဂကာရာ ဂမော၊ဂ, လာသည်။ဟောတိ၊၏။ အန္ဓော၊ပါနိပါတ်၏ အစိတ်ဖြစ်သော။ သရော၊သရသည်။ရဿော စ၊ရဿ ပြုသည်လည်း။ဟောတိ၊ဖြစ်၏။
အဿ၊ထိုသူ၏။ဝုတ္တိ၊ဖြစ်ခြင်းသည်။ပဂေဝ၊ (ပါ+ဓေဝ) ရှေးဦးစွာသာလျှင်။ ကွစိတိပဒ၊ ကို။ကသ္မာ ဝုတ္တံ၊နည်း။အဿ၊ထိုသူ၏။ဝုတ္တိ၊ဖြစ်ခြင်းသည်။ပါဓေဝ၊ရှေးဦးစွာသာလျှင်။

➤ **ပါဿ+စ+အန္ဓော+ရဿော-ဟု ၄-ပုဒ်ရှိသော အာဂမဝိဓိ/ရဿဝိဓိသုတ်။**

➤ **သရေ-အရ/ နိဗိတ်-အရ** ။ ။ ပါဿ စန္ဓော ရဿောသုတ်၏အစီအရင်သည် ပဂေဝ-ဟူသော ပြယုဂ်ဌ်သာ ထင်သောကြောင့် ဒေသရကိုသာ ယူရပါမည်။

➤ **ရဿော-အရ** ။ ။ ပါဿ-ဟူသော ပုဒ်နှင့် တွဲစပ်နေသောကြောင့် အ-ရဿကိုသာ ယူရပါမည်။

➤ **ပါနိပါတ်၏ အဆုံးဌ်သာ ဂ-လာရခြင်းအကြောင်း** ။ ။ သရေ-ဟူသော နိဗိတ်ဒေသရှနှင့် နီးကပ်နေသောကြောင့် ပါနိပါတ်၏ အဆုံးဌ်သာ ဂ-လာရပါသည်။

➤ **အန္ဓ-သဒ္ဒါ ထည့်ဆိုရခြင်းအကျိုး** ။ ။ အန္ဓ-သဒ္ဒါဖြင့် ပါနိပါတ်၏ အစိတ် အာသရကိုသာ ရဿပြု၊ နောက်ဒေသရကို ရဿ မပြုရဟု နောက်ဒေသရ၏ ရဿအပြုကို နှစ်စေခြင်းအကျိုးရှိပါသည်။ (ရူပသ)

➤ **စ-သဒ္ဒါ၏ အနက်** ။ ။ စသဒ္ဒါသည် သဗ္ဗိဏ္ဏနအနက် ရှိပါသည်။

➤ **စသဒ္ဒါ ဆိုရခြင်းအကျိုး** ။ ။ စသဒ္ဒါဖြင့် ပါဿ စန္ဓော ရဿောသုတ်သည် ရဿ-ကိုသာ ပြုသည်မဟုတ်၊ ပါနိပါတ်၏ အဆုံးဌ် ဂ-အက္ခရာလည်း လာသေး၏ဟု ပေါင်းခြင်း အကျိုးရှိပါသည်။

## ၄၄။ အဘ္ဘော အဘိ

အဘိက္ကစ္ဆေတဿ သရေ ပရေ အဘ္ဘာဒေသော ဟောတိ။
အဘ္ဘဒီရိတံ၊ အဘ္ဘုဂ္ဂစ္ဆတိ။

http://www.dhammadownload.com



* သရေ၊နောက်သရကြောင့်။အဘိ၊အဘိ ဥပသာရ၏။။အဇ္ဇော၊အဇ္ဇပြုသည်။ ဟောတိ၊ဖြစ်၏။ * ပရေ၊သော။သရေ၊ကြောင့်။အဘိဣစ္စတဿ၊အဘိဟူသော ဥပသာရ၏။အဇ္ဇာဒေသော၊အဇ္ဇပြုသည်။ဟောတိ၊ဖြစ်၏။ ။ အဇ္ဇဒီရိတံ၊(အဘိ+ ဥဒီရိတံ) အလွန်ဆိုအပ်၏။အဇ္ဇုဂ္ဃတိ၊(အဘိ+ဥဂ္ဃတိ) အလွန်တက်၏။

➤ **အဇ္ဇော+အဘိ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

မေး ။ ။.အဘိ-ကို အဇ္ဇ၊ အဓိ-ကို အဇ္ဈပြုရာဝယ် ယင်းတို့၏နောက်၌ ရှိသင့်သည် သရ အမျိုးအစားများကို အထောက်သာကေပြု၍ ဖြေဆိုပါ။(၁၃၅၁-ခုငယ်)

ဖြေ ။ ။ တေန ဝါ ဣဝဏ္ဏော-သုတ်ကိုထောက်၍ ဣဝဏ်မှတစ်ပါး၊သော သရများ ဖြစ်ပါသည်။

➤ **သရေ-အရ/နိမိတ်-အရ/ အဘိ-ကို အဇ္ဇ အဖြပြုနိုင်သည့် သရ**

တေန ဝါ ဣဝဏ္ဏော်သုတ်ဖြင့် ဣဝဏ်နှောင်းရာ၌ ရုံခါ အဘိကို အဇ္ဇ မပြုရဟု တားမြစ်ထားသောကြောင့် အ, အာ, ဥ, ဦ, ဧ, ဩ သရတို့ ဖြစ်ပါသည်။

➤ **အဇ္ဇ အမြ (လုံး၀) မပြုနိုင်သည့်သရ** ။ ။ ဣဝဏ်နှစ်လုံး ဖြစ်ပါသည်။

➤ **အဘိဣစ္စတဿ-ဟု ဖွင့်ဆိုရခြင်းအကြောင်း** ။ ။ အံ မော နိဂ္ဂဟိတံ စျလပေဟိသုတ်၌ ဟံမောကဲ့သို့ အဘိသဒ္ဒါသည် အာဒေသကို ငဲ့သောကြောင့် အဘိ ဣစ္စတဿ-ဟု ဖွင့်ဆိုရပါသည်။

➤ **အဘိ-ကို အဇ္ဇပြုရခြင်းအကြောင်း/ ဤသုတ်ကို ဆိုရခြင်းအကြောင်း**

အဇ္ဇုဂ္ဃတိ စသည်၌ အသဒိသဒွေဘော်ပြုလျှင် ပြီးနိဂ်သော်လည်း ဣဝဏ္ဏော ယံ နဝါသုတ်ဖြင့် ဣ-ကို ယပြု၍ အဘျုဂ္ဃတိ စသည်ဖြစ်ခြင်းကို နှစ်စေလိုသော ကြောင့်-- ဤသုတ်ကို ဆိုရပါသည်။ (ရူပသိ)

➤ **အဘိ /အဓိ ရွပ်ပြီးပုံ** ။ ။ အဘိ-ကို အဘိတည်၊သိသက်၊ သဗ္ဗာသမာဝုသော ပသဂ္ဂနိပါတာဒီဟိစသုတ်ဖြင့် သိ-ကိုခွေ၊ (တနည်း) အဘိ-ကို အဘိတည်၊ဆဋ္ဌီသ-သက်၊သဗ္ဗာသ မာဝုသောဖြင့် သ-ကိုခွေ၊ အဘိ ပြီး၏။ (ကစ္စည်း)

## ၄၅။ အဇ္ဈော အဓိ

အဓိဣစ္စတဿ သရေ ပရေ အဇ္ဈာဒေသော ဟောတိ။

အဇ္ဈောကာသေ၊ အဇ္ဈာဂမာ။

* သရေနောက်သရကြောင့်။အဓိ၊အဓိ ဥပသာရ၏။။အဇ္ဈော၊အဇ္ဈပြုသည်။ဟောတိ ဖြစ်၏။ * ပရေ၊သော။သရေ၊ကြောင့်။အဓိဣစ္စတဿ၊အဓိဟူသောဥပသာရ၏။ အဇ္ဈာဒေသော၊အဇ္ဈပြုသည်။ဟောတိ၊ဖြစ်၏။ ။ အဇ္ဈောကာသေ၊(အဓိ+ဩကာသေ) လွင်တီးခေါင်၌။အဇ္ဈာဂမာ၊(အဓိ+အာဂမာ) လွန်စွာလာရောက်ပြီ။

http://www.dhammadownload.com



➢ **အဏ္ဍော+အဓိ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **သရေ-အရ/နိမိတ်-အရ/ အဓိ-ကို အဏ္ဍ အမြဲပြုနိုင်သည့် သရ**

တေန ဝါ ဣဝဏ္ဏေသုတ်ဖြင့် ဣဝဏ်နှောင်းရာ၌ ရံခါ အဓိကို အဏ္ဍ မပြုရဟု တားမြစ်ထားသောကြောင့် အ, အာ, ဥ, ဦ, ဧ, ဩ သရတို့ ဖြစ်ပါသည်။

➢ **အဏ္ဍ အမြဲ (လုံးဝ) မပြုနိုင်သည့်သရ ။ ။** တေန ဝါ ဣဝဏ္ဏေသုတ်ဖြင့် ဣဝဏ်နှောင်းရာ၌ အဓိကို ရံခါ အဏ္ဍပြု၊ ရံခါ အဏ္ဍ မပြုရဟု တားမြစ်ထားသောကြောင့် ဣဝဏ်နှစ်လုံး ဖြစ်ပါသည်။

➢ **အဓိဣစ္ဆေတဿ-ဟု ဖွင့်ဆိုရခြင်းအကြောင်း ။ ။** အံ မော နိဂ္ဂဟိတံ စျလပေဟိသုတ်၌ အံမောကဲ့သို့ အဓိသဒ္ဒါသည် အာဒေသကို ငဲ့သောကြောင့် အဓိဣစ္ဆေတဿ-ဟု ဖွင့်ဆိုရပါသည်။

➢ **အဏ္ဍသောဝသီ ရုပ်အကျဉ်း ။ ။** အဏ္ဍသောဝသီ-ကို အဓိ+သော+အာဝသီ-ဟု ပုဒ်ဖြတ်၊ ရှေ့သုတ်မှ သရေ-ဟူသော လိုက်ပုဒ်ကိုကြဉ်၍ အဏ္ဍော အဓိ-ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် နောက် သဗ္ဗညုးကြောင့် အဓိ-ကို အဏ္ဍပြု၊ ဝါပရော ဖြင့် နောက် အာသရကိုကိုချေ၊ အဏ္ဍသောဝသီ ပြီး၏။

➢ **အဒ္ဓဘူတော ရုပ်ကျဉ်း ။ ။** အဒ္ဓဘူတော-ကို အဓိ+ဘူတော-ဟုပုဒ်ဖြတ်၊ အဓိ-ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် အဓိကို အဒ္ဓပြု၊ အဒ္ဓဘူတော ပြီး၏။

## ၄၆။ တေ နဝါ ဣဝဏ္ဏော

တေစ ခေါ ဒုဘိအဓိ ဣစ္ဆေတေ ဣဝဏ္ဏော ပရေ အဒ္ဓော အဏ္ဍော ဣတိဝုတ္တရူပါ နဟောန္တိ ဝါ။

အဘိစ္ဆိတံ၊ အဓိရိတံ။ **ဝါတိ** ကသ္မာ? အဒ္ဓိရိတံ၊ အဂ္ဂိဏမုတ္တော။

* ဣဝဏ္ဏော၊ဣဝဏ်ကြောင့်။တေ၊ထို အဘိ, အဓိပုဒ်တို့၏ အဒ္ဓ, အဏ္ဍ ရုပ်တို့သည် ဝါ၊အချို့။နဟောန္တိ၊မဖြစ်ကုန်။ * ပရေသော။ဣဝဏ္ဏော၊ကြောင့်။တေစခေါ အဘိအဓိဣစ္ဆေတေ၊ထိုအဘိ အဓိရုပ်တို့သည်။အဒ္ဓော အဏ္ဍော ဣတိဝုတ္တရူပါ၊ အဒ္ဓ အဏ္ဍဟုဆိုအပ်ပြီးသော ရုပ်ရှိကုန်သည်။ဝါ၊အချို့။နဟောန္တိ၊မဖြစ်ကုန်။

အဘိစ္ဆိတံ၊(အဘိ+ဣစ္ဆိတံ)လွန်စွာလိုအပ်၏။အဓိရိတံ၊(အဓိ+ဣရိတံ) လွန်စွာဆိုအပ်၏။ ဝါတိ ပဒံကို။ကသ္မာဝုတ္တံ၊ နည်း။အဒ္ဓိရိတံ၊(အဘိ+ဣရိတံ) လွန်စွာဆိုအပ်၏။ အဂ္ဂိဏ မုတ္တော၊(အဓိ+ဣဏမုတ္တော) လွန်စွာ မြိမ့ လွတ်၏။

➢ **တေ+န+ဝါ+ဣဝဏ္ဏော-ဟု ၄-ပုဒ်ရှိသော ပတိသေဓဝိဓိသုတ်။**

➢ **ဝါ-သဒ္ဒါ ထည့်ဆိုရခြင်းအကျိုး ။ ။** အဒ္ဓိရိတံ၊ အဂ္ဂိဏမုတ္တော စသည်တို့၌ အဒ္ဓအပြု၊ အဏ္ဍအပြုကို မတားမြစ်နိုင်ခြင်းအကျိုး ရှိပါသည်။

http://www.dhammadownload.com



➢ **တေန ဝါ ဣဝင္ဆေသုတ်ဖြင့် မိမိတို့၏ စိရင်ပိုင်ခွင့်တို့ တားမြစ်ခံရသော သုတ်များ ။ ။** အဋ္ဌော အဘိသုတ်နှင့် အဇ္ဈော အဓိသုတ်တို့ ဖြစ်ပါသည်။

## ၄၇။ အတိဿစန္ဓဿ

အတိဣဓေတဿ အန္ဓဘူတဿ တိသဒ္ဒဿ ဣဝင္ဆေ ပရေ "သဗ္ဗော စံ တိ"တိ ဝုတ္တရူပ် နဟောတိ။

အတိသိဝဏော၊ အတိရိတံ။ **ဣဝင္ဆေတိ ကသ္မာ? အစ္ဆန္တံ။**

* ဣဝင္ဆေ၊ဣဝင်္ကြောင့်။အတိဿစ၊အတိ ဥပသာရ၏လည်း။အန္ဓဿ၊အစိတ်တိ၏။တံ၊ထို သဗ္ဗော စံ တိသုတ်၌ ဆိုခဲ့ပြီးသော စ-ပြုရုပ်သည်။နဟောတိ၊မဖြစ်။

ပရေသော။ဣဝင္ဆေ၊ကြောင့်။အတိဣဓေတဿစ၊အတိဟူသော ဥပသာရ၏။ အန္ဓဘူတဿ၊အစိတ်ဖြစ်၍ဖြစ်သော။တိသဒ္ဒဿ၊တိသဒ္ဒါ၏။သဗ္ဗောစံတိတိ ဝုတ္တရူပ်၊ သဗ္ဗောစံတိသုတ်၌ ဆိုခဲ့ပြီးသော စ-ပြုရုပ်သည်။နဟောတိ၊မဖြစ်။

အတိသိဝဏော၊(အတိ+ဣသိဝဏော)လွန်သော (အလွန်များသော) ရသေ့ အပေါင်း။အတိရိတံ၊(အတိ+ဣရိတံ)လွန်စွာဆိုအပ်၏။ဣဝင္ဆေတိပဒံ၊ဣဝင္ဆေ-ဟူသောပုဒ်ကို။ကသ္မာဝုတ္တံ၊နည်း။**အစ္ဆန္တံ**၊(အတိ+အန္တံ)အဆုံးကို လွန်သည်။

➢ **အတိဿ+စ+အန္ဓဿ-ဟု ၃-ပုဒ်ရှိသော ပတိသေဓိဓိသုတ်။**

➢ **နိဗိတ်-အရ ။ ။** တေန ဝါ ဣဝင္ဆေသုတ်မှ ဣဝင္ဆေ-ဟူသော နိဗိတ်ပုဒ်လိုက်လာသောကြောင့် ဣဝင်္ကန်ဒ်လုံးကို ယူရပါမည်။

➢ **အတိ-သဒ္ဒါ ပုဒ်အဆုံးအဖြတ် ။ ။** အတိဿဒ္ဒါသည် ပုဒ်ကြီး ၄-ပုဒ်တို့တွင် ဥပသာရ အတုဖြစ်ပါသည်။

➢ **အတိဿ-၌ အတိ-သဒ္ဒါကို ဥပသာရ အတု-ဟု ဆိုရခြင်းအကြောင်း** အတိဿ-၌ ဝိဘတ်မကျေသောကြောင့် -- တည်း။

➢ **အတိဿ-နောင် ဝိဘတ်မတွေ့ခြင်းအကြောင်း ။ ။** အတိဿ-သဒ္ဒါသည် ဥပသာရအတုဖြစ်သောကြောင့်-အတိဿ-၌ ဝိဘတ်မကျေပါ။

➢ **အတိသိဝဏော-၌ သဗ္ဗော စံ တိသုတ်ဖြင့် တိ-တို့ စ-ပြုလျှင် အစ္စိသိဝဏော-ဟု ရွှပ်ပြီးနိုင်/မပြီးနိုင် ။ ။** အတိဿ စန္ဓဿသုတ်ဖြင့် ဣဝင်္ကန်ဒ်နောင်းရာ၌ သဗ္ဗော စံ တိသုတ်၏ စ-အပြုကို တားမြစ်ထားသောကြောင့် "အစ္စိသိဝဏော" ဟု ရွှပ်မပြီးနိုင်ပါ။

➢ **အန္ဓဿ-အရ တိတိုဿ ယူရခြင်းအကြောင်း/ ဣဝင်္ကတို့ မယူရခြင်းအကြောင်း ။ ။** သဒ္ဒါအစီအရင်ကို တားမြစ်ရာဖြစ်သောကြောင့် အန္ဓဿ-အရ တိ-သဒ္ဒါကိုဿ ယူရပါသည်။ ဣဝင်္ကန်ဒ်ကို မယူရပါ။

http://www.dhammadownload.com



➢ **ဤသုတ်သည် လ္ဟဝင်္ဂော ယဲ နဝါသုတ်ကို တားမြစ်သောသုတ် မဖြစ်သင့်ခြင်းအကြောင်း ။ ။** လ္ဟဝင်္ဂော ယဲ နဝါသုတ်သို့ အသရူပသဒ္ဒါ လိုက်လာသည့်အတွက် သရူပသရန္ဒောင်းရာ၌ လ္ဟဝင်္ဂ၏ ယ-အပြုသည်ပင် မဖြစ်နိုင်သောကြောင့် လ္ဟဝင်္ဂော ယဲ နဝါသုတ်ကို တားမြစ်သောသုတ် မဖြစ်သင့်ပါ။

➢ **စသဒ္ဒါ၏ အနက် ။ ။** စသဒ္ဒါသည် အဝုတ္ထသမုစ္စည်းအနက် ရှိပါသည်။

➢ **စသဒ္ဒါ ဆိုရခြင်းအကျိုး ။ ။** စသဒ္ဒါဖြင့် လ္ဟဝင်္ဂန္ဒောင်းရာ၌ လ္ဟတိသဒ္ဒါ ပတိသဒ္ဒါတို့၏ အစိတ်ဖြစ်သော တိ-သဒ္ဒါကို စ-မပြုရဟု ဆည်းခြင်းအကျိုးရှိပါသည်

## ၄၈။ ကွစိ ပဋိ ပတိဿ

ပတိလ္ဟစ္ဆေတဿဲ သရေ ဝါ ဗျဉ္ဇနေ ဝါ ပရေ ကွစိ ပဋိအာဒေသော ဟောတိ။

ပဋ္ဌဂ္ဂိ ဒါတဗ္ဗော၊ ပဋိဟညတိ။ **ကွစိတိ** ကသ္မာ? ပစ္စန္တိမေသု ဇနပဒေသု၊ ပတိလိယတိ၊ ပတိရူပဒေသ ဝါသောစ။

* သရေဝါနောက်သရကြောင့်ဝင်း။ဗျဉ္ဇနေဝါနောက်ဗျည်းကြောင့်ဝင်း။ပတိဿ၊ ပတိ ဥပသာရ၏။ကွစိ၊အာဆို့၌။ပဋိ၊ပဋိပြုသည်။ဟောတိ၊ဖြစ်၏။

* ပရေသော။သရေ ဝါကြောင့်ဝင်း။ဗျဉ္ဇနေ ဝါကြောင့်ဝင်း။ပတိလ္ဟစ္ဆေတဿ၊ ပတိဟူသော ဥပသာရ၏။ကွစိ၊၌။ပဋိအာဒေသော၊ပဋိပြုသည်။ဟောတိ၊ဖြစ်၏။

ပဋ္ဌဂ္ဂိ(ပတိ+အဂ္ဂိ)မိး, အကြိုကို။ဒါတဗ္ဗော၊ပေးအပ်၏။ပဋိဟညတိ(ပတိ+ဟညတိ) ညှဉ်းဆဲ၏။**ကွစိ**တိပဒံ၊ကို။ကသ္မာ၊နည်း။ပစ္စန္တိမေသု၊အစွန်အဖျားဖြစ်ကုန်သော။ ဇနပဒေသု၊ဇနပုဒ်တို့၌။ပတိ လိယတိ၊တွန့်၏။ပတိရူပဒေသဝါသောစ၊သင့်လျော်သော အရပ်၌နေရခြင်းသည်လည်း။လ္ဟတိ အာဒီသု၊တို့၌။ပတိသေနေတွဲ၊မြစ်ခြင်းငှာ ဆိုအပ်၏။

➢ **ကွစိ+ပဋိ+ပတိဿ-ဟု ဒု-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **ကွစိ-သဒ္ဒါ ထည့်ဆိုရခြင်းအကျိုး ။ ။** ကွစိသဒ္ဒါဖြင့် ပစ္စန္တိမေသု ဇနပဒေသု၊ ပတိလိယတိ၊ ပတိရူပဒေသ ဝါသောစ-ပုံစံတို့၌ ပတိဥပသာရပုဒ်၏ ပဋိ-အပြုကို တားမြစ်ရခြင်း အကျိုးရှိပါသည်။ (ကစ္စည်း)

➢ **ဝုတ္ထိ-၌ သရေဝါ ဗျဉ္ဇနေဝါ-ဟု ဖွင့်ဆိုရခြင်းအကြောင်း ။ ။** သရ, ဗျည်း ဟု အထူးမပြုသောအားဖြင့် ဆိုသောကြောင့်-- တည်း။

## ၄၉။ ပုထဿု ဗျဉ္ဇနေ

ပုထလ္ဟစ္ဆေတဿ အန္တော သရော ဗျဉ္ဇနေ ပရေ ဥကာရော ဟောတိ။

ပုထုဇ္ဇနော၊ပုထုဘူတံ။ **အန္ဓဂ္ဂဟဏေန** အပုထဿာပိ သရေ ပရေ အန္တဿ ဥကာရော ဟောတိ။မနုည်။

http://www.dhammadownload.com



* ဗျဥ္ဇနေ၊နောက်ဗျည်းကြောင့်။ပုထဿ၊ပုထ-သဒ္ဒါ၏။အန္တော၊အစိတ်သရသည်။ဥ၊ဥပြုသည်။ဟောတိ၊ဖြစ်၏။ * ပရေသော။ဗျဥ္ဇနေ၊ကြောင့်။ပုထက္ကစွေတဿ၊ပုထဟူသော သဒ္ဒါ၏။အန္တော၊ အစိတ်ဖြစ်သော။သရော၊သရသည်။ဥကာရော၊ ဥပြုသည်။ ဟောတိ၊ဖြစ်၏။ ။ ပုထုဇ္ဇနော၊(ပုထ+ဇနော)ပုထုဇဉ်။ ပုထုဘူတံ၊(ပုထ+ဘူတံ) များစွာဖြစ်၍ဖြစ်၏။ အန္တဋ္ဌဟဏော၊အန္တသဒ္ဒါဖြင့်။အဲ့ပုထဿာပိ၊ပုထမှတစ်ပါးသော သဒ္ဒါ၏လည်း။အန္တဿ၊အစိတ်သရ၏။ပဲ့ရေသော။သရေကြောင့်။ဥကာရော၊သည်။ ဟောတိ၊၏။မနုည်၊(မနော+အည်) စိတ်ကို လွန်စွာနှစ်သက်စေတတ်သောအာရုံ။

➢ ပုထဿ+ဥ+ဗျဥ္ဇနေ-ဟု ဥ-ပုဗ်ရှိသော အာဒေသဝိဓိသုတ်။

➢ ဗျဥ္ဇနေ-အရ/ နိမိတ်ဖြစ်သင့်သော ဗျည်း ။ ။ ဇဗျည်း, ဘဗျည်း စသည်တို့ ဖြစ်ပါသည်။ (ကစ္စည်း)

➢ အန္တ-သဒ္ဒါ ဝိုလွန်ပုံ ။ ။ ပုထဿ-၌ ဆဋ္ဌိဝိဘတ်၏ အစိတ်ကိုငဲ့၍ သက်သော ကြောင့် ပုထဿ-ပုထသဒ္ဒါ၏ အစိတ် အ,၏-ဟုပေးလျှင် လိုအပ်သောအနက် ပြီးသင့်ပါလျှက် အန္တ-သဒ္ဒါ အလိုက်ခံရခြင်းသည် ဝိုလွန်ပါသည်။

(တနည်း) ပုထဿ အ ပုထ-ဟု တပ္ပုရိသ်လုပ်၍ ပုထဿ-ပုထသဒ္ဒါ၏ အစိတ် အ,၏ဟု အနက်ပေးလျှင် လိုအပ်သောအနက် ပြီးလောက်ပါလျှက် အန္တသဒ္ဒါကို အလိုက်ခံရခြင်းသည် ဝိုလွန်ပါသည်။

➢ အန္တ-သဒ္ဒါ ဆိုရခြင်းအတ္ထိုး ။ ။ အန္တသဒ္ဒါဝိုဖြင့် မနုည်၊(ဇဝုမံ)ပုံစံတို့ဝယ် သရနှောင်းရာ၌ ပုထ-သဒ္ဒါမှတစ်ပါးသော မနော-စသောသဒ္ဒါ၏ အစိတ်သရကို ဥပြုရခြင်း အကျိုးရှိပါသည်။ (ကစ္စည်း+ရူ)

## ၅၀။ ဩ အဝဿ

အဝက္ကစွေတဿ ဗျဥ္ဇနေ ပရေ ကွစိ ဩကာရော ဟောတိ။

အန္ဓကာရေန ဩနဒ္ဓါ။

တွစီတိ ကဿာ? အဝသုဿတု မေ သရီရေ မံသ လောဟိတံ။

* ဗျဥ္ဇနေ၊နောက်ဗျည်းကြောင့်။အဝဿ၊အဝ ဥပသာရ၏။ကွစိ၊အချို့၌။ဩ၊ဩ ပြုသည်။ဟောတိ၊ဖြစ်၏။ * ပရေသော။ဗျဥ္ဇနေ၊ကြောင့်။အဝက္ကစွေတဿ၊အဝဟူသော ဥပသာရ၏။ကွစိ၌။ဩကာရော၊ဩပြုသည်။ဟောတိ၊ဖြစ်၏။

အန္ဓကာရေန၊အမိုက်မှောင်သည်။ဩနဒ္ဓါ၊(အဝ+နဒ္ဓါ)မြှေးယှက်အပ်၏။ ကွစိတိ ပဒံ၊ကွစိ-ဟူ သောပုဒ်ကို။ကဿာ ဝုတ္တံ၊နုည်း။မေ၊ငါ၏။သရီရေကိုယ်၌။မံသလောဟိတံ၊ အသား အသွေးသည်။အဝသုဿတု၊ခန်းခြောက်ပစေ။

http://www.dhammadownload.com



➤ ဩ+အဝဿ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။

➤ အဝဿ-နောင် ဝိဘတ်မကျေခြင်းအတြောင်း ။ ။ အဝဿ-၌ အဝဿဒါ သည် ဥပသာရ အတုဖြစ်သောကြောင့်-- တည်း။

➤ ယောဂဝိဘာဂ/ ဩ-ဟု သုတ်ခွဲ၍ တည်ရကျိုး ။ ။ ဥပေါသထော- ဥပ+ဝသထော၊ နောဂိတံ-နဝ+နီတံ၊ သောဏ္ဍံ-သု+ဝဏ္ဏံ-ပုံစံတို့၌ ဩ-ဟူသော ဒွိဓာ ကရဏ ယောဂဝိဘာဂဖြင့် ဝ-ကိုလည်း ဩပြုနိုင်ခြင်း အကျိုးရှိပါသည်။

## ၅၁။ အနုပဒိဋ္ဌာနံ ဝုတ္တယောဂတော

အနုပဒိဋ္ဌာနံ ဥပသဂ္ဂနိပါတာနံ သရသန္ဓိဟိ ဗျဥ္ဇနသန္ဓိဟိ ဝုတ္တသန္ဓိဟိစ ယထာယောဂံ ယောဇေတဗ္ဗံ။

ပါပနံ၊ပရာယဏံ၊ဥပါယနံ၊ဥပါဟနံ၊ရာယောဂေါ၊နိရုပဓိ၊အနုဇောဓော၊ ဒုဝူပသန္တံ၊သုဝူပသန္တံ၊ဒွါလယော၊သွာလယော၊ ဒုရာချာတံ၊သွာချာတော၊ဥဒ်ရိတံ၊ သမုဒ္ဓိဋ္ဌံ၊ဝိယဂ္ဃံ၊ဝိဗ္ဘဂ္ဂံ၊ဗျဂ္ဃံ၊ အဝယာဂမနံ၊အနွေတိ၊အနုပယာတော၊အနုဋ္ဌရိယံ၊ ပရိယေသနာ၊ ပရာမာသော၊ဧဝံ သရေ စ ဟောန္တိ။

ပရိဂ္ဂဟော၊ ပဂ္ဂဟော၊ ပဂ္ဂမော၊ ပရဂ္ဂမော၊နိဂ္ဂမော၊နိဂ္ဂသာဝေါ၊နိလ္လယနံ၊ ဒုလ္လယနံ၊ဒုဋ္ဌိက္ခံ၊ဒုဗ္ဘဂ္ဂံ၊သန္ဓိဋ္ဌံ၊ ဒုဂ္ဂဟော၊ ဝိဂ္ဂဟော၊ နိဂ္ဂဟော၊ အဘိက္ကမော၊ ပဋိက္ကမော၊ ဧဝံ ဗျဥ္ဇနေ စ။ သေသာ သဗ္ဗေ ယောဇေတဗ္ဗာ။

* အနုပဒိဋ္ဌာနံ၊မပြအပ်ကုန်သေးသော ရုပ်တို့၏။သိဒ္ဓိ၊ပြီးခြင်းကို။ဝုတ္တယောဂတော၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ဝေဒိတဗ္ဗော၊သိအပ်၏။

အနုပဒိဋ္ဌာနံ၊မပြအပ်ကုန်သေးသော။ဥပသဂ္ဂနိပါတာနံ၊ဥပသာရပုဒ် နိပါတ်ပုဒ်တို့ ၏။ရွယ်၊ရုပ်ကို။သရသန္ဓိဟိစ၊သရသန္ဓိတို့နှင့်ဂုဏ်း။ဗျဥ္ဇနသန္ဓိဟိစ၊ဗျဥ္ဇနသန္ဓိတို့နှင့်ဂုဏ်း။ဝုတ္တ သန္ဓိဟိစ၊ဝုတ္တသန္ဓိတို့နှင့်ဂုဏ်း။ယထာယောဂံ၊ယှဉ်သင့်သည်အားလျော်စွာ။ယောဇေတဗ္ဗံ၊ ယှဉ်အပ်၏။

ပါပနံ(ပ+အာပနံ) အပြားအားဖြင့် ရောက်ခြင်း။ပရာယဏံ၊(ပရံ+အယနံ) လည်း လျောင်းဧို့ခိုရာ။ဥပါယနံ၊(ဥပ+အာယနံ)ကပ်၍ဆောင်ခြင်း။ဥပါဟနံ၊(ဥပ+အာဟနံ) ဖိနပ်။ရာယောဂေါ၊(နိ+အာယောဂေါ) အမြဲမဆုတ် လွန်စွာအားထုတ်၏။နိရုပဓိ၊ (နိ+ဥပဓိ) ကင်းသော ဥပဓိရှိသည်။အနုဇောဓော၊(အနု+ဇောဓော)လျော်စွာသိခြင်း။ ဒုဝူပသန္တံ၊(ဒု+ဥပသန္တံ) မကောင်းသဖြင့်ငြိမ်သက်သည်။သုဝူပသန္တံ၊ (သု+ဥပသန္တံ) ကောင်းစွာငြိမ်သက်သည်။ ဒွါလယော၊(ဒု+အာလယော) မကောင်းသော တည်ရာ။ သွာလယော၊(သု+အာလယော) ကောင်းသောတည်ရာ။ဒုရာချာတံ၊(ဒု+အာချာတံ)

http://www.dhammadownload.com



မကောင်းသဖြင့် ဆိုအပ်သည်။သွာဈာတော၊(သု+အာဈာတော)ကောင်းစွာဆိုအပ်သည်။ ဥဒ်ရိတံ၊(ဥ+ဣရိတံ)အလွန်ဆိုအပ်၏။သမုဒ္ဒိဋ္ဌံ၊(သံ+ဥဒ္ဒိဋ္ဌံ) ကောင်းစွာပြအပ်၏။ဝိယဂ်၊ (ဝိ+အဂ်) အထူးသဖြင့် မြတ်သည်။ဝိဈဂ်၊(ဝိ+အဓိ+အဂ်) ထူးလွန်မွန်မြတ်သည်။ ဗျဂ်၊(ဝိ+အဂ်)အထူးသဖြင့် မြတ်သည်။အဝယာဂမနံ၊(အဝ+အာဂမနံ)မကောင်းသဖြင့် လာခြင်း။အနွေတိ၊(အနု+ဧတိ)အစဉ်လိုက်၏။အနုပ ယာတော၊(အနု+ဥပယာတော) ညှဉ်းဆဲအပ်၏။အနုစ္ဆရိယံ(အန+အစ္ဆရိယံ)မအံ့ဩလောက်သေး။ပရိယေသနာ၊(ပရိ+ ဧသနာ) ရှာမှီးခြင်း။ပရာမာသော၊(ပရ+အာမာသော) မှားသောအားဖြင့် သုံးသပ်ခြင်း။ ဓေ၊ဤပုံစံတို့သည်။သရေစ၊သရသန္ဓိ၌လည်း။ဟောန္တိ၊ကုန်၏။

ပရိဂ္ဂဟော၊(ပရိ+ဂဟော)သိမ်းဆည်းခြင်း။ပဂ္ဂဟော၊(ပ+ဂဟော)ဆီးမြောက်ခြင်း။ ပက္ကမော၊(ပ+ကမော)ဖဲခြင်း။ပရက္ကမော၊(ပရာ+ကမော) လွှဲလပြုခြင်း။နိက္ကမော၊ (နိ+ ကမော) ထွက်သွားခြင်း။နိက္ကသာဝေါ၊(နိ+ကသာဝေါ)ဖန်ရည်မရှိခြင်း။ နိလ္လယန်၊ (နိ+လယန်)ပုန်းအောင်းခြင်း။ဒုလ္လယန်၊(ဒု+လယန်) မကောင်းသဖြင့်တည်ခြင်း။ ဒုဘ်ကွဲ့၊(ဒု+ဘိကွဲ့) ရခဲသော ထမင်းရှိသည်။ဒုဗ္ဘတ္တံ၊(ဒု+ဝုတ္တံ)မကောင်းဆိုအပ်သည်။သန္ဓိဋ္ဌံ၊ (သံ+ဓိဋ္ဌံ)ကောင်းစွာမြင်အပ်သည်။ဒုဂ္ဂဟော၊(ဒု+ဂဟော)မကောင်းသဖြင့် ယူခြင်း။ ဝိဂ္ဂဟော၊ငြင်းခုံခြင်း။နိဂ္ဂဟော၊(နိ+ဂဟော)ထွက်သွားခြင်း။အဘိက္ကမော၊(အဘိ+ကမော) ရှေ့သို့တက်ခြင်း။ပဒိက္ကမော၊(ပဒိ+ကမော)နောက်သို့ဆုတ်ခြင်း။အတိက္ကမော၊ (အတိ+ ကမော)လွန်သွားခြင်း။ဧဝံ၊ ဤပုံစံတို့သည်။ဗျဥ္ဇနေစ၊ဗျဥ္ဇနသန္ဓိ၌လည်း။ဟောန္တိ၊ကုန်၏။ သေသာ၊ကြွင်းကုန်သော။သဗ္ဗေ၊အလုံးစုံသော ပုံစံတို့ကို။ယောဇေတဗ္ဗာ၊ယှဉ်အပ်ကုန်၏။

➤ **အနုပဒိဋ္ဌာန်+ဝုတ္တယောဂတော-ဟု ၂-ပုဒ်ရှိသော အတိဒေသဝိဓိသုတ်။**

➤ **ဤသုတ်ကို ဆိုရခြင်းအကျိုး** ။ ။ သန္ဓိကျမ်း၌ မဆိုအပ်သေးသော ဝိသေသ ဝိဓိရှိသော ပုဒ်တို့ကို ဆိုအပ်ပြီးသောနည်းဖြင့် ညွှန်ပြခြင်းအကျိုးငှာ အနုပဒိဋ္ဌာန်- သုတ်ကို ဆိုရပါသည်။ (ဝါ) တည်ရပါသည်။

➤ **ဥပဒိဋ္ဌ-အရ** ။ ။ သန္ဓိကျမ်း၌ ပြအပ်ပြီးသော ပုထ, ပါ, အဘိ, အဓိ, အတိ ပတိ, ပုထ, အဝ-ဟူသော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့ကို ယူရပါမည်။

➤ **အနုပဒိဋ္ဌ-အရ** ။ ။ သန္ဓိကျမ်း၌ မပြအပ်သေးသော ပ, ပရာ, နိ, နိ-စသော ဥပသာရပုဒ်, နိပါတ်ပုဒ်များကို ယူရပါမည်။

➤ **ဝုတ္တယောဂတော-၌ ဝုတ္တ-အရ** ။ ။ သရသန္ဓိ, ဗျဥ္ဇနသန္ဓိ, ဝုတ္တသန္ဓိ ရ၏။

➤ **ဝုတ္တယောဂ-အရ** ။ ။ သရသန္ဓိ စသည်တို့၌ ဆိုအပ်ပြီးသော ချေခြင်း, လာခြင်း-စသော နည်းတို့ကို ယူရပါမည်။

➤ **သရသန္ဓိမည်ပုံ** ။ ။ သရတို့ကို (ဝါ) သရနှောင်းရာ၌ စီရင်သော သန္ဓိသည်

http://www.dhammadownload.com



သရသန္ဓိမည်၏။ (ပုံစံ) ပါပဏ် စသည်။

➤ **ဗျဥ္ဇနသန္ဓိမည်ပုံ** ။ ။ ဗျည်းတို့ကို (ဝါ) ဗျည်းနှောင်းရာ၌ စီရင်သော သန္ဓိသည် ဗျဥ္ဇနသန္ဓိမည်၏။ (ပုံစံ) ပရိဂ္ဂဟော စသည်။

➤ **ဝုတ္ထသန္ဓိ မည်ပုံ** ။ ။ ဂါထာ စုဏ္ဏိယတို့၌ သုခုစ္စာရဏအကျိုးငှာ နိဂ္ဂဟိတ်လာခြင်း စသည်တို့၏အစွမ်းဖြင့်ဖြစ်သော သန္ဓိသည် ဝုတ္ထသန္ဓိ မည်၏။ (ပုံစံ) စက္ခုံ ဥဒပါဒိ

➤ **ဝုတ္ထသန္ဓိ ပြယုဝ်တို့ မထုတ်ခြင်းအကြောင်း** ။ ။ ဝုတ္ထသန္ဓိသည် အသီးအခြားမရှိ၊ သရသန္ဓိ ဗျဥ္ဇနသန္ဓိတို့၌ အတွင်းဝင်ပြီးဖြစ်သောကြောင့်-- တည်း။

➤ **သန္ဓိကျမ်း၌ ပဋိသေဓသုတ်နှင့် ပဋိသေဓိတဗ္ဗသုတ်တို့ကို တွဲစပ်ပုံ**

၁။ သရာ ပကတိ ဗျဥ္ဇနေသုတ်နှင့် ဒီဃ၊ ရဿ၊ လောပဥ္စ တကြောကာရော။

၂။ သရေ ကွစိသုတ်နှင့် သရာ သရေ လောပ်ပုဗ္ဗောစ၊ ယမေဒန္တသာဒေသော၊ ဝမောဒု ဒန္တာနံ၊ ဂ္ဂဝဏ္ဏော ယံ နဝါ။

၃။ အံ ဗျဥ္ဇနေနိဂ္ဂဟိတံသုတ်နှင့် ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ၊ ဗျဥ္ဇနေ၊ ဒဟေဉ်၊ သယေစ။

၄။ တေန ဝါ ဂ္ဂဝဏ္ဏောသုတ်နှင့် အဗ္ဘော အဘိ၊ အဒ္ဓါ အဓိ။

၅။ အတိဿ စန္တသသုတ်နှင့် သဗ္ဗော စံ တိသုတ်တို့ ဖြစ်ပါသည်။

➤ **သန္ဓိကျမ်း၌ ကာရိယနှစ်ချက် စီရင်သောသုတ်များ** ။ ။ (၁) ဧဝါဒိဿ ရိ ပုဗ္ဗောစ ရဿော၊ (၂) လောပဥ္စ တကြောကာရော၊ (၃) ပါဿ စန္တော ရဿော။

➤ **သန္ဓိကျမ်း၌ တိပဒ/တျတ္ဌရသုတ်ကား - သယေစသုတ် ဖြစ်ပါသည်။**

➤ **သန္ဓိကျမ်း၌ နိပါတ်ပုဒ်တို့ကို စီရင်သောသုတ်များ** ။ ။ ပါဿ စန္တော ရဿော၊ ပုထသု ဗျဥ္ဇနေ၊ (ဂေါသရေ ပုထသာဂမော ကွစိ)သုတ်တို့ ဖြစ်ပါသည်။

➤ **သန္ဓိကျမ်း၌ ဥပသာရပုဒ်တို့ကို စီရင်သောသုတ်များ** ။ ။ အဗ္ဘော အဘိ၊ အဒ္ဓါ အဓိ၊(တေန ဝါ ဂ္ဂဝဏ္ဏော၊ အတိဿ စန္တသ) ကွစိ ပဒို ပတိဿ၊ ဩ အဝဿသုတ်တို့ ဖြစ်ပါသည်။

➤ **နိဂ္ဂဟိတ်ချေသောသုတ် နှစ်သုတ်အထူး** ။ ။ ကွစိလောပံသုတ်သည် နောက်သရကြောင့် နိဂ္ဂဟိတ်ကို ချေပါသည်။ ဗျဥ္ဇနေစသုတ်ကား နောက်ဗျည်းကြောင့် နိဂ္ဂဟိတ်ကို ချေပါသည်။ ဤသို့ ထူးပါသည်။

➤ **ယ-ပြုသောသုတ် ၂-သုတ် အထူး** ။ ။ ယမေဒန္တသာဒေသောသုတ်သည် နောက်သရကြောင့် တေ မေ ယေ-တို့၏ အစိတ်ဓကို ယ-ပြုပါသည်။ ဂ္ဂဝဏ္ဏော ယံ နဝါသုတ်ကား နောက်သရကြောင့် ရှေ့ဖြစ်သော ဂ္ဂဝဏ်ကို ယ-ပြုပါသည်။

**သန္ဓိ ပါဠိ နိဿယ အဓိပ္ပါယ်များ ပြီး၏။**

http://www.dhammadownload.com



## ကျက်မှတ်ရန် နာမ်ဝိဘတ်သွယ် ဆိုရိုးအကျဉ်း

(သိ) အို-ဟူ၍ အနက်ပေးသောကြောင့် အာလပနေစသုတ်ဖြင့် အာလုပ်အနက်၌ ပဌမာ ဧကဝုစ် သိဝိဘတ်သက်။

(ယော) အိုတို့-ဟူ၍ အနက်ပေးသောကြောင့် အာလပနေစသုတ်ဖြင့် အာလုပ်အနက်၌ ပဌမာ ဗဟုဝုစ် ယောဝိဘတ်သက်။

(သိ) သည်-ဟူ၍ အနက်ပေးသောကြောင့် လိင်္ဂတွေ ပဌမာသုတ်ဖြင့် လိင်အနက်၌ ပဌမာ ဧကဝုစ် သိဝိဘတ်သက်။

(ယော) တို့သည်-ဟူ၍ အနက်ပေးသောကြောင့် လိင်္ဂတွေ ပဌမာသုတ်ဖြင့် လိင်အနက်၌ ပဌမာ ဗဟုဝုစ် ယောဝိဘတ်သက်။

(အံ) ကို-ဟူ၍ အနက်ပေးသောကြောင့် ကမ္မတွေ ဒုတိယာသုတ်ဖြင့် ကံအနက်၌ ဒုတိယာ ဧကဝုစ် အံဝိဘတ်သက်။

(ယော) တို့ကို-ဟူ၍ အနက်ပေးသောကြောင့် ကမ္မတွေ ဒုတိယာသုတ်ဖြင့် ကံအနက်၌ ဒုတိယာ ဗဟုဝုစ် ယောဝိဘတ်သက်။

(နာ) ဖြင့်-ဟူ၍ အနက်ပေးသောကြောင့် ကရဏော တတိယာသုတ်ဖြင့် ကရိုက်းအနက်၌ တတိယာ ဧကဝုစ် နာဝိဘတ်သက်။

(ဟိ) တို့ဖြင့်-ဟူ၍ အနက်ပေးသောကြောင့် ကရဏော တတိယာသုတ်ဖြင့် ကရိုက်းအနက်၌ တတိယာ ဗဟုဝုစ် ဟိဝိဘတ်သက်။

(သ) အား-ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါနေ စတုတ္ထီသုတ်ဖြင့် သမ္ပဒါန်အနက်၌ စတုတ္ထီ ဧကဝုစ် သဝိဘတ်သက်။

(နံ) တို့အား-ဟူ၍ အနက်ပေးသောကြောင့် သမ္ပဒါနေ စတုတ္ထီသုတ်ဖြင့် သမ္ပဒါန်အနက်၌ စတုတ္ထီ ဗဟုဝုစ် နံဝိဘတ်သက်။

(သ္မာ) မှ-ဟူ၍ အနက်ပေးသောကြောင့် အပါဒါနေ ပဉ္စမီသုတ်ဖြင့် အပါဒါန်အနက်၌ ပဉ္စမီ ဧကဝုစ် သ္မာ ဝိဘတ်သက်။ (ဟိ) တို့မှ-ဟူ၍ အနက်ပေးသောကြောင့် အပါဒါနေ ပဉ္စမီသုတ်ဖြင့် အပါဒါန်အနက်၌ ပဉ္စမီ ဗဟုဝုစ် ဟိဝိဘတ်သက်။

(သ) ၏-ဟူ၍ အနက်ပေးသောကြောင့် သာမိသ္မိ ဆဋ္ဌီသုတ်ဖြင့် သာမိအနက်၌ ဆဋ္ဌီ ဧကဝုစ် သဝိဘတ်သက်။ (နံ) တို့၏-ဟူ၍ အနက်ပေးသောကြောင့် သာမိသ္မိ ဆဋ္ဌီသုတ်ဖြင့် သာမိအနက်၌ ဆဋ္ဌီ ဗဟုဝုစ် နံဝိဘတ်သက်။

(သ္မိ) ၌-ဟူ၍ အနက်ပေးသောကြောင့် ဩကာသေ သတ္တမီသုတ်ဖြင့် ဩကာသအနက်၌ သတ္တမီ ဧကဝုစ် သ္မိဝိဘတ်သက်။ (သု) တို့ ၌-ဟူ၍ အနက်ပေးသောကြောင့် ဩကာသေ သတ္တမီသုတ်ဖြင့် ဩကာသအနက်၌ သတ္တမီ ဗဟုဝုစ် သုဝိဘတ်သက်။

http://www.dhammadownload.com


# နာမ်

## ပဌမကဏ္ဍ

### ၅၂။ ဇိနဝစနယုတ္တိဟိ

"ဇိနဝစနယုတ္တိဟိ" ဣတ္ထေတံ အဓိကာရတ္ထံ ဝေဒိတဗ္ဗံ။

* ပုဗ္ဗာပရံ၊ရှေ့ နောက် သုတ် ဝုတ္တိ ဥဒါဟရဏ် အလုံးစုံသည်။ဇိနဝစနယုတ္တိဟိ ဇိနဝစန ယုတ္တိဒေါမြတ်စွာဘုရား ပါဠိတော်အား လျော်သည်ချည်းသာတည်း။

ဇိနဝစနယုတ္တိဟိ ဣတ္ထေတံ၊ဇိနဝစနယုတ္တိဟိဟူသော ဤသုတ်ကို။အဓိကာရတ္ထံ၊ လိုက်သုတ်ဟူသော အကျိုးငှာ။ထပိတံ၊တည်ထားအပ်သော သုတ်ဟူ၍။ဝေဒိတဗ္ဗံ၊ သိအပ်၏။

➤ **ဇိနဝစန ယုတ္တိ+ဟိ-ဟု ၂-ပုဒ်ရှိသော အဓိကာရသုတ်။**

➤ **နာမ (နာမ်) မည်ခြင်းအကြောင်း** ။ ။ အနက်သို့ ရှေ့ရှည်တတ်သော ကြောင့်ဂုဏ်။ မိမိသို့ အနက်ကို ညွှတ်စေတတ်သောကြောင့်ဂုဏ်း နာမ (နာမ်) မည်၏။

➤ **နာမ-အရ** ။ ။ ပုရိသ, စိတ္တ-စသော ဖြစ်ကိုဟောသော ပုဒ်ရင်း။

➤ **ကြိယာဟော အာချာတ်တို့ နာမ် မမည်ခြင်းအကြောင်း** ။ ။ နာမ-ဟူသော အမည်သည် ဖြစ်ဟောသဒ္ဒါတို့၌သာ ထင်ရှားသောအမည် ဖြစ်သောကြောင့် ကြိယာဟော အာချာတ်တို့ နာမ် မမည်ပါ။

➤ **နာမ် ၂-မျိုး** ။ ။ (၁) အန္ဝတ္ထနာမ်၊ (၂) ရူဠှိနာမ်တို့ ဖြစ်ပါသည်။

➤ **နာမ် ၃-မျိုး** ။ ။ ပုလ္လိင်, နပုလ္လိင်, ဣတ္ထိလိင်အားဖြင့် ၃-ပါး ဖြစ်ပါသည်။

➤ **နာမ် ၄-မျိုး** ။ ။ သာမညနာမ် (ရုက္ခော) ဝုဏာနာမ်(နီလော) ကြိယာနာမ်, (ပါစကော) ယဒိစ္ဆကနာမ် (သိရီဝမော)အားဖြင့် ၄-ပါး ဖြစ်ပါသည်။

➤ **နာမ် ၈-မျိုး** ။ ။ အဝဏ္ဏန္တ ပကတိရှိသောနာမ်, ဣဝဏ္ဏန္တ ပကတိရှိသောနာမ်, ဥဝဏ္ဏန္တ ပကတိရှိသောနာမ်, ဩကာရန္တ ပကတိရှိသောနာမ်, နိဂ္ဂဟိတန္တ ပကတိရှိသော နာမ် အားဖြင့် (၈)ပါး ဖြစ်ပါသည်။

➤ **ဇိန-အရ** ။ ။ ဘုရား၏။ ➤ **ဝစန-အရ** ။ ။ ပါဠိတော်၏။

➤ **ဇိနဝစန-အရ** ။ ။ ပိဋကတ်သုံးပုံဟူသော မြတ်စွာဘုရား ပါဠိတော်၏။

➤ **ယုတ္တ-အရ** ။ ။ သုတ် ဝုတ္တိ ဥဒါဟရဏ် ရ၏။

➤ **ဇိနဝစနယုတ္တ-အရ** ။ ။ မြတ်စွာဘုရား ပါဠိတော်ဖြစ်သော မဂဓတိုင်းသားတို့၏ ဥစ္စာဖြစ်သောမာဂဓ နှင့် သင့်လျော်လျောက်ပတ်သော သဘာဝ နိရုတ္တိ

http://www.dhammadownload.com



သုတ် ဝုတ္တိ ဥဒါဟရဏ် ရ၏။

➢ **မာဂဓဘာသာ ပြောဆိုသူ ၄-ဦး** ။ ။ (၁) ကမ္ဘာဦး၌ ဖြစ်သောသူ၊ (၂) နတ် ဗြဟ္မာ၊ (၃) သူတစ်ပါးတို့၏ စကားပြောသံကို မကြားဘူးသေးသော ကလေး လူရိုင်း (၄) ဘုရားရှင်တို့ ဖြစ်ပါသည်။

➢ **မာဂဓဘာသာသည် မူလဘာသာ မည်ခြင်းအကြောင်း** ။ ။ မာဂဓဘာသာသည် ခပ်သိမ်းသောဘာသာကို ဆိုတတ်သော သတ္တဝါတို့အား တစ်ခုတည်းသော ဘာသာဖြင့် အနက်ကိုသိစေတတ်သောကြောင့် မူလဘာသာ မည်ပါသည်။

➢ **ဘုရားရှင်တို့သည် သတ္တတဘာသာ စသည်ဖြင့် တရားဟောတော် မမူ ခြင်းအကြောင်း** ။ ။ သတ္တတဘာသာကို ဆိုသောသူမှတစ်ပါး အခြားသူတို့အား အကျိုး မရှိသောကြောင့်၎င်း၊ အချွတ်အယွင်းများသောကြောင့်၎င်း ဟောတော် မမူပါ။(ဦးကာ မေး ။ ။ ဘုရားရှင်သည် သာဝကတို့အား အဘယ်ဘာသာဖြင့် ဘရားဟောတော်မူ ပါသနည်း။

ဖြေ ။ ။ ဘုရားရှင်သည် သာဝကတို့အား နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်အား ကျေးဇူးပြုတတ် သော မာဂဓဘာသာဖြင့် တရားဟောတော်မူပါသည်။

➢ **အဓိကာရ ၃-မျိုး** ။ ။ (၁) သီဟဂတိက အဓိကာရ (၂) မဏ္ဍူကဂတိက အဓိကာရ (၃) ယထာနုပုဒ္ဓိက အဓိကာရတို့ ဖြစ်ပါသည်။

➢ **ဣဓာဓိပ္ပေတ အဓိကာရ- ဤသုတ်၌ အလိုရှိသော် အဓိကာရ**

ဇိနဝစနယုတ္တဲ့ ဟိ-သုတ်သည် ရှေ့နောက် ကြည့်သောကြောင့် အဓိကာရသုံးမျိုး တို့တွင် သီဟဂတိက အဓိကာရ (တနည်း) ယထာနုပုဒ္ဓိက အဓိကာရ ဖြစ်ပါသည်။

မေး ။ ။ နာမ်ပုဒ်တစ်ပုဒ်ဖြစ်ရန် နာမ်ဝိဘတ်များ စီရင်(သက်) ရမည့် သဒ္ဒါ အမျိုးအစား ကို အရှင်ကစ္စည်းထေရ် မည်သို့ မိန့်ဆိုထားပါသနည်း။

ဖြေ ။ ။ နာမ်ပုဒ်တစ်ပုဒ်ဖြစ်ရန် နာမ်ဝိဘတ်များ စီရင် (သက်) ရမည့် သဒ္ဒါအမျိုး - အစားကို ဇိနဝစနယုတ္တဲ့ ဟိ၊ လိင်္ဂ နိပ္ပဒ္ဒတေ၊ တတောစ ဝိဘတ္တိယောသုတ်တို့ အရ မြတ်စွာဘုရား ပါဠိတော်နှင့် လျော်ကပ်သော အနိပ္ပန္နလိင်သဒ္ဒါမျိုး ဖြစ်ရ မည်ဟု အရှင်ကစ္စည်းထေရ် မိန့်ဆိုထားပါသည်။

## ၅၃။ လိင်္ဂ နိပ္ပဒ္ဒတေ

ယထာ ယထာ ဇိနဝစနယုတ္တဲ့ဟိ လိင်္ဂိတထာ တထာ ဣဓ လိင်္ဂ နိပ္ပဒ္ဒတေ။

တံ ယထာ? ဧသော နော သတ္ထာ၊ဗြဟ္မာ၊ အတ္ထာ၊ သခါ၊ ရာဇာ။

* လိင်္ဂ၊လိင်ကိုလည်း။နိပ္ပဒ္ဒတေစ၊ပြီးလည်း ပြီးစေအပ်၏။ ထပ်ယတေစ၊တည် လည်း တည်ထားအပ်၏။

http://www.dhammadownload.com



ယထာယံထာ၊အကြင်အကြင်သို့သော အပြားအားဖြင့်။ဇိနဝစနယုတ္တံဟိ-ဇိနဝစန ယုတ္တံ ဇဝ၊မြတ်စွာဘုရားပါဠိတော်အား လျော်သည်သာလျှင်ဖြစ်သော။လိဂ်၊လိင်သည်။ အတ္ထိ၊ရှိ၏။တထာ တထာ၊ထိုထိုသို့သော အပြားအားဖြင့်။ဣဓ၊ဤကစ္စည်းကျမ်း၌။လိဂ်စ္စ၊ လိင်ကိုငင်း။ဓာတု စ၊ဓာတ်ကိုငင်း။နိပ္ပန္နတေ စ၊ပြီးလည်းပြီးစေအပ်၏။ ထပိယတေစ၊ တည်လည်း တည်ထားအပ်၏။ ။ တံလိဂ်၊ထိုလိင်သည်။ယထာကတမံ၊အဘယ်နည်း။ ဧသော၊ဤသူသည်။နော၊ငါတို့၏။သတ္ထာ၊ဆရာတည်း။ပြဟ္မာ၊ပြဟ္မာတည်း။အတ္ထာ၊ကိုယ် တည်း။သခါ၊ခင်ပွန်းတည်း။ရာဇာ၊မင်းတည်း။

**➤ လိဂ်+စ+ နိပ္ပန္နတေ-ဟု ၃-ပုဒ်ရှိသော ပရိဘာသာသုတ်။**

**➤ ဤသုတ်ကို ဆိုရကျိုး** ။ ။ သက္ကတနှင့်မတူသည်ကိုပြု၍ မြတ်စွာဘုရား ပါဠိတော်အား လျော်သည်၏အစွမ်းဖြင့် ပကတိဖြစ်သော လိင်, ဓာတ်ကို တည်ထားခြင်း အကျိုးငှာ ဤသုတ်ကို ဆိုရပါသည်။

**➤ လိဂ်-အရ** ။ ။ နိပ္ပန္နတေကြိယာကို ထောက်၍ငင်း၊ ဧသော နော-စသော နိပ္ပန္နရုပ်ကိုသာ ပြသောကြောင့်ငင်း ပဓာနအားဖြင့် နိပ္ပန္နသဒ္ဒလိင်တိုသာ ယူရမည်။ လိဂ်-ဟူသော ကံပုဒ်ကိုထောက်၍ အပွဓာနအားဖြင့် အနိပ္ပန္နသဒ္ဒလိင်ကိုလည်း ယူနိုင် ပါသည်။

**➤ လိဂ်+လိဂ်တ္ထ ခွဲခြားပုံ** ။ ။ ယော၏နံ ဒီယော ပဗ္ဗတော-၌ ပဗ္ဗတ-သည် လိဂ်။ တောင်ဟူသောအနက်သည် လိဂ်တ္ထ ဖြစ်ပါသည်။

**➤ လိဂ်-လိင်မည်ခြင်းအကြောင်း** ။ ။ မထင်ရှားသော အစိတ်ဖြစ်သောကြောင့် ငင်း၊ ကွယ်ဝှက်သောအနက်ကို သိစေတတ်သောကြောင့်ငင်း လိဂ်-လိင်မည်ပါသည်။

**➤ ဓာတုပစ္စယ ဝိဘတ္တိဝန္ထိတ မတ္ထဝံ လိဂ်-၌ လိင်၏ ဓာတုပစ္စယ ဝိဘတ္တိ ဝန္ထိတဖြစ်ပုံ** ။ ။ ပုရိသ-၌ ပုရဓာတ်သက်သက်လည်း လိင်မမည်၊ ဣသ-ပစ္စည်း သက် သက်လည်း လိင်မမည်၊ ပုရဓာတ် ဣသ-ပစ္စည်းဖြင့်ပြီးသော နာမ်မဲ့ရသေးသည့် ပုရိသ လည်း လိင်မမည်၊ ဝိဘတ်သက်ပြီးသော ပုရိသော-လည်း လိင်မမည်၊ ပုရိသကဲ့သို့ နာမ်လည်းဝဲပြီး ဝိဘတ်လည်း မသက်ရသေးသော သဒ္ဒါသည်သာ လိင်မည်ပါသည်။

**➤ ပါဠိပဒိကမည်ပုံ** ။ ။ ဓာတ် ပစ္စည်း ဝိဘတ်တို့မှ အသီးအခြားဖြစ်သော သဒ္ဒါသည် ပါဠိပဒိက မည်ပါသည်။

**➤ စ-သဒ္ဒါ၏ အနက်** ။ ။ စသဒ္ဒါသည် အဝုတ္တသမုစ္စည်းအနက် ရှိပါသည်။

**➤ စ-သဒ္ဒါ ဆိုရခြင်းအကျိုး** ။ ။ စသဒ္ဒါဖြင့် ဓာတ်ကိုလည်း ဆည်းယူရခြင်း အကျိုးရှိပါသည်။

**➤ ဧသော-စသော ဝိဘတ္တန္တ (ဝိဘတ်ဆုံးသော) ပုဒ်များကို လိင်ပြယုဂ်**

http://www.dhammadownload.com



ထုတ်ရခြင်းအကြောင်း ။ ။ ဝိဘတ်မပါလျှင် အနက်ပေး၍ မဖြစ်သောကြောင့်-တည်း
မေး ။ ။ လိင်-သဒ္ဒါသည် အဘယ်သုတ်များသို့ လိုက်ပါသနည်း။
ဖြေ ။ ။ လိင်သဒ္ဒါသည် ဝိဘတ် ပစ္စည်း-စသည်ကို စီရင်ရာဖြစ်သော အလုံးစုံသော
သုတ်များသို့ လိုက်ပါသည်။

## ၅၄။ တတောစ ဝိဘတ္တိယော

တတော ဇိနဝစနယုတ္တံဟိ လိင်္ဂံဟိ ဝိဘတ္တိယော ပရာ ဟောန္တိ။

* ဝိဘတ္တိယော၊ဝိဘတ်တို့သည်။တတောစ၊ထိုလိင်တို့မှလည်း။ပရာ၊နောက်၌ သက်
ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ * ဝိဘတ္တိယော၊တို့သည်။ဇိနဝစနယုတ္တံဟိ၊မြတ်စွာဘုရား
ပါဠိတော်အား လျော်သည်သာလျှင်ဖြစ်ကုန်သော။တတောတေဟိ လိင်္ဂံဟိ၊ထိုလိင်တို့မှ
လည်း။ပရာ၊နောက်၌ သက်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

➤ **တတော+စ+ဝိဘတ္တိယော-ဟု ဒု-ပုဗ်ရှိသော တိဝဒဝိဓိသုတ်။**

➤ **တတော-အရ** ။ ။ ဇိနဝစနယုတ္တလိင်္ဂံ, တဝေ, တုန္, တွာန-စသော ပစ္စည်း
အဆုံးရှိသော နိပါတ်ပုဗ်တို့ကို ယူရပါမည်။

➤ **စ-သဒ္ဒါ၏ အနက်** ။ ။ စသဒ္ဒါသည် သမုစ္စည်းအနက်ရှိပါသည်။

➤ **စ-သဒ္ဒါဆို ရခြင်းအကျိုး** ။ ။ စသဒ္ဒါဖြင့် တဝေ, တုန်-စသော ပစ္စည်းအဆုံးရှိ
သော နိပါတ်ပုဗ်တို့မှ နောက်၌လည်း ဝိဘတ်သက်သေး၏ဟု ဆည်းယူရခြင်း အကျိုး
ရှိပါသည်။

➤ **ဝုတ္တိ-၌ ပရာ-ဟု ထည့်၍ ဖွင့်ရခြင်းအကြောင်း** ။ ။ ဓာတုလိင်္ဂံဟိ ပရာ
ပစ္စယာ-ဟု ပရိဘာသာ လာသောကြောင့်--တည်း။

➤ **ဝိဘတ္တိ-ဝိဘတ်မည်ခြင်းအကြောင်း** ။ ။ ကံ-အစရှိသည်တို့၏ အပြားအား
ဖြင့်ငင်း၊ တစ်ခု၏အဖြစ် စသည်တို့၏ အပြားအားဖြင့်ငင်း လိင်အနက်ကို ဝေဖန်တတ်
သောကြောင့် ဝိဘတ္တိ-ဝိဘတ်မည်ပါသည်။

မေး ။ ။ နာမ်ဝိဘတ်, အာချာတ်ဝိဘတ်တို့၏ သက်ရာဌာနကို သုတ်ထောက်ပြ၍
ဖြေဆိုပါ။ (၁၃၅၀-ခုငယ်)

ဖြေ ။ ။ **| နာမ်ဝိဘတ်သက်ရာဌာန |** တတောစ ဝိဘတ္တိယော၊ ဓာတုလိင်္ဂံဟိ ပရာ
ပစ္စယာသုတ်တို့ကိုထောက်၍ နာမ်ဝိဘတ်သည် လိင်နောင် သက်ပါသည်။

**| အာချာတ်ဝိဘတ်သက်ရာဌာန |** ဓာတုလိင်္ဂံဟိ ပရာ ပစ္စယာ၊ ဓာတုပစ္စယေ
ဟိ ဝိဘတ္တိယောသုတ်တို့ကိုထောက်၍ အာချာတ်ဝိဘတ်သည် ဓာတ်နောင်ငင်း
ဓာတုပစ္စယနောင်ငင်း သက်ပါသည်။

မေး ။ ။ သိ, ယော-စသော နာမ်ဝိဘတ်တို့၏ အထူးထူး ဝေဖန်တတ်ပုံကို ထင်ရှား

http://www.dhammadownload.com



အောင် ရေးသားပါ။ (၁၃၃၁-ခု ကြီး)

ဖြေ ။ ။ ပုရိသ-ယောက်ျားဟူသော လိင်္ဂတ္ထကို ပုရိသ-ယောက်ျားကိုဟု ဧကဝုစ်အဖြစ် ဖြင့်ဆင်း၊ ပုရိသေ-ယောက်ျားတို့ကို-ဟု ကဲ့ ဗဟုဝုစ်အဖြစ်ဖြင့်ဆင်း၊ ပုရိသေန-ယောက်ျားသည်-ဟု ကတ္တားဧကဝုစ်အဖြစ်ဖြင့်ဆင်း၊ ပုရိသေဟိ-ယောက်ျားတို့သည်-ဟု ကတ္တား ဗဟုဝုစ်အဖြစ်ဖြင့်ဆင်း ဤသို့လျှင် ပုရိသ-ယောက်ျားဟူသော လိင်္ဂတ္ထကို ကဲ့ ကတ္တား စသည်တို့၏ အစွမ်းအားဖြင့်ဆင်း၊ ဧကတ္ထ ဗဟုတ္ထ အစွမ်းအားဖြင့်ဆင်း အမျိုးမျိုးဖြစ်အောင် ဝိဘတ်က ခွဲခြမ်းဝေဖန်တတ်ပါသည်။

**၅၅။ သိယော အံယော နာဟိ သနံ သွာဟိ သနံ သွိ သု**

ကာစ ပန တာယော ဝိဘတ္တိယော။သိ, ယော ဣတိ ပဌမာ၊ အံ, ယော ဣတိ ဒုတိယာ၊ နာ, ဟိ ဣတိ တတိယာ၊ သ, နံ ဣတိ စတုတ္ထီ၊ သွာ, ဟိ ဣတိ ပဉ္စမီ၊ သ, နံ ဣတိ ဆဋ္ဌီ၊ သွိ, သု ဣတိ သတ္တမီ။

ဝိဘဇ်ဏ်ဣစ္စေနေန ကတ္ထော? အမှသ မမံ သဝိဘတ္တိသ သေ။

* သိယော အံယော နာဟိ သနံ သွာဟိ သနံ သွိသု၊သိ-သဒ္ဒါ, ယော-သဒ္ဒါ, အံ သဒ္ဒါ, ယော-သဒ္ဒါ, နာ-သဒ္ဒါ, ဟိ-သဒ္ဒါ, သ-သဒ္ဒါ, နံ-သဒ္ဒါ, သွာ-သဒ္ဒါ, ဟိ-သဒ္ဒါ, သ သဒ္ဒါ, နံ-သဒ္ဒါ, သွိသဒ္ဒါ, သု-သဒ္ဒါတို့သည်။ဝိဘတ္တိယော၊ဝိဘတ်မည်ကုန်သည်။ဟောန္တိ ဖြစ်ကုန်၏။

တာယောဝိဘတ္တိယော၊ထိုဝိဘတ်တို့သည်။ကာစပန၊ဘယ်သည်တို့ပါနည်း။သိယော ဣတိ၊သိယောဟူသော။ပဌမာစ၊ပဌမာဝိဘတ်ငင်း။အံယောဣတိ၊ဟူသော။ဒုတိယာစ၊ ငင်း။နာဟိဣတိ၊ဟူသော။တတိယာစ၊ငင်း။သနံဣတိ၊ဟူသော။စတုတ္ထိစ၊ငင်း။ သွာ ဟိဣတိ၊ဟူသော။ ပဉ္စမီစ၊ငင်း။သနံဣတိ၊ဟူသော။ဆဋ္ဌီစ၊ငင်း။သွိသုဣတိ၊ဟူသော။ သတ္တမီစ၊ငင်း။ဣမာ၊ဤသည်တို့သည်။ဝိဘတ္တိယော၊ဝိဘတ်မည်ကုန်၏။

ဝိဘတ္တိ ဣစ္စေနေန၊ ဝိဘတ်ဟူသော အမည်ကိုမှည့်ရသဖြင့်။ကွတ္ထော+ကော-အတ္ထော၊ဘယ်ကျိုးရှိသနည်း။အမှသမမံ သဝိဘတ္တိသသေ တျာဒီသု-အမှသ မမံ သဝိဘတ္တိသ သေ-စသော သုတ်တို့၌။ဝိဘတ္တိဝေါဟာရတ္ထော၊ဝိဘတ်ဟုခေါ်ဆိုရခြင်း အကျိုးရှိ၏။

➢ သိ ယော အံ ယော နာ ဟိ သ နံ သွာ ဟိ သ နံ သွိ သု-ဟု ၁-ပုဒ်သာရှိသော သညာသုတ်

➢ ဤသုတ်သည် (ရူပသိဒ္ဓိ-အလို) သညာသုတ်၊ (နိဒ္ဒေသ-အလို) သညာဂ် ပရိဘာသာသုတ်၊ (ရူပ-အလို) နိယမသုတ် ဖြစ်ပါသည်။

http://www.dhammadownload.com



➢ **ဤသုတ်သည် သညာသုတ်-သာ ဖြစ်ခြင်းအကြောင်း** ။ ။ ဝုတ္တိ-၌ ဝိဘတ္တိ ဣစ္စနေန ကတ္တာ၊ အမှသ မမံ သဝိဘတ္တိသ သေ-ဟု ဆိုသောကြောင့် သုတ် ၄-မျိုးတို့တွင် သညာသုတ် ဖြစ်ပါသည်။

➢ **ဝိဘတ်အမည်မှည့်သော သညာသုတ်ဟု ဆိုရခြင်းအကြောင်း**

ရှေ့သုတ်နှင့် တစ်သုတ်တည်းပေါင်း၍ မဆိုဘဲ တတော၀ ဝိဘတ္တိယော တစ်သုတ် သိယော အံယောတစ်သုတ် ဤသို့နှစ်သုတ်ခွဲ၍ သုတ်တည်ထားသောကြောင့်-ဝိဘတ်အမည်မှည့်သော သညာသုတ်ဟု ဆိုရပါသည်။ (ဋီကာ)

➢ **ဤသုတ်တို့ ဝိဘတ်သရုပ် ပြသောသုတ်ဟု မဆိုသင့်ခြင်းအကြောင်း**

ဝိဘတ်သရုပ်ပြသောသုတ်ဖြစ်လျှင် တတော၀ ဝိဘတ္တိယော သိယော အံယော နာဟိ သနံ သွာဟိ သနံ သို့သု-ဟု တစ်သုတ်တည်းပေါင်း၍ သုတ်တည်သင့်သောကြောင့် ဝိဘတ်သရုပ်ကို ပြသောသုတ်ဟု မဆိုသင့်ပါ။

မေး ။ ။ ပထမာ ဧကဝုစ်-စသော အမည်များသည် အဘယ်၏အစွမ်းအားဖြင့် ပြီးပါသနည်း။

ဖြေ ။ ။ ဝါကျအနက်သို့ အစဉ်လိုက်သော အနွတ္တအမည်၏ အစွမ်းဖြင့်၎င်း၊ ကျမ်းတစ်ပါးမှလာသော အမည်၏အစွမ်းဖြင့်၎င်း ပြီးပါသည်။

မေး ။ ။ တတော၀ ဝိဘတ္တိယောသုတ်၌ စသဒ္ဒါဖြင့် ဝိဘတ်အမည်မှည့်ရမည်ဟု ဆိုလျှင် ရောက်နိုင်သောအပြစ်ကို ဖြေဆိုပါ။

ဖြေ ။ ။ တတော၀ ဝိဘတ္တိယောသုတ်၌ စသဒ္ဒါဖြင့် ဝိဘတ်နာမည်မှည့်လျှင် အရာမဟုတ်သည်၌ စီရင်ရခြင်း အကျိုးမရှိသော စီရင်ရခြင်း အပြစ်သို့ ရောက်သည်။

## ၅၆။ တဒနုပရောဓေန

ယထာ ယထာ တေသံ ဇိနဝစနာနံ အနုပရောဓော။ တထာ တထာ ဣဓ လိင်္ဂ နိပ္ပဒ္ဒတေ။

* တဒနုပရောဓေန၊ထိုဇိနဝစနနှင့် မဆန့်ကျင်သဖြင့်။လိင်္ဂ၊လိင်ကိုလည်း။ဓာတု၀၊ဓာတ်ကိုလည်း။နိပ္ပဒ္ဒတေ၀၊ပြီးလည်း ပြီး၏စေအပ်၏။။ထပိယတေ၀၊တည်လည်း တည်ထားအပ်၏။

ယထာ ယထာ၊အကြင်အကြင်သို့သော အပြားအားဖြင့်။နိပ္ဖာဒိယမာနေ၊ပြီးစေအပ်သည်ရှိသော်။။တေသံ ဇိနဝစနာနံ၊ထိုဇိန ဝစနတို့နှင့်။အနုပရောဓေန၊မဆန့်ကျင်သဖြင့်။ နိပ္ပဒ္ဒတိ၊ပြီး၏။ တထာ တထာ၊ထိုထိုသို့သော အပြားအားဖြင့်။ဣဓ၊ဤ ကစ္စည်းကျမ်း၌။ လိင်္ဂ၊လိင်ကိုဝင်း။ဓာတု၀၊ဓာတ်ကိုဝင်း။နိပ္ပဒ္ဒတေ၀၊ ပြီးလည်းပြီးစေအပ်၏။။ထပိယတေ၀၊ တည်လည်း တည်ထားအပ်၏။ ။

http://www.dhammadownload.com



➢ **တဒနုပရောဓေန-ဟု ၁-ပုဒ်သာရှိသော ဥပရိဘာသာသုတ်။**

➢ **ပရိဘာသာတစ်မျိုးကို ဆိုရခြင်းအကျိုး** ။ ။ ကစ္စည်းကျမ်း၌ ပုဒ်ကိုပြုံးစေခြင်းသည် ဘုရားပါဠိတော်အား မဆန့်ကျင်ဟု သိစေခြင်းငှာ ပရိဘာသာတစ်မျိုးကို ဆိုရပါသည်။

➢ **ဤသုတ်ကို ဆိုရတျိုး** ။ ။ နာမ်၌ရင်း၊ အာချာတ်၌ရင်း ဒွိဝုစ်ကို မယူခြင်းကိုရင်း၊ သတ္တတနှင့် မတူသောအားဖြင့် ဝိဘတ် ပစ္စည်း-စသည်ကို စိန့်ခြင်းကိုရင်း ပြခြင်းအကျိုးရှိပါသည်။

➢ **ပရိဘာသာသုတ် ၂-သုတ်အထူး** ။ ။ လိင်္ဂ နိပ္ပဒ္ဒတေသုတ်ကား- ရုပ်တည်ဖို့ရာ ပရိဘာသာပြုပါသည်။ တဒနုပရောဓေနသုတ်ကား- ရုပ်ပြီးဖို့ရာ ပရိဘာသာ ပြုပါသည်။ ဤသို့ ထူးပါသည်။

➢ **တဒနု-၌ တ-အရ** ။ ။ ဘုရားဟော ပါဠိကို ယူရပါမည်။

➢ **အနုပရောဓ-အရ** ။ ။ ဘုရားဟောပါဠိတော်နှင့် မဆန့်ကျင်သော ကစ္စည်းကျမ်းလာ သိ-စသော ဝိဘတ်များကို ယူရပါမည်။

➢ **ဓ-သဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် သမုစ္စည်းအနက် ရှိပါသည်။

➢ **စသဒ္ဒါ ဆိုရခြင်းအကျိုး** ။ ။ စသဒ္ဒါဖြင့် ပါဠိတော်နှင့် မဆန့်ကျင်သဖြင့် အာချာတ်ကိုလည်း ပြီးစေအပ်၏ဟု ဆည်းယူရခြင်း အကျိုးရှိပါသည်။

## ၅၇။ အာလပနေသိ ဂသညော

အာလပနတ္ထေသိ ဂသညော ဟောတိ။
ဘောတိအယ္မေ၊ ဘောတိကညေ၊ ဘောတိ ခရာဒိယေ။
အာလပနေတိ ကိမတ္ထံ? သာ အယ္မာ။
သီတိ ကိမတ္ထံ? ဘောတိယော အယ္မာယော။
ဂက္ကစ္စနေန ကွတ္ထော? ယတေ စ။

* အာလပနေ၊အာလုပ်အနက်၌။ဝိဟိတော၊စိရင်အပ်သော။သိ၊သိဝိဘတ်သည်။ ဂသညော၊ဂမည်သည်။ဟောတိ၊၏။ * အာလပနတ္ထေ၊အာလုပ်အနက်၌။ဝိဟိတော၊ စိရင်အပ်သော။သိ၊သိဝိဘတ်သည်။ဂသညော၊ဂမည်သည်။ဟောတိ၊ဖြစ်၏။

ဘောတိအယ္မေ၊အို အရှင်မ။ဘောတိကညေ၊အို သတို့သီး။ဘောတိခရာဒိယေ၊အို ခရာဒိယမည်သောနှမ။အာလပနေတိပဒံ၊အာလပနေဟူသောပုဒ်သည်။ကိမတ္ထံ၊နည်း။ သာအယ္မာ၊ထိုအရှင်မသည်။ ဤတိအာဒိသုဏ်သို့အစရှိသော ပုံစံတို့၌။ပတိသေဓနတ္ထံ၊ မြစ်ရခြင်း အကျိုးရှိ၏။သီတိပဒံ၊သီဟူသောပုဒ်သည်။ကိမတ္ထံ၊နည်း။ဘောတိယော အယ္မာယော၊အို အရှင်မတို့။ဤတိအာဒိသုဏ်သို့အစရှိသော ပုံစံတို့၌။ပတိသေဓ နတ္ထံ၊

http://www.dhammadownload.com



၏။ဂဏ္ဍစွနေန၊ဂဟူသော အမည်ကို မှည့်ရသဖြင့်။ကွတ္ထော+ကော-အတ္ထော၊နည်း။ ယတေစ၊ယတေစ -စသောသုတ်တို့၌ ဂ-ဟုခေါ်ဆိုရခြင်းအကျိုးရှိ၏။

➤ **အာလပနေ+သိ+ဝသညော-ဟု ဒု-ပုဗ်ရှိသော သညာသုတ်။**

➤ **အာလပနေ-သဒ္ဒါ ထည့်ဆိုရကျိုး ။ ။** သာ အယျာ-၌ သိဝိဘတ်ရှိသော်လည်း အာလုပ်အနက်မရှိသောကြောင့် ဤသုတ်ဖြင့် ဂ-အမည်မမှည့်ရဟူသော အနက်ကို သိစေခြင်းအကျိုးငှာ "အာလပနေ" သဒ္ဒါ ထည့်ဆိုရပါသည်။

➤ **သိ-သဒ္ဒါ ထည့်ဆိုရကျိုး ။ ။** ဘောတိယော အယျာယော-၌ အာလုပ်အနက်ဖြစ်သော်လည်း သိဝိဘတ်မဟုတ်သောကြောင့် ဂ-အမည်မမှည့်ရဟူသော အနက်ကို သိစေခြင်းအကျိုးငှာ "သိ" သဒ္ဒါကို ထည့်ဆိုရပါသည်။

➤ **သညာ-သဒ္ဒါ ထည့်ဆိုရခြင်းအကျိုး ။ ။** အာလပနေသိ ဂေါ-ဟုဆိုလျှင် သိ-သိဝိဘတ်သည်။ဂေါ-ဂ-အပြုသည်ဟု အပြုအာဒေသနှင့် ယုံမှားဖွယ်ရှိသောကြောင့် ဂ-အမည်ဖြစ်ကြောင်း ထင်ရှားစေခြင်းငှာ သညာ-သဒ္ဒါကို ထည့်ဆိုရပါသည်။(ရှာသ)

➤ **သန္ဓီတျမ်း၌ ဝါတိ တသ္မာ-ဟု တသ္မာဖြင့် တိ ပုဒ္ဓာ ထုတ်ရခြင်း အကြောင်း ။ ။** သန္ဓီကျမ်း၌ အက္ခရကောသလ္လညာဏ်ဟူသော အကြောင်းကို ညွှန်ပြရာဖြစ်၍ အကြောင်းအားလျော်စွာ ကသ္မာ-သဒ္ဒါဖြင့် ကိ ပုဒ္ဓာ ထုတ်ရပါသည်။

➤ **နာမ်ကျမ်း၌ တိမတ္ထံဖြင့် တိ ပုဒ္ဓာ ထုတ်ရခြင်းအကြောင်း ။ ။** နာမ်-စသော ကျမ်းသည် ပဒကောသလ္လညာဏ်ဟူသော အကျိုးကို ညွှန်ပြရာဖြစ်၍ အကျိုးအားလျော်စွာ ကိမတ္ထံ-သဒ္ဒါဖြင့် ကိပုဒ္ဓာ ထုတ်ရပါသည်။

## ၅၈။ ဂ္ဂဝဏ္ဏာ ဝဏ္ဏာ စျလာ

ဂ္ဂဝဏ္ဏာဝဏ္ဏာ ဂ္ဂစွေတေ စျလသညာ ဟောန္တိ ယထာ သချိ။

ဂ္ဂသိနော၊ အဂ်ိနော၊ ဂဟပတိနော၊ ဒဏ္ဍိနော၊ သေတုနော၊ ကေတုနော၊ ဘိက္ခုနော၊ သယမ္ဘုနော၊ အဘိဘုနော။

စျလဂ္ဂစွနေန ကွတ္ထော? စျလတော ဿသ နော ဝါ။

* ဂ္ဂဝဏ္ဏာဝဏ္ဏာ၊ဂ္ဂဝဏ်နှစ်လုံး ဥဝဏ်နှစ်လုံးတို့သည်။စျလာ၊အစဉ်အတိုင်း စျလ မည်ကုန်၏။ * ဂ္ဂဝဏ္ဏာဝဏ္ဏာ ဂ္ဂစွေတေ၊ဂ္ဂဝဏ်, ဥဝဏ်တို့သည်။ယထာသချိ၊ အစဉ်အတိုင်း။စျလသညာ၊စျ, လ မည်ကုန်သည်။ဟောန္တိ၊ ဖြစ်ကုန်၏။

ဂ္ဂသိနော၊ရသ္မေအား-ရသ္မေ၏။အဂ်ိနော၊မီးအား-မီး၏။ဂဟပတိနော၊သူကြွယ်အား-သူကြွယ်၏။ဒဏ္ဍိနော၊တောင်ဒူးရှိသောသူအား-တောင်ဒူးရှိသောသူ၏။သေတုနော၊တံတားအား-တံတား၏။ကေတုနော၊မှန်ကင်းအား-၏။ဘိက္ခုနော၊ရဟန်းအား-၏။ သယမ္ဘုနော၊ဘုရားအား-၏။အဘိဘုနော၊လွှမ်းမိုး နှိမ်နင်းနိုင်သောသူအား-၏။စျလ

http://www.dhammadownload.com



ဣ

ဣန္ဒြေနေ၊စျ, လ အမည်ကိုမှည့်ရသဖြင့်။ကွတ္ထော၊နည်း။စျလတော သဿနောဝါ၊ စျလတောသဿ နောဝါ-စသော သုတ်တို့၌ စျ,လဟုခေါ်ဆိုရခြင်း အကျိုးရှိ၏။

➤ ဣဝဏ္ဏုဝဏ္ဏာ+စျလာ-ဟု ၂-ပုဒ်ရှိသော ဒွိပဒ သညာသုတ်။

➤ ဣတ္ထိလိင်အရာ၌ စျလ အမည်မှည့်သည့်ပုံစံ ။ ။ ပဌမျတ္ထော၊ သတ္တမျန္တံ ဘူဝါဒယော-တို့ ဖြစ်ပါသည်။

➤ ဝဏ္ဏ-သဒ္ဒါ ထည့်ဆိုရခြင်းအကျိုး ။ ။ | ဣကာရုကာရာစျလာ-ဟု မဆိုဘဲ ဣဝဏ္ဏုဝဏ္ဏာ စျလာ-ဟု| ဝဏ္ဏ-သဒ္ဒါ ထည့်ဆိုရခြင်းသည် ဣ-အက္ခရာနှင့် တာလုဋ္ဌာန် ချင်းတူသော ဤ-အက္ခရာ, ဥ-အက္ခရာနှင့် ဩဋ္ဌဌာန်ချင်းတူသော ဦ-အက္ခရာကို ယူ ရခြင်းအကျိုးရှိပါသည်။

➤ စျ, လအမည်မှည့်ရမည့် ဌာန ။ ။ ယေဘုယျအားဖြင့် ပုလ္လိင်, နပုလ္လိင်၏ အဆုံးဌာန၊ အပွကအားဖြင့် ဣတ္ထိလိင်၏ အဆုံးဌာန၊ အာချာတ်ပုဒ်၏ အလယ်ဌာန၊ ကိတ်ပုဒ်၏ အလယ်ဌာနတို့ ဖြစ်ပါသည်။

➤ စျလသညာနှင့် ပသညာ အထူး ။ ။ စျလသညာ-ကား လိင်မဟုတ်သော ကုဗ္ဗန္တိ-စသော အာချာတ်၌ဝင်း။ ကုဗ္ဗန္တော-စသော ကိတ်လိင်ပုဒ်အလယ်၌ဝင်း၊ ပုလ္လိင် နပုလ္လိင် အဆုံး၌ဝင်း အမည်မှည့်ပါသည်။ တေ ဣတ္ထိချာပေါသုတ်၌ ပသညာကား- ရတ္တိ ဣတ္ထိ-စသော လိင်ပုဒ်၏ အဆုံးသရ၌သာ အမည်မှည့်ပါသည်။ ဤသို့ ထူးသည် |ပ သညာကား-လိင်၏အဆုံး၌သာ မှည့်ရသည်၊လိင်၏ အလယ်၌ကား ဘယ်သော အခါမှ မမှည့်ရခေ့။ စျ လ သညာကား- လိင်၏အဆုံး၌ဝင်း, လိင်၏ အလယ်၌ဝင်း, အလိင်ဖြစ်သော အာချာတ်, ကိတ်တို့၏ အလယ်၌ဝင်း မှည့်ရပါသည်။|

➤ စျလ သညာနှင့် ပ သညာတို့ တူပုံ ။ ။ လိင်၏အဆုံး၌ အမည်မှည့်မှု တူခြင်းသည် စျလ သညာနှင့် ပသညာတို့ တူပုံဖြစ်ပါသည်။

➤ **လိင်အထူးပြု၍ မဆိုခြင်းအကြောင်း / စျလ အမည်တို့သည် ပ-အမည်ကဲ့သို့ လိင်အဆုံးသတ်သတ်တိုသာ မမှီခြင်းအကြောင်း**

ကုဗ္ဗန္တိ-စသော အာချာတ်၌ဝင်း၊ ကုဗ္ဗန္တော-စသော လိင်အလယ်၌ဝင်း၊ ပုလ္လိင် နပုလ္လိင် အဆုံး၌ဝင်း စျ, လ အမည်ကို မြင်ရခြင်းကြောင့်-လိင်၏အဆုံးကိုသာ မမှီပါ

## ၅၉။ တေဣတ္ထိချာပေါ

တေ ဣဝဏ္ဏုဝဏ္ဏာ ယဒါ ဣတ္ထိချာ၊ တဒါ ပသညာ ဟောန္တိ။

ရတ္တိယာ၊ ဣတ္ထိယာ၊ ဓေနုယာ၊ ဝဓုယာ။ ဣတ္ထိချာတိ ကိမတ္ထံ? ဣသိနာ၊ ဘိက္ခုနာ။ ပဣတ္ထိစနေန ကွတ္ထော? ပတောယာ။

* ဣတ္ထိချာ၊ဣတ္ထိလိင်ကို ဟောကုန်သော။တေ၊ထို ဣဝဏ်, ဥဝဏ်တို့သည်။ပေါ၊

http://www.dhammadownload.com



ပ မည်ကုန်၏။ * တေ ဣဝဏ္ဏဝဏ္ဏာ၊ထိုဣဝဏ်, ဥဝဏ်တို့သည်။ယဒါ၊အကြင် အခါ၌။ ဣတ္တိချာ၊ဣတ္တိလိင်ကိုဟောကုန်၏။တဒါ၊ထိုအခါ၌။ပ သညာ၊ပ, မည်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

ရတ္တိယာ၊ညဉ့်ဖြင့်။ဣတ္တိယာ၊မိန်းမဖြင့်။ဓေနုယာ၊နွားမဖြင့်။ဝဓုယာ၊ချွေးမဖြင့်။ ဣတ္တိချာတိပဒံ၊ဣတ္တိချာဟူသောပုဒ်သည်။ကိမတ္ထံ၊နည်း။ဣသိနာ၊ရသေ့ဖြင့်။ဘိက္ခုနာ၊ ရဟန်းဖြင့်။ပဣစ္ဆနေနာ၊ပ,ဟူသောအမည်ကိုမှည့်ရသဖြင့်။ကွတ္ထော+ကော-အတ္ထော၊ ဘယ်အကျိုးရှိသနည်း။ပတော ယာ၊ပတောယာ-စသော်သုတ်တို့၌ ပ,ဟုခေါ်ဆိုရခြင်း အကျိုးရှိ၏။

➢ တေ+ဣတ္တိချာ+ပေါ်-ဟု ၃-ပုဒ်ရှိသော သညာသုတ်

➢ တေ-အရ ။ ။ တေ-၌ တ-သဒ္ဒါသည် ပဣစ္ဆဝိသယဖြစ်၍ ရှေ့သုတ်၌ ဣဝဏ္ဏာဝဏ္ဏာကို စွဲယူရမည်ဖြစ်သောကြောင့် ဣဝဏ် ဥဝဏ်တို့ကို ယူရပါမည်။

➢ ပေါ်-ဟု ဧကဝုစ်ဖြင့် ဆိုရခြင်းအကြောင်း ။ ။ ဣဝဏ် ဥဝဏ်နှစ်မျိုးလုံးမှာ ပ-အမည်တစ်ခုတည်းရှိသောကြောင့် ပေါ်-ဟု ဧကဝုစ်ဖြင့် ဆိုရပါသည်။

➢ ပေါ်-အရ ။ ။ ဣဝဏ် ဥဝဏ် သရ (၄) လုံးကို ယူရပါမည်။

➢ ပေါ်-၌ ဝုစ် အဆုံးအဖြတ် ။ ။ ပသညာပုဒ်ကိုထောက်၍ ပေါ်-ကား ဗဟုဝစနန္တ ဖြစ်ပါသည်။ ဧကဝစနန္တ မဟုတ်ပါ။

➢ တေ-သဒ္ဒါ ထည့်ဆိုရခြင်းအကျိုး ။ ။ ဣတ္တိချာ-ဟု မှတ်သားအပ်သောကြောင့်ငင်း၊ နဒါဒီတော ဝါ ဤ-ဟု ဆိုသောကြောင့်ငင်း တေ ဣတ္တိချာပေါ်သုတ်သို့ ဣဝဏ်သာလျှင်လိုက်၍ ဥဝဏ်မလိုက်မည်စိုးသောကြောင့်ငင်း တေ-သဒ္ဒါကို ထည့်ဆိုရပါသည်။ (နိဒ္ဒေသ)

## ၆၀။ အာယော

အာကာရော ယဒါ ဣတ္တိချော၊ တဒါ ယသညော ဟောတိ။

သဒ္ဒါယ၊ ကညာယ၊ ဝီဏာယ၊ ဂဂီါယ၊ ဒီသာယ၊ သာလာယ၊ မာလာယ၊ တုလာယ၊ ဒေါလာယ၊ ပဘာယ၊ သောဘာယ၊ ပညာယ၊ ကရဏာယ၊ နာဝါယ၊ ကပါလိကာယ။

အာတိ ကိမတ္ထံ? ရတ္တိယာ၊ ဣတ္တိယာ။

ဣတ္တိချော ကိမတ္ထံ? သတ္ထာရာ ဒေသိတော အယံဓမ္မော။

ယဣစ္ဆနေန ကွတ္ထော? ယတောနာဒီနံ။

* ဣတ္တိချော၊ဣတ္တိလိင်ကိုဟောသော။အာ၊အာ-အကွရာသည်။ယော၊ယမည်၏။

http://www.dhammadownload.com



အာကာရော၊အာ,အကွရာသည်။ယဒါ၊အကြောင်အခါ၌။ကျက္ထိ ချော၊ကျက္ထိလိင်ကို ဟော၏။တဒါ၊ထိုအခါ၌။ယသည်ကော၊ယမည်သည်။ဟောတိ၊ဖြစ်၏။

သဒ္ဓါယ၊သဒ္ဓါဖြင့်။ကညာယ၊သတို့သမီးဖြင့်။ဝိဏာယ၊စောင်း ဖြင့်။ဂဂီယ၊ဂဂီမြစ်ဖြင့်။ ဒိသာယ၊အရပ်မျက်နှာဖြင့်။သာလာယ၊ ဇရုပ်ဖြင့်။မာလာယ၊ပန်းဖြင့်။တုလာယ၊ချိန်ဖြင့်။ ဒေါလာယ၊ဧယောဉ်ဖြင့်။ပဘာယ၊အရောင်ဖြင့်။သောဘာယ၊ရေအယဉ်ဖြင့်။ပညာယ၊ ပညာဖြင့်။ကရုဏာယ၊သနားခြင်းဖြင့်။နာဝါယ၊လှေဖြင့်။ကပါလိကာယ၊ခွက်ယေဖြင့်။ အာတိပဒံ၊အာဟူသောပုဒ်သည်။ကိမတ္ထံ၊နည်း။ရတ္တိယာ၊ညဉ့်ဖြင့်။ကျက္ထိယာ၊မိန်းမဖြင့်။ **(ဤပုံစံတို့၌ အာ,အကွရာ မဟုတ်သောကြောင့် ယ,အမည်မမှည့်ရပါ။)**

ကျက္ထိချောတိပဒံ၊ကျက္ထိချောဟူသောပုဒ်သည်။ကိမတ္ထံ၊နည်း။ သတ္ထာရာ၊မြတ်စွာ ဘုရားသည်။အယံမဂ္ဂေ၊ဤတရားကို။ဒေသိတော၊ဟောအပ်ပြီ။ **(ကျက္ထိလိင်ကို မဟော သောကြောင့် ယ,အမည် မမှည့်ရပါ။)** ယကျကွနေန၊ယ,ဟူသောအမည်ကို မှည့်ရ သဖြင့်။ကွတ္ထော+ကော-အတ္ထော၊နည်း။ယတောနာဒီနံ၊ယတော နာဒီနံ-စသော သုတ် တို့၌ ယ,ဟု ခေါ်ဆိုရခြင်းအကျိုးရှိ၏။

➢ **အာ+ယော-ဟု ၂-ပုဒ်ရှိသော သညာသုတ်။**

➢ **အာ-၏ သမ္ဗန်ကား- လိင််သ-လိင််၏ ဖြစ်ပါသည်။**

➢ **ကျက္ထိလိင်ဟော အ-အကွရာတို့ ယ အမည် မမှည့်ရခြင်းအကြောင်း**

ကျက္ထိလိင်အရာ၌ အတွင်းအကာရန္တ ကျက္ထိလိင်သာရှိ၍ အပြင် အကာရန္တ ကျက္ထိ လိင် မရှိသောကြောင့်-ကျက္ထိလိင်ဟော အ-အကွရာကို ယ-အမည် မမှည့်ရပါ။

## ၆၁။ သာဂမောသေ

သကာရာဂမော ဟောတိ သေဝိဘတ္တိမှိ။

ပုရိသသ၊ အဂ္ဂိသ၊ ကျသိသ၊ ဒဏ္ဍိသ၊ ဘိက္ခုသ၊ သယမ္ဘုသ၊ အဘိ ဘုသ၊ သေတိ ကိမတ္ထံ? ပုရိသသ္မိ။

* သေ၊သဝိဘတ်ကြောင့်။သာဂမော၊သ, လာသည်။(ဝါ) သ, လာခြင်းသည်။ ဟောတိ၊ဖြစ်၏။ * သေဝိဘတ္တိမှိ၊သဝိဘတ်ကြောင့်။သကာရာဂမော၊ သ,အကွရာ လာသည်။(ဝါ) သ, အကွရာလာခြင်းသည်။ဟောတိ၊ဖြစ်၏။

ပုရိသသ၊ယောက်ျားအား-၏။အဂ္ဂိသ၊မီးအား-၏။ကျသိသ၊ရသေ့အား-ရသေ့ ၏။ဒဏ္ဍိသ၊တောင်ဒေါင်းရှိသောသူအား-၏။ဘိက္ခုသ၊ရဟန်းအား-၏။သယမ္ဘုသ၊ ဘုရားအား-၏။ အဘိဘုသ၊လွှမ်းမိုးနှိမ်နင်းနိုင်သောသူအား-၏။သေတိပဒံ၊သေဟူ သော ပုဒ်သည်။ကိမတ္ထံ၊နည်း။ပုရိသသ္မိ၊ယောက်ျား၌။ **(သ,ဝိဘတ်မဟုတ်သော ကြောင့် သ, မလာရပါ။)**

http://www.dhammadownload.com



➢ သာဂမော+သေ-ဟု ၂-ပုဒ်ရှိသော အာဂမဝိဓိသုတ်။

➢ သ-လာခြင်း၏ နောက်နိဓိတ်ကား- သဝိဘတ်ဖြစ်ပါသည်။

➢ ရှေ့ နိဓိတ်ကား- ခပ်သိမ်းသော လိင် ဖြစ်ပါသည်။

➢ သေ-ဟု ဧကဝုစ်ဖြင့် ဆိုရခြင်းအကြောင်း ။ ။ ဇာတိပဒဏ္ဍိတ ဆရာအလို အားဖြင့် သဝိဘတ်နှစ်လုံး၏ ဝိဘတ်ဇာတ်ချင်းတူသောကြောင့် သေ-ဟု ဧကဝုစ်ဖြင့် ဆိုပါသည်။ ဒဗ္ဗပဒဏ္ဍိတဆရာအလိုအားဖြင့် သောစ သောစ သော (တသွိ သေ) ဟု ဧကသိသ် နည်းဖြင့် ဆိုသောကြောင့် သေ-ဟု ဧကဝုစ်ဖြင့် ဆိုပါသည်။

➢ သေ-အရ ။ ။ သံသာသွေကဝစနေသုစသုတ်ကို ဆိုလတံ့ဖြစ်သောကြောင့် သေ-အရ သ-အက္ခရာကို မယူရ၊ သဝိဘတ်ကိုသာ ယူရပါမည်။

➢ သေ-၌ ဝိဘတ်နောင် ဝိဘတ်သတ်ရခြင်းအကြောင်း။ ။ ဝိဘတ်သည်လည်း လိင်သဘောရှိသောကြောင့် သေ-၌ ဝိဘတ်နောင် ဝိဘတ်သက်ရပါသည်။

## ၆၂။ သံသာသွေက ဝစနေသုစ

သံသာသု ဧကဝစနေသု ဝိဘတ္တာဒေသေသု သကာရာဂမော ဟောတိ။

ဧတိဿံ၊ ဧတိဿာ၊ ဣမိဿံ၊ ဣမိဿာ၊ တိဿံ၊ တိဿာ၊ တဿံ၊ တဿာ၊ ယဿံ၊ ယဿာ၊ အမုဿံ၊ အမုဿာ။

**သံသာသွိတိ ကိမတ္ထံ? အဂ္ဂိနာ၊ ပါဏိနာ၊ ဧကဝစနေသွိတိ ကိမတ္ထံ? တာသံ၊ သတ္ထာသံ၊ ဝိဘတ္တာဒေသေသွိတိ ကိမတ္ထံ? မနသာ၊ ဝစသာ၊ ထာမသာ။**

* ဧကဝစနေသု၊ဧကဝုစ်ဖြစ်ကုန်သော။သံသာသု၊သံပြု သာပြုတို့ကြောင့်လည်း။ သာဂမော၊သ လာသည်။ဟောတိ၊ဖြစ်၏။ * ဧကဝစနေသု၊ဧကဝုစ်ဖြစ်ကုန်သော။ ဝိဘတ္တာဒေသေသု၊ဝိဘတ်အပြုဖြစ်ကုန်သော။သံသာသု၊သံ,ပြု သာ,ပြုတို့ကြောင့် လည်း။သကာရာဂမော၊သ,လာသည်။ဟော်တိ၊ဖြစ်၏။

ဧတိဿံ၊ဤမိန်းမ၌။ဧတိဿာ၊ဤမိန်းမအား-၏။ဣမိဿံ၊ဤမိန်းမ၌။ဣမိဿာ၊ ဤမိန်းမအား-၏။တိဿံ၊ထိုမိန်းမ၌။တိဿာ၊ အား-၏။တဿံ၊ထိုမိန်းမ၌။တဿာ၊အား-၏။ယဿံ၊အကြင်မိန်းမ၌။ယဿာ၊အား-၏။အမုဿံ၊ထိုမိန်းမ၌။အမုဿာ၊အား-၏။

သံသာသွိတိပဒံ၊သံသာသုဟူသောပုဒ်သည်။ကိမတ္ထံ၊နည်း။အဂ္ဂိနာ၊မီးဖြင့်-မှ။ပါဏိနာ၊ လက်ဖြင့်-မှ။(သံ,ပြု သာ,ပြု မနှောင်းသောကြောင့် သ,မလာရပါ။) ဧကဝစနေသွိတိပဒံ၊ဧကဝစနေသု-ဟူသောပုဒ်သည်။ကိမတ္ထံ၊နည်း။တာသံ၊ထိုမိန်းမတို့အား-တို့၏။ သတ္ထာသံ၊ခပ်သိမ်းသော မိန်းမတို့အား-တို့၏။ (ဤပုံစံတို့၌ ဧကဝုစ်ဝိဘတ် မဟုတ်သောကြောင့် သ,မလာပါ။) ဝိဘတ္တာဒေသေသွိတိပဒံ၊ဝိဘတ္တာဒေသေသုဟူသောပုဒ်သည်။

http://www.dhammadownload.com



ကိမတ္ထုံးနည်း။ မနုသားစိတ်ဖြင့်။ဝစသားစကားဖြင့်။ထာမသားအားစွမ်းဖြင့်။ (ဤ ပုံစံတို့၌ ဝိဘတ်အပြုမဟုတ်သောကြောင့် သ,မလာရပါ။)

➤ **သံသာသု+ဧကဝစနေသု+စ-ဟု ဒု-ပုဗ်ရှိသော အာဂမဝိဓိသုတ်။**

➤ **နိဓိတ်-အရ ။ ။** ကေဝုစ် သို့ဝိဘတ်, သဝိဘတ်တို့၏ အပြုဖြစ်သော သံပြု သာပြုတို့ကို ယူရပါမည်။

➤ **သံ-အရ ။ ။** သံသာသု ဧကဝစနေသု ဝိဘတ္တာဒေသေသု-ဟု ဆိုခြင်းကြောင့် ဝိဘတ်၏ ကာရိယ သံ-ကိုသာ ယူရပါမည်။ (သာ-အရလည်း နည်းတူ)

➤ **ဧကဝစန-အရ ။ ။** ယပတော သို့သာနံ သံသာသုတ်ကိုထောက်၍ များများအား ဖြင့် သို့ဝိဘတ်, သဝိဘတ်ယူ၍ ဥပစာအားဖြင့် သံပြု သာပြုတို့ ဖြစ်ပါသည်။

➤ **ဧကဝစန-ဥပစာ ။ ။** အကြောင်းဌာနဖြစ်သော သို့ဝိဘတ် သဝိဘတ်တို့၏ ဧကဝစန-ဟူသော အမည်ကို အကျိုးဌာနီဖြစ်သော သံပြု သာပြု၌ တင်စား၍ ဆိုသောကြောင့် ကာရကူပစာ၊ ဌာနူပစာမည်၏။

➤ **သာဂမော သေသုတ်နှင့် တစ်သုတ်တည်းပေါင်း၍ မဆိုဘဲ နှစ်သုတ်ခွဲ၍ ဆိုရခြင်းအကြောင်း ။ ။** သာဂမော သေသုတ်သည် များသောအားဖြင့် ပုလ္လိင် နပုလ္လိင်၌ သ, လာပါသည်၊ သံသာသွေက ဝစနေသုစသုတ်ကား ဣတ္ထိလိင်၌ သ, လာပါသည်၊ ဤသို့ လိင်ကွဲပြားသောကြောင့် နှစ်သုတ်ခွဲ၍ ဆိုရပါသည်။

➤ **စ-သဒ္ဒါ၏ အနက် ။ ။** စသဒ္ဒါသည် သာဂမော-ဟူသော ကာရိယကိုငင်သောကြောင့် အနုကဗုနဿနက် ရှိပါသည်။

## ၆၃။ ဧတိမာသမိ

ဧတော ဣမာ ဣဒ္ဓေတေသမန္တော သရော ဣကာရော ဟောတိ သံသာသု ဧကဝစနေသု ဝိဘတ္တာဒေသေသု။

ဧတိသံ၊ ဧတိဿာ၊ ဣဒိသံ၊ ဣမိဿာ။

သံသာသွိတိ ကိမတ္ထံ? ဧတာယ၊ ဣမာယ။

**ဧကဝစနေသွိတိ ကိမတ္ထံ? ဧတာသံ၊ ဣမာသံ။**

* ဧကဝစနေသု၊ဧကဝုစ်ဖြစ်ကုန်သော။သံသာသု၊သံပြု သာပြုတို့ကြောင့်။ဧတိမာသံစ၊ ဧတော, ဣမာ-သဒ္ဒါတို့၏ အစိတ်အာ၏လည်း။ဣဒ္ဓ၊ဣဒ္ဓပြုသည်။ဟောတိ၊ဖြစ်၏။

ဧကဝစနေသု၊ဧကဝုစ်ဖြစ်ကုန်သော။ဝိဘတ္တာဒေသေသု၊ဝိဘတ် အပြုဖြစ်ကုန်သော။သံသာသု၊တို့ကြောင့်။ဧတော ဣမာ ဣဒ္ဓေတေသံ၊ဧတော, ဣမာ သဒ္ဒါတို့၏။အန္တော၊ အစိုက်ဖြစ်သော။သရော၊သရသည်။ဣဒ္ဓကာရော၊ဣဒ္ဓ,ပြုသည်။ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com



ဧတိသဒ်၊ဤမိန်းမ၌။ဧတိသာ၊ဤမိန်းမအား-၏။ဣဒမိသဒ်၊ဤမိန်းမ၌။ဣဒမိသာ၊ ဤမိန်းမအား-၏။သဒ်သာသို့တိပဒံ၊သဒ်သာသုဟူသောပုဒ်သည်။ကိမ္မတ္ထံ၊နည်း။တောယ၊ ဤမိန်းမဖြင့်။ဣဒမာယ၊ဤမိန်းမဖြင့်။ဧကဝစနေသို့တိပဒံ၊သည်။ကိမတ္ထံ၊နည်း။တောသဒ်၊ဤ မိန်းမတို့အား-တို့၏။ဣဒမာသဒ်၊ဤမိန်းမတို့အား-တို့၏။

➤ **ဧတိမာသံ+ဣဒံ [ဧတာ+ဣဒမာသံ+ဣဒံ] ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➤ **တာရီ-အရ ။-။** ဧတာ, ဣဒမာ-သဒ္ဒါတို့၏ အဆုံးအာသရ ဖြစ်ပါသည်။

➤ **နိမိတ်-အရ ။ ။** ဧကဝုစ်ဝိဘတ် အပြုဖြစ်သော သံပြု သာပြုတို့ဖြစ်ပါသည်

➤ **ဧတိသာယ၊ ဣဒမိသာယ-တို့၌ ဣပြုနိုင်ခြင်းအကြောင်း ။ ။** သာယ-အပြုသည် သာအပြုနှင့် အလားတူသောကြောင့် ဧတိသာယ၊ ဣဒမိသာယတို့၌ ဣ ပြုနိုင်ပါသည်။

➤ **စသဒ္ဒါ၏ အနက် ။ ။** စသဒ္ဒါသည် သမုစ္စည်းအနက် ရှိပါသည်။

➤ **စသဒ္ဒါ ဆိုရခြင်းအကျိုး ။ ။** စသဒ္ဒါဖြင့် အညိသာ၊ အညိသံ-၌ အညာ-သဒ္ဒါ, ဧကိသာ၊ ဧကိသံ-၌ ဧကာ-သဒ္ဒါ, ဣတရိသာ၊ ဣတရိသံ-၌ ဣတရာ-သဒ္ဒါတို့၏ အစိတ်အာသရကို ဣပြုရခြင်းအကျိုး ရှိပါသည်။

## ၆၄။ တသာ ဝါ

တသာ ဣတ္ထိယံ ဝတ္တမာနသ အန္တသ အာကာရသ ဣကာရော ဟောတိ ဝါ သံသာသု ဧကဝစနေသု ဝိဘတ္တာ ဒေသေသု။

တိသံ၊ တိသာ၊ တသံ၊ တသာ။

* ဧကဝစနေသု,ဧကဝုစ်ဖြစ်ကုန်သော။သံသာသု,သံပြု သာပြုတို့ကြောင့်။တသာ၊ တာ-သဒ္ဒါ၏ အစိတ်အာ၏။ဣ,ဣပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

ဧကဝစနေသု,ဧကဝုစ်ဖြစ်ကုန်သော။ဝိဘတ္တာဒေသေသု,ဝိဘတ်အပြုဖြစ်ကုန်သော်။သံသာသု,သံ, သာ,ပြုတို့ကြောင့်။ဣတ္ထိယံ၊ဣတ္ထိလိင်၌။ဝတ္တမာနသ၊ဖြစ်သော။ တသာ၊တာသဒ္ဒါ၏။အန္တသ၊အစိတ်ဖြစ်သော။အာကာရသ၊အာ,အကွရာ၏။ဣကာ ရော၊ဣ,ပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

တိသံ၊ထိုမိန်းမ၌။တိသာ၊ထိုမိန်းမအား-၏။တသံ၊ထိုမိန်းမ၌။တသာ၊အား-၏။

➤ **တသာ+ဝါ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➤ **တာရီ-အရ ။ ။** တာ-သဒ္ဒါ၏ အဆုံးအာသရ ဖြစ်ပါသည်။

➤ **နိမိတ်-အရ ။ ။** ဧကဝုစ်ဝိဘတ် အပြုဖြစ်သော သံပြု သာပြုတို့ဖြစ်ပါသည်

➤ **ဧတိမာသမိသုတ်နှင့် တစ်သုတ်တည်းပေါင်း၍ တေတိမာသမိဝါ-ဟု တည်သင့်လျက် နှစ်သုတ်ခွဲ၍ တည်ရခြင်းအကြောင်း ။ ။** ဧတိမာသမိသုတ်ဖြင့်

http://www.dhammadownload.com



ဣန္ဒြိယသင့်သောအရာ၌ အမြဲဣန္ဒြိယရခြင်း နိစ္စဝိဓိ၊ တဿ ဝါသုတ်ဖြင့် ဣန္ဒြိယသင့်သော်လည်း ထို ဣန္ဒ-အပြု၏ မမြဲခြင်း အနိစ္စဝိဓိ၊ ဤသို့ အစီအရင် ကွဲပြားနေသောကြောင့် နှစ်သုတ်ခွဲ၍ တည်ရပါသည်။ (အထူးမေးလျှင်လည်း ဤအတိုင်း ဖြေနိုင်ပါသည်။)

## ၆၅။ တတော သဿ သာယ

တတော တာ ဧတာ ဣန္ဒြာတော သဿ ဝိဘတ္တိသဿ သာယာဒေသော ဟောတိ ဝါ။ ။ တိသာယ၊ ဧတိသာယ၊ ဣန္ဒြိသာယ။

**ဝါတိ ကိမတ္ထံ? တိသာ၊ ဧတိသာ၊ ဣန္ဒြိသာ။**

* တတော၊ထိုတာ, ဧတာ, ဣန္ဒြာ-သဒ္ဒါတို့မှ။ပရဿ၊နောက်ဖြစ်သော။သဿ၊သဝိဘတ်၏။သာယ၊သာယပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

* တတော တာ ဧတာ ဣန္ဒြာတော၊ထိုတာ, ဧတာ, ဣန္ဒြာသဒ္ဒါတို့မှ။ပရဿ၊နောက်ဖြစ်သော။သဿဝိဘတ္တိသ၊သဝိဘတ် ၏။သာယာဒေသော၊သာယပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ တိသာယ၊ထိုမိန်းမအား-၏။ဧတိသာယ၊ဤမိန်းမအား-၏။ ဣန္ဒြိသာယ၊ဤမိန်းမ အား-၏။ဝါတိပဒံ၊သည်။ကိမတ္ထံ၊နည်း။တိသာ၊ထိုမိန်းမအား-၏။ ဧတိသာ၊ဤမိန်းမ အား-၏။ဣန္ဒြိသာ၊ဤမိန်းမအား-၏။

➢ **တတော+သဿ+သာယ-ဟု ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **နိမိတ်-အရ** ။ ။ တာ, ဧတာ, ဣန္ဒြာ-သဒ္ဒါတို့ ဖြစ်ပါသည်။

➢ **သာယ+သာယ ပါဠိအဆုံးအဖြတ်** ။ ။ သာယ-အပြုသည် သာ-အပြုနှင့် အလားတူသောကြောင့်ငင်း၊ တိသာယ-စသည်၌ တဿဝါ-စသော သုတ်များဝင်မှ ပြီးနိုင်၍ ထိုအစီအရင်များဝင်လာလျှင် နိမိတ်အင်္ဂါချင်းတူသော သံသာသွေက ဝစနေသု စ-သုတ် အစီအရင်လည်း ဝင်လာသင့်သောကြောင့်ငင်း သာယ-သာ မှန်ပါသည်။

## ၆၆။ ယောရဿံ

ယော ရဿမာပဇ္ဇတေ သံသာသု ဧကဝစနေသု ဝိဘတ္တာဒေသေသု။

တဿံ၊ တဿာ၊ ယဿံ၊ ယဿာ၊ သဗ္ဗဿံ၊ သဗ္ဗဿာ။

**သံသာသ္မိတိ ကိမတ္ထံ? တာယ၊ သဗ္ဗာယ။**

**ဧကဝစနေသ္မိတိ ကိမတ္ထံ? တာသံ၊ သဗ္ဗာသံ။**

* ဧကဝစနေသု၊ဧကဝုစ်ဖြစ်ကုန်သော။သံသာသု၊သံပြု သာပြုတို့ကြောင့်။ယော၊ ယ-အမည်ရှိသော အာသည်။ရဿံ၊ရဿ အဖြစ်သို့။အာပဇ္ဇတေ၊ရောက်၏။

ဧကဝစနေသု၊ဧကဝုစ်ဖြစ်ကုန်သော။ဝိဘတ္တာဒေသေသု၊ဝိဘတ် အပြုဖြစ်ကုန်သော။သံ-ာသု၊သံ, သာ,ပြုတို့ကြောင့်။ယော၊ယ,သည်။ရဿံ၊ရဿအဖြစ်သို့။အာပဇ္ဇ

http://www.dhammadownload.com



တေ၊ရောက်၏။ တသံ၊ထိုမိန်းမ၌။တသာ၊အား-၏။ယသံ၊အကြောင်မိန်းမ၌။ယသာ၊အား-၏။သဗ္ဗသံ၊ခပ်သိမ်းသော မိန်းမ၌။သဗ္ဗသာ၊ခပ်သိမ်းသော မိန်းမအား-၏။

သံသာသို့တိုပုဒ်၊သံသာသုဟူသောပုဒ်သည်။ကိမတ္ထံ၊နည်း။တာယ-ပုံ နှုန်း ဖြင့်။ သဗ္ဗာယ၊ခပ်သိမ်းသော မိန်းမဖြင့်။ဧကဝစနေသို့တိပဒံ၊သည်။ကိမတ္ထံ၊နည်း။တသံ၊ထို မိန်းမတို့အား-တို့၏။သဗ္ဗာသံ၊ခပ်သိမ်းသော မိန်းမတို့အား-တို့၏။

➤ ယော+ရဿံ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။

➤ ရဿ-အရ ။ ။ ယော-ဟူသော သဒ္ဒန္တရိက်ကိုထောက်၍ အ, ရဿကိုသာ ယူရပါမည်။

➤ နိမိတ်-အရ ။ ။ ဧကဝုစ်ဝိဘတ် အပြုဖြစ်သော သံပြု သာပြုတို့ဖြစ်ပါသည်

## ၆၇။ နော စ ဒွါဒိတော နံမှိ

ဒွိ ဣစ္စေဝမာဒိတော သဒ္ဒါတော နကာရာဂမော ဟောတိ နံမှိ ဝိဘတ္တိမှိ။ ဒွိန်း၊ တိန်း၊ စတုန်း၊ ပဉ္စန်း၊ ဆန်း၊ သတ္တန်း၊ အဋ္ဌန်း၊ နဝန်း၊ ဒသန်း။

ဒွါဒိတောတိ ကိမတ္ထံ? သဟသာနံ။ နံမှိတိ ကိမတ္ထံ? ဒွိသု၊ တိသု။

**စဋ္ဌဟဏေန** သဗ္ဗာဂမော ဟောတိ။ စတသန်း ဣစ္စတ္ထိန် တိသန်း ဝေဒနာနံ။

* နံမှိ၊နံဝိဘတ်ကြောင့်။ဒွါဒိတောစ၊ဒွိ-အစရှိသော သဒ္ဒါသဒ္ဒါမှလည်း။ပရေ၊ နောက်၌။နော၊စ၊န-သည်လည်း။အာဂမော၊လာ၏။

* နံမှိ ဝိဘတ္တိမှိ၊နံဝိဘတ်ကြောင့်။ဒွိဣစ္စေဝမာဒိတော၊ဒွိအစရှိသော။သဒ္ဒါတော၊ သဒ္ဒါသဒ္ဒါမှ။ပရေ၊နောက်၌။နကာရာဂမော၊ နကာရာဂမော၊ နကာရာဂမော၊

http://www.dhammadownload.com



➢ **အာဗီ-အရ** ။ ။ (ဣန္ဒြိယမိဂ္ဂန်္ဒ တိဟိ သန်္ခါဟိ သုတ်ကိုထောက်၍) တိသန်္ခါသဒ္ဒါမှကြွင်းသော အဌာရသ အဆုံးရှိသော သန်္ခါသဒ္ဒါတို့ကို ယူရပါမည်။

➢ **စသဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် သမုစ္စည်းအနက်ရှိပါသည်။

➢ **စသဒ္ဒါ ဆိုရခြင်းအကျိုး** ။ ။ (ကစ္စည်း-အလို) စသဒ္ဒါဖြင့် စတဿန္နံ ဣတ္ထိနံ တိဿန္နံ ဝေဒနာနံ-ပုံစံတို့၌ ဿဒွေဘော်နှင့်တကွ နာ-အက္ခရာ လာရခြင်းအကျိုးရှိပါသည်။ (ရူပသိဒ္ဓိ-အလို) စသဒ္ဒါဖြင့် ဂုန်္နံ-၌ နာ-အက္ခရာလာရခြင်း, တိဿန္နံ စတဿန္နံ ပြယုဂ်တို့၌ နံဝိဘတ်ကြောင့် ဣတ္ထိလိင်၌ တိ, စတုသန်္ခါသဒ္ဒါတို့နောင် ဿ-အက္ခရာ လာရခြင်းအကျိုးရှိပါသည်။

➢ **နော-နောင် ထိုင်သော စသဒ္ဒါ၏ အဓိပ္ပါယ်** ။ ။ နော-နောင်ထိုင်သော စသဒ္ဒါဖြင့် နံဝိဘတ်ကြောင့် ဒွေဘော် ဿ-အက္ခရာလာခြင်းကို ဆည်းပါသည်။

➢ **ဒ္ဝါဒိတော-နောင် ထိုင်သော စသဒ္ဒါ၏ အဓိပ္ပါယ်** ။ ။ ဒ္ဝါဒိတော-နောင်ထိုင်သော စသဒ္ဒါဖြင့် ဂုန်္နံ-စသည်၌ ဒ္ဝိ-စသော သန်္ခါသဒ္ဒါမှ တစ်ပါးသော သဒ္ဒါတို့နောင် န-အက္ခရာလာခြင်းကို ဆည်းပါသည်။

➢ **ဤသုတ်ဆိုရခြင်းအကျိုး** ။ ။ နိစ္စဝိဓိကို ပြခြင်းအကျိုးငှာ (၀၊) အာဂုမ်အထူးကို သိစေခြင်းအကျိုးငှာ (၀၊) ဇကူနဝိသတိ-စသော သန်္ခါသဒ္ဒါနောင် န-အက္ခရာမလာ ဟု သိစေခြင်းအကျိုးငှာ နောစ ဒ္ဝါဒိတော နံမှိသုတ်ကို ဆိုရပါသည်။ (နိဒ္ဒေသ)

## ၆၈။ အမာပတော သ္မိသ္မာနံ ဝါ

ပက္ကစ္ဆေတသ္မာ သ္မိ သ္မာက္ကစ္ဆေတေသံ အံ အာ အာဒေသော ဟောန္တိ ဝါ ယထာသင်္ချိ။

မတ္ယံ၊ မတိယံ၊ မတ္ယာ၊ မတိယာ၊ နိကတ္ယံ၊ နိကတိယံ၊ နိကတ္ယာ၊ နိကတိယာ၊ ဝိကတ္ယံ၊ ဝိကတိယံ၊ ဝိကတ္ယာ၊ ဝိကတိယာ၊ ဝိရတ္ယံ၊ ဝိရတိယံ၊ ဝိရတ္ယာ၊ ဝိရတိယာ၊ ရတ္ယံ၊ ရတ္တိယံ၊ ရတ္ယာ၊ ရတ္တိယာ၊ ပုထတ္ယံ၊ ပုထတိယံ၊ ပုထတ္ယာ၊ ပုထတိယာ၊ ပဝတ္ယံ၊ ပဝတ္တိယံ၊ ပဝတ္ယာ၊ ပဝတ္တိယာ။

* ပတော၊ပ-မည်သော် ကွဝဏ်မှ။ပရေသံ၊နှောင်းကုန်သော်။သ္မိသ္မာနံ၊သ္မိ သ္မာ ဝိဘတ်တို့၏။အံ အာ၊အံပြု အာပြုတို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။

* ပက္ကစ္ဆေတသ္မာ၊ပ,မည်သော ကွဝဏ်မှ။ပရေသံ၊နှောင်းကုန်သော်။သ္မိသ္မာ ကွစ္ဆေတေသံ၊သ္မိ, သ္မာဝိဘတ်တို့၏။ယထာသင်္ချိ၊အစဉ်အတိုင်း။အံအာ အာဒေသော၊အံပြု, အာပြုတို့သည်။ဝါ၊အချို့။ ဟောန္တိ၊ဖြစ်ကုန်၏။

ပတ္ယံ၊ မတိယံ၊ပ[illegible]ကျာ၊မတိယာ၊ပညာမှ။နိကတ္ယံ၊နိကတိယံ၊စဉ်းလဲခြင်း၌။

http://www.dhammadownload.com



နိကတျာ၊နိကတိယာ၊စဉ်းလဲခြင်းမှု။ဝိကတျံ၊ဝိကတိယံ၊ဖောက်ပြန်ခြင်း၌။ဝိကတျာ
ဝိကတိယာ၊ဖောက်ပြန်ခြင်းမှု။ဝိရုတျံ၊ဝိရုတိယံ၊ကြဉ်ရှောင်ခြင်း၌။ဝိရုတျာ၊ဝိရုတိယာ
ကြဉ်ရှောင်ခြင်းမှု။ရုတျံ၊ရုတ္တိယံ၊ညဉ်၌။ရုတျာ၊ရုတ္တိယာ၊ညဉ်မှု။ပုထဇျံ၊ပုထဝိယံ၊ မြေ၌
ပုထဇျာ၊ပုထဝိယာ၊မြေမှု။ပဝတျံ၊ပဝတ္တိယံ၊ဖြစ်ခြင်း၌။ပဝတျာ၊ပဝတ္တိယာ၊ဖြစ်ခြင်းမှု။

➤ **အဟ(အံအာ)+ ပတော+သွိ်သွာနံ+ဝါ-ဟု ၄-ပုဒ်ရှိသော အာဒေသဝိဓိသုတ်**

➤ **ပတော-အရ/ နိမိတ်-အရ** ။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်
ရှိသောကြောင့် ဣဝဏ်ကိုသာ ယူရပါမည်။(ဥဝဏ်ကို မယူရပါ။)

➤ **ဝါ-သဒ္ဒါ၏အနက်** ။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိပါသည်

➤ **ဝါ-သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်** ။ ။ ဝါ-သဒ္ဒါသည် ဝဝတ္ထိတ
ဝိဘာသာ အနက်ရှိသောကြောင့် ဥဝဏ်အဆုံးရှိသော လိင်နောင် သို့ သွာဝိဘတ်တို့ကို
အံ, အာ မပြုရ၊ ဣဝဏ်အဆုံးရှိသော လိင်နောင် ပြယုဂ်အားလျော်စွာ သို့ သွာဝိဘတ်
တို့ကို အံ အာပြုရမည်ဟု ပြဆိုပါသည်။

➤ **သွာ-သို့နံဝါ-ဟု မဆိုဘဲ သို့သွာနံဝါ-ဟု ဆိုရခြင်းအကျိုး** ။ ။ သို့ ဝိဘတ်
ကို အာဒိတော ဩဝသုတ်သို့ လိုက်စေခြင်းအကျိုးငှာ သို့သွာနံဝါ-ဟု ဆိုပါသည်။

➤ **ယောဂဝိဘာဂ/ အာပတော-ဟု သုတ်ခွဲ၍ တည်ရကျိုး** ။ ။ အာပတော
ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် နဇာ ဝသလော၊ ပထဗျာ ဇနရဇွေန
တို့၌ နာဝိဘတ် သဝိဘတ်တို့ကိုလည်း အာပြုနိုင်ခြင်း အကျိုးရှိပါသည်။

➤ **ဤသုတ်ဖြင့် စီရင်ခွင့်ရှိသော ဝိဘတ်** ။ ။ သွာ သို့ နာ သ-ဝိဘတ်များ

## ၆၉။ အာဒိတော ဩဝ

အာဒိဂ္ဂဏွေတသွာ သို့ ဝစနဿ အံဩ အာဒေသာ ဟောန္တိ ဝါ။

အာဒိ၊ အာဒေါ။ **ဝါတိ** ကိမတ္ထံ? အာဒိသို့၊ အာဒိမှိ နာထံ နမဿိတွာန

**စဋ္ဌဟဏေန** အညသွာပိ သို့ ဝစနဿ အာ ဩ အံ အာဒေသာ ဟောန္တိ
ဒိဝါစ ရတ္တောစ ဟရန္တိ ယေ ဗလိ၊ တာရာဏသိ အဟု ရာဇာ။

* အာဒိတောစ၊အာဒိ-သဒ္ဒါမှလည်း။ပရဿ၊နောက်ဖြစ်သော။သို့၊သို့ဝိဘတ်၏
ဩစ၊ဩပြုသည်ငင်း။အံစ၊အံပြုသည်ငင်း။ဝါ၊အ၌။ဟောန္တိ၊ဖြစ်ကုန်၏။

* အာဒိဂ္ဂဏွေတသွာ၊အာဒိသဒ္ဒါမှ။ပရဿ၊နောက်ဖြစ်သော။သို့ ဝစနဿ၊သို့ဝိဘတ်
၏။အံဩ အာဒေသာ၊အံပြု၊ ဩပြုတို့သည်။ ဝါ၊အ၌။ဟောန္တိ၊ဖြစ်ကုန်၏။

အာဒိ၊ အာဒေါ အစဉ်။ ဝါတိပဒံ၊သည်။ကိမတ္ထံ၊နည်း။အာဒိသို့၊ အာဒိမှိ၊အစဉ်
နာထံ၊မြတ်စွာဘုရားကို။နမဿိတွာန၊ရှိုးပြီး၍။

**စဋ္ဌဟဏေန**၊စသဒ္ဒါဖြင့်။အညသွာပိ၊အာဒိမှတစ်ပါးသော သဒ္ဒါမှလည်း။ပရဿ

http://www.dhammadownload.com



နောက်ဖြစ်သော။သို့ဝေါစနဿ၏။အာ ဩ အံ အာဒေသာ၊အာ၊ဩ၊အံပြုတို့သည်။ ဟောန္တိဖြစ်ကုန်၏။ ယေ၊အကြောင်သူတို့သည်။ဒိဝါစ၊နေ့၌ဌင်း။ရတ္တောစ၊ည၌၌ဌင်း။ ဗလိ၊ပူဇော်ဖွယ်ကို။ဟရန္တိ၊တင်မြှောက်ပူဇော်ကြကုန်၏။တရာဏသီ၊တရာဏသီပြည်၌။ ရာဇာ၊မင်းသည်။အဟု၊ဖြစ်လေပြီ။

➢ **အာဒိတော+ဩ+စ-ဟု ဝု-ပုဗ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **စသဒ္ဒါ၏ အနက်** ။ ။ စသဒ္ဒါသည် သမုစ္စည်းအနက် ရှိပါသည်။

➢ **စသဒ္ဒါ ဆိုရခြင်းအတျိုး** ။ ။ စသဒ္ဒါဖြင့် ဒိဝါစ ရတ္တောစ ဟရန္တိ ယေ ဗလိ၊ ဘရာဏသီ အဟု ရာဇာ-ပုံစံတို့၌ အာဒိ-သဒ္ဒါမှတစ်ပါးသော ဒိဝ, ရတ္တိ, ဗာရာဏသီ ပုဗ်တို့နောင် သို့ဝိဘတ်ကို အာပြု, အံပြု, ဩပြုရခြင်း အကျိုးရှိပါသည်။(ကစ္စည်း+ရူ)

➢ **စသဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်** ။ ။ **အာဒိတော-ဟူသော နိမိတ်ပုဗ်** နောင် **ထိုင်သော စသဒ္ဒါဖြင့်** အာဒိ-သဒ္ဒါမှ တစ်ပါးသော ဒိဝ, ရတ္တိ, ဗာရာဏသီ-စသော သဒ္ဒါတို့ကို ဆည်းပါသည်။

**ဩ-ဟူသော ကာရိယနောင် ထိုင်သော စသဒ္ဒါဖြင့်-** သို့ဝိဘတ်၏ အံ-ပြု, အာ ပြုကို ဆည်းပါသည်။

## ၇၀။ စျလာန မိယုဝါ သရေဝါ

**စျလက္ကစွေတေသံ က္ကယ ဥဝ က္ကစွေတေ အာဒေသာ ဟောန္တိ ဝါ သရေပရေ ယထာသင်္ချာ။**

**တိယန္တံ၊ ပဿိယာဂါရေ၊ အဂ္ဂိယာဂါရေ၊ ဘိက္ခုဝါသနေ နိသီဒတိ၊ ပုထုဝါသနေ နိသီဒတိ။**

**သရေတိ ကိမတ္ထံ? တိမလံ၊ တိဖလံ၊ တိစတုက္ကံ၊ တိဒဏ္ဍံ တိလောကံ၊ တိနယနံ၊ တိပါသံ၊ တိဟံသံ၊ တိဘဝံ၊ တိခန္ဓံ၊ တိဝိဋပံ၊ တိဝေဒနံ၊ စတုဒ္ဒိသံ ပုတုဘူတံ။ [ သရမနှောင်းသောကြောင့် က္ကယ, ဥဝ မပြုရပါ။]**

**ဝါတိ ကိမတ္ထံ? ပဿဟင်္ဂေဟိ တိဟာကာရေဟိ၊စက္ခာယတနံ။**

**ဝါတိ ဝိကပ္ပနတ္ထံ? က္ကကာရဿ အယာဒေသော ဟောတိ။**

* သရေ၊သရကြောင့်။စျလာနံ၊စျ လတို့၏။က္ကယ့ဝါ၊က္ကယပြု ဥဝပြုတို့သည်။ဝါ၊ အခြို့။ဟောန္တိဖြစ်ကုန်၏။ * ပရေ၊နောက်ဖြစ်သော။သရေကြောင့်။စျ လက္ကစွေတေသံ၊ စျ, လ,တို့၏။က္ကယ ဥဝ က္ကစွေတေ အာဒေသာ၊က္ကယပြု ဥဝပြုတို့သည်။ယထာသင်္ချာ၊ အရေအတွက်အတိုင်း။ဝါ၊အခြို့။ဟောန္တိဖြစ်ကုန်၏။

ဇိယန္တံ(တိ+အန္တံ) သုံးခုမြောက်-ဂဏ အစွန်း။ပဿိယာဂါရေ(ပဿိ+အာဂါရေ) ခြင်း

http://www.dhammadownload.com



ဟူသော အိမ်၌။အဂ္ဂိယာဂါရေ(အဂ္ဂိ+အာဂါရေ) မီးတင်းကုပ်၌။ဘိက္ခေ(ဘိက္ခု+အာသနေ) ရဟန်းတို့၏ နေရာ၌။နိသီဒတိ၊ထိုင်နေ၏။ပုထုဝါ သနေ(ပုထု+အာသနေ) ကြီးမားသော နေရာ၌။နိသီဒတိ၊ထိုင်နေ၏။

သရေတိပဒံ၊သည်။ကိမတ္ထံ၊နည်း။တိမလံ၊အညစ်အကြေးသုံးပါး။တိဖလံ၊သစ်သီးသုံးလုံး။တိစတုက္ကံ၊သုံးခုပေါင်း လေးခုပေါင်း။ တိဒဏ္ဍော၊တောင်ဝှေး သုံးချောင်း။တိလောကံ၊လောကသုံးပါး။တိနယံ၊မျက်စိသုံးလုံး။တိပါသံ၊ကြော့ကွင်းသုံးခု။တိဟံသံ၊ဟင်္သာ သုံးကောင်။တိဘဝံ၊ဘဝသုံးပါး။တိခန္ဓံ၊ခန္ဓာသုံးပါး။တိဝိဒုကံ၊ပိဋကတ်သုံးပုံ။တိဝေဒနံ။ဝေဒနာသုံးပါး။စတုဒ္ဒိသံ၊အရပ်လေးမျက်နှာ။ပုထုဘူတံ၊များစွာဖြစ်၍ ဖြစ်ခြင်း။

ဝါတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ပဌမံ၊ငါးပါးကုန်သော။အဂေါ်၊အဂိါတို့နှင့်။တိဟိ၊သုံးပါးကုန်သော။အာကာရေဟိ၊အကြောင်းတို့ဖြင့်။စက္ခာယတနံ၊စက္ခုဟူသော အာယတန။ * ကာရဏေ၊ကာရကဘာဝနာကို။အယာဒေသော၊အယပြု။ကာတိ အတ္ထံ၊ဤအနက်ကို။ဝိကပ္ပနတ္ထံ၊အထူးကြဲခြင်းငှာ။ဝါတိပဒံ၊ဝါဟူသောပုဒ်ကို။ဝုတ္တံ၊ဆိုအပ်၏။ဝတ္ထုတ္တယံ၊ရတနာသုံးပါးတို့၏အပေါင်း။

➢ **ဗျလာနံ+ကာယုဝါ (ကာယ ဥဝါ)+ သရေ+ဝါ-ဟု ၄-ပုဒ်ရှိသော အာဒေသဝိဓိ**

➢ **ဗျလ-အရ** ။ ။ ကာဝက် ဥဝက်တို့ကို ယူရပါမည်။

➢ **သရေ-အရ/နိမိတ်-အရ** ။ ။ ဗျလ-အရ ကာဝက် ဥဝက်တို့ကို ယူပြီးဖြစ်သောကြောင့် အဝက်နှစ်လုံး ဧ သြ သရတို့ကို ယူရပါမည်။

➢ **တိမလံ-၌ ကာယ, မပြုရခြင်းအကြောင်း** ။ ။ တိမလံ-၌ သရ မနှောင်းသောကြောင့် တိ-၌ ကာ-ကို ကာယ, မပြုရပါ။

➢ **စတုဒ္ဒိသံ-၌ ဥဝ မပြုရခြင်းအကြောင်း** ။ ။ စတုဒ္ဒိသံ-၌ သရမနှောင်းသောကြောင့် စတု-၌ ဥ-ကို ဥဝ မပြုရပါ။

➢ **ဝါ-သဒ္ဒါ တဖန် ဆိုရခြင်းအကျိုး** ။ ။ ပဌဟဂေါဟိ-စသော ပုံစံတို့၌ ကာယပြု, ဥဝပြုကို တားမြစ်ခြင်းအကျိုးငှာငင်း၊ ဝတ္ထုတ္တယံ-၌ ကာကို အယပြုခြင်း အကျိုးငှာငင်း ဝါသဒ္ဒါကို ဆိုရပါသည်။

➢ **ဝါ-သဒ္ဒါ နှစ်မျိုး အထူး** ။ ။ အမာပတော-သုတ်မှ လိုက်လာသော ဝါသဒ္ဒါသည် တိယန္တံ၊ တိအန္တံ စသည်၌ အနိစ္စဝိဓိ၊ ပဌဟဂေါဟိ စသည်၌ အသန္တဝိဓိကို ပြခြင်း ဝဝတ္ထိတ ဝိဘာသာအနက် ရှိပါသည်။

ဗျလာန မိယုဝါသရေဝါသုတ်၌ပါသော ဝါသဒ္ဒါသည် ဝတ္ထုတ္တယံ၊ ဒွယံ စသည်တို့၌ ကာကို အယပြုခြင်းဟူသော အနက်ထူးကို ကြဲခြင်း ဘဿန္တရဝိကပ်အနက် ရှိပါသည်။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com



➢ **ဝါတိ ကိမတ္ထံ/ဝါတိ ဝိကပ္ပနတ္ထံ-ဟု နှစ်မျိုး ဆိုရခြင်းအကြောင်း**

ဗျလာန-သုတ်၌ ဝါသဒ္ဒါသည် သမုစ္စည်းအနက် ရှိသည်ဟု အနက်ထူးကို ပြလို
းသာကြောင့် ဝါတိ ဝိကပ္ပနတ္ထံ-ဟု ဆိုပါသည်။ အမာ ပတောသုတ်မှ လိုက်လာသော
ါသဒ္ဒါသည် ဝဝတ္ထိတ ဝိဘာသာအနက်ရှိသည်ဟု ပြလိုသောကြောင့် ဝါတိ ကိမတ္ထံ-
ု ဆိုပါသည်။ (နိဒ္ဒေသ)

➢ **ဤသုတ်ကို တည်ရခြင်းအကြောင်း** ။ ။ တိယန္တို့ ဘိက္ခုဝါသနေ စသည်တို့
နာမ်အစီအရင်ကို ပြသောသုတ်ဖြင့် သန္ဓိအစီအရင်ကို ပြလိုသောကြောင့်- တည်း။

## ၇၁။ ယဝကာရာ စ

ဗျလာနံ ယကာရ ဝကာရဒေသာ ဟောန္တိ သရေ ပရေ ယထာသင်္ချံ။
အဂ္ဂါဂါရံ၊ စက္ခာယတနံ၊ သွာဂတံ တေ မဟာဝီရ။
**စဝွဟာ** သဗ္ဗိဇ္ဇာနတ္ထံ။

* သရေနောက်သရကြောင့်။ဗျလာနံ၊ဗျ လတို့၏။ယဝကာရာစ၊ယပြု ဝပြုတို့သည်
ာည်း။ဟောန္တိ၊ဖြစ်ကုန်၏။ * ပရေသော၊သရေကြောင့်။ဗျလာနံ၊ဗျ, လတို့၏။ယကာရ
ကာရာဒေသာ၊ယပြု, ဝပြုတို့သည်။ယထာသင်္ချံ၊အစဉ်အတိုင်း။ဟောန္တိ၊ဖြစ်ကုန်၏။
အဂ္ဂါဂါရံ(အဂ္ဂိ+အာဂါရံ) မီးတင်းကုပ်။စက္ခာယတနံ၊(စက္ခု+အာယတနံ) စက္ခုဟူ
ာ အာယတန။မဟာဝီရကြီးမြတ်သော လွှဲလ ရှိပေသော အိုအရှင်။တေ၊ အရှင်မြတ်
။ အာဂတံ၊ရောက်လာခြင်းသည်။သွာဂတံ၊(သု+အာဂတံ) ကောင်းသော ရောက်လာ
းဖြစ်ပါ၏။ **စဝွဟာ**၊စသဒ္ဒါသည်။သဗ္ဗိဇ္ဇာနတ္ထံ၊ ပေါင်းခြင်း အနက်ရှိ၏။

➢ **ယဝကာရာ+စ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **သရေ-အရ/ နိမိတ်-အရ** ။ ။ ဗျလ-အရ ဣဝဏ်တို့ကို ယူပြီးဖြစ်
ာကြောင့် အဝဏ်နှစ်လုံး ဇ ဩ သရတို့ကို ယူရပါမည်။
။ ။ ဤသုတ်ဖြင့် အဘယ ဥ-အက္ခရာကို ဝ-ပြုရမည်နည်း။
။ ။ ဤသုတ်ဖြင့် ပုဒ်အဆုံး မဟုတ်သော ဥ-အက္ခရာကို ဝ-ပြုရပါမည်။

➢ **ဤသုတ်ကို ဆိုရခြင်းအကြောင်း** ။ ။ သန္ဓိသုတ်တို့ဖြင့် စီရင်၍ အဂ္ဂါဂါရံ
ာယတနံ စသည်ပြီးနိုင်သော်လည်း နာမ်အစီအရင်၏အစွမ်းဖြင့် သန္ဓိအစီအရင်
ပြလိုသောကြောင့် ဤသုတ်ကို ဆိုရပါသည်။

➢ **ကာရ-သဒ္ဒါ ထုတ်ဆိုရခြင်းအကျိုး** ။ ။ ဗျ-မည်သော သရကိုလည်း ယ, ဝ
။ လ-မည်သော သရကိုလည်း ယ, ဝပြု၏ဟု ယုံမှားမှုမရှိစေခြင်းအကျိုးငှာ ကာရ
ါကို ဆိုရပါသည်။

http://www.dhammadownload.com



➢ ဝ-ပြုပုံ အထူး ။ ။ ဝမောဝုဒ္ဓန္ဆာနံသုတ်သည် ပုဒ်၏အဆုံးဖြစ်သော ဥကို ဝပြုပါသည်။ ယဝကာရာစသုတ်ကား ပုဒ်အဆုံး မဟုတ်သော ဥကို ဝပြုပါသည်။

➢ စ-သဒ္ဒါ၏ အနက် ။ ။ စသဒ္ဒါသည် သဒ္ဒိဏ္ဍနအနက် ရှိပါသည်။

➢ စ-သဒ္ဒါ ဆိုရခြင်းအကျိုး ။ ။ စသဒ္ဒါသည် ဗျလ-မည်သော ဏ္ဍဝဏ်, ဥ ဝဏ်တို့ကို ဏ္ဍယပြု, ဥဝပြုသည်သာ မဟုတ်သေး၊ ယ, ဝ-လည်း ပြုသေးသည်ဟု ပေါင်း ခြင်း အကျိုးရှိပါသည်။

## ၇၂။ ပသညဿ စ

ပသညဿ စ ဏ္ဍဝဏ္ဍဿ ဝိဘတ္တာဒေသေ သရေ ပရေ ယကာရာဒေသော ဟောတိ။ ။ ပုထဗျာ၊ ရတ္တျာ၊ မတ္တျာ။ သရေတိ ကိမတ္ထံ? ပုထဝိယံ။

* သရေဝိဘတ်အပြုဖြစ်သော သရကြောင့်။ပသညဿစ၊ပ-မည်သော ဏ္ဍဝဏ်၏လည်း။ယကာရောစ၊ယပြုသည်သာလျှင်။ဟောတိ၊၏။စ၊မဖြစ်သည်လည်း ရှိသေး၏

* ပရေသော။ဝိဘတ္တာဒေသေ၊ဝိဘတ်အပြုဖြစ်သော။သရေကြောင့်။ပသညဿ၊ ပ,မည်သော။ဏ္ဍဝဏ္ဍဿ စ၊ဏ္ဍဝဏ်၏လည်း။ ယကာရာဒေသောစ၊ယ,ပြုသည်သာလျှင်။ ဟောတိ၊ဖြစ်၏။စ၊မဖြစ်သည်လည်းရှိသေး၏။ ပုထဗျာ(ပုထဝိ+သွာ)မြေမှ။ရတ္တျာ၊ ညဉ့်မှ။မတ္တျာ၊မိညာမှ။သရေတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ပုထဝိယံ၊မြေ၌။

➢ ပသညဿ+စ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိဆုတ်။

➢ ဝိဘတ္တာဒေသေ-၌ ဝိဘတ္တိ-အရ ။ ။ ယောသုစ-သုတ်မှ ယော-သဒ္ဒါ သိဟ ဂတိကနည်းအားဖြင့် လိုက်လာသောကြောင့်ဂင်း၊ သံသာသွေကဝစနေသုစ-သုတ်မှ ဧကဝစန-သဒ္ဒါ မဏ္ဍူကဂတိကနည်းအားဖြင့် လိုက်လာသောကြောင့်ဂင်း ယောဝိဘတ် နှစ်လုံး, နာဝိဘတ်, သဝိဘတ်နှစ်လုံး, သွာဝိဘတ် သို့ဝိဘတ်တို့ကို ယူရပါမည်။

➢ အာဒေသ-အရ ။ ။ တတော ယောန မော တု-သုတ်၌ တု-သဒ္ဒါဖြင့် ဩပြု အမာပတော သို့သွာနံ ဝါသုတ်ဖြင့် အာပြု အံပြုတို့ကို ယူရပါမည်။

➢ သရေ-အရ/ နိမိတ်-အရ ။ ။ တတော ယောန မောတု-သုတ်၌ တုသဒ္ဒါ ဖြင့် ယောဝိဘတ်ကိုပြုထားသော ဩသရ၊ အမာပတော သို့သွာနံ ဝါသုတ်ဖြင့် နာ, ဿ, သွာ, သို့ဝိဘတ်တို့ကို ပြုထားသော အာ, အံသရတို့ကို ယူရပါမည်။

➢ ပသည-အရ ။ ။ (ပသညဿစ ဏ္ဍဝဏ္ဍဿ-ကို ထောက်၍) ယဝကာရာစ ဆုတ်မှ ယ-အကွာရာသာ လိုက်လာသောကြောင့်-- ဏ္ဍဝဏ်ကိုသာ ယူရပါမည်။

➢ စ-သဒ္ဒါ ဆိုရခြင်းအကျိုး ။ ။ ရတ္တောစသော ပြယုဂ်တို့၌ ဏ္ဍဝဏ်၏ ယ အပြုကို နစ်စေခြင်းအကျိုးငှာ စသဒ္ဒါကို ဆိုပါသည်။

➢ ဏ္ဍဝဏ္ဍော ယံ နဝါသုတ်ဖြင့် ယပြုလျှင် ပြီးနိုင်လျှက် ဤသုတ်ကို ဆိုရ

http://www.dhammadownload.com



ခြင်းအကြောင်း ။ ။ ဣတ္ထိလိင်ကိုဂုဏ်း၊ ဝိဘတ်အပြုနိမိတ်ကိုဂုဏ်း ယူခြင်းငှာ (ဝါ) ယူလိုသောကြောင့် ဤသုတ်ကို ဆိုရပါသည်။ (နိဒ္ဒေသ)

## ၇၃။ ဂါဝသေ

ဂေါဣတ္ထွေတဿ ဩကာရဿ အာဝါဒေသော ဟောတိ သေဝိဘတ္တိမှိ။ ဂါဝဿ။

* (ဒွိပဒကြဲ၍ ပေးပုံ) သေ၊သဝိဘတ်ကြောင့်။ဂါဝ၊ဂေါသဒ္ဒါ၏ ဩ၏-အပြု သည်။ဟောတိ၊ဖြစ်၏။ * (တိပဒကြဲ၍ ပေးပုံ) သေ၊သဝိဘတ်ကြောင့်။ဂေါ၊ဂေါ-သဒ္ဒါ၏ အစိတ်ဩ၏။အာဝ၊အာဝပြုသည်။ဟောတိ၊ဖြစ်၏။ * (စတုပဒကြဲ၍ ပေးပုံ) သေ၊သ ဝိဘတ်ကြောင့်။ဂေါ၊ဂေါ-သဒ္ဒါ၏။ဩ၊ဩ-အက္ခရာ၏။အာဝ၊အာဝပြုသည်။ဟောတိ၊၏

သေဝိဘတ္တိမှိ၊ကြောင့်။ဂေါဣတ္ထွေတဿ၊ဂေါသဒ္ဒါ၏။ဩကာရဿ၊အစိတ်ဩ၏။ အာဝါဒေသော၊အာဝ၊ပြုသည်။ဟောတိ၊၏။ ။ ဂါဝဿ(ဂေါ+သ) နွားအား။နွား၏။

➢ (ရူပသိဒ္ဓိ-အလို) ဂေါ+အာဝ+သေ-ဟု ၃-ပုဒ်၊ (ရှာသ-အလို) ဂါဝ+သေ-ဟု ၂-ပုဒ်၊ (တစ္ဆဏ်းအလို) ဂေါ+ဩ+အာဝ+သေ-ဟု ၄-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။

➢ သေ-၌ သဝိဘတ်နောင် သို့ဝိဘတ် သတ်ရခြင်းအကြောင်း

ဝိဘတ်သည်လည်း လိင်သဘောရှိသောကြောင့် --တည်း။

➢ **ဘာရိဏား - ဂေါသဒ္ဒါ၏ အစိတ်ဩ။** ➢ **ဘာရိယ ဘား-** အာဝ-အပြု။

➢ **နိမိတ်ဘား-** သဝိဘတ် ဖြစ်ပါသည်။

➢ **ယောဝဝိဘာဂ** ။ ။ ဂါဝသေသုတ်၌ ဂါဝ-ဟူသော ယောဝဝိဘာဂဖြင့် ဂါဝိ စသည်၌ ဤပစ္စည်းကြောင့် အာဝပြုနိုင်ခြင်း အကျိုးရှိပါသည်။

## ၇၄။ ယောသုစ

ဂေါဣတ္ထွေတဿ ဩကာရဿ အာဝါဒေသော ဟောတိ ယော ဣတ္ထွေတေသု ပရေသု။

ဂါဝေါ ဂစ္ဆန္တိ၊ ဂါဝေါ ပဿန္တိ၊ ဂါဝိ ဂစ္ဆန္တိ၊ ဂါဝိ ပဿန္တိ၊

**စဂ္ဂဟဏ်** ကိမတ္ထံ? နာ သ္မာ သ္မိ သု ဝစနေသု အာဝါဒေသော ဟောတိ။ ဂါဝေန၊ ဂါဝါ၊ ဂါဝေ၊ ဂါဝေသု။

* ယောသုစ၊ယောဝိဘတ်တို့ကြောင့်လည်း။ဂေါ၊ဂေါသဒ္ဒါ၏ အစိတ်ဩ၏။အာဝ၊ အာဝပြုသည်။ဟောတိ၊ဖြစ်၏။

* ပရေသု၊နှောင်းကုန်သော။ယောဣတ္ထွေတေသု၊တို့ကြောင့်။ဂေါ ဣတ္ထွေတဿ၊၏။ ဩကာရဿ၊၏။အာဝါဒေသော၊အာဝ၊ပြုသည်။ ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com

ဂါဝေါ(ဂေါ+ယော)နွားတို့သည်။ဂန္ဆန်၊သွားကုန်၏။ဂါဝေါနွားတို့ကို။ပဿန်၊မြင်ကုန်၏။ ဂါဝီ၊နွားမတို့သည်။ဂန္ဆန်၊သွားကုန်၏။ဂါဝီ၊နွားမတို့ကို။ပဿန်၊မြင်ကုန်၏။

**စဋ္ဌဟဏ်း**၊စသဒ္ဒါကို။ကိမတ္ထံ၊ဘယ်အကျိုးငှာ။ဝုတ္တံ၊ဆိုအပ်သနည်း။ နာ. သွာ သို့ သုဝစနေသုနာ, သွာ, သို့, သုဝိဘတ်တို့ကြောင့်။အာဝါဒေသော၊အာဝုပြုသည်။ဟောတိ၊ ဖြစ်၏။ကွာတိအတ္ထံ၊ဤ အနက်ကို။ဒဿနတ္ထံ၊ပြခြင်းအကျိုးငှာ။ဝုတ္တံ၊ဆိုအပ်၏။ဂါဝေန၊နွား ဖြင့်။ဂါဝါ၊နွားမှ။ဂါဝေ၊နွား၌။ဂါဝေသု၊နွားတို့၌။

➤ **ယောသု+စ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

ဤကာရေတိ ကိမတ္ထံ? ဘိက္ခုနီ၊ ရာဇိနီ၊ ဇာလိနီ၊ ဂဟပတာနီ။

အာနတ္ထဂ္ဂဟဏေန နဒီဂ္ဂစ္ဆေတသဒ္ဒသဒ္ဒေါ ဇွေါ ဇွာ အာဒေသာ ဟောန္တိ သဟ ဝိဘတ္တိယာ ယောနာသ ဂ္ဂစ္ဆေတေသု။ နဇွော သန္ဒန္တိ၊ နဇွာ ကတံ တရဂီ၊ နဇွာ နေရဉ္ဇရာယ တိရေ။

* ဤကာရေဤအက္ခရာပစ္စည်းကြောင့်။မာတုလာဒီန်၊မာတုလန္ဒင့်တူကုန်သော သဒ္ဒါတို့၏အစိတ်အ,သည်။အာနတ္တံ၊အာနအဖြစ်သို့။အာပဇ္ဇတေ၊ရောက်၏။

* ပရေသော။ဤကာရေပစ္စယေ၊ဤအက္ခရာပစ္စည်းကြောင့်။မာတုလ ဂ္ဂစ္ဆေဝမာဒီန်၊မာတုလန္ဒင့်ဟူကုန်သော သဒ္ဒါတို့၏။အန္တော၊အစိတ်အ,သည်။အာနတ္တံ၊အာနအဖြစ်သို့။ အာပဇ္ဇတေ၊ရောက်၏။

မာတုလာနီ၊အရီးသည်။အယျကာနီ၊သခင်မသည်။ဝရုဏာနီ၊နတ်ဝင်မသည်။ဤကာရေတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ဘိက္ခုနီ၊ရဟန်းမိန်းမသည်။ရာဇိနီ၊မင်းကတော်သည်။ ဇာလိနီ၊ဇာလိနီမည်သော နတ်သို့သည်။ဂဟပတာနီ၊သူကြွယ်မသည်။အာနတ္တဂ္ဂဟဏေန၊အာနတ္တသဒ္ဒါပိုဖြင့်။ယောနာသ ဂ္ဂစ္ဆေတေသု၊ယော, နာ, သ, ဝိဘတ်တို့ကြောင့်။ နဒီဂ္ဂစ္ဆေတသ၊နဒီသဒ္ဒါ၏။ဒီသဒ္ဒသ၊ဒီသဒ္ဒါ၏။ဝိဘတ္တိယာ၊ဝိဘတ်နှင့်။သဟ၊ တကွ။ ဇွော ဇွာအာဒေသာ၊ဇွောပြု, ဇွာပြုတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။နဇွော၊မြစ်တို့သည်။ သန္ဒန္တိ၊စီးသွားကုန်၏။နဇွာ၊မြစ်သည်။တရဂီ၊လှိုင်းတံပိုးကို။ကတံ၊ပြုအပ်၏။နေရဉ္ဇရာယ၊ နေရဉ္ဇရာမည်သော။နဇွာ၊မြစ်၏။တိရေ၊ကမ်း၌။

➢ မာတုလာဒီန်+အာနတ္ထံ+ဤတာရေ-ဟု (၃) ပုဒ်ရှိသော အာဒေသဝိဓိသုတ်။

➢ ဤသုတ်၏နိဓိတ်ဖြစ်ထိုက်သောသုတ်။ ။ နဒါဒိတော ဝါ ဤ။

➢ **အာဒိအရ။** ။ မာတုလသဒ္ဒါရ၏။ (တစ်နည်း) ဤပစ္စည်း မသက်ရလျှင် ပုလ္လိင်ဟောချင်းတူသော အယျက, ဝရုဏ-အစရှိသော သဒ္ဒါတို့ကို ယူရပါမည်။

➢ **အာဒိဝုဒ္ဓ-အရ** ။ ။ အယျက, ဝရုဏ,အစရှိသော သဒ္ဒါ၏။

➢**ဝုတ္ထိဒ္ဓ မာတုလဂ္ဂစ္ဆေဝမာဒီန် အန္တော-ဟု အန္တသဒ္ဒါထည့်၍ ဖွင့်ရခြင်း အကြောင်း** ။ ။ မာတုလာဒီန်-ဒ္ဓ ဆဋ္ဌီနိဒ္ဒိဋ္ဌသည် အန္တာပေက္ခ ဆဋ္ဌီဖြစ်သောကြောင့် ပဂ္ဂို-ဒ္ဓ မာတုလဂ္ဂစ္ဆေဝမာဒီန် အန္တော-ဟု အန္တသဒ္ဒါ ထည့်၍ ဖွင့်ရပါသည်။

➢ **ဏ္ဍပစ္စည်းပိုလွန်ပုံ**။ ။ မာတုလာဒီန မာန မီကာရေဟုဆိုလျှင် လိုအပ်သော

http://www.dhammadownload.com



အာနုပြုခြင်းအနက်ပြီးနိုင်လျှက် ဘာဝနိဒ္ဒေသ-တွင်ပစ္စည်းကိုဆိုခြင်းသည် ပိုလွန်ပါသည်။

➢ **အာနတ္တသဒ္ဒါဆိုရခြင်းအကျိုး။** ။ အာနတ္တသဒ္ဒါကို ဆိုခြင်းသည် ယော,နာ, သ,ဝိဘတ်တို့ကြောင့် နဇော သန္တန္တိ၊ နဇာ ကတံ တရိ၊ နဇာ နေရ္ဆရာယ တိရေ့ပြယုဂ် တို့၌ နဒိသဒ္ဒါ၏ဒီကို ဝိဘတ်နှင့်တကွ ဇွေ့ပြု၊ ဇွာပြုရခြင်း အကျိုးရှိပါသည်။

➢ **အာနတ္တသဒ္ဒါပိုဖြင့် စီရင်သော ကာရီ, ကာရိယ, နိမိတ်တို့ကို အစဉ်အတိုင်း တွဲစပ်ပုံ။** ။ ယော,ဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ နဒီ,သဒ္ဒါ၏ ဒီ,ကို ဇွေ့ပြု၊ (နဇော သန္တန္တိ) နာ, သ,ဝိ. ၁တို့ကြောင့် ဝိဘတ်နှင့်တကွ နဒီ,သဒ္ဒါ၏ ဒီ,ကို ဇွာပြု၊ (နဇာ ကတံ တရိ၊ နဇာ နေရ္ဆရာယ တိရေ)။

➢ **နဇော, နဇာတို့ကို အာနတ္တသဒ္ဒါဖြင့် ရုပ်ပြီးပြရခြင်းအကျိုး။** ။အတြေ့ သုဂတ,စသော သဒ္ဒါတို့ကဲ့သို့ ပြီးစေခြင်း၏ နည်းတစ်မျိုးကို ပြရခြင်းအကျိုးရှိပါသည်

## ၉၉။ သွာဟိသ္မိန် မှာဘိမှိဝါ

သဗ္ဗတော လိင်္ဂတော သွာဟိသ္မိ ဣစ္စေတေသံ မှာဘိမှိ ဣစ္စေတေ ဒါဒေသာ ဟောန္တိ ဝါ ယထာသင်္ချံ။

ပုရိသမှာ၊ ပုရိသသွာ၊ ပုရိသေဘိ၊ ပုရိသေဟိ၊ ပုရိသမှိ၊ ပုရိသသ္မိ။

သွာဟိသ္မိ နမိတိ ကိမတ္ထံ? ဝဏ္ဏဝန္တံ အဂန္ဓကံ ဝိရူဠ္ဍပုပ္ဖံ၊ မဟန္တံ ဆတ္တံ မဟာဆတ္တံ၊ မဟန္တံ ဓဇံ မဟာဓဇံ။

* သွာဟိသ္မိန်၊သွာဟိသ္မိဝိဘတ်တို့၏။မှာဘိမှိ၊မှာပြု, ဘိပြု, မှိပြုတို့သည်။ဝါ။ဒါဒျိ့။ ဟောန္တိ၊ဖြစ်ကုန်၏။ * သဗ္ဗတော၊ခပ်သိမ်းသော။လိင်္ဂတော၊လိင်မှ။ပရေသံ၊နောက်၌ဖြစ်ကုန်သော။သွာဟိသ္မိ ဣစ္စေတေသံ၊တို့၏။ယထာသင်္ချံ၊အစဉ်အတိုင်း။မှာဘိမှိ ဣစ္စေတေ အာဒေသာ၊မှာပြု, ဘိပြု, မှိပြုတို့သည်။ဝါ။အင်္ချိ့။ဟောန္တိ၊ဖြစ်ကုန်၏။

ပုရိသမှာ-ပုရိသသွာ၊ယောက်ျားမှ။ပုရိသေဘိ-ပုရိသေဟိ၊တို့ဖြင့်-တို့မှ။ပုရိသမှိ-ပုရိသသ္မိ၊ယောက်ျား၌။သွာဟိသ္မိ နမိတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ဝဏ္ဏဝန္တံ၊အဆင်းရှိသော အဂန္ဓကံ၊အနံ့မရှိသော။ဝိရူဠ္ဍပုပ္ဖံ၊မိုးစွေပန်းကို။မဟန္တံ၊ကြီးသော။ဆတ္တံ၊ထီးကို။မဟာဆတ္တံ၊ ကြီးသောထီးကို။မဟန္တံ၊ကြီးသော။ဓဇံ၊တံခွန်ကို။မဟာဓဇံ၊ကြီးသောတံခွန်ကို။

➢ **သွာဟိသ္မိန်+မှာဘိမှိ+ဝါ ဟု (၃)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **ဟိသွာသ္မိ-ဟု ဝိဘတ်အစဉ်အတိုင်း မဆိုရခြင်းအကြောင်း။** ။ ဒီယောရေ ဟိသုတ်သို့ သွာဝိဘတ်တစ်လုံးသာ လိုက်ရမည်၏အဖြစ်ကို သိစေလိုသောကြောင့် ဟိ, သွာ ,သ္မိ-ဟု ဝိဘတ်အစဉ်အတိုင်း မဆိုရပါ။ (နိဒ္ဒေသ)

➢ **ယထာသင်္ချံ-အရ ကာရီ ကာရိယ နိမိတ်တွဲစပ်ပုံ** ။ ။ ခပ်သိမ်းသော လိင်နောင် သွာ-ကို မှာပြု၊ ဟိ-ကို ဘိပြု၊ သ္မိ-ကို မှိပြု၊ ပြုပါသည်။

http://www.dhammadownload.com



## ၁၀၀။ နတိမေဟိ ကတာကာရေဟိ

တ ဣမ ဣဒ္ဓေတေဟိ ကတာကာရေဟိ သွာသ္မိံနံ မှာမှိဣဒ္ဓေတေ အာဒေသာ နေဂ ဟောန္တိ။

အသွာ ဌာနာ ဘယံ ဥပ္ပဇ္ဇတိ၊ အသ္မိ ဌာနေ ဘယံ တိဋ္ဌတိ၊ အသွာ၊ အသ္မိ။

**ကတာကာရေဟိတိ** ကိမတ္ထံ? တမှာ၊ တမှိ၊ ဣမမှာ၊ ဣမမှိ။

* ကတာကာရေဟိ၊ပြုအပ်ပြီးသော အ,အကွရာရှိကုန်သော်။တိမေဟိ၊တသဒ္ဒါ,ဣမသဒ္ဒါတို့မှ။ပရေသံ၊နောက်၌ဖြစ်ကုန်သော။သွာသ္မိံနံ၊သွာ,သ္မိ ဝိဘတ်တို့၏။မှာမှိ၊မှာပြု,မှိပြုတို့သည်။နဟောန္တိ၊မဖြစ်ကုန်။

* ကတာကာရေဟိ၊ကုန်သော။တဣမဣဒ္ဓေတေဟိ၊တသဒ္ဒါ,ဣမသဒ္ဒါတို့မှ။ပရေသံ၊ကုန်သော။သွာသ္မိံနံ၊တို့၏။မှာမှိဣဒ္ဓေတေအာဒေသာ၊မှာပြု,မှိပြု,တို့သည်။နေဂ ဟောန္တိ၊မဖြစ်ကုန်။

အသွာ ဌာနာ၊ထိုအရပ်မှ။ (ဝါ) ဤအရပ်မှ။ဘယံ၊ဘေးသည်။ဥပ္ပဇ္ဇတိ၊ဖြစ်၏။အသ္မိ ဌာနေ၊ထို၊ရပ်၌။ (ဝါ) ဤအရပ်၌။ဘယံ၊ဘေးသည်။တိဋ္ဌတိ၊တည်၏။အသွာ၊ထိုအရပ်မှ (ဝါ) ဤအရပ်မှ။အသ္မိ၊ထိုအရပ်၌။ (ဝါ) ဤအရပ်၌။**ကတာကာရေဟိတိပဒံ**၊သည်။ကိမတ္ထံ၊နည်း။တမှာ၊ထိုအရပ်မှ။တမှိ၊ထိုအရပ်၌။ဣမမှာ၊ဤအရပ်မှ။ဣမမှိ၊ဤအရပ်၌။

➤ **နံ+တိမေဟိ(တ+ဣမေဟိ)+ကတာကာရေဟိ-ဟု (ဒု)ပုဒ် ရှိသော ပတိသေဓိဓိသုတ်။**

➤ **သွာ, သ္မိ,ဝိဘတ်ဖြင့် အမှာ, အမှိ-ဟု မရှိနိုင်ခြင်းအကြောင်း။** ။ နတိမေဟိ ကတာကာရေဟိသုတ်က အ,ပြုထားသော တသဒ္ဒါ,ဣမသဒ္ဒါတို့နောင် သွာ,သ္မိ ဝိဘတ်တို့ကို မှာ,မှိ,မပြုရ-ဟု တားမြစ်ထားသောကြောင့် **အမှာ,အမှိ-ဟု မရှိနိုင်ပါ။**

➤ **ကတာကာရအရ။** ။ သသွာသ္မိ သံသာသွတ္တံ၊ ဣမသဒ္ဒသဒ၊သုတ်တို့ဖြင့် အ,အကွရာဖြစ်အောင် ပြုစီရင်ပြီးသော တသဒ္ဒါ,ဣမသဒ္ဒါတို့ကို ယူရမည်။

➤ **ဟိနဉ်ဘိ မလိုက်ခြင်းအကြောင်း။** ။ ဟိ,ဝိဘတ်နောင်းရာ၌ တသဒ္ဒါ, ဣမသဒ္ဒါတို့ကို အ,အကွရာ မပြုနိုင်သောကြောင့် ဟိနဉ်ဘိမလိုက်ပါ။

➤ **သွာသ္မိနံပုဒ်,မှာမှိပုဒ်,များသာ လိုက်ခြင်းအကြောင်း။** ။ သွာ,သ္မိ,ဝိဘတ် နောင်းရာ၌ တသဒ္ဒါ, ဣမသဒ္ဒါတို့ကို အ,အကွရာပြုနိုင်သောကြောင့်၎င်း, တသဒ္ဒါ, ဣမသဒ္ဒါ၏ အပြုဖြစ်သော အ,အကွရာနောင် သွာ,သ္မိ,ဝိဘတ်တို့ကို မှာ,မှိ,မပြုနိုင်သော ကြောင့်၎င်း သွာသ္မိနံပုဒ် မှာမှိပုဒ်များသာ လိုက်ရပါသည်။

➤ **အသွာ,အသ္မိ, ၌ မှာ,မှိ-မပြုနိုင်ခြင်းအကြောင်း။** ။ နတိမေဟိ ကတာကာရေဟိသုတ်က တားမြစ်သောကြောင့် မှာ,မှိ,မပြုနိုင်ပါ။

http://www.dhammadownload.com



## ၁၀၁။ သုဟိသွကာရော ဧ

သုဟိ ဣစ္ဆေတေသု အကာရော ဧတ္တ မာပဇ္ဇတေ။

သဗ္ဗေသု၊ ယေသု၊ တေသု၊ ကေသု၊ ပုရိသေသု၊ ဣမေသု၊ ကုသလေသု၊ တုမှေသု၊ အမှေသု၊ သဗ္ဗေဟိ၊ ယေဟိ၊ တေဟိ၊ ကေဟိ၊ ပုရိသေဟိ၊ ဣမေဟိ၊ ကုသလေဟိ၊ တုမှေဟိ၊ အမှေဟိ။

* သုဟိသု၊သု,ဟိ,ဝိဘတ်တို့ကြောင့်။အကာရော၊အ,အက္ခရာသည်။ဧ၊ဧ,အဖြစ်သို့။ အာပဇ္ဇတေ၊ရောက်၏။ * သုဟိ ဣစ္ဆေတေသု၊သု, ဟိဝိဘတ်တို့ကြောင့်။အကာရော၊ အ,အက္ခရာသည်။ဧတ္တံ၊ဧ,အဖြစ်သို့။အာပဇ္ဇတေ၊ရောက်၏။

သဗ္ဗေသု၊ခပ်သိမ်းသောသူတို့၌။ယေသု၊အကြင်သူတို့၌။တေသု၊ထိုသူတို့၌။ကေသု၊ အဘယ်သူတို့၌။ပုရိသေသု၊ယောကျ်ားတို့၌။ဣမေသု၊ဤသူတို့၌။ကုသလေသု၊လိမ္မာသော သူတို့၌။တုမှေသု၊သင်တို့၌။အမှေသု၊ငါတို့၌။သဗ္ဗေဟိ၊ခပ်သိမ်းသောသူတို့ဖြင့်-တို့မှ။ ယေဟိ၊အကြင်သူတို့ဖြင့်-တို့မှ။တေဟိ၊ထိုသူတို့ဖြင့်-တို့မှ။ကေဟိ၊ဘယ်သူတို့ဖြင့်-တို့မှ။ ပုရိသေဟိ၊ယောကျ်ားတို့ဖြင့်-တို့မှ။ဣမေဟိ၊ဤသူတို့ဖြင့်-တို့မှ။ကုသလေဟိ၊လိမ္မာသော သူတို့ဖြင့်-တို့မှ။တုမှေဟိ၊သင်တို့ဖြင့်-သင်တို့မှ။အမှေဟိ၊ငါတို့ဖြင့်-ငါတို့မှ။

➢ သုဟိသု+အကာရော+ဧ-ဟု (၃)ပုဒ်ရှိသော အာဧသဝိဓိသုတ်။

➢ အကာရအရ။ ။ လိင်၏သမ္ဗန္ဓိဖြစ်သော အ,သရကို ယူရမည်။

➢ အကာရသဒ္ဒါထည့်ဆိုရခြင်းအကျိုး။ ။ ပုံလိင်, နပုံလိင်၏,အစိတ်ဖြစ်သော အ,အက္ခရာကိုသာ ဧပြုသည်ဟု သိစေခြင်းအကျိုးရှိပါသည်။

➢ ပုံလိင်,နပုံလိင်၌သာ ဧပြုနိုင်ခြင်းအကြောင်း။ ။ ဣတ္ထိလိင်, အကာရန္တ ရုပ်မရှိသောကြောင့် ပုံလိင်,နပုံလိင် အ,အက္ခရာကိုသာ ဧပြုရပါသည်။

## ၁၀၂။ သဗ္ဗနာမာနံ နံမှိစ

သဗ္ဗေသံ သဗ္ဗနာမာနံ အန္တော အကာရော ဧတ္တ မာပဇ္ဇတေ နံမှိ ဝိဘတ္တိမှိ။

သဗ္ဗေသံ၊ သဗ္ဗေသာနံ၊ ယေသံ၊ ယေသာနံ၊ တေသံ၊ တေသာနံ၊ ဣမေသံ၊ ဣမေသာနံ၊ ကေသံ၊ ကေသာနံ၊ ဣတရေသံ၊ ဣတရေသာနံ၊ ကတမေသံ၊ ကတမေသာနံ။

သဗ္ဗနာမာနမိတိ ကိမတ္ထံ? ပုဒ္ဓါနံ ဘဂဝန္တာနံ အာစိဏ္ဏ သမာစိဏ္ဏော။
အကာရောတိ ကိမတ္ထံ? အမူသံ၊ အမူသာနံ။
နံမှိတိ ကိမတ္ထံ? သဗ္ဗေ၊ ဣမေ။ စတ္ထဗာ မနုကမုနတ္ထံ။

http://www.dhammadownload.com



* နံမ့်စ၊နံဝိဘတ်ကြောင့်လည်း။သဗ္ဗနာမာနံ၊သဗ္ဗနာမ်ပုဒ်တို့၏။အကာရော၊ အ, အကၠရာသည်။ဇ၊ဧ,အဖြစ်သို့။အာပဇ္ဇတေ၊ရောက်၏။

* နံမ့်ဝိဘတ္တိမ့်ိ၊နံဝိဘတ်ကြောင့်။သဗ္ဗေသံ၊အလုံးစုံကုန်သော။သဗ္ဗနာမာနံ၊သဗ္ဗနာမ်ပုဒ်တို့၏။အန္တော၊အစိတ်ဖြစ်သော။အကာရော၊အ,အကၠရာသည်။ဇတ္တံ၊ဧ,အဖြစ်သို့။အာပဇ္ဇတေ၊ရောက်၏။

သဗ္ဗေသံ-သဗ္ဗေသာနံ၊ခပ်သိမ်းသောသူတို့အား-တို့၏။ယေသံ-ယေသာနံ၊အကြင်သူတို့အား-တို့၏။တေသံ-တေသာနံ၊ထိုသူတို့အား-တို့၏။ကၠမေသံ-ကၠမေသာနံ၊ဤသူတို့အား-တို့၏။ကေသံ-ကေသာနံ၊ဘယ်သူတို့အား-တို့၏။ကၠတရေသံ-ကၠတရေသာနံ၊ဤမှတစ်ပါးသော သူတို့အား-တို့၏။ကတမေသံ-ကတမေသာနံ၊ဘယ်သူတို့အား-တို့၏။

သဗ္ဗနာမာနမိတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ဘဂဝန္တာနံ၊ဘုန်းတော်ကြီးကုန်သော။ဗုဒ္ဓါနံ၊ဘုရားရှင်တို့၏။အာစိက္ခ သမာစိက္ခော၊ကောင်းမြတ်သော အလေ့အကျင့်တော်တည်း။အတာရောတိပဒံ၊သည်။ကိမတ္ထံ၊နည်း။အမူသံ-အမူသာနံ၊ထိုသူတို့အား-တို့၏။နံမ့်တိပဒံ၊သည်။ကိမတ္ထံ၊နည်း။သဗ္ဗေ၊ခပ်သိမ်းသောသူတို့သည်။ကၠမေ၊ဤသူတို့သည်။စဂ္ဂဟဏံ၊စသဒ္ဒါသည်။အနုကမုနတ္ထံ၊ဧ,ကို ငင်ခြင်းအနက်ရှိ၏။

➢ **သဗ္ဗနာမာနံ+နံမ့်+စ-ဟု (၃)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **သဗ္ဗနာမ,အရ။** ။ သဗ္ဗ, ယ, တ, ကၠမ, ကိ, ကၠတရ, ကတမ, သဗ္ဗနာမ်ပုဒ်များကို ယူရမည်။

➢ **စသဒ္ဒါ၏အနက်။** ။ စသဒ္ဒါသည် သုဟိသွကာရောဧသုတ်မှ ဧ,ကို ငင်သောကြောင့် အနုကမုနအနက်ရှိပါသည်။

➢ **စသဒ္ဒါဆိုရခြင်းတျိုး။** ။ စသဒ္ဒါဖြင့် သုဟိသွကာရောဧသုတ်မှ ဧ,ဟူသောကာရိယကို မိမိသုတ်သို့ လိုက်ပါလာအောင် ငင်ခြင်းအကျိုးရှိပါသည်။

## ၁၀၃။ အတောနေန

တသ္မာ အကာရတော နာဝစနဿ ဧနာဒေသော ဟောတိ။

သဗ္ဗေန၊ ယေန၊ တေန၊ ကေန၊ အနေန၊ ပုရိသေန၊ ရုပေန။

**အတောတိ ကိမတ္ထံ? မုနိနာ၊ အမုနာ၊ ဘိက္ခုနာ။ နာတိ ကိမတ္ထံ? တသ္မာ။**

* အတော၊အကာရဿမှ။ပရဿ၊နောက်ဖြစ်သော။နာ၊နာဝိဘတ်၏။ဧန၊ဧနပြုသည်။ဟောတိ၊ဖြစ်၏။ * တသ္မာအကာရတော၊ထိုအကာရဿမှ။ပရဿ၊နောက်ဖြစ်သော။နာဝစနဿ၊နာ, ဝိဘတ်၏။ဧနာဒေသော၊ဧနပြုသည်။ဟောတိ၊ဖြစ်၏။

သဗ္ဗေန၊ခပ်သိမ်းသောသူဖြင့်။ယေန၊အကြင်သူဖြင့်။တေန၊ထိုသူဖြင့်။ကေန၊အဘယ်သူဖြင့်။အနေန၊ဤသူဖြင့်။ပုရိသေန၊ယောကျ်ားဖြင့်။ရူပေန၊ရုပ်ဖြင့်။အတောတိပဒံ၊သည်။

http://www.dhammadownload.com



ကိမတ္ထံ၊နည်း။မုနိနာ၊ရဟန်းဖြင့်။အမုနာ၊ထိုသူဖြင့်။ဘိက္ခုနာ၊ရဟန်းဖြင့်။နာတိပဝံ၊သည်။ကိမတ္ထံ၊နည်း။တသ္မာ၊ထိုသူမှ။

➢ **အတော+နာ+စန-ဟု (၃)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **အတောနာယေန-ဟု ဓဆိဘဲ အတောနေန-ဟု ဆိုရခြင်း၊အကြောင်း။ ။** (အတောနာယေန-ဟု ဆိုသင့်သော်လည်း) နာ-ဟူသော တာရိပုဗ်၌ အဝိဘတ္တိကနယကို ညွှန်ပြလိုသောကြောင့် အတောနေန-ဟု ဆိုပါသည်။

## ၁၀၄။ သော

တသ္မာ အကာရတော သိဝစနဿ ဩကာရာဒေသော ဟောတိ။

သဒ္ဒေါ၊ ယော၊ သော၊ ကော၊ အမုကော၊ ပုရိသော။

**သီတိ ကိမတ္ထံ? ပုရိသာနံ။ အတောတိ ကိမတ္ထံ? သယမ္ဘူ။**

➢ **ဈာသ-အလို [သမာသ်] တေဝဒကြံ၌ အနတ်ဗေးပုံ။ ။** အတော၊ပုလ္လိင်, အကာရန္တနောင်မှ၊သော၊သိ, ဝိဘတ်၏ဩ,အပြုသည်။ဟောတိ၊ဖြစ်၏။

*** (ရှေ့သိဒ္ဓိအလို-[ဝါကျ] ဒွိပဒကြံ၌ အနတ်ဗေးပုံ)** အတော၊ပုံလိင်,အကာရန္တနောင်မှ၊ပရသ၊နောက်ဖြစ်သော။သိ၊သိ,ဝိဘတ်၏။ဩ၊ဩ, အပြုသည်။ဟောတိ၊ဖြစ်၏

* တသ္မာအကာရတော၊ထိုအကာရန္တမှ။ပရဿ၊သော။သိဝစနဿ၊သိ,ဝိဘတ်၏။ ဩကာရာဒေသော၊ဩပြုသည်။ဟောတိ၊ဖြစ်၏။

သဒ္ဒေါ၊ခပ်သိမ်းသောသူသည်။ယော၊အကြင်သူသည်။သော၊ထိုသူသည်။ကော၊ဘယ်သူသည်။အမုကော၊ထိုသူသည်။ပုရိသော၊ယောကျ်ားသည်။သီတိပဝံ၊သည်။ကိမတ္ထံ၊နည်း။ပုရိသာနံ၊တို့အား-တို့၏။အတောတိပဝံ၊သည်။ကိမတ္ထံ၊နည်း။သယမ္ဘူဘုရားသည်

➢ **သိ+ဩ-ဟု (၂)ပုဒ် ရှိသော အာဒေသဝိဓိသုတ်။**

➢ **သော-ဟူသော သုတ်သည် စကပဒဖြစ်သင့်/မဖြစ်သင့်။ ။** သမ္ဗန္ဓီဖြစ်သော ဩအက္ခရာ၏ထင်ရှားမရှိသေးသောကြောင့်၎င်း, သိ,ဝိဘတ်ကိုပြုမှ ဖြစ်ပေါ်နိုင်သော ဩ-ဟူသော သမ္ဗန္ဓီ၏ သိ,ဟူသောသမ္ဗန်ဒုင့်ဒဲခြင်းမရှိ၍ သမာသ်မဖြစ်နိုင်သောကြောင့်လည်းကောင်း စကပဒမဖြစ်သင့်ပါ။ (ဋီကာ)

➢ **ဝုတ္ထိ၌ သိဝစနဿ ဩတာရာဒေသော-တု ဖွင့်ဆိုရခြင်း၊အကြောင်း။** ဩကာရော ဟောတိ-ဟူသော အာဒေသကိုငဲ့၍ ဖွင့်ခြင်းဖြစ်သောကြောင့်-တည်း။

➢ **သိ,အရ-ဝိဘတ်ကိုဘာ ယူရခြင်း၊အကြောင်း။ ။ (ဩပြုရမည့် သိအတွက်ရာ)** ဝိဘတ်အပြုကို စိရင်သောသုတ်၏ အရာဖြစ်သောကြောင့်၎င်း, တတော၀ ဝိဘတ္တိယောသုတ်မှ ဝိဘတ္တိသဒ္ဒါလိုက်လာသောကြောင့်၎င်း သိ,အရ ဝိဘတ်တို့ကိုသာ ယူရပါမည်။

http://www.dhammadownload.com



## ၁၀၅။ သော ဝါ

တသွာ အကာရတော နာဝစနသ သော အာဒေသော ဟောတိ ဝါ။

အတ္ထသော ဓမ္မံ ဇာနာတိ၊ ဗျဥ္ဇနသော အတ္ထံ ဇာနာတိ၊ အက္ခရသော၊ သုတ္တ သော၊ ပဒသော၊ ယသသော၊ ဥပါယသော၊ သဗ္ဗသော၊ ထာမသော၊ ဌာနသော။

ဝါတိ ကိမတ္ထံ? ပါဒေန ဝါ ပါဒါရဟေန ဝါ အတိရေက ပါဒေန ဝါ ယော ဘိက္ခု ထေယျစိတ္တော ပရသဿဘဏ္ဍံ ဂဏှာတိ၊ သော ဘိက္ခု ပါရာဇိကော ဟောတိ အသံဝါသော။

* အတော၊အကာရန္တမ္ပ။ပရဿ၊နောက်ဖြစ်သော။နာ၊နာဝိဘတ်၏။သော၊သောပြု သည်။ဝါ၊ချို့။ဟောတိ၊ဖြစ်၏။

* တသွာအကာရတော၊ထိုအကာရန္တမ္ပ။ပရဿ၊နောက်ဖြစ်သော။နာဝစနသ၊နာ, ဝိဘတ်၏။သောအာဒေသော၊သော,ပြုသည်။ဝါ၊ချို့။ဟောတိ၊ဖြစ်၏။

အတ္ထသော၊အနက်အားဖြင့်။ဓမ္မံ၊တရားကို။ဇာနာတိ၊သိ၏။ဗျဥ္ဇနသော၊သဒ္ဒါအား ဖြင့်။အတ္ထံ၊အနက်ကို။ဇာနာတိ၊သိ၏။အက္ခရသော၊အက္ခရာအားဖြင့်။သုတ္တသော၊သုတ် အားဖြင့်။ပဒသော၊ပုဒ်အားဖြင့်။ယသသော၊အခြံအရံအားဖြင့်။ဥပါယသော၊အကြောင်း အားဖြင့်။သဗ္ဗသော၊အလုံးစုံအားဖြင့်။ထာမသော၊အားအစွမ်းအားဖြင့်။ဌာနသော၊ အကြောင်းအားဖြင့်။ဝါတိပဝံသည်။ကိမတ္ထံ၊နည်း။ပါဒေနဝါ၊တမတ်ဖြင့်၎င်း။ပါဒါရဟေ နဝါ၊တမတ်ထိုက်တန်သော ဥစ္စာဖြင့်၎င်း။အတိရေကပါဒေနဝါ၊တမတ်,တမတ်ထိုက်တန် သော ဥစ္စာထက်လွန်သောဥစ္စာဖြင့်၎င်း။ယော ဘိက္ခု၊အကြင်ရဟန်းသည်။ထေယျ စိတ္တော၊ခိုးယူလိုသောစိတ်ဖြင့်။ပရဿ၊သူတစ်ပါး၏။ ဘဏ္ဍံ၊ဥစ္စာကို။ဂဏှာတိ၊ခိုးယူအံ့။ သောဘိက္ခု၊ထိုရဟန်းသည်။ပါရာဇိကော၊ဆုံးရှုံးခြင်းသို့ ရောက်သည်။အသံဝါသော၊ ရဟန်းကောင်းတို့နှင့် ပေါင်းဖော်ရခြင်းမရှိသည်။ဟောတိ၊၏။

➤ သော+ဝါ-ဟု (၂)ပုဒ် ရှိသော အာဒေသဗိဓိသုတ်။

➤ ရူပသိဒ္ဓိ၌ သောဝါ-သုတ်ကို မဆိုရခြင်းအကြောင်း။ ။ အတ္ထသော-စသော ပုံစံများသည် သော,ပစ္စည်းသက်၍ ပြီးသောရူပ်များသာ ဖြစ်သောကြောင့် ရူပသိဒ္ဓိ၌ သောဝါ-သုတ်ကို မဆိုရခြင်းဖြစ်ပါသည်။

## ၁၀၆။ ဒီယောရေဟိ

ဒီယ ဩရ ဣစ္စေတေဟိ သွာဝစနသ သော အာဒေသော ဟောတိ ဝါ။

ဒီယသော၊ ဩရသော၊ ဒီယမှာ၊ ဩရမှာ။

ဒီယောရေဟိတိ ကိမတ္ထံ? သရမှာ၊ ဝစနမှာ။

http://www.dhammadownload.com



[ဒ်ယောရေဟိ (ဒီဃ+ဩရေဟိ)ဟု ၁-ပုဒ်သာရှိသော အာဒေသဝိဓိသုတ်]

* ဒီယောရေဟိ၊ဒီဃသဒ္ဒါ, ဩရသဒ္ဒါ,တို့မှ။ပရဿနောက်ဖြစ်သော။သွာ၊သွာ, ဝိဘတ်၏။သော၊သောပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

* ဒီဃဩရက္ကစ္စတေဟိ၊ဒီဃသဒ္ဒါ, ဩရသဒ္ဒါ,တို့မှ။ပရဿ၊သော။သွာဝစနဿ၊ သွာ,ဝိဘတ်၏။သောအာဒေသော၊သောပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

ဒီဃသော၊(ဒီဃ+သွာ)အလျားမှ။ဩရသော၊အတွင်းမှ။ဒီဃမှာ၊အလျားမှ။ဩရမှာ၊ အတွင်းမှ။ဒီယောရေဟိတိပဒံ၊သည်။ကိမတ္ထံ၊နည်း။သရမှာ၊သရမှ။ဝစနမှာ၊စကားမှ။

## ၁၀၇။ သဗ္ဗယောနီနမာဇ

တသွာ အကာရတော သဗ္ဗေသံ ယောနီနံ အာ ဇ အာဒေသော ဟောန္တိ ဝါ ယထာသင်္ချံ။ ပုရိသာ၊ ပုရိသေ၊ ရူပါ၊ ရူပေ။

**ဝါတိ ကိမတ္ထံ? အဂ္ဂယော၊ မုနယော၊ ဣသယော။ ယောနိနန္တိ ကိမတ္ထံ? ပုရိသဿ၊ ရူပဿ။ အကာရတောတိ ကိမတ္ထံ? ဒဏ္ဍိနော၊ အဋ္ဌိနိ၊ အဂ္ဂိ ပဇ္ဇလန္တိ၊ မုနိ စရန္တိ။**

* အတော၊အကာရန္တမှ။ပရေသံ၊နှောင်းကုန်သော။သဗ္ဗယောနိနံ၊အလုံးစုံသော ပထမာယော-နိ, ဒုတိယာယော-နိ,တို့၏။အာဇ၊အစဉ်အတိုင်း အာပြု,ဇပြုတို့သည်။ဝါ၊ အချို့။ဟောန္တိ၊ဖြစ်ကုန်၏။

* တသွာအကာရတော၊ထိုအကာရန္တမှ။ပရေသံ၊ကုန်သော။သဗ္ဗေသံ၊အလုံးစုံကုန် သော။ယောနိနံ၊ ပထမာယောနိ, ဒုတိယာယောနိ,တို့၏။ယထာသင်္ချံ၊အစဉ်အတိုင်း။အာ ဇ အာဒေသာ၊ အာပြု,ဇပြုတို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။

ပုရိသာ၊ယောဂျာ:တို့သည်။ပုရိသေ၊တို့ကို။ရူပါ၊ရူပ်တို့သည်။ရူပေ၊တို့ကို။**ဝါတိပဒံ**၊ သည်။ကိမတ္ထံ၊နည်း။အဂ္ဂယော၊မီးတို့သည်-တို့ကို။မုနယော၊ရဟန်းတို့သည်-တို့ကို။ဣသယော၊ရသေ့တို့သည်-တို့ကို။**ယောနိနန္တိပဒံ**၊သည်။ကိမတ္ထံ၊နည်း။ပုရိသဿ၊အား-၏။ ရူပဿ၊ရုပ်အား-၏။**အကာရတောတိပဒံ**၊သည်။ကိမတ္ထံ၊နည်း။ဒဏ္ဍိနော၊တောင်ဝှေးရှိ သော သူတို့သည်-တို့ကို။အဋ္ဌိနိ၊အရိုးတို့သည်-တို့ကို။အဂ္ဂိ၊မီးတို့သည်။ပဇ္ဇလန္တိ၊ တောက်လောင်ကုန်၏။မုနိ၊ရဟန်းတို့သည်။စရန္တိ၊သွားကုန်၏။

➢ **သဗ္ဗယောနိန်+အာဇ-ဟု (၂)ပုဒ် ရှိသော အာဒေသဝိဓိသုတ်။**

➢ **သဗ္ဗအရး ။** အလုံးစုံသော ယောနှင့် အလုံးစုံသော နိ,ကို ယူရပါမည်။

➢ **သဗ္ဗသဒ္ဒါထည့်ဆို ရခြင်းအကျိုး။** ။ ယော,နိတို့၏ အစိတ်ဩ,ကျတို့ကိုသာ အာ,ဇပြုရမည်မဟုတ်, ယောတစ်ခုလုံး နိ,တစ်ခုလုံးကို အာ,ဇပြုရခြင်း အကျိုးရှိပါသည်။

http://www.dhammadownload.com



➢ **အဓိကာရ ဝါသဂ္ဂါ၏အနက်။** ။ လိုက်လာသော ဝါသဂ္ဂါသည် ဝတ္ထိတ ဝိဘာသာ အနက်ရှိပါသည်။

**မေး။** ။ ဤသုတ်၌ အဓိကာရဝါသဂ္ဂါ၏ ဝတ္ထိတ ဝိဘာသာအနက်အရ ဝိဓိသုံးမျိုးကို ရှုပသိဒ္ဓိကျမ်းလာအတိုင်း ပိုင်းခြားပြပါ။**(ဝါ-သဂ္ဂါဖြင့် ပြဆိုသော အဓိပ္ပါယ်)**

**ဖြေ။** ။ လိုက်လာသော ဝါသဂ္ဂါသည် ဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့် ပုရိသာ, ပုရိသေ-စသော ပုလ္လိင်,ပုရိသာဒိဂုိဏ်းရှစ်တို့၌ အာ,ဧအမြဲပြုရခြင်း နိစ္စဝိဓိ, ရှုပါ, ရှုပါနိ-စသော နပုလ္လိင်,စိတ္တာဒိဂုိဏ်းရှစ်တို့၌ အာ,ဇ,အပြု မမြဲခြင်း အနိစ္စဝိဓိ, အဂ္ဂယော,မုနယော-စသော ဣကာရန္တမှ အကာရန္တပြောင်းလာသော ပြယုဝ်တို့၌ အာ,ဧ မပြုရခြင်း အသန္တဝိဓိကို ပိုင်းခြားပြပါသည်။

➢ **ပဌမာ-ယောတို့ အာ, ဒု-ယောကို ဧပြုရခြင်းအကြောင်း။** ။ ပရာပစ္စယာ၌ ပဌမာယော၏ အာ,အပြုကို မြင်ရသောကြောင့်ငင်း ပဌမာယောဝိဘတ်ကို ရှေးဦးစွာ ဆိုသောကြောင့်ငင်း ပဌမာယောကို အာပြု, ဒုတိယာ ယောကို ဧပြုရပါသည်။ (ဋီကာ)

## ၁၀၈။ သွာသ္မိန်ဝါ

တသွာ အကာရတော သဗ္ဗေသံ သွာသ္မိ ဣစ္စေတေသံ အာ ဧ အာဒေသော ဟောန္တိ ဝါ ယထာသင်္ချာ။ ပုရိသာ၊ ပုရိသွာ၊ ပုရိသေ၊ ပုရိသသ္မိ။

အကာရတောတိ ကိမတ္ထံ? ဒဏ္ဍီနာ၊ ဒဏ္ဍိသ္မိ၊ ဘိက္ခုနာ၊ ဘိက္ခုသ္မိ။

* အတော၊အကာရန္တမှ။ပရေသံ၊နှောင်းကုန်သော။သွာသ္မိန်၊သွာ သ္မိ ဝိဘတ်တို့၏။ အာဧ၊အာပြု,ဧပြုတို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။

* တသွာအကာရတော၊ထိုအကာရန္တမှ။ပရေသံ၊ကုန်သော။သဗ္ဗေသံ၊အလုံးစုံကုန်သော။သွာသ္မိ ဣစ္စေတေသံ၊တို့၏။ယထာသင်္ချာ၊အစဉ်အတိုင်း။အာ ဧ အာဒေသော၊အာပြု ဧပြုတို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။

ပုရိသာ-ပုရိသသွာ၊ယော ၌ပုရိသေ-ပုရိသသ္မိ၌။**အကာရတောတိပဒံ**၊သည်။ ကိမတ္ထံ၊နည်း။ဒဏ္ဍီနာ၊တောင်ဒေးရှိသောသူမှ။ဒဏ္ဍိသ္မိ၌။ဘိက္ခုနာ၊ရဟန်းမှ။ဘိက္ခုသ္မိ၊ ရဟန်း၌။

➢ **သွာသ္မိန်+ဝါ-ဟု (၂)ပုဒ် ရှိသော အာဒေသဝိဓိသုတ်။**

➢ **ဤသုတ်၏ အဓိအရင်ကို တားမြစ်သောသုတ်-တယော နေဝစ သဗ္ဗနာမေဟိ။**

➢ **သွာကို အာ, သ္မိကို ဧပြုရခြင်းအကြောင်း။** ။ သဗ္ဗသဒ္ဒါ လိုက်လာသောကြောင့်ငင်း, သွာသ္မိန်-ဟု အထူးပြု၍ ဆိုသောကြောင့်ငင်း, သွာတစ်ခုလုံးကို အာပြု, သ္မိတစ်ခုလုံးကို ဧပြုရပါသည်။ (ဋီကာ)

http://www.dhammadownload.com


## ၁၀၉။ အာယ စတုတ္ထေကဝစနဿ တု

တသ္မာ အကာရတော စတုတ္ထေကဝစနဿ အာယာဒေသော ဟောတိ ဝါ။ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇတိ။ အတောတိ ကိမတ္ထံ? ဣသိဿ။ စတုတ္ထီတိ ကိမတ္ထံ? ပုရိသဿ မုခံ။ ကေဝစနဿေတိ ကိမတ္ထံ? ပုရိသာနံ ဒဒါတိ။ ဝါတိ ကိမတ္ထံ? ဒါတာ ဟောတိ သမဏဿ ဝါ ဗြာဟ္မဏဿ ဝါ။ တုဂ္ဂဟာဏေန တ္ထဉ္စ ဟောတိ၊ အတ္ထတ္ထံ၊ ဟိတတ္ထံ၊ သုခတ္ထံ။

* အတော၊အကာရန္တမ္ပု။ပရဿ၊နောက်ဖြစ်သော။စတုတ္ထေကဝစနဿ၊စတုတ္ထီ ကေဝုစ် သ,ဝိဘတ်၏။အာယတုံ၊အာယပြုသည်လည်း။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

* တသ္မာအကာရတော၊ထိုအကာရန္တမ္ပု။ပရဿ၊သော့။စတုတ္ထေကဝစနဿ၊၏။ အာယာဒေသော၊အာယပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

ဒေဝမနုဿာနံ၊နတ်,လူတို့၏။အတ္ထာယ၊အကျိုးငှာ။ဟိတာယ၊အစီးအပွားငှာ။သုခါယ၊ချမ်းသာခြင်းငှာ။ဗုဒ္ဓေါ။ဘုရားသည်။လောကေ၊လောကဘ၌။ဥပ္ပဇ္ဇတိ၊ပွင့်ထွန်း ဖြစ်ပေါ်တော်မူလာ၏။**အတောတိပဒံ**၊သည်။ကိမတ္ထံ၊နည်း။ဣသိဿ၊ရသေ့အား။**စတုတ္ထီတိပဒံ**၊သည်။ကိမတ္ထံ၊နည်း။ပုရိသဿ၊ယောကျ်ား၏။မုခံ၊မျက်နှာ။**ကေဝစနဿေတိပဒံ**၊သည်။ကိမတ္ထံ၊နည်း။ပုရိသာနံ၊ယောကျ်ားတို့အား။ဒဒါတိ၊ပေး၏။**ဝါတိပဒံ**၊သည်။ကိမတ္ထံ၊နည်း။ သမဏဿ ဝါ၊ရဟန်းအားငဉ်း။ ဗြာဟ္မဏဿ ဝါ၊ပုဏ္ဏားအားငဉ်း။ဒါတာ၊ပေးလှူတတ်သည်။ဟောတိ၊ဖြစ်၏။**တုဂ္ဂဟာဏေန**၊တုသဒ္ဒါဖြင့်။တ္ထဉ္စ၊ကွဲပြားသည်လည်း။ဟောတိ၊၏။ အတ္ထတ္ထံ၊အကျိုးငှာ။ဟိတတ္ထံ၊အစီးအပွားငှာ။သုခတ္ထံ၊ချမ်းသာခြင်းငှာ။

➢ **အာယ+စတုတ္ထေကဝစနဿ+တု-ဟု (၃)ပုဒ် ရှိသော အာဒေသဝိဓိသုတ်။**

➢ **ဤသုတ်၏ အစီအရင်ကို တားမြစ်သောသုတ်-တယော နေဝစ သပ္ပနာမေဟိ။**

➢ **ဤသုတ်ဖြင့် စီရင်နိုင်သော လိင် - အတောနေန-သုတ်မှ အတောသဒ္ဒါ လိုက်လာသောကြောင့် ပုလ္လိင်, နပုလ္လိင်၌ စီရင်ပါသည်။**

➢ **အဝိဘတ္တိကဖြင့် အာယ-ဟု ဆိုရခြင်းအကျိုး။ ။** အာယော-ဟု သဝိဘတ္တိကဖြင့် မဆိုဘဲ အာယ,ဟု အဝိဘတ္တိကဖြင့် ဆိုခြင်းသည် သုတ်ကိုရွတ်ဖတ်လွယ်ကူစေခြင်း အကျိုးရှိပါသည်။ (နိဒ္ဒေသ)

➢ **အာယပြုရာဌာန (၄) မျိုး။ ။** (၁) **တဒတ္ထသမ္ဘဒါန်-** အတ္ထာယ,ဟိတာယ, သုခါယ။ (၂) **တုဂ္ဂဟဏသမ္ဘဒါန်-** လောကာနုကမ္ပာယ။ (၃)**နိဓိတတ်, ဂတိအနက်ရှိသော** (အက်တို့၏ **ကံ-** ဒုတိယာ ဧကဝုစ်။အာယပါ သဒ္ဒါယ ဂစ္ဆတိ။ (၄) **ဝိဘတ္တိ, ဝိဂ္ဂလသ-**

http://www.dhammadownload.com



မဟတော ဂဏာယ ဘတ္တာ မေ။ (မေ၀ါ၏။ဘတ္တာ၊အရှင်သည်။မဟတာ၊များစွာသော။ ဂဏာယ၊ဟသ်ာအပေါင်း၏။ဘတ္တာ၊အရှင်မင်းတည်း။)

➢ **တုသဒ္ဒါ၏အနက်။** ။ တုသဒ္ဒါသည် အဝုတ္တသမုစ္စည်း အနက်ရှိပါသည်။

➢ **တုသဒ္ဒါဆိုရခြင်းအကျိုး။** ။ (ကစ္စည်း-အလို) တု-သဒ္ဒါဖြင့် အတ္ထတ္ထံ၊ ဟိတတ္ထံ၊ သုခတ္ထံ ပြယုဂ်တို့၌ သဝိဘတ်ကို ထွံပြုရခြင်း အကျိုးရှိပါသည်။

တုသဒ္ဒါဖြင့် အတ္ထတ္ထံ၌ သ,ဝိဘတ်ကို ထွံပြုရခြင်း ထွဥ္စ၌ စသဒ္ဒါဖြင့် ကိမတ္ထံ၌ သ,ဝိဘတ်ကို အတ္ထံပြု, ဒဿနံ ဂ္ဂဓ မာဂတောဒ္ဓ သဝိဘတ်ကို အံပြုရခြင်း အကျိုးရှိပါသည်။

## ၁၁၀။ တယော နေဝ စ သဗ္ဗနာမေဟိ

တေဟိ သဗ္ဗနာမေဟိ အကာရန္တေဟိ သွာ သွိ သက္ကစ္စေတေသံ တယော အာ ဧ အာယာဒေသာ နေဝ ဟောန္တိ။

သဗ္ဗသွာ၊ သဗ္ဗသွိ၊ သဗ္ဗသဿ၊ ယသွာ၊ ယသွိ၊ ယဿ၊ တသွာ၊ တသွိ၊ တဿ၊ ကသွာ၊ ကသွိ၊ ကဿ၊ ဂ္ဂမသွာ၊ ဂ္ဂမသွိ၊ ဂ္ဂမဿ၊

**သဗ္ဗနာမေဟီတိ ကိမတ္ထံ? ပါပါ၊ ပါပေ၊ ပါပါယ။ စဝ္ဂဟဏာ မနုကမုနတ္ထံ။**

* အကာရန္တေဟိ၊အကာရန္တဖြစ်ကုန်သော။သဗ္ဗနာမေဟိ၊သဗ္ဗနာမ်ပုဒ်တို့မှ။ပရေသံ၊ နောက်၌ဖြစ်ကုန်သော။သွာ သွိ သာန်းသွာ,သွိ,သ,ဝိဘတ်တို့၏။တယော၊သုံးပါးကုန်သော အာ, ဧ, အာယပြုတို့သည်။နေဝ ဟောန္တိ၊မဖြစ်ကုန်သည်သာတည်း။စ၊ဖြစ်သည်လည်း ရှိကုန်၏။

* အကာရန္တေဟိ၊ကုန်သော။တေဟိသဗ္ဗနာမေဟိ၊ထိုသဗ္ဗနာမ်ပုဒ်တို့မှ။ပရေသံ၊ ကုန်သော။သွာသွိသက္ကစ္စေတေသံ၊သွာ,သွိ,သ, ကေဝုစ်ဝိဘတ်တို့၏။တယော၊သုံးပါးကုန် သော။အာဧ အာယာဒေသာ၊ အာ, ဧ, အာယပြုတို့သည်။နေဝ ဟောန္တိ၊မဖြစ်ကုန်သည် သာတည်း။

သဗ္ဗသွာ၊ခဝ်သိမ်းသောသူမှ။သဗ္ဗသွိ၌။သဗ္ဗသဿ၊အား။ယသွာ၊အကြင်သူမှ။ယသွိ၌။ ယဿ၊အား။တသွာ၊ထိုသူမှ။တသွိ၌။တဿ၊အား။ကသွာ၊ဘယ်သူမှ။ကသွိ၌။ကဿ၊ အား။ဂ္ဂမသွာ၊ဤသူမှ။ဂ္ဂမသွိ၌။ဂ္ဂမဿ၊အား။**သဗ္ဗနာမေဟီတိပဒံ**၊သည်။ကိမတ္ထံ၊ နည်း။ပါပါ။မကောင်းမှုမှ။ပါပေ၊မကောင်းမှု၌။ပါပါယ၊မကောင်းမှုဖြစ်ဖို့ရာ။**စဝ္ဂဟဏာ**၊ စသဒ္ဒါသည်။အနုကမုနတ္ထံ၊အတောကို ငင်ခြင်းအနက်ရှိ၏။

➢ **တယော+နေဝ+စ+သဗ္ဗနာမေဟိ-ဟု (၄)ပုဒ် ရှိသော ပဒိသေဓိဓိသုတ်။**

➢ **သဗ္ဗနာမ,အရ။** ။ သဗ္ဗ, ယ, တ, ကိ, ဂ္ဂမ, သဗ္ဗနာမ်ပုဒ်တို့ကို ယူရမည်။

➢ **တယော,အရ ယူရမည့်ဝိဘတ်။** ။ သွာ, သွိ, သ,ဝိဘတ်တို့ဖြစ်ပါသည်။

http://www.dhammadownload.com



➢ **တယော,အရ ယူရမည့်အာဒေသ။** ။ အာ, ဇ, အာယ,တို့ဖြစ်ပါသည်။

➢ **ဤသုတ်က တားမြစ်သောသုတ်။** ။ သွားသို့ နံဝါ, အာယစတုတ္ထေက ဝစနဿတု-သုတ်တို့ ဖြစ်ပါသည်။

➢ **ပါပါ ပါပေ ပါပါယ-တို့၌ အာ, ဇ, အာယ ပြုရခြင်းအကြောင်း**

တယော နေဝစ သဗ္ဗနာမေဟိသုတ်သည် သဗ္ဗနာမ်အကာရန္တနောင် အာ, ဇ, အာယ အပြုကို တားမြစ်ပါသည်၊ ပါပါ ပါပေ ပါပါယ-တို့၌ သဗ္ဗနာမ် မဟုတ်သောကြောင့် အာ, ဇ, အာယပြုရပါသည်။

➢ **ဣမသဒ္ဒါနောင် သွာဝိဘတ်ကို အာ-ပြု၍ "ဣမာ"ဟု ရွှဝ်ပြီးနိုင်/ မပြီးနိုင်** ။ ။ တယော နေဝစ သဗ္ဗနာမေဟိသုတ်က အကာရန္တ သဗ္ဗနာမ်ပုဒ်နောင် သွာဝိဘတ်ကို အာ-မပြုရဟု တားမြစ်ထားသောကြောင့် ဣမ-သဒ္ဒါနောင် သွာဝိဘတ်ကို အာပြု၍ "ဣမာ"ဟု ရွှဝ် မပြီးနိုင်ပါ။

➢ **စ-သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်** ။ ။ စ-သဒ္ဒါဖြင့် ပုဗ္ဗ, ပရ-စသော သဗ္ဗနာမ် အကာရန္တနောင် သွာ, သို့, သဝိဘတ်တို့၏ အာ, ဇ, အာယ-အပြု တားမြစ်ခြင်းကို နှစ်စေပါသည်။

➢ **စသဒ္ဒါ၏အနက်။** ။ စသဒ္ဒါသည် (ကစ္စည်းအလို) အတောနေနသုတ်မှ အတောကို ငင်သောကြောင့် အနုကမုနအနက်။ (ရှုပသိဒ္ဓိအလို) နိဝတ္တာပနာဝဓာရဏာအနက် ရှိပါသည်။

➢ **စသဒ္ဒါဆိုရခြင်းအကျိုး။** ။ (ကစ္စည်းအလို) စသဒ္ဒါဖြင့် အတောနေနသုတ်မှ အတော-ကို ငင်ယူရခြင်း အကျိုးရှိပါသည်။

(ရှုပသိဒ္ဓိ-အလို) စသဒ္ဒါသည် ပုဗ္ဗ-စသော ဒိသာဝါစက သဗ္ဗနာမ်ပုဒ်နောင် သွာ,သို့, ဝိဘတ်တို့ကို အာ,ဇ မပြုရဟူသော စကားကို နှစ်စေခြင်းအကျိုးရှိပါသည်

➢ **ဧဝ-သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်** ။ ။ ဧဝ-သဒ္ဒါဖြင့် သဗ္ဗ, ယ, တ-စသော အကာရန္တ သဗ္ဗနာမ်နောင် သွာ, သို့, သဝိဘတ်တို့၏ အာ, ဇ, အာယ-အပြု တို့ကို ခိုင်မြဲစေပါသည်။

➢ **ဧဝသဒ္ဒါ၏အနက်။** ။ ဧဝသဒ္ဒါသည် သန္နိဋ္ဌာနာ ဝဓာရဏာအနက်ရှိပါသည်။

➢ **ဧဝသဒ္ဒါဆိုရခြင်းအကျိုး။** ။ ဧဝသဒ္ဒါသည် အကာရန္တ သဗ္ဗနာမ်ပုဒ်နောင် သွာ,သို့,စတုတ္ထိ သဝိဘတ်တို့ကို အခါခပ်သိမ်း အာ,ဇ,အာယ,မပြုရဟု မြစေခြင်းအကျိုးရှိပါသည်။ (ရူပသ)

**မေး။** ။ တယောနေဝစ သဗ္ဗနာမေဟိသုတ်၌ ဧဝသဒ္ဒါ စသဒ္ဒါတို့ဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ဧဝလည်းထိုင့်စ-လည်းထိုင် ဆိုပြီးခွဲခေါ်နည်း-အရ ဖြေဆိုပါ။

http://www.dhammadownload.com



ဖြေ။ ။ အခြားခွေးများနှင့် ရောနှောနေသော မိမိခွေးအား အစာကျွေးလို၍ လက်တစ်ဖက်ဖြင့် မလိုသောခွေးများ မလာအောင် လှံကိုင်ထား၏၊ မိမိခွေးကိုကား နှုတ်ဖြင့် ခေါ်သကဲ့သို့ ထို့အတူ ဒေသဒ္ဓါဖြင့် များစွာသော သဗ္ဗနာမ်ပုဒ်တို့နောင် သွာ,သို့ဝိဘတ်တို့၏ အာ,ဧအပြု သ,၏ အာယ,အပြုကို တားမြစ်ရာ၌ ခိုင်မြဲစေ၏။

စသဒ္ဓါဖြင့် ပုဗ္ဗ-စသော အနှို့သဗ္ဗနာမ်နောင် သွာ,သို့-၏ အာ,ဧ,မပြုရဟူသော သုတ်ရင်းတားမြစ်ချက်ကို ဟန့်တားနှစ်စေပါသည်၊အာ,ဧပြုရန်ခွင့်ပြုပါသည်။

## ၁၁၁။ ယတော နာဒီနံ

တသွာ ယတော နာဒီနမေကဝစနာနံ ဝိဘတ္တိဂဏာနံ အာယာဒေသော ဟောတိ။

ကညာယ ကတံ ကမ္မံ၊ ကညာယ ဒိယတေ၊ ကညာယ နိဿဒ္ဓံ ဝတ္ထံ၊ ကညာယ ပရိဂ္ဂဟော၊ ကညာယ ပတိဋ္ဌိတံ သိလံ။

ယတောတိ ကိမတ္ထံ? ရတ္တိယာ၊ ဂ္ဂတ္တိယာ၊ ဓေနုယာ၊ ဝဓုယာ။ နာဒီနမိတိ ကိမတ္ထံ? ကည် ပဿတိ၊ ဝိဇ္ဇ်၊ ဝီဏာ၊ ဂဂီ။ ဧကဝစနနာမိတိ ကိမတ္ထံ? သတ္ထာသု၊ ယာယု၊ တာသု၊ ကာသု၊ ဂ္ဂမာသု၊ ပဘာသု။

* ယတောၤယမ္ဟၤပရေသံၤနှောင်းကုန်သော။နာဒီနံၤနာ,အစရှိသော ဧကဝုစ်ဝိဘတ်ငါးလုံးတို့၏။အာယၤအာယ,ပြုသည်။ဟောတိၤဖြစ်၏။

* တသွာယတောၤထိုယမ္ဟၤပရေသံၤနှောင်းကုန်သော။နာဒီနံၤနာ,အစရှိကုန်သော။ဧကဝစနာနံၤဧကဝုစ်ဖြစ်ကုန်သော။ဝိဘတ္တိဂဏာနံၤဝိဘတ်အပေါင်းတို့၏။အာယာဒေသောၤအာယ,ပြုသည်။ဟောတိၤဖြစ်၏။

ကညာယၤသတို့သို့းသည်။ကမ္မံၤအမှုကို။ကတံၤပြုအပ်၏။ကညာယၤအား။ဒိယတေၤပေးအပ်၏။ကညာယၤမှ။ဝတ္ထံၤအဝတ်(ထမီ)သည်။နိဿဒ္ဓံၤကျွတ်၏။ကညာယၤ၏။ပရိဂ္ဂဟောၤသိမ်းဆည်းခြင်း။ကညာယၤ၌။သီလံၤသည်။ပတိဋ္ဌိတံၤတည်၏။ယတောတိပဒံၤသည် ကိမတ္ထံၤနည်း။ရတ္တိယာၤညဉ့်သည်-ဖြင့်, အား, မှ, ၏, ၌။ဂ္ဂတ္တိယာၤမိန်းမသည်, ဖြင့်, အား, မှ, ၏, ၌။ဓေနုယာၤနွားမသည်, ဖြင့်, အား, မှ, ၏, ၌။ဝဓုယာၤခွေးမသည်, ဖြင့်, အား, မှ, ၏, ၌။နာဒီနမိတိပဒံၤသည်။ကိမတ္ထံၤနည်း။ကည်ၤသတို့သို့းကို။ပဿတိၤမြင်၏။ဝိဇ္ဇ်းအဘတ်ပညာကို။ဝီဏာၤစောင်းကို။ဂဂီၤဂဂီမြစ်ကို။ဧကဝစနနာမိတိပဒံၤသည်။ကိမတ္ထံၤနည်း။သတ္ထာသုၤခပ်သိမ်းသော မိန်းမတို့၌။ယာသုၤအကြင် မိန်းမတို့၌။တာသုၤထိုမိန်းမတို့၌။ကာသုၤအဘယ်မိန်းမတို့၌။ဂ္ဂမာသုၤဤမိန်းမတို့၌။ပဘာသုၤအရောင်တို့၌။

➢ ယတော+နာဒီနံ-ဟု (၂)ပုဒ် ရှိသော အာဒေသဝိဓိသုတ်။

http://www.dhammadownload.com



➢ **အာဒိအရ။ ။** သ,သွာ,သ,သွိ ဝိဘတ်တို့ကို ယူရပါမည်။

➢ **ကာရီဖြစ်ထိုက်သော ဝိဘတ်။ ။** နာ,သ,သွာ,သ,သွိ ဝိဘတ်တို့ဖြစ်ပါသည်။

➢ **ဣဿိ-သဒ္ဒါနောင် အာယပြု၍ ဣဿိယာယ-ဟု ရှိသင့်/မရှိသင့်**

ယတော နာဒီနံသုတ်ဖြင့် ယ-နောင်သာ အာယပြုရမည်ဖြစ်၍ ဣဿိသဒ္ဒါသည် ယ-မဟုတ်သောကြောင့် ဣဿိယာယ-ဟု မရှိသင့်ပါ။

➢ **နိစ္စဝိဓိ+အနိစ္စဝိဓိ။ ။** ဤသုတ်သည် နိစ္စဝိဓိ, အနိစ္စဝိဓိနှစ်မျိုးတွင် ယပတော သွိယံဝါ-သုတ်ကိုထောက်၍ အနိစ္စဝိဓိ ဖြစ်ပါသည်။

## ၁၁၂။ ပတော ယာ

တသ္မာ ပတော နာဒီနမေကဝစနာနံ ဝိဘတ္တိဂဏာနံ ယာအာဒေသော ဟောတိ။ * ရတ္တိယာ၊ ဣတ္တိယာ၊ ဒေဝိယာ၊ ဓေနုယာ၊ ယာဂုယာ၊ ဝဓုယာ။

**နာဒီနမိတိ ကိမတ္ထံ? ရတ္တိ၊ ရတ္တိ၊ ဣတ္တိ၊ ဣတ္တိ။ ပတောတိ ကိမတ္ထံ? ကညာယ၊ ဝိဏာယ၊ ဂဂီါယ၊ ပဘာယ၊ သောဘာယ။ ဧကဝစနာနမိတိ ကိမတ္ထံ? ရတ္တိနံ၊ ဣတ္တိနံ။**

* ပတော၊ပမှ။ပရေသံ၊နှောင်းကုန်သော။နာဒီနံ၊နာ,အစရှိကုန်သော ဧကဝုစ်ဝိဘတ် ငါးလုံးတို့၏။ယာ၊ယာ,ပြုသည်။ဟောတိ။ဖြစ်၏။

* တသ္မာပတော၊ထိုပမှ။ပရေသံ၊ကုန်သော။နာဒီနံ၊နာ,အစရှိကုန်သော။ဧကဝစနာနံ၊ကေဝုစ်ဖြစ်ကုန်သော။ဝိဘတ္တိဂဏာနံ၊ဝိဘတ်အပေါင်းတို့၏။ယာအာဒေသော၊ ယာ, ပြုသည်။ဟောတိ။ဖြစ်၏။

ရတ္တိယာ၊ညဉ်သည်-ဖြင့်, အား, မှ, ၏, ၌။ဣတ္တိယာ၊မိန်းမသည်, ဖြင့်, အား, မှ, ၏, ၌။ဒေဝိယာ၊မိဖုရားသည်, ဖြင့်, အား, မှ, ၏, ၌။ဓေနုယာ၊နွားမသည်, ဖြင့်, အား, မှ, ၏, ၌။ယာဂုယာ၊ယာဂုသည်, ဖြင့်, အား, မှ, ၏, ၌။ဝဓုယာ၊ချွေးမသည်, ဖြင့်, အား, မှ, ၏, ၌။နာဒီနမိတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ ရတ္တိ၊ညဉ်သည်။ရတ္တိ၊ညဉ်ကို။ဣတ္တိ၊မိန်းမသည်။ဣတ္တိ၊မိန်းမကို။ပတောတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ကညာယ၊သတို့သမီးသည်, ဖြင့်, အား, မှ, ၏, ၌။ဝိဏာယ၊စောင်းသည်,ဖြင့်, အား, မှ, ၏, ၌။ဂဂီါယ၊ဂဂီါမြစ်သည်, ဖြင့်, အား, မှ, ၏, ၌။ပဘာယ၊အရောင်သည်, ဖြင့်, အား, မှ, ၏, ၌။သောဘာယ၊အယဉ် (ရေအယဉ်) သည်, ဖြင့်, အား, မှ, ၏, ၌။ ဧကဝစနာနမိတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ ရတ္တိနံ၊ညဉ်တို့အား-တို့၏။ဣတ္တိနံ၊မိန်းမတို့အား-တို့၏

➢ **ပတော+ယာ-ဟု (၂)ပုဒ် ရှိသော အာဒေသဝိဓိသုတ်။**

➢ **ယတောနာဒီနံ-ပတောယာသုတ်တို့၏ ကာရီယသည် ဌာနတိုင်း မဟုတ်ဟု ညွှန်ပြသောသုတ်။ ။** နေတာဟိသွိ မာယယာ-သုတ်ဖြင့်ပါသည်။

http://www.dhammadownload.com



➢ ပတော-အရ/ နိမိတ်အရ။ ။ ပ,အမည်ရှိသော ဣဝဏ်,ဥဝဏ်,သရ(၄)လုံးရ၏။

➢ ကာရီဖြစ်ထိုက်သော ဝိဘတ်။ ။ နာ,သ,သွာ,သ,သို့ ဝိဘတ်တို့ဖြစ်ပါသည်။

➢ နိစ္စဝိဓိ+အနိစ္စဝိဓိ။ ။ အမာပတောသို့ သွာနံဝါသုတ်နှင့် ထိုသုတ် အာပတော ယောဂ ဝိဘာဂဖြင့် နာ,အစရှိသော ဧကဝုစ်ဝိဘတ်တို့ကို အာ,ပြုနိုင်သောကြောင့် အနိစ္စဝိဓိ ဖြစ်ပါသည်။

## ၁၁၃။ သခတော ဂဿေ ဝါ

တသွာ သခတော ဂဿ အကာရ အာကာရ ဣကာရ ဤကာရ ဧကာရ ဒေသော ဟောန္တိ ဝါ။ * ဘောသခ၊ ဘောသခါ၊ ဘောသခိ၊ ဘောသခီ၊ ဘောသခေ။

* သခတော ဝါ၊သခသွါမ့လည်း။ပရဿ၊နောက်ဖြစ်သော။ဂဿ၊ဂ,သိ၏။ဧ၊အ,ပြု အာပြု၊ ဣပြု၊ ဤပြု၊ ဧပြုတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

* တသွာသခတော ဝါ၊ထိုသခသွါမ့လည်း။ပရဿ၊သော။ဂဿ၊ဂ,သိ၏,။အကာရ အာကာရ ဣကာရ ဤကာရ ဧကာရဒေသော၊အပြု၊ အာပြု၊ ဣပြု၊ ဤပြု၊ ဧပြုတို့သည် ဟောန္တိ၊ဖြစ်ကုန်၏။ * ဘောသခ၊ဘောသခါ၊ဘောသခိ၊ဘောသခီ၊ဘောသခေ၊အိုခင်ပွန်း

➢ သခတော+ဂဿ+ဧ+ဝါ-ဟု (၄)ပုဒ် ရှိသော အာဒေသဝိဓိသုတ်။

➢ ဂဿေပုဒ်ဖြတ်။ ။ ဂဿေကို ဂဿ+ဧ-ဟု ပုဒ်ဖြတ်၍ ဧ-ကို အ,အာ,ဣ,ဤ,ဧ-ဟု ဖြတ်ပါ။သရာသရေ လောပ် -သုတ်ဖြင့် နောက်သရကြောင့် ဤ,ဣ,အာ, အသရတို့ကိုချေ။

➢ ဝါသဒ္ဒါ၏အနက်။ ။ ဝါသဒ္ဒါသည် သမုစ္စည်းအနက်ရှိပါသည်။

➢ ဝါသဒ္ဒါဆိုရခြင်းအကျိုး။ ။ ဝါသဒ္ဒါသည် ဘဒ္ဒန္တေဣသေ၌ ဣသိ,စသော သဒ္ဒါနောင် ဂသိဝိဘတ်ကို ဧပြုရခြင်း အကျိုးရှိပါသည်။

➢ ကာရီဖြစ်ထိုက်သော သရများ။ ။ အ,အာ,ဣ,ဤ,ဧ-သရတို့ ဖြစ်ပါသည်။

## ၁၁၄။ ယတေ စ

တသွာ ယတော ဂဿ ဧကာရာဒေသော ဟောတိ။

ဘောတိအယ္မေ၊ ဘောတိကညေ၊ ဘောတိခရာဒိယေ။

စဂ္ဂဟဏာ မဝဓာရဏာတ္ထံ? ညန္ဒိဌာနံ။

* ယတောစ၊ယမ့လည်း။ပရဿ၊နောက်ဖြစ်သော။ဂဿ၊ဂသိ၏။ဧ၊ဧပြုသည်။ ဟောတိစ၊ဖြစ်သည်သာလျှင်တည်း။

* တသွာယတော၊ထိုယမ့။ပရဿ၊နောက်ဖြစ်သော။ဂဿ၊ဂသိ၏။ဧကာရာဒေ သော၊ဧပြုသည်။ဟောတိစ၊ဖြစ်သည်သာလျှင်တည်း။ ။ ဘောတိအယ္မေ၊အိုရှင်မ။

http://www.dhammadownload.com



ဘောတိကညေ၊အိုသတ္ဘိသို့။ဘောတိခရာဒိယေ၊အိုခရာဒိယမည်သော နှမ။စတ္ဝဟဏ်၊ စသဒ္ဒါသည်။ကိမတ္ထံ၊နည်း။အဝဓာရဏတ္ထံ-သန္နိဋ္ဌာန်၊ဆုံးဖြတ်ခြင်း အနက်ရှိ၏။

➢ ယတော+ဓ+စ-ဟု (၃)ပုဒ် ရှိသော အာဒေသဝိဓိသုတ်။

➢ ဘောတိ အယ္ယေ ဘောတိ တညေ စသည်တို့၌ ဘဝန္တသဒ္ဒါ ထည့်၍ ဆို ရကျိုး ။ ။ အာလုပ်အနက် ထင်ရှားခြင်းအကျိုးငှာ "ဘဝန္တ"သဒ္ဒါကို ထည့်၍ဆိုရသည်

➢ စသဒ္ဒါ၏အနက်။ ။ စသဒ္ဒါသည် (ကစ္စည်း-ဏာသဇလို) သန္နိဋ္ဌာနာဝဓာရဏာ အနက်ရှိပါသည်။ (နိဒ္ဒေသ-အလို) သမုစ္စည်းအနက် ရှိပါသည်။

➢ စသဒ္ဒါဆိုရခြင်းအကျိုး။ ။ (ကစ္စည်းအလို) စသဒ္ဒါဖြင့် ယ,နောင်သက်သော ဂသိဝိဘတ်၏ ဓ,အပြုကို မြစေခြင်း အကျိုးရှိပါသည်။

(နိဒ္ဒေသ-အလို) စသဒ္ဒါဖြင့် သေဋ္ဌိဓိတေ, ဒေဝဓိတေ, နန္ဒမာတေ,စသည်တို့၌ ပ,နောင် ဂသိဝိဘတ်ကို ဓ,ပြုရခြင်း အကျိုးရှိပါသည်။

## ၁၁၅။ နှ အမ္မာဒိတော

တတော အမ္မာဒိတော ဂဿ ဧကာရတ္တံ နှ ဟောတိ။

ဘောတိ အမ္မာ၊ ဘောတိ အန္နာ၊ ဘောတိ အမ္မာ၊ ဘောတိ တာတာ။

အမ္မာဒိတောတိ ကိမတ္ထံ? ဘောတိ ကညေ။

* အမ္မာဒိတော၊အမ္မာအတူရှိသော အမိဟောသဒ္ဒါမှ။ပရဿ၊နောက်ဖြစ်သော။ ဂဿ၊ဂသိ၏။ဓ၊ဧ,အဖြစ်သည်။နဟောတိ၊မဖြစ်။

* တတောအမ္မာဒိတော၊ထိုအမ္မာအတူရှိသော အမိဟောသဒ္ဒါမှ။ပရဿ၊သော။ ဂဿ၊ဂသိ၏။ဧကာရတ္တံ၊ဧ,အဖြစ်သည်။နဟောတိ၊မဖြစ်။

ဘောတိ အမ္မာ၊ ဘောတိ အန္နာ၊ ဘောတိ အမ္မာ၊ဘောတိ တာတာ၊အိုအမိ။

အမ္မာဒိတောတိပဒံသည်။ကိမတ္ထံ၊နည်း။ဘောတိ ကညေ၊အိုသတ္ဘိသို့။

➢ နှ+အမ္မာဒိတော-ဟု (၂)ပုဒ် ရှိသော ပတိသေဓဝိဓိသုတ်။

➢ ဘောတိ ကညေ-ဟု ရှိသကဲ့သို့ ဘောတိအမ္မေ-ဟု မရှိနိုင်ခြင်းအကြောင်း နှအမ္မာဒိတောသုတ်က အမ္မာ-စသော သဒ္ဒါနောင် ဂသိဝိဘတ်ကို ဓ,မပြုရဟု တားမြစ်ထားသောကြောင့် မရှိနိုင်ပါ။

➢ ဘောတိ ကညေ-၌ ဤသုတ်ဖြင့် ဓ-အပြု မတားမြစ်နိုင်ခြင်းအကြောင်း အမ္မာ အတူရှိသော အမိဟောသဒ္ဒါ မဟုတ်သောကြောင့် မတားမြစ်နိုင်ပါ။

➢ အာဒိ-အရ ။ ။ အန္နာ, အမ္မာ, တာတာ-သဒ္ဒါတို့ကို ယူရပါမည်။

➢ အာဒိ-သဒ္ဒါ၏ ပကာရဇနက်ရှိပုံ/တူပုံ ။ ။ အမိဟောအနက်အားဖြင့် ၎င်း, ဒကွရာနှစ်လုံးအားဖြင့်၎င်း, ဣတ္တိလိင် အာကာရန္တအဖြစ်အားဖြင့်၎င်း တူသည်

http://www.dhammadownload.com



**၁၁၆။ အကတရဿာ လတော ယွာလပနဿ ဝေဝေါ**

**တသ္မာ အကတရဿာ လတော ယွာလပနဿ ဝေဝေါ အာဒေသာ ဟောန္တိ ဘိက္ခဝေ၊ ဘိက္ခဝေါ၊ ဟေတဝေ၊ ဟေတဝေါ။**

**အကတရဿာတိ ကိမတ္ထံ? သယမ္ဘုဝေါ။**

**လတောတိ ကိမတ္ထံ? နာဂိယော၊ ဓေနုယော၊ ယာဂုယော။**

**အာလပနဿေတိ ကိမတ္ထံ? တေ ဟေတဝေါ၊ တေ ဘိက္ခဝေါ။**

* အကတရဿာ၊မပြုအပ်သော ရဿရှိသော။ (ဝါ) မပြုမပြင် ပင်ကိုယ်ရဿဖြစ်သော။လတော၊လမည်သော ဥဝဏ်မှ။ပရဿ၊နောက်ဖြစ်သော။ယွာလပနဿ၊အာလုပ်ယောဝိဘတ်၏။ဝေဝေါ၊ဝေပြု, ဝေါပြုတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

* အကတရဿာ၊သော။တသ္မာလတော၊ထိုလမည်သော ဥဝဏ်မှ။ပရဿ၊သော။ယွာလ၊ ...ဿ၊၏။ဝေဝေါအာဒေသာ၊ဝေပြု, ဝေါပြုတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

ဘိက္ခဝေ-ဘိက္ခဝေါ၊ရဟန်းတို့။ဟေတဝေ-ဟေတဝေါ၊အကြောင်းတို့။**အကတရဿာတိပဒံ**၊သည်။**ကိမတ္ထံ**၊နည်း။**သယမ္ဘုဝေါ**၊ဘုရားတို့။**လတောတိပဒံ**၊သည်။**ကိမတ္ထံ**၊နည်း။**နာဂိယော၊နဂါးမတို့။ဓေနုယော၊နွားမတို့။ယာဂုယော၊ယာဂုတို့။အာလပနဿေတိပဒံ**၊သည်။**ကိမတ္ထံ**၊နည်း။တေ ဟေတဝေါ၊ထိုအကြောင်းတို့သည်-တို့ကို။တေ ဘိက္ခဝေါ၊ထိုရဟန်းတို့သည်-တို့ကို။

➢ **အကတရဿာ+လတော+ယွာလပနဿ(ယော+အာလပနဿ)+ဝေဝေါ-ဟု (၄)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **နိဗိတ်အရ။** ။အကတရဿ လ, ဖြစ်ပါသည်။

➢ **ကာရီအရ။** ။ အာလုပ် ယော,ဝိဘတ် ဖြစ်ပါသည်။

➢ **ကာရိယအရ။** ။ ဝေပြု ဝေါပြု တို့ဖြစ်ပါသည်။

➢ **လတောအရ။** ။ အကတရဿာကိုထောက်၍ ပကတိ ဥကာရ၌လ,ကိုယူရမည်

➢ **ကတရဿအရ။** ။သယမ္ဘုဝေါစသည်၌ ဝိကတိ လ,အမည်ရှိသော ဥသရုရ၏

➢ **အကတရဿအရ။** ။ ဘိက္ခဝေစသည်၌ ပကတိလ,အမည်ရှိသော ဥသရုရ၏

➢ **ဘိက္ခဝေ၊ရဟန်းတို့သည်-တို့ကို-ဟု အနက်မပေးနိုင်ခြင်းအကြောင်း -** လတောဝေါ ကာရောစ-သုတ်ဖြင့် ပထမာ,ဒုတိယာ, ယောဝိဘတ်တို့ကို ဝေါသာပြုနိုင်၍ ဝေ,မပြုနိုင်သောကြောင့် ဘိက္ခဝေ-ကို ရဟန်းတို့သည်-ရဟန်းတို့ကို-ဟူ၍ အနက်မပေးနိုင်ပါ။

➢ **အာလုပ်ယောဝိဘတ်ဖြင့် ဘိက္ခဝေ-ဟု ရှပ်ရှိသကဲ့သို့ သယမ္ဘုဝေ-ဟု**

http://www.dhammadownload.com



ရှပ်ရှိနိုင် မရှိနိုင်။ ။ အကတရဿာလတော ယွာလပနဿဝေဝေါ-သုတ်ကိုထောက်၍ အကတရဿ လ,နောင်မှသာ ဝေပြုနိုင်သောကြောင့် သယမ္ဘဝေ-ဟု မရှိနိုင်ပါ။

## ၁၁၇။ စျလတော သဿ နော ဝါ

တသ္မာ စျလတော သဿ ဝိဘတ္တိဿ နော အာဒေသော ဟောတိ ဝါ။ အဂ္ဂိနော၊ အဂ္ဂိဿ၊ သခိနော၊ သခိဿ၊ ဒဏ္ဍိနော၊ ဒဏ္ဍိဿ၊ ဘိက္ခုနော၊ ဘိက္ခုဿ၊ သယမ္ဘုနော၊ သယမ္ဘုဿ။

သသော်တိ ကိမတ္ထံ? ဂ္ဂသိနာ၊ ဘိက္ခုနာ။ စျလတောတိ ကိမတ္ထံ? ပုရိသဿ။

➤ စျလတော+သဿ+နော+ဝါ-ဟု (၄)ပုဒ် ရှိသော အာဒေသဝိဓိသုတ်။

* စျလတော၊စျလတို့မှ။ပရဿ၊နောက်ဖြစ်သော။သဿ၊သဝိဘတ်၏။နော၊နောပြု သည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ * တသ္မာစျလတော၊ထိုစျ, လမှ။ပရဿ၊သော။သဿ ဝိဘတ္တိဿ၊သဝိဘတ်၏။နောအာဒေသော၊နောပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏

အဂ္ဂိနော-အဂ္ဂိဿ၊မီးအား-၏။သခိနော-သခိဿ၊ခင်ပွန်းအား-ခင်ပွန်း၏။ ဒဏ္ဍိနော-ဒဏ္ဍိဿ၊တောင်ဒေးရှိသောသူအား-၏။ဘိက္ခုနော-ဘိက္ခုဿ၊ရဟန်းအား-၏။သယမ္ဘုနော-သယမ္ဘုဿ၊ဘုရားအား-၏။သသောတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ဂ္ဂသိနာ၊ရသော့သည်။ဘိက္ခုနာ၊ရဟန်းသည်။စျလတောတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ပုရိသဿ၊ ယောကျ်ားအား-ယောကျ်ား၏။

## ၁၁၈။ ယပတောစ ယောနံ လောပေါ

တေဟိ ယပ စျလ ဂ္ဂစွေတေဟိ ယောနံ လောပေါ ဟောတိ ဝါ။

ကညာ၊ ကညာယော၊ ရတ္တိ၊ ရတ္တိယော၊ ဂ္ဂတ္ထိ၊ ဂ္ဂတ္ထိယော၊ ယာဂူ၊ ယာဂုယော၊ ဝဓူ၊ ဝဓုယော၊ အဂ္ဂိ၊ အဂ္ဂယော၊ ဘိက္ခူ၊ ဘိက္ခဝေါ၊ သယမ္ဘူ၊ သယမ္ဘုဝေါ၊ အဒ္ဒီ၊ အဒ္ဒိနိ၊ အာယူ၊ အာယုနိ၊ စဂ္ဂဟဏာ မနုကမ္ပနတ္ထံ။

* ယပတောစ၊ယပတို့မှငင်း။စျလတောစ၊စျလတို့မှငင်း။ပရေသံ၊နှောင်းကုန်သော။ ယောနံ၊ယောဝိဘတ်တို့၏။လောပေါ၊ကျေခြင်းသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

* တေဟိ ယပ စျလ ဂ္ဂစွေတေဟိ၊ထို ယပ, စျလတို့မှ။ပရေသံ၊ကုန်သော။ ယောနံ၊ယောဝိဘတ်တို့၏။လောပေါ၊ကျေသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

ကညာ-ကညာယော၊သတို့သမီးတို့သည်-တို့ကို။ရတ္တိ-ရတ္တိယော၊ညဉ့်တို့သည်-တို့ကို။ ဂ္ဂတ္ထိ-ဂ္ဂတ္ထိယော၊မိန်းမတို့သည်-တို့ကို။ယာဂူ-ယာဂုယော၊ယာဂုတို့သည်-တို့ကို။ဝဓူ-ဝဓုယော၊ခွေးမတို့သည်-တို့ကို။အဂ္ဂိ-အဂ္ဂယော၊မီးတို့သည်-တို့ကို။ဘိက္ခူ-ဘိက္ခဝေါ၊ရဟန်း တို့သည်-တို့ကို။သယမ္ဘူ-သယမ္ဘုဝေါ၊ဘုရားတို့သည်-တို့ကို။အဒ္ဒီ-အဒ္ဒိနိ၊အနိုးတို့သည်-

http://www.dhammadownload.com



တို့ကို။အာယူ-အာယူနိ၊အသက်တို့သည်-တို့ကို။စဝ္ဆဟဏ်၊စသဒ္ဒါသည်။အနုကမ္ပုနတ္ထံ၊ ဗျလတောကို ငင်ခြင်းအနက်ရှိ၏။

➢ **ဃပတော+စ+ယောနံ+လောပေါ-ဟု (၄)ပုဒ် ရှိသော လောပဝိဓိသုတ်။**

➢ **စသဒ္ဒါ၏အနက်။** ။ စသဒ္ဒါသည် ဗျလတော သဿနောဝါသုတ်မှ ဗျလတော ကို ငင်ယူသောကြောင့် အနုကမ္ပုနအနက်ရှိပါသည်။

➢ **စ-သဒ္ဒါနှင့်တတ္ထ သုတ်တည်ရကျိုး** ။ ။ ဗျလတော သဿ နောဝါသုတ်မှ ဗျလတော-ကို ငင်ယူရခြင်း အကျိုးရှိပါသည်။

## ၁၁၉။ လတော ဝေါ ကာရောစ

တသ္မာ လတော ယောနံ ဝေါကာရော ဟောတိ ဝါ။

ဘိက္ခဝေါ၊ ဘိက္ခူ သယမ္ပဇေါ၊ သယမ္ပဇ္ဇာ။ ကာရဏ္ဍဟဏ်ာ ကိမတ္ထံ? ယောနံ နော စ ဟောတိ။ ဇန္တုနော။**စဝ္ဆဟဏ်ာ** မဝေါရဏ်ာတ္ထံ? အမှ ပုရိသာ တိဋ္ဌန္တိ၊ အမှ-ပုရိသေ ပဿထ။

* လတော၊လမှ။ပရေသံ၊နောင်းကုန်သော။ယောနံ၊ယောဝိဘတ်တို့၏။ဝေါကာရော၊ ဝေါပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။စ၊မဖြစ်သည်လည်း ရှိသေး၏။

* တသ္မာလတော၊ထိုလမှ။ပရေသံ၊နောင်းကုန်သော။ယောနံ၊ယောဝိဘတ်တို့၏။ ဝေါကာရော၊ဝေါပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

ဘိက္ခဝေါ-ဘိက္ခူရဟန်းတို့သည်-တို့ကို။သယမ္ပဇေါ-သယမ္ပဇ္ဇာဘုရားတို့သည်-တို့ကို။ **ကာရဏ္ဍဟဏ်ာ၊ကာရဏသဒ္ဒါသည်။ကိမတ္ထံ၊နည်း။ယောနံ၊ယောဝိဘတ်တို့၏။နောစ၊နောပြု** သည်လည်း။ဟောတိ၊ဖြစ်၏။ဇန္တုနော၊သတ္တဝါတို့သည်-တို့ကို။**စဝ္ဆဟဏ်ာ၊စသဒ္ဒါသည်။** အဝဓာရဏ်ာတ္ထံ၊မြစ်ခြင်းအနက်ရှိ၏။အမှ ပုရိသာ၊ထိုယောက်ျားတို့သည်။တိဋ္ဌန္တိ၊ရပ် တည်ကြကုန်၏။အမှ ပုရိသေ၊ထိုယောက်ျားတို့ကို။ပဿထ၊ရှုကြည့်ကြကုန်။

➢ **လတော+ဝေါကာရော+စ-ဟု (၃)ပုဒ် ရှိသော အာဒေသဝိဓိသုတ်။**

➢ **ကာရသဒ္ဒါပိုလွန်ပုံ။** ။ လတောဝေါစ-ဟု ဆိုလျှင် ယောဝိဘတ်ကို ဝေါပြု ခြင်းအနက် ပြီးစီင်ပါလျက် ကာရသဒ္ဒါကို ဆိုခြင်းသည် ပိုလွန်ပါသည်။

➢ **ကာရသဒ္ဒါဆိုရခြင်း အကျိုး။** ။ ကာရသဒ္ဒါပိုဖြင့် ဇန္တုနော-စသည်၌ ယော ဝိဘတ်ကို နောပြုရခြင်း အကျိုးရှိပါသည်။

➢ **စသဒ္ဒါ၏အနက်။** ။ စသဒ္ဒါသည် အမှ-စသော သဒ္ဒါများ၌ ဝေါ,မပြုရ-ဟု ကားမြစ်သောကြောင့် နိဝတ္တာပနာ ဝဓာရဏအနက်, ဗျလတော သဿနောဝါသုတ်မှ နောသဒ္ဒါကို လိုက်စေလိုသောကြောင့် နိဝတ္တနအနက်ရှိပါသည်။

➢ **စသဒ္ဒါဆိုရခြင်း အကျိုး။** ။ စသဒ္ဒါသည် အမှ-စသော အချို့သောသဒ္ဒါများ၌

http://www.dhammadownload.com



ယောဝိဘတ်ကို ဝေါ်,မပြုရ-ဟု တားမြစ်ရခြင်းအကျိုး, ဗျလတောသဿနောဝါသုတ်မှ နောသဒ္ဒါကို လိုက်ပါစေရသဖြင့် ဇန္တု, သဗ္ဗညု-စသော သဒ္ဒါတို့နောင် ယောဝိဘတ်ကို နောပြုရခြင်း အကျိုးရှိပါသည်။

**မေး။** ။ ဤသုတ်၌ အဓိကာရ ဝါသဒ္ဒါ၏အနက်နှင့် ယင်းဝါဖြင့်ပြအပ်သော ဝိမိသုံးပါးကို ပုံစံတစ်ခုစီဖြင့် ခွဲခြားဖော်ပြပါ။ (၁၃၅၁-ခုနှစ် + အငယ်တန်း)

**ဖြေ။** ။ အဓိကာရ ဝါသဒ္ဒါ၏အနက်ကား-၀၀တ္ထိတဝိဘာသာအနက်ဖြစ်ပါသည်။

**(ဝါသဒ္ဒါဖြင့် ပြဆိုသော အဓိပ္ပါယ်)** ဝါသဒ္ဒါဖြင့် ယောဝိဘတ်ကို မချေလျှင် ဘိက္ခု-စသော သဒ္ဒါနောင် ယောဝိဘတ်ကို အမြဲ ဝေါ်,ပြုရခြင်း နိစ္စဝိမိ, (ဘိက္ခဝေါ်)။ ဟေတု-စသော သဒ္ဒါနောင် ယောဝိဘတ်ကို ရံခါ ဝေါ်,ပြုရခြင်း အနိစ္စဝိမိ, (ဟေတဝေါ်, ဟေတုယော်)။ အမု-စသော သဒ္ဒါနောင် ယောဝိဘတ်ကို အခါခပ်သိမ်း ဝေါ်, နော, မပြုရခြင်း အသန္တဝိမိ (အမု-အမုယော) ဟူသော ဝိမိသုံးပါးကို ပြပါသည်။

➢ သဗ္ဗညုဝေါ်-ဟု မရှိနိုင်ခြင်းအကြောင်း ။ ။ ဗျလတော သဿ နောဝါသုတ်မှ လိုက်လာသော ဝါသဒ္ဒါသည် ၀၀တ္ထိတဝိဘာသာအနက်ရှိသောကြောင့် ဝေါ် မပြုနိုင်ရကား သဗ္ဗညုဝေါ်-ဟု မရှိနိုင်ပါ။

နာမ် ပထမဝိုင်းပြီး၏။

## ဒုတိယကဏ္ဍ

### ၁၂၀။ အမှဿ မမံ သဝိဘတ္တိဿ သေ

သဗ္ဗဿေဝ အမှသဒ္ဒဿ သဝိဘတ္တိဿ မမံ အာဒေသော ဟောတိ သေ ဝိဘတ္တိမှိ။ ။ မမံ ဒီယတေ ပုရိသေန၊ မမံ ပရိဂ္ဂဟော။

* သေ၊သဝိဘတ်ကြောင့်။သဝိဘတ္တိဿ၊ဝိဘတ်နှင့်တကွဖြစ်သော။အမှဿ၊အမှသဒ္ဒါ၏။မမံ၊မမံပြုသည်။ဟောတိ၊ဖြစ်၏။ * သေဝိဘတ္တိမှိ၊သဝိဘတ်ကြောင့်။ သဝိဘတ္တိဿ၊ဝိဘတ်နှင့်တကွဖြစ်သော။သဗ္ဗဿေဝ၊အလုံးစုံသာလျှင်ဖြစ်သော။အမှသဒ္ဒဿ၊အမှသဒ္ဒါ၏။မမံ အာဒေသော၊မမံ, ပြုသည်။ဟောတိ၊ဖြစ်၏။

ပုရိသေန၊ယောက်ျားသည်။မမံ၊ငါ့အား။ဒီယတေ၊ပေးအပ်၏။မမံ၊ငါ့ကို။ပရိဂ္ဂဟော၊ သိမ်းဆည်းခြင်း။

➢ အမှဿ+မမံ+သဝိဘတ္တိဿ+သေဟု (၄) ပုစ္ဆာရှိသော အာဒေသဝိမိဆုတ်။

➢ သဝိဘတ်နှစ်လုံးရှိလျှက် သေဟု ကေဝုစ်နှင့်ဆိုရခြင်းအကြောင်း။ ။

ဇာတိပဒတ္ထိက ဆရာအလိုအားဖြင့် သဝိဘတ်ဇာတ်ကို ငဲ့သောကြောင့် သေဟု ကေဝုစ်နှင့်ဆိုရပါသည်။

http://www.dhammadownload.com



➢ **ဝိဘတ္တိအရ။** ။ သေဟူသော နိမိတ်ပုဒ်၏အစွမ်းကြောင့် သဝိဘတ်နှစ်လုံးကိုသာ ယူရပါသည်။

➢ **နိစ္စဝိမိ+အနိစ္စဝိမိ။** ။ တဝမမသေ, တုယုံ မယှဉ္ဆ, တေမေက ဝစနေသုစ, သသုံသုတ်တို့ကို ဆိုလတ္တံ့ဖြစ်သောကြောင့် ဤသုတ်သည် နိစ္စ+အနိစ္စနှစ်မျိုးတို့တွင် အနိစ္စဝိမိသာဖြစ်ပါသည်။

➢ **တုမှ အမှသဒ္ဒါတို့သည် လိင်သုံးပါးလုံး၌ ချပ်တူရခြင်းအကြောင်း။** ။ အလိင်ဖြစ်သောကြောင့် တူရပါသည်။ (ပုံစံ) တွံ ပုမာ, တွံ ဣတ္ထိ, တွံ နပုံသက်, အဟံ ပုမာ, အဟံ ဣတ္ထိ, အဟံ နပုံသက်။

## ၁၂၁။ မယံ ယောမှိ ပဌမေ

သဗ္ဗသော၀ အမှသဒ္ဒသ သဝိဘတ္တိသ မယံ အာဒေသော ဟောတိ ယောမှိ ပဌမေ။ မယံ ဂစ္ဆာမ၊ မယံ ဒေမ။

**အမှသောတိ ကိမတ္ထံ? ပုရိသာ တိဋ္ဌန္တိ။ ယောမှိတိ ကိမတ္ထံ? အဟံ ဂစ္ဆာမိ။ ပဌမေတိ ကိမတ္ထံ? အမှာကံ ပဿသိ တွံ။**

* ပဌမေ၊ပဌမာဖြစ်သော။ ယောမှိ၊ယောဝိဘတ်ကြောင့်။ သဝိဘတ္တိသ၊ဝိဘတ်နှင့် တကွသော။ အမှသ၊အမှ-သဒ္ဒါ၏။ မယံ၊မယံပြုသည်။ ဟောတိ၊ဖြစ်၏။

* ပဌမေ၊သော။ ယောမှိ၊ကြောင့်။ သဝိဘတ္တိသ၊သော။ သဗ္ဗသော၀၊အလုံးစုံသာလျှင်ဖြစ်သော။ အမှသဒ္ဒသ၊အမှ-သဒ္ဒါ၏။ မယံအာဒေသော၊မယံပြုသည်။ ဟောတိ၊၏။

မယံ၊ငါတို့သည်။ ဂစ္ဆာမ၊သွားကုန်၏။ မယံ၊ငါတို့သည်။ ဒေမ၊ပေးလှူကုန်၏။ အမှသောတိပဒံ၊အမှသ-ဟူသောပုဒ်သည်။ ကိမတ္ထံ၊အဘယ်အကျိုးရှိသနည်း။ ပုရိသာ၊ယောကျ်ားတို့သည်။ တိဋ္ဌန္တိ၊တည်နေကုန်၏။ ယောမှိတိပဒံ၊သည်။ ကိမတ္ထံ၊နည်း။ အဟံ၊ငါသည်။ ဂစ္ဆာမိ၊သွား၏။ ပဌမေတိပဒံ၊သည်။ ကိမတ္ထံ၊နည်း။ အမှာကံ၊ငါတို့ကို။ တွံ၊သင်သည်။ ပဿသိ၊မြင်၏။

➢ **မယံ+ယောမှိ+ပဌမေ-ဟု (၃) ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **မယံ ဂစ္ဆာမ-၌ တစ်ယောက်တည်းဖြစ်ပါလျှက် ဗဟုဝုစ်ဖြင့် သုံးနှုန်းရခြင်းအကြောင်း။** ။ လေးစားသောကြောင့်၎င်း, များစွာမြတ်နိုးသောကြောင့်၎င်း, များသည်၏အဖြစ်ကို တင်စားခြင်းကြောင့်၎င်း။ တစ်ယောက်တည်းဖြစ်သော်လည်း ဗဟုဝုစ်ဖြင့် သုံးနှုန်းနိုင်ပါသည်။

**မေး။** ။ သဒ္ဒါတစ်ခုတည်းကို ဗဟုဝုစ်ဝိဘတ်ဖြင့် သုံးစွဲမှုရှိ/မရှိ ကစ္စည်းသုတ် သာဓကယူတို့ပြ၍ ဖြေဆိုပါ။

**ဖြေ** ။ ။ တစ်ခုတည်းကိုပင် လေးစားခြင်း, များစွာမြတ်နိုးခြင်းအတွက် များသည်၏

http://www.dhammadownload.com



အဖြစ်ကို တင်စားထားခြင်းကြောင့် သဒ္ဒါတစ်ခုတည်းကို ဗဟုဝုစ်ဝိဘတ်ဖြင့် သုံးစွဲနိုင်ပါသည်။ (သာဓက) မယံ ယောမှိ ပဌမေ ဖြစ်ပါသည်။

➤ **တုမှ အမှသဒ္ဒါတို့ကို အလိင်ဟု ဆိုရခြင်းအကြောင်း** ။ ။ တုမှ အမှသဒ္ဒါတို့သည် လိင်သုံးပါးလုံး၌ လိင်ကြောင့် ရုပ်ထူးခြားမှုမရှိသောကြောင့် အလိင်ဟု ဆိုရပါသည်မေး။ ဤသုတ်သည် နိစ္စ+အနိစ္စ ဝိဓိတို့တွင် မည်သည့်ဝိဓိဖြစ်ပါသနည်း။

ဖြေ။ သဗ္ဗနာမကာရတေ ပဌမောသုတ်ကို ဆိုလတ့ဲဖြစ်သောကြောင့် အနိစ္စဝိဓိဖြစ်ပါသည်။

## ၁၂၂။ နျဿ န္တော

သဗ္ဗသေဝ နျပစ္စယဿ သဝိဘတ္တိဿ နွော အာဒေသော ဟောတိ ယောမှိ ပဌမေ။ ဂုဏဝန္တော တိဋ္ဌန္တိ။ နျဿေတိ ကိမတ္ထံ? သဗ္ဗေ သတ္တာ ဂစ္ဆန္တိ။

ပဌမေတိ ကိမတ္ထံ? ဂုဏဝန္တေ ပဿန္တိ ဇနာ။

* ပဌမေ၊ပဌမာဖြစ်သော။ယောမှိ၊ယောဝိဘတ်ကြောင့်။သဝိဘတ္တိဿ၊ဝိဘတ်နှင့်တကွသော။နျဿ၊နျပစ္စည်း၏။နွော၊နွော,ပြုသည်။ဟောတိ၊ဖြစ်၏။

* ပဌမေ၊သော။ယောမှိ၊ကြောင့်။သဝိဘတ္တိဿ၊သော၊သဗ္ဗသေဝ၊အလုံးစုံသာလျှင်ဖြစ်သော။နျပစ္စယဿ၊၏။နွော၊အာဒေသော၊နွော,ပြုသည်။ဟောတိ၊ဖြစ်၏။

ဂုဏဝန္တော၊ဂုဏ်ရှိသောသူတို့သည်။တိဋ္ဌန္တိ၊တည်နေကုန်၏။နျဿေတိပဒံ၊သည်။ကိမတ္ထံ၊နည်း။သဗ္ဗေ၊ခပ်သိမ်းကုန်သော။သတ္တာ၊သတ္တဝါတို့သည်။ဂစ္ဆန္တိ၊သွားကုန်၏။ပဌမေတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ဂုဏဝန္တေ၊ဂုဏ်ရှိသောသူတို့ကို။ဇနာ၊လူတို့သည်။ပဿန္တိ၊မြင်ကုန်၏။

➤ **နျဿ+နွော-ဟု (၂)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➤ **ဤသုတ်တည်ရခြင်းအကျိုး** ။ ။ သဗ္ဗယောနီနမာဒေသုတ်ဖြင့် ပထမာယောဝိဘတ်၏ အာ,အပြုကို တားမြစ်ခြင်းအကျိုးငှာ ဤသုတ်ကို တည်ရပါသည်။

➤ **နိစ္စ+အနိစ္စဝိဓိ** ။ ။ နျဿနွော ယောသုစသုတ်နှင့် ဆိုလတ့ဲသော-တတော ယောနမောတု-သုတ်၌ တုသဒ္ဒါတို့ကြောင့် ဤသုတ်သည် အနိစ္စဝိဓိသာ ဖြစ်ပါသည်။

## ၁၂၃။ နျဿ သေ ဝါ

သဗ္ဗသေဝ နျပစ္စယဿ သဝိဘတ္တိဿ နျဿာဒေသော ဟောတိ ဝါ သေ ဝိဘတ္တိမှိ။ ။ သီလဝန္တဿ ဈာယိနော၊ သီလဝတော ဈာယိနော ဝါ။

သေတိ ကိမတ္ထံ? သီလဝါ တိဋ္ဌတိ။

(နျဿ+သေ+ဝါ-ဟု (၃)ပုဒ်ရှိသော အာဒေသဝိဓိသုတ်)

* သေ၊သဝိဘတ်ကြောင့်။သဝိဘတ္တိဿ၊ ဝိဘတ်နှင့်တကွဖြစ်သော။နျဿ၊နျပစ္စည်း

http://www.dhammadownload.com



ဇ၏။နွှာသ၊နွှာသပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

* သေဝိဘတ္တိမှိ၊သဝိဘတ်ကြောင့်။သဝိဘတ္တိသ၊သော။သဗ္ဗသေဝ၊အလုံးစုံသာလျှင်ဖြစ်သော။နှုပစ္စယသ၊နှုပစ္စည်း၏။နွှာသာဒေသော၊နွှာသပြုသည်။ဝါ၊အချို့။ဟောတိဖြစ်၏။ ။ စျာယိနော၊မကောင်းမှုကို ဖုတ်ပြိုက်လေ့ရှိသော။သီလဝန္တသ၊သီလရှိသောသူအား။ဇ၏။ဝါ၊တနုည်းကား။စျာယိနော၊သော။သီလဝတော၊သီလရှိသောသူအား။ဇ၏။သေတိ ပဒံ၊သည်။ကိမတ္ထံ၊နည်း။သီလဝါ၊သီလရှိသောသူသည်။တိဋ္ဌတိ၊တည်၏။

## ၁၂၄။ အာ သိမှိ

သဗ္ဗသေဝ နှုပစ္စယသ သဝိဘတ္တိသ အာအာဒေသော ဟောတိ သိမှိ ဝိဘတ္တိမှိ။ ။ ဂုဏဝါ၊ ပညဝါ၊ သီလဝါ၊ ဗလဝါ၊ ဓနဝါ၊ မတိမာ၊ သတိမာ၊ ဓိတိမာ နှုသ္မေတိ ကိမတ္ထံ? ပုရိသော တိဋ္ဌတိ။ သိမှိတိ ကိမတ္ထံ? သီလဝန္တော တိဋ္ဌန္တိ။

* သိမှိ၊သိဝိဘတ်ကြောင့်။သဝိဘတ္တိသ၊ဝိဘတ်နှင့်တကွသော။နှုသ၊နှုပစ္စည်း၏။အာ၊အာပြုသည်။ဟောတိ၊ဖြစ်၏။ ။ * သိမှိ ဝိဘတ္တိမှိ၊ကြောင့်။သဝိဘတ္တိသ၊သောသဗ္ဗသေဝ၊အလုံးစုံသာလျှင်ဖြစ်သော။နှုပစ္စယသ၊နှုပစ္စည်း၏။အာအာဒေသော၊အာပြုသည်။ဟောတိ၊၏။ ။ ဂုဏဝါ၊ဂုဏ်ရှိသောသူသည်။ပညဝါ၊ပညာရှိသောသူသည်။သီလဝါ၊သီလရှိသောသူသည်။ဗလဝါ၊အားရှိသောသူသည်။ဓနဝါ၊ဥစ္စာရှိသောသူသည်မတိမာ၊ပညာရှိသောသူသည်။သတိမာ၊သတိရှိသောသူသည်။ဓိတိမာ၊တည်ကြည်ခြင်းရှိသောသူသည်။ နှုသ္မေတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ပုရိသော၊ယောကျ်ားသည်။တိဋ္ဌတိ၊တည်၏။ သိမှိတိပဒံ၊သည်။ကိမတ္ထံ၊နည်း။သီလဝန္တော၊သီလရှိသောသူတို့သည်။တိဋ္ဌန္တိ၊တည်ကုန်၏။

➢ **အာ+သိမှိ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **သိမှိ-အရ** ။ ။ အဝဏ္ဏာစ ဂေသုတ်ကိုထောက်၍ လိင်္ဂတ္ထသိဝိဘတ်ကို ယူရမည်။ (အာလုပ်သိဝိဘတ်ကို မယူရ)

➢ **ဝန္တုပစ္စယသ-ဟု မဆိုဘဲ နှုပစ္စယသ-ဟု ဆိုရခြင်းအကြောင်း**

ဝန္တုပစ္စည်းတစ်ခုလုံးကို ဝိဘတ်နှင့်တကွ အာပြုသည်မဟုတ်၊ ဝန္တုပစ္စည်း၏ အစိတ်ဖြစ်သော နှုကို ဝိဘတ်နှင့်တကွ အာပြုရမည်ဟု သိစေလိုသောကြောင့်--တည်း။

➢ **ယောဂဝိဘာဂ/ အာ-ဟုသုတ်ခွဲ၍ တည်ရကျိုး** ။ ။ ဝဏ္ဏာဝါ အဟေသုံ ၌ အာ-ဟူသော ဂွိဓာကရဏယောဂဝိဘာဂဖြင့် ယောဝိဘတ်နှင့်တကွ နှုပစ္စည်းကို အာပြုရခြင်းအကျိုးရှိပါသည်။

➢ **နိစ္စ/အနိစ္စ** ။ ။ ဤသုတ်သည် သိမှိဝါသုတ်ကိုထောက်၍ နိစ္စဝိဓိဖြစ်ပါသည်မေး ။ ။ ဤသုတ်သည် အဘယ့်ကြောင့် အဘယ်လိုင်၍ စီရင်ပါသနည်း။

http://www.dhammadownload.com



ဖြေ ။ ။ အံ နပုံသကေသုတ်ဖြင့် နပုံလိင်အရာ၌ သိဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ အံပြုလတံ့ဖြစ်သောကြောင့် ပုလ္လိင်၌သာ စီရင်ပါသည်။

## ၁၂၅။ အံ နပုံသကေ

သဗ္ဗဿေဝ နှုပစ္စယဿ သဝိဘတ္တိဿ အံအာဒေသော ဟောတိ သိမှိ ဝိဘတ္တိမှိ နပုံသကေ ဝတ္တမာနဿ။ ။ ဂုဏဝံ စိတ္တံ တိဋ္ဌတိ၊ ရူစိမံ ပုပ္ဖံ ဝိရောစတိ သိမှိတိ ကိမတ္ထံ? ဝဏ္ဏဝန္တံ အဂန္ဓကံ ဝိရူဠှပုပ္ဖံ ပဿသိ တွံ။

(အံ+နပုံသကေ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်)

* သိမှိ၊သိဝိဘတ်ကြောင့်။နပုံသကေ၊နပုံလိင်၌။ဝတ္တမာနဿ၊ဖြစ်သော။သ ဝိဘတ္တိဿ၊ဝိဘတ်နှင့်တကွဖြစ်သော။နှုဿ၊နှုပစ္စည်း၏။အံ၊အံပြုသည်။ဟောတိ၊ဖြစ်၏။

* သိမှိ ဝိဘတ္တိမှိ၊ကြောင့်။နပုံသကေ၊၌။ဝတ္တမာနဿ၊ဖြစ်သော။သဝိဘတ္တိဿ၊သော။သဗ္ဗဿေဝ၊အလုံးစုံသာလျှင်ဖြစ်သော။နှုပစ္စယဿ၊၏။အံ အာဒေသော၊အံပြုသည်။ဟောတိ၊၏။ ။ ဂုဏဝံ၊ဂုဏ်ရှိသော။စိတ္တံ၊စိတ်သည်။တိဋ္ဌတိ၊တည်၏။ရူစိမံ၊အရောင်ရှိသော။ပုပ္ဖံ၊ပန်းသည်။ဝိရောစတိ၊တင့်တယ်၏။ သိမှိတိ ပဒံသည်။ကိမတ္ထံ၊နည်း။ * ဝဏ္ဏဝန္တံ၊အဆင်းရှိသော။အဂန္ဓကံ၊အနံ့မရှိသော။ဝိရူဠှပုပ္ဖံ၊မိုးစွေပန်းကို။တွံ၊သင်သည်။ပဿသိ၊မြင်၏လော။

## ၁၂၆။ အဝဏ္ဏာစ ဂေ

သဗ္ဗဿေဝ နှုပစ္စယဿ သဝိဘတ္တိဿ ဘံ အဝဏ္ဏာစ ဟောန္တိ ဂေ ပရေ။ ဘော ဂုဏဝံ၊ ဘော ဂုဏဝ၊ ဘော ဂုဏဝါ။ စဂ္ဂဟဏာ မနုကမုနတ္တံ။

* ဂေ၊ဂသိကြောင့်။သဝိဘတ္တိဿ၊ဝိဘတ်နှင့်တကွဖြစ်သော။နှုဿ၊နှုပစ္စည်း၏။ အဝဏ္ဏာစ၊အဝဏ်ပြုတို့သည်ရင်း။အံစ၊အံပြုသည်ရင်း။ဟောတိ၊ဖြစ်၏။

* ပရေနောက်ဖြစ်သော။ဂေ၊ကြောင့်။သဝိဘတ္တိဿ၊သော။သဗ္ဗဿေဝ၊အလုံးစုံသာလျှင်ဖြစ်သော။နှုပစ္စယဿ၊၏။အံစ၊အံပြုသည်ရင်း။အဝဏ္ဏာစ၊အဝဏ်ပြုတို့သည်ရင်း။ဟောန္တိဖြစ်ကုန်၏။ ။ ဘောဂုဏဝံ၊ဘောဂုဏဝ၊ ဘောဂုဏဝါ၊အိုဂုဏ်ရှိသောသူ။ စဂ္ဂဟဏာ၊စသဒ္ဒါသည်။အနုကမုနတ္တံ၊အံကိုငင်ခြင်း အနက်ရှိ၏။

➤ အဝဏ္ဏာ+စ+ဂေ-ဟု (၃) ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ စသဒ္ဒါ၏ အနက် ။ ။ စသဒ္ဒါသည် အံ နပုံသကေသုတ်မှ အံ-ဟူသော ကာရိယကို ငင်သောကြောင့် အနုကမုနအနက်ဖြစ်ပါသည်။

➤ အဝဏ္ဏာစ ဂေ-ဟု စသဒ္ဒါနှင့်တကွ သုတ်တည်ရကျိုး ။ ။ စသဒ္ဒါဖြင့် အံ နပုံသကေသုတ်မှ အံ-ဟူသောကာရိယကို ငင်ယူခြင်းအကျိုးငှာ အဝဏ္ဏာစ ဂေ-ဟု

http://www.dhammadownload.com



စသဒ္ဒါနှင့်တကွ သုတ်တည်ရပါသည်။

➤ **ဝဏ္ဏ-သဒ္ဒါ ထည့်ဆိုရခြင်းအကျိုး** ။ ။ ဌာန်တူသော အ-အက္ခရာ, အာ-အက္ခရာနှစ်လုံးကို ယူစေခြင်းအကျိုးရှိပါသည်။

## ၁၂၇။ တောတိတာ သသ္မိနာသု

သဗ္ဗဿေဝ နှုပစ္စယဿ သဝိဘတ္တိဿ ထော တိ တာအာဒေသော ဟောန္တိ ဝါ သ သ္မိ နာ ဣစ္စေတေသု ယထာသင်္ချံ။

ဂုဏဝတော၊ ဂုဏဝန္တဿ၊ ဂုဏဝတိ၊ ဂုဏဝန္တသ္မိ၊ ဂုဏဝတာ၊ ဂုဏဝန္တေန သတိမတော၊ သတိမန္တဿ၊ သတိမတိ၊ သတိမန္တသ္မိ၊ သတိမတာ၊ သတိမန္တေန။

**ဇတေသ္မိတိ ကိမတ္ထံ? ဂုဏဝါ၊ သတိမာ။**

* သသ္မိနာသု၊သ, သ္မိ, နာ ဝိဘတ်တို့ကြောင့်။သဝိဘတ္တိဿ၊ဝိဘတ်နှင့်တကွဖြစ်သော။နှုဿ၊နှုပစ္စည်း၏။တောတိတာ၊တော်ပြု, တိပြု, တာပြုတို့သည်။ဝါ၊အချို့။ ဟောန္တိ၊ကုန်၏။ ။ * သသ္မိနာ ဣစ္စေတေသု၊တို့ကြောင့်။သဝိဘတ္တိဿ၊သော။ သဗ္ဗဿေဝ၊အလုံးစုံသာလျှင်ဖြစ်သော။နှုပစ္စယဿ၏။ယထာသင်္ချံ၊အစဉ်အတိုင်း။ တောတိတာ အာဒေသာ၊တို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။

ဂုဏဝတော၊ဂုဏဝန္တဿ၊ဂုဏ်ရှိသောသူအား၏။ဂုဏဝတိ၊ဂုဏဝန္တသ္မိ၊ဂုဏ်ရှိသောသူ၌။ဂုဏဝတာ၊ဂုဏဝန္တေန၊ဂုဏ်ရှိသောသူဖြင့်။သတိမတော၊ သတိမန္တဿ၊သတိရှိသောသူအား၏။သတိမတိ၊ သတိမန္တသ္မိ၊သတိရှိသောသူ၌။သတိမတာ၊ သတိမန္တေန၊သတိရှိသောသူဖြင့်။ ဇတေသ္မိတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ဂုဏဝါ၊ဂုဏ်ရှိသောသူသည်။သတိမာ သတိရှိသောသူသည်။

➤ **တောတိတာ+သသ္မိနာသု-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➤ **ယထာသင်္ချံ-အရ ကာရီ ကာရိယ နိမိတ်တွဲစပ်ပုံ** ။ ။ သဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ နှုကို တောပြု၊ သ္မိဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ နှုကို တိပြု၊ နာ ဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ နှုကို တာပြုပါသည်။

## ၁၂၈။ နံမ္ပိ တံ ဝါ

သဗ္ဗဿေဝ နှုပစ္စယဿ သင်္ဘတ္တိဿ တံ အာဒေသော ဟောတိ ဝါ နံမ္ပိ ဝိဘတ္တိမ္ပိ။ ။ ဂုဏဝတံ၊ ဂုဏဝန္တာနံ၊ သတိမတံ၊ သတိမန္တာနံ။

**နံမ္ပီတိ ကိမတ္ထံ? ဂုဏဝန္တော တိဋ္ဌန္တိ၊ သတိမန္တော တိဋ္ဌန္တိ။**

**(နံမ္ပိ+တံ+ ဝါ-ဟု ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်)**

* နံမ္ပိ၊နံဝိဘတ်ကြောင့်။သဝိဘတ္တိဿ၊ဝိဘတ်နှင့်တကွဖြစ်သော။နှုဿ၊နှုပစ္စည်း

http://www.dhammadownload.com



၏။တံ၊တံပြြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

* နံမှိ ဝိဘတ္တိမှိ၊ကြောင့်။သဝိဘတ္တိသ၊သော။သဗ္ဗသော၀၊အလုံးစုံသာလျှင် ဖြစ်သော။နှုပစ္စယသ၊၏။တံ အာဒေသော၊တံပြြုသည်။ဝါ၊အချို့။ဟောတိ၊၏။

ဂုဏဝတံ၊ ဂုဏဝန္တာနံ၊ဂုဏ်ရှိသောသူတို့အား၊၏။သတိမတံ၊သတိမန္တာနံ၊သတိရှိသောသူတို့အား၊၏။ နံမှိတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ဂုဏဝန္တော၊ဂုဏ်ရှိသောသူတို့သည်။ တိဋ္ဌန္တိ၊တည်ကုန်၏။သတိမန္တော၊သတိရှိသောသူတို့သည်။တိဋ္ဌန္တိ၊တည်ကုန်၏။

## ၁၂၉။ ဣမသိဒ မံသိသု နပုံသကေ

သဗ္ဗသေဝ ဣမသဒ္ဒဿ သဝိဘတ္တိသ ဣဒံ အာဒေသော ဟောတိ ဝါ အံသိသု နပုံသကေ ဝတ္တမာနသ။ ။ ဣဒံ စိတ္တံ ပဿသိ၊ ဣဒံ စိတ္တံ တိဋ္ဌတိ၊ ဣမံ စိတ္တံ ပဿသိ၊ ဣမံ စိတ္တံ တိဋ္ဌတိ။ ။ နပုံသကေတိ ကိမတ္ထံ? ဣမံ ပုရိသံ ပဿသိ၊ အယံ ပုရိသော တိဋ္ဌတိ။

* အံသိသုဒုအံ, သိဝိဘတ်တို့ကြောင့်။နပုံသကေ၊နပုံလိင်၌။ဝတ္တမာနသ၊ဖြစ်သော သဝိဘတ္တိသ၊ဝိဘတ်နှင့်တကွဖြစ်သော။ဣမသ၊ဣမသဒ္ဒါ၏။ဣဒံ၊ဣဒံပြြုသည်။ဝါ၊ အချို့။ဟောတိ၊ဖြစ်၏။

* အံသိသုကြောင့်။နပုံသကေ၌။ဝတ္တမာနသ၊သော။သဝိဘတ္တိသ၊သော။သဗ္ဗသေဝ၊အလုံးစုံသာလျှင်ဖြစ်သော။ဣမသဒ္ဒသ၊၏။ဣဒံအာဒေသော၊ဣဒံပြြုသည်။ဝါ၊ အချို့။ဟောတိ၊၏။ ။ ဣဒံ စိတ္တံ၊ဤစိတ်ကို။ပဿသိ၊မြင်၏လော။ ဣဒံ စိတ္တံ၊ဤစိတ်သည်။တိဋ္ဌတိ၊တည်၏။ဣမံ စိတ္တံ၊ဤစိတ်ကို။ပဿသိ၊မြင်၏လော။ ဣမံ စိတ္တံ၊ဤစိတ်သည်။တိဋ္ဌတိ၊တည်၏။ နပုံသကေတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ဣမံ ပုရိသံ၊ဤယောကျ်ားကို။ပဿသိ၊မြင်၏။အယံ ပုရိသော၊ဤယောကျ်ားသည်။တိဋ္ဌတိ၊တည်၏။

➤ ဣမသ+ ဣဒံ+ အံသိသု+ နပုံသကေ-ဟု ၄-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။

➤ ဝိဋကတ်တော်၌ ဣဒံ-သဒ္ဒါကိုသာ ဣမ-ပြုပါလျှတ် ကစ္စည်းကျမ်း၌ ဣမ-သဒ္ဒါကို ဣဒံပြြုရခြင်းအကြောင်း ။ ။ ဣမ-သဒ္ဒါသည်သာ ကျယ်သော အရာဌာနရှိသောကြောင့် ဣမသဒ္ဒါကို ဣဒံပြြုရပါသည်။ (ဋီကာ-၁၃၃)

➤ ဣမသိ-ဟု ဆိုရခြင်းအကြောင်း ။ ။ ဣဒသိ-ဟု မဆိုဘဲ ဣမသိ-ဟု ဆိုခြင်းသည် ဓွတ်ဆိုလွယ်ခြင်း အကျိုးရှိပါသည်။ (ဋီကာ-၁၃၃)

➤ အံဝိဘတ်ဖြင့် "ဣဒံ ပုရိသံ ပဿသိ" သိဝိဘတ်ဖြင့် "ဣဒံ ပုရိသော တိဋ္ဌတိ" ဟု မရှိနိုင်ခြင်းအကြောင်း ။ ။ ဣမသိဒ မံသိသု နပုံသကေသုတ်ဖြင့် နပုံလိင်အရာဌာန ဣမသဒ္ဒါကို ဣဒံပြြုနိုင်သောကြောင့် --မရှိနိုင်ပါ။

➤ ဣဒံ ပုညဘာဝံ+ဣမံ ပုညဘာဝံ။ ။ နှစ်ပါဠိတို့တွင် ဘာဂသဒ္ဒါသည် ပုံလိင်

http://www.dhammadownload.com



ဖြစ်သောကြောင့်ငင်း, ဣမသိဒမံသိသု နပုံသကေသုတ်ဖြင့် နပုံလိင်အရာ၌သာ ဣမသဒ္ဒါကို ဣဒံပြုနိုင်သောကြောင့်ငင်း, ဣမံ ပုညဘာဂံ ပါဠိသာ မှန်ကန်ပါသည်။

## ၁၃၀။ အမုဿာ ဒုံ

သဗ္ဗဿေဝ အမုသဒ္ဒဿ သဝိဘတ္တိဿ အဒုံအာဒေသော ဟောတိ အံသိသု နပုံသကေ ဝတ္တမာနဿ။ ။ အဒုံ ပုပ္ဖံ ပဿသိ၊ အဒုံ ပုပ္ဖံ ဝိရောစတိ နပုံသကေတိ ကိမတ္ထံ? အမုံ ရာဇာနံ ပဿသိ၊ အသု ရာဇာ တိဋ္ဌတိ။

* အံသိသု၊ဇံ, သိဝိဘတ်တို့ကြောင့်။နပုံသကေ၊နပုံလိင်၌။ဝတ္တမာနဿ၊ဖြစ်သော သဝိဘတ္တိဿ၊ဝိဘတ်နှင့်တကွဖြစ်သော။အမုဿ၊အမုသဒ္ဒါ၏။အဒုံ၊အဒုံပြုသည်။ ဟောတိ၊၏။ ။ * အံသိသု၊ကြောင့်။နပုံသကေ၌။ဝတ္တမာနဿ၊သော။သဝိဘတ္တိဿ၊ သော။သဗ္ဗဿေဝ၊အလုံးစုံသာလျှင်ဖြစ်သော။အမုသဒ္ဒဿ၊အမုသဒ္ဒါ၏။အဒုံအာဒေ သော၊အဒုံပြုသည်။ဟောတိ၊၏။

အဒုံ ပုပ္ဖံ၊ထိုပန်းကို။ပဿသိ၊မြင်၏လော။ အဒုံ ပုပ္ဖံ၊ထိုပန်းသည်။ဝိရောစတိ၊တင့်တယ်၏။နပုံသကေတိပဒံ၊သည်။ကိမတ္ထံ၊နည်း။အမုံရာဇာနံ၊ထိုမင်းကို။ပဿသိ၊မြင်၏လော။အသုရာဇာ၊ထိုမင်းသည်။တိဋ္ဌတိ၊တည်၏။

➤ **အမုဿ+အဒုံ-ဟု (၂)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

**မေး။** သိဝိဘတ်နှောင်းရာ၌ အမုသဒ္ဒါ၏ အပြုဖြစ်သော အာဒေသနှစ်မျိုးကို သုတ် ထောက်ပြ၍ ဖြေဆိုပါ။

**ဖြေ။** အမုဿဒုံသုတ်ဖြင့် ဝိဘတ်နှင့်တကွ အဒုံပြုခြင်း သမုဒါယာဒေသ, အမုဿမော သံသုတ်ဖြင့် အမုသဒ္ဒါ၏ မ,အက္ခရာကို သ,ပြုခြင်း အုဝဏဝါဒေသတို့ ဖြစ်ပါသည်။

➤ **အမုဿတို့ အမုသဒ္ဒဿ-ဟု ဖွင့်ဆိုရခြင်းအကြောင်း** ။ ။ အမုသဒ္ဒါ၏ သဒ္ဒပဒဏ္ဍက အနက်ရှိသည်၏အဖြစ်ကို သိစေလိုသောကြောင့် တည်း။

➤ **လိုက်ပုဒ်ကိုကြည့်၍ ဓမုဿာဒုံ-ဟု သုတ်တည်ခြင်း** ။ ။ အံသိဟူသော လိုက်ပုဒ်ကိုကြည့်၍ အမုဿာဒုံဟူသော ဝိနာဓိကာရယောဂဝိဘာဂဖြင့် အဒုဿဒ္ဒါ သ,ဝိဘတ်ကြောင့်လည်း အမုသဒ္ဒါကို အဒုံပြုနိုင်ပါသည်။ (ရူ-၁၀၇)

## ၁၃၁။ ဣတ္ထိပုမနပုံသက သဒ္ဒါ

ဣတ္ထိပုမနပုံသက သဒ္ဒါ ဣစ္စေတေ အဓိကာရတ္ထံ ဝေဒိတဗ္ဗံ။

* ဣတ္ထိပုမနပုံသကသဒ္ဒါ၊ဣတ္ထိသဒ္ဒါ,ပုမသဒ္ဒါ,နပုံသကသဒ္ဒါ,သဒ္ဒါသဒ္ဒါသည်။ပရံ နောက်သုံးသုတ်သို့။အနုဝတ္တတိ၊လိုက်၏။

- ဣတ္ထိပုမနပုံသကသဒ္ဒါ ဣစ္စေတေ၊ဣတ္ထိပုမ နပုံသကသဒ္ဒါဟူသောဤသုတ်ကို။

http://www.dhammadownload.com



အဓိကာရတ္ထ၊နောက်သုံးသုတ်သို့လိုက်ဖို့ရာ။(ဌပိတ်၊တည်ထားအပ်သောသုတ်ဟူ၍) ဝေဒိတဋ္ဌ၊သိအပ်၏။

➤ **ဣတ္ထိပုမ နပုံသကသဒ္ဒီ-ဟု (၁) ပုဗ်သာရှိသော အဓိကာရသုတ်**

➤ **ဣတ္ထိ ပုမ နပုံသက-သဒ္ဒါများ လိုက်မည့်သုတ်များ ။ ။ ၁။** ယောသု ဒွိန္နံ ဒွေစ၊ ၂။ တိစတုန္နံ တိသော စတသော တယော စတ္တာရော တီဏိ စတ္တာရိ၊ ၃။ ပဉ္စာဒီနမကာရော သုတ်တို့ဖြစ်ပါသည်။

## ၁၃၂။ ယောသု ဒွိန္နံ ဒွေစ

ဒွိန္နံ သဒ္ဒါနံ ဣတ္ထိပုမနပုံသကေ ဝတ္တမာနာနံ သဝိဘတ္တိနံ ဒွေ ဟောတိ ယောဣတ္ထေတေသု။ ဒွေ ဣတ္ထိယော၊ ဒွေ ဓမ္မာ၊ ဒွေ ရုပါနိ။

**ယောသ္မိတိ ကိမတ္ထံ? ဒ္ဝိသု။**

**စဂ္ဂဟဏေန** ဒုဝေ ဒ္ဝယ ဥဘ ဥဘယ ဒုဝိ စ ဟောန္တိ ယောနာ အံနံ မိစ္ဆေတေသု၊ ဒုဝေ သမဏာ၊ ဒုဝေ ဗြာဟ္မဏာ၊ ဒုဝေ ဇနာ၊ ဒ္ဝယေန၊ ဒ္ဝယံ၊ ဥဘိန္နံ၊ ဥဘယေသံ၊ ဒုဝိန္နံ။

* ယောသု၊ယောဝိဘတ်တို့ကြောင့်။သဝိဘတ္တိနံ၊ဝိဘတ်နှင့်တကွဖြစ်ကုန်သော၊ ဒွိန္နံ၊ဒွိသဒ္ဒါသဒ္ဒါတစ်ခုတို့၏။ဒွေစ၊ဒွေပြုသည်လည်း။ဟောတိ၊ဖြစ်၏။

* ယောသုဣတ္ထေတေသု၊တို့ကြောင့်။သဝိဘတ္တိနံ၊ကုန်သော။ဣတ္ထိပုမ နပုံသကော၊ ဣတ္ထိလိင်,ပုလ္လိင်,နပုလ္လိင်၌။ဝတ္တမာနာနံ၊ဖြစ်ကုန်သော။ဒွိန္နံ သဒ္ဒါနံ၊ဒွိသဒ္ဒါသဒ္ဒါတစ်ခုတို့၏။ဒွေ၊ဒွေပြုသည်။ဟောတိ၊ဖြစ်၏။

ဒွေ၊နှစ်ယောက်ကုန်သော။ဣတ္ထိယော၊မိန်းမတို့သည်-တို့ကို။ဒွေ၊နှစ်ပါး၊ကုန်သော။ ဓမ္မာ၊တရားတို့သည်-တို့ကို။ဒွေ၊နှစ်ပါး၊ကုန်သော။ရုပါနိ၊ရုပ်တို့သည်-တို့ကို။ယောသ္မိတိပဒံ၊ သည်။ကိမတ္ထံ၊နည်း။ဒ္ဝိသု၊နှစ်ယောက်တို့၌။

**စဂ္ဂဟဏေန**၊ဖြင့်။ယော, နာ, အံ, နံ, ဣတ္ထေတေသု၊ယော,နာ,အံ,နံ-ဟူသော ဝိဘာတ်တို့ကြောင့်။ဒွိဿ၊ဒွိသဒ္ဒါသဒ္ဒါ၏။။ဒုဝေ ဒ္ဝယ ဥဘ ဥဘယ ဒုဝိစ၊ဒုဝေပြု,ဒ္ဝယပြု,ဥဘပြု, ဥဘယပြု, ဒုဝိပြုတို့သည်လည်း။ဟောန္တိ၊ကုန်၏။ဒုဝေ၊နှစ်ပါး၊ကုန်သော။သမဏာ၊ရဟန်းတို့သည်။ဒုဝေ၊နှစ်ယောက်ကုန်သော။ဗြာဟ္မဏာ၊ပုဏ္ဏားတို့သည်။ဒုဝေ၊နှစ်ယောက်ကုန်သော။ဇနာ၊လူတို့သည်။ဒ္ဝယေန၊နှစ်ယောက်ဖြင့်။ဒ္ဝယံ၊နှစ်ယောက်ကို။ဥဘိန္နံ၊ ဥဘယေသံ ဒုဝိန္နံ၊နှစ်ယောက်တို့အား၊ တို့၏။

➤ **ယောသု+ဒွိန္နံ+ ဒွေ+စ-ဟု ၄-ပုဗ်ရှိသော အာဒေသဝိဓိသုတ်။**

➤ **စသဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် သဟဇာတ[illegible]အနက်ရှိပါသည်။

http://www.dhammadownload.com



➢ **စသဒ္ဒါ ဆိုရခြင်းအကျိုး ။ ။** (ကစ္စညးအလို) စသဒ္ဒါဖြင့် ယော, နာ, အံ, နံ ဝိဘတ်တို့ကြောင့် ဒုဝေ၊ ဒွယေန၊ ဒွယံ၊ ဥဘိန်း၊ ဥဘယေသံ၊ ဒုဝိန်း ပြယုဝ်တို့၌ ဒုဝေပြု, ဒွယပြု, ဥဘပြု, ဥဘယပြု, ဒုဝိပြုရခြင်းအကျိုးရှိပါသည်။

(ရူပသိဒ္ဓိအလို) စသဒ္ဒါဖြင့် နံဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ ဒွိသဒ္ဒါကို ဒုဝေပြု အဆို့အရာ၌ ဒုဝိပြုရခြင်း အကျိုးရှိပါသည်။

➢ **စသဒ္ဒါဖြင့် စိရင်သော ကာရီ ကာရိယ နိမိတ်တို့တို့ အစဉ်အတိုင်း တွဲစပ်ပုံ ။ ။** ယောဝိဘတ်ကြောင့် ဝိဘတ်နှင့်တကွ ဒွိသဒ္ဒါကို ဒုဝေပြု၊ နာဝိဘတ်, အံဝိဘတ်တို့ကြောင့် ဒွိသဒ္ဒါကို ဒွယပြု၊ နံဝိဘတ်ကြောင့် ဒွိသဒ္ဒါကို ဥဘပြု, ဥဘယပြု, ဒုဝိပြု ပါသည်။

➢ **ဒွိသဒ္ဒါ၏ ကာရိယများ ။ ။** ယောသု ဒွိန္နံ ဒွေစသုတ်ဖြင့် ဒွေပြု၊ ၎င်းသုတ် စသဒ္ဒါဖြင့် ဒုဝေပြု, ဒွယပြု, ဥဘပြု, ဥဘယပြု, ဒုဝိပြု၊ ဝိသတိ ဒသေသု တာ ဒွိဿ တု သုတ်ဖြင့် တာပြု၊ ၎င်းသုတ် တုသဒ္ဒါဖြင့် ဒုပြု, ဒိပြု, ဒေါပြု၊ တိယေ ဒုတာဝိစသုတ်ဖြင့် ဒုပြု၊ ၎င်းသုတ်စသဒ္ဒါဖြင့် ဒိပြုတို့ ဖြစ်ပါသည်။

➢ **ဒွိဿ-ဟု ဇကဝုစ်ဖြင့် မဆိုဘဲ ဒွိန္နံ-ဟု ဗဟုဝုစ်ဖြင့် ဆိုရခြင်းအကျိုး**

ဒွိသဒ္ဒါနောင် ဗဟုဝုစ်ချည်းသာ ဖြစ်၏ဟု သိစေရခြင်းအကျိုးရှိပါသည်။

**၁၃၃။ တိ စတုန္နံ တိသော စတသော တယော စတ္တာရော တီဏိ စတ္တာရိ**

တိ စတုန္နံ သဒ္ဒါနံ ဣတ္ထိပုမနပုံသကေ ဝတ္တမာနာနံ သဝိဘတ္တိနံ တိသော စတသော တယော စတ္တာရော တီဏိ စတ္တာရိ ဣစ္စေတေ အာဒေသာ ဟောန္တိ ယထာသင်္ချံ ယော ဣစ္စေတေသု။

တိသော ဝေဒနာ၊ စတသော ဒိသာ၊ တယော ဇနာ ဇနေ၊ စတ္တာရော ပုရိ၊ ဟ ပုရိသေ၊ တီဏိ အာယတနာနိ၊ စတ္တာရိ အရိယသစ္စာနိ။

ယောသ္မိဟိ ကိမတ္ထံ? တီသု၊ စတူသု။

* ယောသု၊ယောဝိဘတ်တို့ကြောင့်။သဝိဘတ္တိနံ၊ဝိဘတ်နှင့်တကွ ဖြစ်ကုန်သော။ ဒွိ ဒတုန္နံ၊တိ, စတုသဒ္ဒါသဒ္ဒါတို့၏။တိသော စတသော တယော စတ္တာရော တီဏိ ဣစ္စာရိတိသောပြု, စတသောပြု, တယောပြု, စတ္တာရောပြု, တီဏိပြု, စတ္တာရိပြုတို့ သည်။ဟောန္တိဖြစ်ကုန်၏။

* ယော ဣစ္စေတေသု၊တို့ကြောင့်။သဝိဘတ္တိနံ၊ကုန်သော။ဣတ္ထိပုမ နပုံသကေ၊ ဣတ္ထိလိင် ပုလ္လိင် နပုလ္လိင်၌။ဝတ္တမာနာနံ၊ဖြစ်ကုန်သော။တိ စတုန္နံ၊တိ စတုဖြစ်ကုန်သော သဒ္ဒါနံ၊သဒ္ဒါသဒ္ဒါတို့၏။တိသော စတသော တယော စတ္တာရော တီဏိ စတ္တာရိ ဣစ္စေတေ အာဒေသာ၊တိသောပြု, စတသောပြု, တယောပြု, စတ္တာရောပြု, တီဏိပြု,

http://www.dhammadownload.com



စတ္တာရိပြုတို့သည်။ယထာသန္နီးအစဉ်အတိုင်း။ဟောန္တိ၊ဖြစ်ကုန်၏။တိသ္သေ၊သုံးပါးကုန်သော။ဝေဒနာ၊ဝေဒနာတို့သည်။တို့ကို။စတသ္သော၊လေးပါးကုန်သော။ဒိသာ၊အရပ်မျက်နှာတို့သည်။တို့ကို။တယော၊သုံးယောက်ကုန်သော။ဇနာ၊လူတို့သည်။ဇနေ၊လူတို့ကို။ စတ္တာရော၊လေးယောက်ကုန်သော။ပုရိသာ၊ယောကျ်ားတို့သည်။ပုရိသေ၊ယောကျ်ားတို့ကို။ တီဏိ၊သုံးပါးကုန်သော။အာယတနာနိ၊အာယတနတို့သည်။တို့ကို။စတ္တာရိ၊လေးပါးကုန်သော။အရိယသစ္စာနိ၊အရိယသစ္စာတို့သည်။တို့ကို။ ။ ယောသွီတိပဒံ၊သည်။ကိမတ္ထံ၊နည်း။တီသု၊သုံးယောက်တို့၌။စတူသု၊လေးယောက်တို့၌။

➤ **တိစတုန္နံ+တိသ္သော စတသ္သော တယောစတ္တာရော တီဏိစတ္တာရိ-ဟု (၂)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➤ **တိ-စတုသန္နံသဒ္ဒါတို့၏ လိင်သုံးပါးတို့၌ ယော-ဝိဘတ်ဖြင့် ရုပ်တည်နေပုံ**

➤ သော ပုရိသော တေန ပုရိသေန ကမ္မံ ကာရေတိ-၌ တေန ပုရိသေန-ဝယ် ဝိဘတ်, ဝိဘတ်အနက်, သက်သောသုတ်။ ။ ဝိဘတ်ကား-တတိယာဝိဘတ်, ဝိဘတ် အနက်ကား-ကံအနက်, သက်သောသုတ်ကား-ကတ္တရိစ-သုတ်၌ စသဒ္ဒါဖြစ်ပါသည်။

* သောပုရိသော၌ ဝိဘတ္တိဝိဓိသုတ်- အာလပနေစသုတ်၌ စသဒ္ဒါဖြင့် ဟေတု ကတ္တားအနက်၌ ပထမာ ဧကဝုစ် သိဝိဘတ်သက်သည်။

➤ သော ပုရိသော တံပုရိသံ ကမ္မံ ကာရေတိ-၌ တံပုရိသံ-ကား- ဂတိ ဗုဒ္ဓိ ဘုဇ ပဌ ဟရ ကရ သယာဒီနံ ကာရိတေဝါ-သုတ်ဖြင့် ကာရိတ်ကံအနက်၌ ဒုတိယာ ဧကဝုစ် အံဝိဘတ်သက်သည်။[တံ ပုရိသံ-၌ ဝိဘတ္တိဝိဓိသုတ်- ဂတိ ဗုဒ္ဓိသုတ်]

➤ သော ပုရိသော တဿ ပုရိသဿ ကမ္မံ ကာရေတိ-၌ တဿ ပုရိသဿ ကား- ဒုတိယာ ပဋ္ဌမိနဋ္ဌသုတ်ဖြင့် ဒုတိယာ(ကံ) အနက်၌ ဆဋ္ဌီသဝိဘတ်သက်သည်။

http://www.dhammadownload.com



## ၂၈၃။ ယဿ ဝါ ပရိဂ္ဂဟော တံ သာမိ

ယဿဝါ ပရိဂ္ဂဟော၊ တံ သာမိသည် ဟောတိ။ တဿ ဘိက္ခုနော ပဋိဝိသော၊ တဿ ဘိက္ခုနော ပတ္တော၊ တဿ ဘိက္ခုနော စီဝရံ၊ အတ္တနော မုခံ။ သာမိ ဣစ္စနန ကွတ္ထော? သာမိသို့ ဆဋ္ဌိ။

* ယဿဝါလည်း။ ပရိဂ္ဂဟော၊သိမ်းဆည်းအပ်သော ဥစ္စာသည်။ ဟောတိ၊ဖြစ်၏။ တံ၊ထို့ဥစ္စာရှင်သည်။သာမိ၊သာမိမည်သည်။ (ဝါ) သမ္ဗန်မည်သည်။ ဟောတိ၊ဖြစ်၏။ ➤ * ယဿဝါလည်း။ (ပ) သာမိသည်၊သာမိမည်သည်။ (ဝါ) သမ္ဗန်မည်သည်။ဟောတိ၊ဖြစ်၏။ တဿ ဘိက္ခုနော၊ထို့ရဟန်း၏။ပဋိဝိသော၊အာဘို့။ တဿ ဘိက္ခုနော၊ထို့ရဟန်း၏။ပတ္တော၊သပိတ်။ တဿ ဘိက္ခုနော၊၏။စီဝရံသင်္ကန်း။ အတ္တနော၊မိမိ၏။မုခံ၊မျက်နှာ။သာမိဣစ္စနေန၊သာမီအမည်ကို မှည့်ရသဖြင့်။ကွတ္ထော၊ နည်း။သာမိသို့ ဆဋ္ဌိ၊သာမိသို့ ဆဋ္ဌိ-စသည်တို့၌ သာမိဟု ခေါ်ဆိုရခြင်း အကျိုးရှိ၏။ ➤ ယဿ+ဝါ+ပရိဂ္ဂဟော+တံ+သာမိ-ဟု (၅)ပုဒ်ရှိသော (သာမိ)သညာသုတ်။

➤ သာမိမည်ပုံ။ ။ သိမ်းဆည်းအပ်သော ဥစ္စာရှိသောကြောင့် ဥစ္စာရှင်ဖြစ်သော ပုရိသ-စသော ဖြပ်သည် သာမိမည်ပါသည်။

➤ သမ္ဗန်သည် ဂဟရတ, မမည်ခြင်းအကြောင်း (ဝါ) အတာရတဖြစ်ရခြင်း အကြောင်း။ ။ သမ္ဗန်သည် ကြိယာနှင့်စပ်ခြင်းမရှိသောကြောင့်-တည်း။

➤ ဝါသဒ္ဒါ၏အနက်။ ။ ဝါသဒ္ဒါသည် သမုစ္စည်းအနက်ရှိပါသည်။

➤ ဝါသဒ္ဒါဆိုရကျိုး။ ။ ဝါသဒ္ဒါဖြင့် ဒေဝါနမိန္ဒော, မဟာသေနာပတိနံ ဥဂ္ဂါပေတဗ္ဗံ, ဒေဝဒတ္တဿ ရုဇတိ-၌ သာမိ၏ယှဉ်ရာ, တဗ္ဗ-ပစ္စည်းနှင့်ယှဉ်ရာ, ရုဇဓာတ်နှင့် ယှဉ်ရာ-စသည်တို့၌လည်း သာမိအမည်မှည့်ရခြင်း အကျိုးရှိပါသည်။

➤ သာမီသရုပ်။ ။ ၁။ ဝိသေသနသမ္ဗန်။ (ပုံစံ) ရညော ပုရိသော။ ၂။ ဌာနိသမ္ဗန် (ပုံစံ) ယမေဒန္တဿာ ဒေသော။ ၃။ အာဂမိသမ္ဗန်။ (ပုံစံ) ပုထဿာ ဂမော။

➤ သာမီ, အရ။ ။ ဝိသေသန, ဌာနီ, အာဂမိတို့၏အပြားအားဖြင့် သုံးပါးအပြား ရှိသော အနက်ကို ယူရပါမည်။

➤ သမ္ဗန်မည်ပုံ။ ။ သူတစ်ပါးနှင့်စပ်ခြင်းသည် သမ္ဗန်မည်ပါသည်။

➤ သမ္ဗန်အပြား (၁၀) ပါး။ ။ ၁။ ဘဏ္ဍာနုသမ္ဗန် (ပုံစံ) ပဟူတံ မေ ဓနံ သက္ကာ၊ ဒေဿ ပဋိဝိသော၊ ဘိက္ခဿ ပတ္တစီဝရံ။ ၂။ သမီပသမ္ဗန်(ပုံစံ) အမ္ဗဝနဿ အဝိဒူရေ နိဗ္ဗာနသ္မေဝ သန္တိကေ။ ၃။ သမူဟသမ္ဗန်(ပုံစံ) သုဝဏ္ဏသ ရာသိ၊ ဘိက္ခုနံ သမူဟော၊ ၄။ အဝယဝသမ္ဗန်(ပုံစံ) မနုဿသ္မေဝ တေ သိသံ၊ ရုက္ခဿ သာခါ။ ၅။ ဝိကာရသမ္ဗန် (ပုံစံ) သုဝဏ္ဏသ ဝိကတိ၊ ဘဋ္ဌပ္ပဂါနံ သင်္ဃ။ ၆။ကာရိယသမ္ဗန် (ပုံစံ) ယဝဿ

http://www.dhammadownload.com



အက်ိုရော၊ မေယသ သဒ္ဒေါ့၊ ပုတ္တာဝိ တသ ဗဟဝေါ့၊ ကမ္မာနံ ဖလံ ဝိပါကော။ ၇။ အဝတ္ထာသမ္ဘန်(ပုံစံ) ခန္ဓာနံ ပါတုဘာဝေါ့၊ ခန္ဓာနံ ဇရာ၊ ခန္ဓာနံ ဘေဒေါ့။ ၈။ ဇာတိသမ္ဘန်(ပုံစံ) မနုဿသ ဘာဝေါ့၊ မနုဿာနံ ဇာတိ။ ၉။ ဝုဏသမ္ဘန်(ပုံစံ) သုဝဏ္ဏသ ဝဏ္ဏော၊ စသည်။၁၀။ ကြီယာသမ္ဘန် (ပုံစံ) ပါဒသ ဥက္ခိပနံ၊ ဟတ္ထသ သမိဥ္ဇနံ-စသည်။

➤ **သုဝဏ္ဏသ ဝိကတိ-၌ သုဝဏ္ဏ-၏ သမ္ဘန်အမျိုးအစား** ။ ။ သုဝဏ္ဏသ ဝိကတိ-၌ သုဝဏ္ဏသည် ဝိကာရသမ္ဘန် ဖြစ်ပါသည်။

➤ **ပါဒသ ဥက္ခိပနံ-၌ ကြီယာနှင့်စပ်ပါလျှက် ကာရကမဖြစ်ဘဲ အကာရက (သမ္ဘန်) ဖြစ်ရခြင်းအကြောင်း**။ ။ ပါဒ,သဒ္ဒါသည် ဥက္ခိပနကြီယာနှင့် စပ်သော်လည်း ယင်းကြီယာကို ပါဒ,သက်သက်က မပြီးစေနိုင်, ပုရိသော-စသော ကတ္တားကသာ ပြီးစေနိုင်သောကြောင့် -တည်း။

➤ **ဝိသေသန+ဝိသေသိတပ္ပ (ဝိသေသျ) ခွဲပုံ**။ ။ ရဥော ပုရိသော-၌ မင်းသည် ယောက်ျားကို အခြားသောအရှင်သခင်မှ အထူးပြုတတ်, နှစ်စေတတ်သောကြောင့် ရဥော-သည် ဝိသေသနမည်ပါသည်။ ယောက်ျားသည် မင်းက အထူးပြုအပ်သောကြောင့် ပုရိသော-သည် ဝိသေသိတပ္ပ (ဝါ) ဝိသေသျ မည်ပါသည်။

## ၂၈၄။ လိင်္ဂတ္ထေ ပဌမာ

လိင်္ဂတ္ထာဘိဓာနမတ္ထေ ပဌမာဝိဘတ္တိ ဟောတိ။

ပုရိသော၊ ပုရိသာ၊ ဇကော၊ ဒွေ၊ စ၊ ဝါ၊ ဟေ၊ အဟေ၊ ရေ၊ အရေ။

* သဒ္ဒေါ့သုဝ္ဗနာမ်, သဒ္ဒါ့, ဥပသာရ, နိပါတ်, သမာသ်, တဒ္ဓိတ်, ကိတ်-ပြီးသဒ္ဒါသည်။လိင်္ဂတ္ထေ၊အနက်ထူးထွေမပါ,သကတ်,ဒြပ်,လိင်ဟူသော အနိပ္ပန္နလိင်္ဂတ္ထမျှရှိသည်။ (ဝါ) သကတ်,ဒြပ်,လိင်သန့်ရှင်းသာမန်, ကာရကသာမန်-ဟူသော အနိပ္ပန္နလိင်၏ အနက်မျှသာရှိသည်။ သတိ၊ဖြစ်လတ်သော်၊တဒတ္ထဇောတနုတ္တံ၊ထိုအတ္ထမတ္ထကို, ထွန်းပြခြင်းအကျိုးငှာ။လိင်္ဂတော၊လိင်မှ။ပရံ၊နောက်၌။ပဌမာ၊ပဌမာဝိဘတ်သည်။ဟောတိ၊ဖြစ်၏။

* သဒ္ဒေါ့သည်။ (ပ) ပဌမာဝိဘတ္တိ၊ပဌမာဝိဘတ်သည်။ဟောတိ၊ဖြစ်၏။

ပုရိသော၊ယောက်ျားသည်။ပုရိသာ၊တို့သည်။ဇကော၊တစ်ယောက်။ဒွေ၊နှစ်ယောက်တို့။စ၊စသဒ္ဒါသည်။ဝါ၊ဝါသဒ္ဒါသည်။ (ပ) အရေ့အရေသဒ္ဒါသည်။

➤ **လိင်္ဂတ္ထေ+ပဌမာ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်**။

➤**လိင်္ဂ, အရ**။ ။ နိပ္ပန္နဓ၏အစိတ်ဖြစ်သောကြောင့်ဂင်း, မထင်မရှား ကွယ်ဝှက်သောအနက်ကို သိစေတတ်သောကြောင့်ဂင်း, ဧွေးဦးစွာ တည်ထားအပ်သော အနိပ္ပန္နပါဠိပဒိက သျာဒိဝိဘတ္တျန္တပဒ ပကတိရုပ်ကို ယူရမည်။

➤ **လိင်္ဂတ္ထ, အရ**။ ။ ဥပသာရပုဒ်၏အနက်, အချို့သောနိပါတ်ပုဒ်တို့၏အနက်,

http://www.dhammadownload.com



လိင်,သဒ္ဒါ,ပရိမာဏနှင့်ယှဉ်သော သုဒ္ဓလိင်္ဂတ္ထ, အဘိဟိတ ကမ္မာဒိ သဲသဒ္ဒလိင်္ဂတ္ထတို့ ဖြစ်ပါသည်။ (ဝါ) လိင်,သဒ္ဒါ,ပရိမာဏနှင့်ယှဉ်သော သက်သက်သောသဒ္ဒါ၏အနက်ဌာန်း, ထိုလိင်သည် ပရိမာဏမှလွတ်သော ဥပသာရ, နိပါတ်တို့၏ အနက်ဖြစ်သော သက်သက်သောသဒ္ဒါ၏အနက်သည်ဌာန်း, လိင်္ဂတ္ထမည်ပါသည်။ (တစ်နည်း) သမ္မဟ ပညတ်, သန္တာနပညတ်, ဥပါဒါပညတ်-ဟု ဆိုအပ်သော ဃဋ,ပဋ-စသော ခေါ်ဝေါ်အပ်သော အနက်သည်ဌာန်း, တဒ္ဓာပညတ်-ဟု ဆိုအပ်သော ခက်မာသည်၏အဖြစ် တွေ့ထိခြင်း-စသော သာမညအခြင်းအရာသည်ဌာန်း, လိင်္ဂတ္ထမည်ပါသည်။

➤ **လိင် (လိင်)** မည်ပုံ။ ။ မထင်ရှားသော အစိတ်အပိုင်းသည် လိင်္ဂမည်၏။ (တစ်နည်း) ပုရိသ-စသော နာမ်ဝိဘတ်နှင့်ယှဉ်သောပုဒ်တို့၏ နှေးဦးစွာ ရှုပ်တည်ထားသော ပကတိရုပ်ကို မထင်ရှားသောကြောင့်ဌာန်း, အစိတ်အပိုင်းဖြစ်သောကြောင့်ဌာန်း, လိင်္ဂမည်ပါသည်။ (တစ်နည်း) ဥပသာရ-စသည်တို့၏ လျှို့ဝှက်အပ်သောအနက်ကို သိစေတတ်သောကြောင့် လိင်္ဂမည်ပါသည်။

➤ **လိင်္ဂတ္ထ (၂) မျိုး**။ ။ ၁။ ကမ္မာဒိသဲသဒ္ဒလိင်္ဂတ္ထ။ ၂။ သုဒ္ဓလိင်္ဂတ္ထတို့ဖြစ်ပါသည်။

➤ **ဤ၌ အလိုရှိအပ်သော လိင်္ဂတ္ထ**။ ။ ကဲ, စသော အနက်တို့၌ ဒုတိယာ-စသော ဝိဘတ်တို့ကို စီရင်လတ္တံ့ဖြစ်သောကြောင့် သုဒ္ဓလိင်္ဂတ္ထကို ယူရပါမည်။

➤ **ပဌမာဝိဘတ်သက်ရမည့် အနက်များ**။ ။ ဥပသာရပုဒ်တို့၏အနက်၌ဌာန်း, အချို့သောနိပါတ်သဒ္ဒါတို့၏အနက်၌ဌာန်း, သုဒ္ဓဖြစ်သော လိင်,သဒ္ဒါ,ပရိမာဏနှင့်ယှဉ်သောအနက်၌ဌာန်း, အာချာတ်-စသော ဝါစကတို့ဟောအပ်ပြီးသော ကဲ-စသည်တို့နှင့် ရောသောအနက်၌ဌာန်း, ပဌမာဝိဘတ်သက်ရမည်။

➤ **ဤသုတ်ဖြင့် ပဌမာဝိဘတ်သာ သက်ရခြင်းအကြောင်း**။ ။ ဝါစကကြီးကဟောပြီးဖြစ်၍ တစ်ဖန်ထပ်၍ ဝိဘတ်ဟောအပ်သော အနက်ထူးမရှိသည့်အတွက် ဒုတိယာ-စသော ဝိဘတ်သက်ရာမဟုတ်သောကြောင့်ဌာန်း, လိင်အနက်သာမည ထင်ရှားရှိနေသောကြောင့်ဌာန်း, ပဌမာဝိဘတ်သာ သက်ရပါသည်။

➤ **ပုရိသော မဂ္ဂံ ဂစ္ဆတိ-၌ ပုရိသော-ဝယ် ပဌမာဝိဘတ် သက်ရခြင်းအကြောင်း**။ ။ ဂစ္ဆတိ-ဟူသော အာချာတ်ကြိယာဝါစကသည် ကတ္တားကို ဟောပြီးဖြစ်သောကြောင့် ထိုကတ္တားအနက်ကို တစ်ဖန်ထပ်၍ဟောခြင်းသည် အနက်ထူးမရှိသည့်အတွက် သက်ရာမဟုတ်သောကြောင့်ဌာန်း, လိင်အနက်သာမည၏ ထင်ရှားသောကြောင့်ဌာန်း, (တတိယာဝိဘတ်မသက်ဘဲ) ပဌမာဝိဘတ်သာ သက်ရပါသည်။

**မေး** ။ ။ **ပုရိသေန ဆြဒနော ဝစ္စတေ-၌ ဆြဒနော-ဝယ်** မည်သည့်သုတ်ဖြင့် မည်သည့်ဝိဘတ် သက်ရသည်ကို အကြောင်းပြ ဖြေဆိုပါ။

http://www.dhammadownload.com



ဖြေ ။ ။ အာချာတ်, ကိတ်, တဒ္ဓိတ်, သမာသ်တို့သည်ဟောအပ်သော ကံ-စသော အနက်တို့နှင့် ရောနှောသောအနက်သည် နောက်ထပ် မိမိဟောထိုက်သော - အနက်ထူးမရှိသည့်အတွက် ဒုတိယာ-စသည် သက်ရာမဟုတ်သောကြောင့်ဂုဏ်း လိင်အနက်သာမည ဖြစ်သောကြောင့်ဂုဏ်း ဩဒနော-ဝယ် လိင်္ဂတွေ ပဌမာသုတ် ဖြင့် ပဌမာသိဝိဘတ် သက်ပါသည်။

➤ ဓာတုပစ္စယ ဝိဘတ္တိဝဋ္ဋိတ မတ္ထဝံ အဓိပ္ပါယ်။ ။ ပုရိသ-၌ ပုရဓာတ်၏, အရ ပြည့်စေခြင်းကြီယာ, ဣသပစ္စည်းဇရ, ကတ္တုသာနေသတ္တိကို မယူဘဲ ဖြဝ်တစ်ခု ကိုသာ ယူရသည်ကို ဓာတုပစ္စယ ဝိဘတ္တိဝဋ္ဋိတ မတ္ထဝံ-ဟု ဆိုပါသည်။

## ၂၈၅။ အာလပနေ စ

အာလပနတ္ထာဓိကေ လိင်္ဂတ္ထာဘိဓာနမတ္တေစ ပဌမာဝိဘတ္တိ ဟောတိ။

ဥ.ော ပုရိသ၊ ဘဝန္တော ပုရိသာ၊ ဘော ရာဇ၊ ဘဝန္တော ရာဇာနော၊ ဟေ သခေ၊ ဟေ သခိနော။

* သဒ္ဒေါသုဒ္ဓနာမ်, သဒ္ဒါ, ဥပသာရ, နိပါတ်, သမာသ်, တဒ္ဓိတ်, ကိတ်-ပြီးသဒ္ဒါ သည်။အာလပနေရှေးရှုခေါ်ငင်ခြင်း, ခေါ်ငင်အပ်သော အာလုပ်အနက် အပိုအလွန်ရှိသော။လိင်္ဂတွေ၊အနက်ထူးတွေမပါ,သကတ်ဖြဝ်,လိင်ဟူသော အနိပ္ပန္နလိင်္ဂတ္ထမျှရှိသည်။ (ဝါ) သကတ်ဖြဝ်,လိင်သဒ္ဒါသာမန်, ကာရကသာမန်-ဟူသော အနိပ္ပန္နလိင်၏ အနက်မျှ သာရှိသည်။သတိစ၊ဖြစ်သော်လည်း။တဒတ္ထဇောတနတ္ထံ၊ထိုအာလုပ်နှင့်တကွသော် အတ္ထ မတ္ထကို, ထွန်းပြခြင်းအကျိုးငှာ။လိင်္ဂတော၊လိင်မှ။ပဓံနောက်၌။ပဌမာ၊သည်။ဟောတိ၊၏။

* သဒ္ဒေါသည်။အာလပနတ္ထာဓိကေ၊ရှေးရှုခေါ်ငင်ခြင်း, ခေါ်ငင်အပ်သော အာလုပ် အနက် အပိုအလွန်ရှိသော။လိင်္ဂတ္ထာဘိဓာနမတ္တေ၊အနိပ္ပန္န လိင်္ဂတ္ထကို, ဟောကာမျှသည်။ သတိစ၊လည်း။တဒတ္ထဇောတနတ္ထံ၊ငှာ။လိင်္ဂတော၊မှ။ပဓံ၌။ပဌမာဝိဘတ္တိ၊သည်။ဟောတိ၊၏။ * ဘော ပုရိသ၊ဣုယောက်ျား။ဘဝန္တော ပုရိသာ၊ဣုယောက်ျားတို့။ဘော ရာဇ၊ဣုမင်း။ ဘဝန္တော ရာဇာနော၊ဣုမင်းတို့။ဟေ သခေ၊ဣုခင်ပွန်း။ဟေ သခိနော၊ဣုခင်ပွန်းတို့။

➤ **အာလပနေ+စ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။**

➤ **အာလုပ်မည်ပုံ။** ။ ရှေးရှုပြု၍ ပြောဆိုခြင်းသည် အာလုပ်မည်ပါသည်။

➤ **အာမန္တနမည်ပုံ။** ။ မခေါ်မီ ရှေးဦးကပင် ရအပ်သော သရုပ်သကောင်ရှိသော ဝတ္ထုကို အသံဖြင့် ရှေးရှုပြုခြင်းသည် အာမန္တနမည်ပါသည်။

➤ **အာလုပ်သည် အကာရကဖြစ်ရခြင်းအကြောင်း**

➤ **ရှေးရှုခေါ်ဝေါ်ခြင်း အာလုပ်ပုဒ်သည် ကာရကအမည် ရနိုင်/မရနိုင်း** အာလုပ်ပုဒ်သည် ခေါ်ဝေါ်ဆဲအခါ၌ ကြိယာနှင့်ယှဉ်စပ်ခြင်း မရှိသောကြောင့်

http://www.dhammadownload.com



အကာရက ဖြစ်ရပါသည်။ (ဝါ) ကာရကအမည် မရနိုင်ပါ။

➢ စသဒ္ဒါဖြင့် သတ်နိုင်သောအနက်များ။ ။ လိင်အနက်, ဟေတုကတ္တားအနက်, သုဒ္ဓကတ္တားအနက်, ကံအနက်, ကရိဏ်းအနက်, သမ္ပဒါန်အနက်, အပါဒါန်အနက်, သမ္ဗန်အနက်, ဩကာသအနက်-စသည်တို့ဖြစ်ပါသည်။

## ၂၈၆။ ကရဏေ တတိယာ

ကရဏကာရကေ တတိယာဝိဘတ္တိ ဟောတိ။ အင်္ဂါနာ ကုဋိံ စျာပေတိ၊ မနသာ စေ ပဒုဋ္ဌေန၊ မနသာ စေ ပသန္နေန၊ ကာယေန ကမ္မံ ကရောတိ။

### (ကရဏေ+တတိယာ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်)

* ကရဏေ၊ကရိဏ်းအနက်၌။တတိယာ၊တတိယာဝိဘတ်သည်။ဟောတိ၊ဖြစ်၏။
* ကရဏကာရကေ၊ကရဏကာ့ရကဉ်။တတိယာဝိဘတ္တိ၊သည်။ဟောတိ၊ဖြစ်၏။
* အင်္ဂါနာ၊မီးဖြင့်။ကုဋိံ၊ကုဋိကို။(တဲအိမ်ကို) စျာပေတိ၊လောင်ကျွမ်း၏
ပဒုဋ္ဌေန၊ပြစ်မှားလိုသော၊မနသာ၊စိတ်ဖြင့်။စေ ဘာသတိဝါ၊အကယ်၍ ဆိုမူလည်း
အံ့။ * ပသန္နေန၊ကြည်ညိုသော၊မနသာ၊စိတ်ဖြင့်။စေ ဘာသတိဝါ၊အကယ်၍ ဆိုမူ
လည်း ဆိုကြားအံ့။ * ကာယေန၊ကိုယ်ဖြင့်။ကမ္မံ၊အမှုကိစ္စကို။ကရောတိ၊ပြုလုပ်၏။

## ၂၈၇။ သဟာဒိယောဂေ စ

သဟာဒိယောဂတ္ထေစ တတိယာဝိဘတ္တိ ဟောတိ။

သဟာဝိ ဂဂ္ဂေန သံယော ဥပေါသထံ ကရေယျ၊ ဝိနာဝိ ဂဂ္ဂေန၊ မဟတာ ဘိက္ခုသံယေန သဒ္ဓိ၊ သဟသေန သမံ မိတာ။

* သဟာဒိယောဂေစ၊သဟာဒိယောဂအနက်၌လည်း။တတိယာ၊တတိယာဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ ➢ * သဟာဒိယောဂတ္ထေစ၊သဟာဒိယောဂအနက်၌လည်း။တတိယာဝိဘတ္တိ၊တတိယာဝိဘတ်သည်။ဟောတိ၊ဖြစ်၏။

ဂဂ္ဂေန၊ဂဂ္ဂရမင်းနှင့်။သဟာဝိ၊တကွငင်း။ဂဂ္ဂေန၊နှင့်။ဝိနာဝိ၊ကင်း၍ငင်း။သံယော၊သံယာသည်။ဥပေါသထံ၊ဥပုသ်ကို။ကရေယျ၊ပြုရာ၏။ * မဟတာ၊များမြတ်သော။ဘိက္ခုသံယေန၊ရဟန်းအပေါင်းနှင့်။သဒ္ဓိ၊အတူတကွ။ * သဟသေန၊တစ်ထောင်နှင့်။သမံ၊အတူအမျှ။မိတာ၊နှိုင်းရည်အပ်ကုန်၏။

➢ သဟာဒိယောဂေ+စ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။

➢ တ္ဌိသုတ်-၌ သဟ-သဒ္ဓါနှင့်ယှဉ်ရာ သမဝါယများ။ ။ ကြိယာသမဝါယ, ဂုဏသမဝါယ, ဒဗ္ဗသမဝါယ-တို့ဖြစ်ပါသည်။

➢ အာဒိ, အရ (ဝါ) အာဒိဝန္တ, အရ။ ။ သဒ္ဓိ, သမံ, နာနာ, ဝိနာ, အလံ, ကိ-

http://www.dhammadownload.com



စသော သဒ္ဒါတို့ကို ယူရပါမည်။

➤ **စသဒ္ဒါ၏အနက်**။ ။ စသဒ္ဒါသည် သမုစ္စည်းအနက်ရှိပါသည်။

➤ **စသဒ္ဒါ ဆိုရကျိုး**။ ။ စသဒ္ဒါဖြင့် ဒေဝဒတ္တော ရာဇဟံ ပါဝိသိ ကောကာလိကေန ပစ္ဆာသမဏေန-ပြယုဂ်တို့ဝယ် သဟသဒ္ဒါ၏အနက် ယှဉ်ရာဌာနလည်း တတိယာဝိဘတ်သက်ခြင်း အကျိုးရှိပါသည်။

➤ **တတိယာဝိဘတ် သက်ရာဌာနများ**။ ။ သဟယောဂ, သဟာဒိယောဂ, သဟတ္ထ-တို့ဖြစ်ပါသည်။

မေး။ ။ ဤသုတ်ဖြင့် အဘယ်သဒ္ဒါတို့နှင့်ယှဉ်ရာဌ တတိယာဝိဘတ်သက်ရမည်နည်း။

ဖြေ။ ။ ဤသုတ်ဖြင့် သဟ, သဒ္ဓိ, သမံ, နာနာ, ဝိနာ, အလံ, ကိ-အစရှိသော နိပါတ်ပုဒ်တို့နှင့်ယှဉ်ရာဌ လိင်နောင် တတိယာဝိဘတ် သက်ရပါမည်။

## ၂၈၈။ ကတ္တရိစ

ကဿ္တရိစ တတိယာဝိဘတ္တိ ဟောတိ။

ရညာ ဟတော ပေါသော၊ ယက္ခေန ဒိန္နော ဝရော၊ အဟိနာ ဒဋ္ဌော နရော။

* ကတ္တရိစ၊ကတ္တားအနက်ဌလည်း။တတိယာ၊တတိယာဝိဘတ်သည်။ဟောတိ၏။

* ကတ္တရိစ၊ကတ္တားအနက်ဌလည်း။တတိယာဝိဘတ္တိ၊သည်။ဟောတိ၊ဖြစ်၏။

* ရညာ၊မင်း၊ဃည်။ပေါသော၊ခိုး၊သူယောက်ျား၊ကို။ဟတော၊သတ်အပ်ပြီ။ * ယက္ခေန၊နတ်သည်။ဝရော၊ဆုကို။ဒိန္နော၊ပေးအပ်ပြီ။ * အဟိနာ၊မြွေသည်။နရော၊လူကို။ ဒဋ္ဌော၊ကိုက်အပ်ပြီ။

➤ **ကတ္တရိ+စ-ဟု (၂) ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်**။

➤ **စသဒ္ဒါ၏အနက်**။ ။ စသဒ္ဒါသည် သမုစ္စည်းအနက်ရှိပါသည်။

➤ **စသဒ္ဒါ ဆိုရကျိုး/စသဒ္ဒါဖြင့် သက်နိုင်သောအနက်များ** ။ ။ စသဒ္ဒါဖြင့် ဣတ္ထမ္ဘူတ လက္ခဏအနက်, ကြိယာပဝဂ္ဂ အနက်, ပုဗ္ဗ, သဒိသ, သမ, ဥန-အနက်ရှိသော သဒ္ဒါ, ကလဟ, နိပုဏ, မိဿက, သခီလ, အတ္ထ-စသော သဒ္ဒါတို့နှင့်ယှဉ်ရာ, ကာလ, အဓွန်, ပထမာအနက်, ကံအနက်, ပဋ္ဌမီအနက်-စသည်တို့၌လည်း တတိယာဝိဘတ်သက်ခြင်းအကျိုးရှိပါသည်။

➤ **ဣတ္ထမ္ဘူတ လက္ခဏမည်ပုံ**။ ။ တစ်စုံတစ်ခုအထူးသို့ ရောက်သည်ကို မှတ်ကြောင်းဖြစ်သော အနက်သည် ဣတ္ထမ္ဘူတ လက္ခဏမည်ပါသည်။

➤ **ဣတ္ထ-စသည် ခွဲပုံ**။ ။ သာ ဘိန္နေန သီသေန ပဗ္ဗရန္တေန လောဟိတေန ပဒိဝိဿကာနံ ဥပ္ပါပေသိ-၌ ဦးခေါင်းကွဲနေခြင်း, သွေးတွေယိုစီးနေခြင်းသည် ကာဠိ၏ ပကတိအနေထက် ထူးခြားသောကြောင့် ဣတ္ထမည်၏။ ထိုဣတ္ထသို့ရောက်နေသော

http://www.dhammadownload.com



ကာဠီသည် ဣတ္ထမ္ဘူတမည်၏။ ကွဲနေသောဦးခေါင်း, ယိုသောသွေးများကား ကာဠီကို မှတ်သားကြောင်းဖြစ်သောကြောင့် ဣတ္ထမ္ဘူတ လက္ခဏာမည်၏။

➤ **ဥိနပဗ္ဗဗန္ဓနေန ပတ္ထေန အညံ နဝံ ပတ္တံ စေတာပေတျ-၌။** ။ ၁။သပိတ်၏ ငါးဖွဲ့မပြည့်သေးခြင်းသည် ဣတ္ထာ။ ၂။ထိုဣတ္ထာသို့ရောက်သော သပိတ်ရှင် ရဟန်းသည် ဣတ္ထမ္ဘူတ။ ၃။ ငါးဖွဲ့မပြည့်သေးသော သပိတ်ကား ထိုရဟန်းထူးကို မှတ်ကြောင်းဖြစ်၍ ဣတ္ထမ္ဘူတ လက္ခဏာတို့ဖြစ်ပါသည်။

➤ **တီဒဏ္ဍကေန ပရိဗ္ဗာဇကာ မဒ္ဒန္တိ-၌။** ၁။ တောင်ဝှေးဖျားဌ ထူးခြားသော ကြိုးသုံးချောင်း အမှတ်အသားပါသော တောင်ဝှေးကို ကိုင်ဆောင်ခြင်းသည် ဣတ္ထာ။ ၂။ ပရိဗိုဇ်ရသော့်သည် ဣတ္ထမ္ဘူတ။ ၃။ ကြိုးသုံးချောင်းပါသော တောင်ဝှေးကား မှတ်သားကြောင်းဖြစ်၍ ဣတ္ထမ္ဘူတ လက္ခဏာတို့ဖြစ်ပါသည်။

➤ **ကြိယာပဝဂ္ဂမည်ပုံ။** ။ ကြိယာကို လျင်မြန်စွာ ပြီးစေခြင်းသည် ကြိယာပဝဂ္ဂမည်ပါသည်။

➤ **ဧကောဟေနေဝ ဗာရာဏသိယံ ပါယာသိ-၌ ကြိယာပဝဂ္ဂဖြစ်ပုံ။** ။ နှစ်ရက်, သုံးရက်-စသည်ဖြင့် သွားမှသာ ဗာရာဏသီပြည်သို့ ရောက်ရမည်ဖြစ်လျက် တစ်ရက်တည်းဖြင့်သာ ဗာရာဏသီပြည်သို့ရောက်အောင် သွားနိုင်ခြင်းသည် သွားခြင်းကြိယာကို လျင်မြန်စွာ ပြီးဆုံးစေသောကြောင့် ကြိယာပဝဂ္ဂဖြစ်ပါသည်။

➤ **နဝ မာသေဟိ ဝိဟာရံ နိဋ္ဌာပေသိ-၌ ကြိယာပဝဂ္ဂဖြစ်ပုံ။** ။ နှစ်ပေါင်းကြာမြင့်စွာ ဆောက်လုပ်မှသာ ကျောင်းပြီးရမည်ဖြစ်ပါလျက် ကိုးလ-တည်းဖြင့် ကျောင်းပြီးအောင် ဆောက်လုပ်နိုင်ခြင်းသည် ကျောင်းဆောက်လုပ်နိုင်ခြင်း ကြိယာကို လျင်မြန်စွာ ပြီးဆုံးစေခြင်းကြောင့် ကြိယာပဝဂ္ဂဖြစ်ပါသည်။

➤ **ဤသုတ်၌ ကတ္ထား, အရ။** ။ ဝုတ္တကတ္တားအနက်၌ လိင်္ဂတွေ ပဌမာ-သုတ်ဖြင့် ပဌမာဝိဘတ် သက်ရသောကြောင့် အဝုတ္တကတ္တားကို ယူရပါမည်။

➤ **ဤသုတ်ကို ထားမြစ်သည့် သဘောရှိသောသုတ်ကား။** ။ ဂတိဝုဒ္ဓိဘုဇ ပဌဟရ ကရသယာဒီနံ ကာရိတေဝါ-သုတ်ဖြစ်ပါသည်။

## ၂၈၉။ ဟေတွတ္ထေ စ

ဟေတွတ္ထေစ တတိယာဝိဘတ္တိ ဟောတိ။

အန္နေန ဝသတိ၊ ဓမ္မေန ဝသတိ၊ ဝိဇ္ဇာယ ဝသတိ၊ သက္ကာရေန ဝသတိ။

* ဟေတွတ္ထေစ၊ဟိတ်အနက်၌လည်း။တတိယာ၊တတိယာဝိဘတ်သည်း။ဟောတိ၊ ၏။ * ဟေတွတ္ထေစ၊ဟိတ်အနက်၌လည်း။တတိယာဝိဘတ္တိ၊သည်း။ဟောတိ၊ဖြစ်၏။

အန္နေန၊ထမင်းကြောင့်။ဝသတိ၊နေ၏။ဓမ္မေန၊တရားကြောင့်။ဝသတိ၊နေ၏။ဝိဇ္ဇာယ၊

http://www.dhammadownload.com



အတတ်ပညာကြောင့်။ဝသတိ၊နေ၏။သက္ကာရေန၊ပူဇော်သက္ကာရကြောင့်။ဝသတိ၊နေ၏။

➤ ဟေတွတ္ထေ+စ-ဟု (၂) ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။

➤ တတိယာဝိဘတ် သတ်ရာဌာန။ ။ ဟိတ်အနက်၌ဇင်း, ဟိတ်အနက်ရှိသော သဒ္ဒါနှင့်ယှဉ်ရာ၌ဇင်း-တတိယာဝိဘတ် သက်ပါသည်။

➤ ဟိတ်မည်ပုံ။ ။ တစ်စုံတစ်ခုသော အကျိုး၌ မြင်အပ်သော အစွမ်းသတ္တိရှိသော အကြောင်းသည် ဟိတ်မည်ပါသည်။

➤ **စသဒ္ဒါ၏အနက်**။ ။ စသဒ္ဒါသည် ဟေတွတ္ထပယောဂကို ဆည်းယူသော ကြောင့် အဝုတ္တသမုစ္စည်းအနက်ရှိပါသည်။

## ၂၉၀။ သတ္တမျတ္ထေ စ

သတ္တမျတ္ထေစ တတိယာဝိဘတ္တိ ဟောတိ။

တေန ကာလေန၊ တေန သမယေန၊ ယေန ကာလေန၊ ယေန သမယေန၊ တေန ခေါ ပန သမယေန။

* သတ္တမျတ္ထေစ၊သတ္တမီအနက်၌လည်း။တတိယာ၊တတိယာဝိဘတ်သည်။ဟောတိ၊ ၏။ * သတ္တမျတ္ထေစ၊သတ္တမီအနက်၌လည်း။တတိယာဝိဘတ္တိ၊သည်။ဟောတိ၊ဖြစ်၏။

တေန ကာလေန-တေန သမယေန၊ထိုအခါ၌။ယေန ကာလေန-ယေန သမယေန၊ အကြင်အခါ၌။တေန ခေါ ပန သမယေန၊ထိုအခါ၌။

➤ သတ္တမျတ္ထေ+စ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။

➤ တတိယာဝိဘတ် သတ်ရာဌာန။ ။ ကာလ, အဒ္ဓန်, ဒီဃ, ဒေသ-စသော အနက်ကိုဟောသော သဒ္ဒါတို့၌သာ သတ္တမီအနက်၌ တတိယာဝိဘတ် သက်ပါသည်။

➤ သတ္တမျတ္ထ, **အရ**။ ။ ကာလ, အဒ္ဓ, ဒေသ-စသည်တို့ကို ယူရပါမည်။

## ၂၉၁။ ယေနင် ဝိကာရော

ယေန ဗျာဓိမတာ အင်္ဂေန အင်္ဂီနော ဝိကာရော လက္ခိယတေ၊ တတ္ထ တတိယာဝိဘတ္တိ ဟောတိ။ အင်္ဂီနာ ကာဏော၊ ဟတ္ထေန ကုဏီ၊ ကာဏံ ပဿတိ နေတ္တေန၊ ပါဒေန ခဉ္ဇော၊ ဝိဒ္ဒိယာ ခုဒ္ဒေါ။

* ယေန၊အကြင်အစိတ်ဖြင့်။ (ဝါ)ကြောင့်။အင်္ဂဝိကာရော၊အပေါင်း၏ဖောက်ပြန်ခြင်းကို။လက္ခိယ္ယတေ၊မှတ်အပ်၏။တတ္ထ၊ထိုအစိတ်၌။တတိယာ၊တတိယာဝိဘတ်သည်။ ဟောတိ၊ဖြစ်၏။ ➤ * ဗျာဓိမတာ၊အနာရှိသော။ယေန အင်္ဂေန၊အကြင်အစိတ်ဖြင့်။ အင်္ဂီနော၊အပေါင်း၏။ဝိကာရော၊ဖောက်ပြန်ခြင်းကို။လက္ခိယတေ၊မှတ်အပ်၏။တတ္ထ၊ ထိုအစိတ်၌။တတိယာဝိဘတ္တိ၊တတိယာဝိဘတ်သည်။ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com



အက္ခိနာ၊မျက်စိဖြင့်။ကာဏော၊ကန်းသောသူ။ * ဟတ္ထေန၊လက်ဖြင့်။ကုဏီ၊ကောက်သောသူ။ * နေတ္ထေန၊မျက်စိဖြင့်။ကာဏော၊ကန်းသောသူကို။ပသတိ၊မြင်၏။ * ပါဒေန၊ခြေဖြင့်။ခဉ္ဇော၊ခွင်သောသူ။* ပိဋ္ဌိယာ၊ကျောက်ကုန်းဖြင့်။(ကျောဖြင့်) ခုဇ္ဇော၊ကုန်းသောသူ

➤ .ယေန+အင်္ဂဝိကာရော-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။

➤ **အင်္ဂ, အရ။** ။ အပေါင်းဖြစ်သော ကိုယ်ဖြစ်ကို ယူရပါမည်။

➤ **ဝိကာရ, အရ။** ။ ဖောက်ပြန်ခြင်း ကြီယာကို ယူရပါမည်။

➤ **အင်္ဂဝိကာရ, အရ။** ။ အပေါင်းဖြစ်သော ကိုယ်ဖြစ်၏ ဖောက်ပြန်ခြင်း ကြီယာကို ယူရပါမည်။

➤ **အတ္ထိနာ ကာဏော-၌ အင်္ဂ, ဝိကာရ, လက္ခဏေခွဲပုံ။** ။ တစ်ဘက်ကန်းသူ ဖြစ်သည် အင်္ဂ, တစ်ဘက်ကန်းနေသော မျက်စိသည် ဝိကာရ, ထိုတစ်ဘက်ကန်းနေသူ ဖြစ်ကို တစ်ဘက်ကန်းနေသော မျက်စိဖြင့် မှတ်ခြင်းသည် လက္ခဏဖြစ်ပါသည်။

## ၂၉၂။ ဝိသေသနေ စ

ဝိသေသနတ္ထေစ တတိယာဝိဘတ္တိ ဟောတိ။

ဂေါတ္တေန ဂေါတမော နာထော၊ သုဝဏ္ဏေန အဘိရူပေါ၊ တပသာ ဥတ္တမော။

* ဝိသေသနေစ၊ဝိသေသနအနက်၌လည်း။တတိယာ၊တတိယာဝိဘတ်သည်။ဟောတိ၊၏။ * ဝိသေသနတ္ထေစ၌လည်း။တတိယာဝိဘတ္တိ၊သည်။ဟောတိ၊ဖြစ်၏။

* နာထော၊မြတ်စွာဘုရားသည်။ဂေါတ္တေန၊အနွယ်တော်အားဖြင့်။ဂေါတမော၊ဂေါတမအနွယ်တည်း။ * သုဝဏ္ဏေန၊ဝါရွှေသောအဆင်းဖြင့်။အဘိရူပေါ၊လွန်သောအဆင်းရှိ၏။ * တပသာ၊အကျင့်အားဖြင့်။ဥတ္တမော၊မြတ်၏။

➤ ဝိသေသနေ+စ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။

➤ **ဝိသေသနမည်ပုံ။** ။ အထူးပြုထိုက်သော အနက်ကို အထူးပြုခြင်းသည် ဝိသေသနမည်ပါသည်။

➤ **ဝိသေသန, အရ (ဝါ) ဝိသေသနသဂ္ဂပ်။** ။ ဂေါတ္တ, နာမ, ဇာတိ, သိပ္ပ, ဝယ, ဂုဏ-တို့ကို ယူရပါမည်။

➤ **စသဒ္ဒါ၏အနက်။** ။ စသဒ္ဒါသည် သမုစ္စည်းအနက်ရှိပါသည်။

➤ **စသဒ္ဒါ ဆိုရကျိုး။** ။ စသဒ္ဒါဖြင့် ပကတိ, ယေဘုယျ, သမ, ဝိသမ, ဒွိဒေါဏ, သဟသ-စသော သဒ္ဒါတို့မှ နောက်၌လည်း တတိယာဝိဘတ် သက်ရခြင်း အကျိုးရှိ၏

## ၂၉၃။ သမ္မဒါနေ စတုတ္ထီ

သမ္မဒါနကာရကေ စတုတ္ထီဝိဘတ္တိ ဟောတိ။ ဒုဒ္ဓသဝါ ဓမ္မသဝါ သံယသဝါ ဒါနံ ဒေတိ၊ ဒါတာ ဟောတိ သမဏသဝါ ဗြာဟ္မဏသဝါ။

http://www.dhammadownload.com



➢ သမ္မဒါနေ+စတုတ္ထီ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။

*. သမ္မဒါနေ၊သမ္မဒါနကာရကဒ်။စတုတ္ထီ၊စတုတ္ထီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။

* သမ္မဒါနကာရကေ၊သမ္မဒါနကာရကဒ်။စတုတ္ထီဝိဘတ္တိ၊သည်။ဟောတိ၊ဖြစ်၏။

ဗုဒ္ဓဿဝါ၊ဘုရားအားငင်း။ဓမ္မဿဝါ၊တရားအားငင်း။သံဃဿဝါ၊သံဃာအားငင်း။ ဒါန်၊အလှူကို။ဒေတိ၊ပေးလှူ၏။ * သမဏာသဝါ၊ရဟန်းအားငင်း။ဗြာဟ္မဏာသဝါ၊ ပုဏ္ဏားအားငင်း။ဒါတာ၊ပေးလှူသည်။ဟောတိ၊ဖြစ်၏။ **[ဒါဓာတ်နှင့် ယှဉ်သောကြောင့် ဗုဒ္ဓ, ဓမ္မ, သံဃ, သမဏ, ဗြာဟ္မဏ-တို့၌ စတုတ္ထီဝိဘတ်ဖြင့် ထားရသည်။]**

## ၂၉၄။ နမော ယောဂါဒီသွပိ စ

နမော ယောဂါဒီသွပိစ စတုတ္ထီဝိဘတ္တိ ဟောတိ။

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊ သောတ္ထိ ပဇာနံ၊ နမော ကရောဟိ နာဂဿ၊ သွာဂတံ တေ မဟာရာဇ။

* နမောယောဂါဒီသွပိစ၊နမောသဒ္ဒါနှင့်ယှဉ်ရာ စသည်တို့၌လည်း။စတုတ္ထီ၊စတုတ္ထီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ ➢ * နမောယောဂါဒီသွပိစ၊နမောသဒ္ဒါနှင့်ယှဉ်ရာ စသည်တို့၌လည်း။စတုတ္ထီဝိဘတ္တိ၊စတုတ္ထီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။

* ဝီရုကြီးသောလွဲ့လရှိတော်မူသော။ဗုဒ္ဓ၊ရှင်ပင်ဘုရား။တေ၊အရှင်ဘုရားအား။ နမော၊ဦးညွတ်ရှိခိုးခြင်းသည်။ (ဝါ) ကို။အတ္ထု၊ဖြစ်ပါ၏။ (ဝါ) ပြုပါ၏။ * ပဇာနံ၊သတ္တဝါ တို့အား။သောတ္ထိ၊ဘေးမဲ့ချမ်းအေးမြဲခြင်းသည်။ဟောတု၊ဖြစ်ပါစေ။ * နာဂဿ၊ရဟန်းအား။ (ဝါ)ကို။နမော၊ဦးညွတ်ရှိခိုးခြင်းကို။ကရောဟိ၊ပြုလော။ * မဟာရာဇ၊မင်းမြတ်။တေ၊ အရှင်မင်းမြတ်၏။အာဂတံ၊ရောက်လာခြင်းသည်။တေ၊အရှင်မင်းမြတ်အား။သွာဂတံ၊ ကောင်းသောရောက်လာခြင်း ဖြစ်ပါ၏။

➢ နမောယောဂါဒီသု+အပိ+စ-ဟု (၃)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။

➢ နမောယောဂ, အရ။ ။ နာမ်, နိပါတ်နှစ်မျိုးတို့တွင် နိပါတ်ဖြစ်သော နမော သဒ္ဒါကို ယူရပါမည်။

➢ အာဒိ, အရ။ ။ သောတ္ထိ, သွာဂတ-စသည်တို့ကို ယူရပါမည်။

➢ စတုတ္ထီဝိဘတ်သက်ရာ, ဌာန။ ။ နမောသဒ္ဒါနှင့်ယှဉ်ရာ၌ဌင်း, သောတ္ထိ, သွာဂတ-စသည်တို့နှင့်ယှဉ်ရာ၌ဌင်း, လိင်ပုဒ်နောင် စတုတ္ထီဝိဘတ် သက်ရပါမည်။

## ၂၉၅။ အပါဒါနေ ပဉ္စမီ

အပါဒါနကာရကေ ပဉ္စမီဝိဘတ္တိ ဟောတိ။

ပါပါ စိတ္တံ နိဝါရယေ၊ အင္ဂါ မုတ္တောဝ စန္ဒိမာ၊ ဘယာ မုစ္စတိ သော နရော။

http://www.dhammadownload.com



* အပါဒါနေ၊အပါဒါနကာရကဋ္ဌ။ပဋ္ဌမီ၊ပဋ္ဌမီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။

* အပါဒါနကာရကေ၊အပါဒါနကာရကဋ္ဌ။ပဋ္ဌမီဝိဘတ္တိ၊ပဋ္ဌမီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ ။ * ပါပါ၊မကောင်းမှုမှ။စိတ္တံ၊စိတ်ကို။နိဝါရယေ၊တားမြစ်ရာ၏။ * အဿာ၊တိမ်တိုက်မှ။မုတ္တော၊လွတ်သော။စန္ဒိမာ ဣဝ၊လမင်းကဲ့သို့။ * သော နရော၊ထိုလူသည်။ ဘယာ၊ဘေးမှ။မုစ္စတိ၊လွတ်၏။

➤ **အပါဒါနေ+ပဋ္ဌမီ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။**

မေး။ ။ ပါပါ စိတ္တံ နိဝါရယေ-၌ အဘယ်ကြောင့် အဘယ်သုတ်ဖြင့် အပါဒါန်မှည့်ရမည်နည်း/ရှုပသိဒ္ဓိနှင့်အညီ စိစစ်ပါ။

ဖြေ။ ။တတုနာမာန-စသောသုတ်မှ စသဒ္ဒါလိုက်လာသောကြောင့် ရက္ခဏတ္ထာန မိန္ဒိတ်သုတ်ဖြင့် အနိဋ္ဌိတကာရကဖြစ်သော ပါပ-ကို အပါဒါန်အမည်မှည့်ရမည်။

မေး။ ။ အဿာ မုတ္တောဝ စန္ဒိမာ၊ ဘယာ မုစ္စတိ သော နရော-တို့၌ အဿာ, ဘယာတို့ဝယ် အဘယ်ကြောင့် အဘယ်သုတ်ဖြင့် အပါဒါန်မှည့်ရမည်နည်း။

ဖြေ။ ။အဿာ, ဘယာ-တို့ကား မုစဓာတ်နှင့်ယှဉ်သောကြောင့် ဥူရန္ဓိက-စသောသုတ်ဖြင့် အပါဒါန်အမည် မှည့်ရပါမည်။

## ၂၉၆။ ကာရကာတ္ထော စ

ကာရကာတ္ထော စ ပဋ္ဌမီဝိဘတ္တိ ဟောတိ။

အနနုဗောဓာ အပ္ပဋိဝေဓာ စတုန္နံ အရိယသစ္စာနံ ယထာဘူတံ အဒဿနာ။

* ကာရကာတ္ထော စ၊ကာရကာအနက်၌လည်း။ပဋ္ဌမီ၊ပဋ္ဌမီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ * ကာရကာတ္ထော စ၌လည်း။ပဋ္ဌမီဝိဘတ္တိ၊ပဋ္ဌမီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။

* စတုန္နံ၊လေးပါး။ကုန်သော။အရိယသစ္စာနံ၊အရိယသစ္စာတို့ကို။အနနုဗောဓာ၊လောကီဉာဏ်ဖြင့် လျော်စွာမသိခြင်းကြောင့်။အပ္ပဋိဝေဓာ၊မဂ်ဉာဏ်ဖြင့် မဖောက်ထွင်းနိုင်ခြင်းကြောင့်။ယထာဘူတံ၊ဟုတ်တိုင်းမှန်စွာ။အဒဿနာ၊မမြင်ခြင်းကြောင့်။

➤ **တာရကာတ္ထော+စ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။**

➤ **တာရကာ, မည်ပုံ။** ။ မိမိအကျိုးကို ပြုတတ်သောကြောင့် အကြောင်းတရားသည် ကာရကာမည်ပါသည်။

➤ **ကာရကာ, အရ။** ။ ကာရကဟိတ် (ဝါ) ဇနဟိတ်ကို ယူရမည်။

➤ **ဤသုတ် အစီရင်သည် ဝိကပ် (ဝါ) အနိစ္စဝိဓိ ဖြစ်ခြင်းအကြောင်း။** ။ ဟေတွတ္ထော စ-သုတ်ဖြင့် ဟိတ်အနက်၌ တတိယာဝိဘတ်ကို စီရင်အပ်သောကြောင့်-တည်း

➤ **စသဒ္ဒါ၏အနက်။** ။ စသဒ္ဒါသည် ပဋ္ဌမီဝိဘတ်ကို ငင်သောကြောင့် အနုကမ္မုနအနက်ရှိပါသည်။

http://www.dhammadownload.com



➤ **ဤသုတ်တို့ ကစ်ဖန်ဆိုရခြင်းအကြောင်း။** ။ ဟေတွတ္ထ-၌ တတိယာကို စီရင်ရကား ပဌမိဝိဘတ်သက်ဟူသော အနက်ထူးကို ကြဲလိုသောကြောင့် တစ်ဖန်ထပ်၍ ဆိုရပါသည်။

➤ **အနနုဗောဓ, အပ္ပဋိဝေဓ, အဒဿနာ-တို့၌ အပါဒါန်အမည် မှည့်ရမည်သုတ်။** ။ ဒုရန္တိက-စသောသုတ်ဖြင့် ဟေတွတ္ထ အပါဒါန်အမည် မှည့်ရပါမည်။

## ၂၉၇။ ကမ္မတ္ထေ ဒုတိယာ

ကမ္မတ္ထေ ဒုတိယာဝိဘတ္တိ ဟောတိ။ ဂါဝံ ဟနတိ၊ ဝီဟယော လုနာတိ၊ သတ္ထံ ကရောတိ၊ ဃဋံ ကရောတိ၊ ရထံ ကရောတိ၊ ဓမ္မံ သုဏာတိ၊ ဗုဒ္ဓံ ပူဇေမိ၊ ဝါစံ ဘာသတိ၊ တဏ္ဍုလံ ပစတိ၊ စောရံ ဃာတေတိ။

* ကမ္မတ္ထေ၊ကံအနက်၌။ဒုတိယာ၊ဒုတိယာဝိဘတ်သည်။ဟောတိ၊ဖြစ်၏။
* ကမ္မတ္ထေ၊ကံအနက်၌။ဒုတိယာဝိဘတ္တိ၊ဒုတိယာဝိဘတ်သည်။ဟောတိ၊ဖြစ်၏။
ဂါဝံ၊နွားကို။ဟနတိ၊သတ်၏။ * ဝီဟယော၊ကောက်စပါးတို့ကို။လုနာတိ၊ရိတ်ဖြတ်၏။ * သတ္ထံ၊လက်နက်ကို။ကရောတိ၊ပြုလုပ်၏။ * ဃဋံ၊အိုးကို။ကရောတိ၊ပြုလုပ်၏။ * ရထံ၊ရထားကို။ကရောတိ၊ပြုလုပ်၏။ * ဓမ္မံ၊တရားကို။သုဏာတိ၊နာကြား၏။ * ဗုဒ္ဓံ၊ဘုရားကို။ပူဇေမိ၊ပူဇော်၏။ * ဝါစံ၊စကားကို။ဘာသတိ၊ပြောဆို၏။ * တဏ္ဍုလံ၊ဆန်ကို။ပစတိ၊ချက်၏။ * စောရံ၊ခိုးသူကို။ဃာတေတိ၊သတ်၏။

➤ **ကမ္မတ္ထေ+ဒုတိယာ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။**

➤ **ကမ္မ, အရ (ဝါ) ဒုတိယာဝိဘတ်သက်ရမည်ကံ။** ။ ကမ္မနိဒုတိယာယံ တ္ထော-သုတ်၌ ဒုတိယာပုဒ်ကို ထောက်၍ အဝုတ္တကံ (ဝါ) အနဘိဟိတကံ ဖြစ်ပါသည်။

➤ **ကမ္မ-အရ အနဘိဟိတကံကိုသာ ယူရကြောင်း** ။ ။ အဘိဟိတကံ-၌ ဝါစကကြိယာက ဟောပြီးဖြစ်၍ ဒုတိယာဝိဘတ်က ကံအနက်ကို ဟောဖို့ မလိုသောကြောင့်ဂုဏ်း, ကမ္မနိယာယံ တ္ထော-ဟု ဆိုထားသောကြောင့်ဂုဏ်း, အနဘိဟိတ-ကံကိုသာ ယူရပါမည်။

➤ **ကမ္မေ ဒုတိယာ-ဟု မဆိုရခြင်းအကြောင်း** ။ ။ ကမ္မ, ကမ္မတ္ထနှစ်ပါး၌ ကံနိုင်သည်အဖြစ်ကို ပြခြင်းအကျိုးငှာ (ဝါ) ပြလိုသောကြောင့် ကမ္မတ္ထေ-ဟုဆိုသည်

## ၂၉၈။ ကာလဒ္ဓါန မစ္စန္တသံယောဂေ

ကာလဒ္ဓါနံ အစ္စန္တသံယောဂေ ဒုတိယာဝိဘတ္တိ ဟောတိ။

မာသံ မာသောဒနံ ဘုဉ္ဇတိ၊ သရဒံ ရမဏီယာ နဒီ၊ မာသံ သဇ္ဈာယတိ၊ ယောဇနံ ဝနရာဇိ၊ ယောဇနံ ဒီယော ပဗ္ဗတော၊ ကောသံ သဇ္ဈာယတိ။

အစ္စန္တသံယောဂေတိ ကိမတ္ထံ? သံဝစ္ဆရေ ဘောဇနံ ဘုဉ္ဇတိ။

http://www.dhammadownload.com



* ကာလဒ္ဓါနံ၊ကာလ, အဓွန့်တို့၏။အစွန္တသံယောဂေ၊ဖြစ်, ဝုဏ်, ကြိယာတို့နှင့် မပြတ်ယှဉ်ရာ၌။ဒုတိယာ၊ဒုတိယာဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ * ကာလဒ္ဓါနံ၊တို့၏။ အစွန္တသံယောဂေ၊၌။ဒုတိယာဝိဘတ္တိ၊ဒုတိယာဝိဘတ်သည်။ဟောတိ၊ဖြစ်၏။

* မာသံ၊တစ်လပတ်လုံး။မံသောဒနံ၊သားမျိုးရောနှော, ထမင်းပေါ်၏။ * သရဒံ၊ သရဒဥတုပတ်လုံး။ရမဏီယာ၊မွေ့လျော်ဖွယ်ရှိသော။နဒီ၊မြစ်။ * မာသံ၊တစ်လပတ်လုံး။ သဗ္ဗာယတိ၊ရွှတ်အံ့၏။ * ယောဇနံ၊တစ်ယူဇနာတိုင်အောင်။ဝနရာဇိ၊တောရေတည်၏။ * ယောဇနံ၊တစ်ယူဇနာတိုင်အောင်။ဒိယော၊ရှည်သော။ပဒွတော၊တောင်။ * ကောသံ၊ ကုလ လေးတာ ငါးရာတိုင်အောင်။သဗ္ဗာယတိ၊ရွှတ်အံ့၏။ **အစွန္တသံယောဂေတိပဒံ၊** သည်။ကိမတ္ထံ၊နည်း။သံဝစ္ဆရောတစ်နှစ်၌။ဘုဥ္ဇတိ၊စား၏။

➤ **ကာလဒ္ဓါနံ+အစွန္တသံယောဂေ-ဟု (၂)ပုဒ်ရှိသောဝိဘတ္တိဝိဓိသုတ်။**

➤ **ဒုတိယာဝိဘတ်သတ်ရာ ဌာန။** ။ ကာလ, အဓွန့်တို့၏ ဖြစ်, ဝုဏ်, ကြိယာတို့ နှင့်မပြတ်ယှဉ်လတ်သော် ကာလ, အဓွန့်ကို ဟောသော လိင်တို့မှ နောက်၌ ဒုတိယာ ဝိဘတ် သက်ရပါသည်။

➤ **အစွန္တသံယောဂ, မည်ပုံ။** ။ ကာလနှင့်ဇင်း, အဓွန့်နှင့်ဇင်း ဖြစ်, ဝုဏ်, ကြိယာတို့နှင့်အဆက်မပြတ် ယှဉ်ခြင်းသည် "အစွန္တသံယောဂ"မည်ပါသည်။

➤ **ကာလ, အရ။** ။ ဒိဝသ, မာသ, သံဝစ္ဆရ-စသော ကာလကို ယူရပါမည်။

➤ **အဒ္ဓ, အရ။** ။ ခရီးကို ယူရပါမည်။

➤ **အစွန္တသံယောဂ, အရ။** ။ မပြတ်ယှဉ်ခြင်း ကြိယာကို ယူရပါမည်။

➤ **အစွန္တသံယောဂ, သရွပ်။** ။ ၁။ ဒဗ္ဗအစွန္တသံယောဂ ၂။ ဝုဏအစွန္တ သံယောဂ။ ၃။ ကြိယာ အစွန္တသံယောဂ-တို့ဖြစ်ပါသည်။

➤ **ကာလအစွန္တသံယောဂအပြား။** ။ ၁။ ကာလ ဒဗ္ဗ အစွန္တသံယောဂ။ (ပုံစံ) မာသံ မံသောဒနံ ဘုဥ္ဇတိ။ ၂။ ကာလ ဝုဏအစွန္တသံယောဂ။ (ပုံစံ) သရဒံ ရမဏီယာ နဒီ။ ၃။ကာလ ကြိယာ အစွန္တသံယောဂ။ (ပုံစံ) မာသံ သဗ္ဗာယတိ။

➤ **မာသံ မံသောဒနံ ဘုဥ္ဇတိ-ကား** သားပြွမ်းထမင်းတည်းဟူသော ဖြစ်နှင့်မပြတ် ယှဉ်သောကြောင့် ဒဗ္ဗ အစွန္တသံယောဂ ဖြစ်ပါသည်။

➤ **သရဒံ ရမဏီယာ နဒီ-ကား** နှလုံးမွေ့လျော်ဖွယ်ဟူသော ဝုဏ်နှင့်မပြတ် ယှဉ်သောကြောင့် ဝုဏအစွန္တသံယောဂ ဖြစ်ပါသည်။

➤ **မာသံ သဗ္ဗာယတိ-ကား** သရဗ္ဗာယ်ခြင်းကြိယာနှင့်မပြတ်ယှဉ်သောကြောင့် ကြိယာ အစွန္တသံယောဂ ဖြစ်ပါသည်။

➤ **အဒ္ဓါ အစွန္တသံယောဂ, အပြား။** ။ ၁။ အဒ္ဓါ ဒဗ္ဗအစွန္တသံယောဂ။ (ပုံစံ)

http://www.dhammadownload.com



ယောဇနံ ဝနရာဇိ။ ၂။ အဠွါ ဂုဏအစ္ဆန္တသံယောဂ။ (ပုံစံ) ယောဇနံ ဒိယော ပဋတော။ ၃။ အဠွါ ကြိယာအစ္ဆန္တသံယောဂ။ (ပုံစံ) ကောသံ သဗ္ဗာယတိ။

➤ **မာသံ မံသောဒနံ ဘုဉ္ဇတိ-၌ အစ္ဆန္တသံယောဂဖြစ်ပုံ** ။ ။ တစ်လပတ်လုံး သားပြွမ်းထမင်းကိုစားရာ၌ တစ်လလုံးလုံး မပြတ်မလပ် သားပြွမ်းထမင်းဩဒနဖြင့် ယှဉ်သောကြောင့် မာသံ-သည် ကာလဒုတိယ အစ္ဆန္တသံယောဂ ဖြစ်ပါသည်။

## ၂၉၉။ ကမ္မပ္ပဝစနီယ ယုတ္တော

ကမ္မပ္ပဝစနီယယုတ္တော ဒုတိယာဝိဘတ္တိ ဟောတိ။ တံ ခေါ ပန ဘဝန္တံ ဂေါတမံ ဧဝံ ကလ္လာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော၊ ပဋိဇာနာတိ ပဋိဇာနာတိမနု ပဋိဇာသု။

* ကမ္မပ္ပဝစနီယယုတ္တော၊သကမ္မကြိယာကို ဟောတတ်သော ဥပသာရ, နိပါတ်, ပုဒ်တို့နှင့်ယှဉ်ခြင်းသည်။သတိ၊ဖြစ်လတ်သော်။ဒုတိယာ၊ဒုတိယာဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ * ကမ္မပ္ပဝစနီယယုတ္တော၊သည်။သတိ၊သော်။ဒုတိယာဝိဘတ္တိ၊သည်။ဟောတိ၊၏။

* တံ ခေါ ပန ဘဝန္တံ ဂေါတမံ၊ထိုအရှင်ဂေါတမကို။အဘိ၊ရှေးရှုငဲ့၍။ဧဝံ ကလ္လာဏော၊ကျော်စောသံ။ဥဂ္ဂတော၊မဆုံဘဝဂ်, နှံ့၍တက်၏။ * ပဋိဇာ၊တောထွက်သော ဘုရားလောင်းကို။အနု၊အမှတ်ပြု၍။ပဋိဇာသု၊တောထွက်သမှု, ရဟန်းပြုကြကုန်ပြီ။

➤ **ကမ္မပ္ပဝစနီယယုတ္တော-ဟု (၁)ပုဒ်သာရှိသော ဝိဘတ္တိဝိဓိသုတ်။**

➤ **ဒုတိယာဝိဘတ်သက်ရာ ဌာန**။ ။**ကမ္မပ္ပဝစနီယအမည်ရသော** နိပါတ်ပုဒ်, ဥပသာရပုဒ်တို့နှင့်ယှဉ်ရာ၌ လိင်ပုဒ်နောင် ဒုတိယာဝိဘတ် သက်ရပါသည်။

➤ **ကမ္မပ္ပဝစနီယ, အရ**။ ။ ကြိယာအနက်ကို ထွန်းပြတတ်သော ဓိ, ဝိနာ-စသော နိပါတ်ပုဒ်, ပတိ, ပရိ, အနု, အဘိ-စသော ဥပသာရပုဒ်များကို ယူရပါမည်။

➤ **ကမ္မ, အရ**။ ။ ကြိယာကို ယူရပါမည်။ ➤ **ပ, အရ**။ ။ ဣတ္ထမ္ဘူတာချာန, လက္ခဏ, ဝိစ္ဆာ, ဘာဂ, သဟ, ဟီနဒုအနက် (၆)ပါးကို ယူရပါမည်။

➤ **ဝစနီယ, အရ**။ ။ ကြိယာကို ယူရပါမည်။ ➤ **ပဝစနီယ, အရ**။ ။ ကြိယာကို့ဟောတတ်သော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့ကို ယူရပါမည်။

➤ **ကမ္မပ္ပဝစနီယယုတ္တ, အရ**။ ။ ကမ္မပ္ပဝစနီယမည်သော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့နှင့်ယှဉ်သော ဂေါတမ, ပဋိဇာ-စသော လိင်ကို ယူရပါမည်။

➤ **ကမ္မပ္ပဝစနီယမည်ပုံ**။ ။ ကြိယာကိုဟောတတ်သောကြောင့် ဥပသာရပုဒ်, နိပါတ်ပုဒ်တို့သည် ကမ္မပ္ပဝစနီယမည်ပါသည်။ (**တစ်နည်း**) တစ်ပါးသော သက္ကတကျမ်းတို့၏ အမည်အားဖြင့် အနု-စသော ဥပသာရပုဒ်တို့သည် ကမ္မပ္ပဝစနီယမည်ပါသည်။

➤ **ကမ္မပ္ပဝစနီယ, အမည်ရသော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့ဟောနိုင်သော**

http://www.dhammadownload.com



**အနက်များ။** ။ **အနု,** ဥပသာရပုဒ်သည်-လက္ခဏာ, ဣတ္ထမ္ဘူတာချာန, ဝိစ္ဆာ, ဘာဂ, သဟ, ဟီနအနက် (၆)ပါးကို ဟောပါသည်။

**ပတိ, ပရိ,** ဥပသာရပုဒ်သည်-လက္ခဏာ, ဣတ္ထမ္ဘူတာချာန, ဝိစ္ဆာ, ဘာဂ-အနက် (၄)ပါးကို ဟောပါသည်။

**အဘိ,** ဥပသာရပုဒ်သည်-လက္ခဏာ, ဣတ္ထမ္ဘူတာချာန, ဝိစ္ဆာ-အနက် (၃)ပါးကို ဟောပါသည်။

**ဓိနိပါတ်ပုဒ်**သည်-ဂရုဟာအနက်ကို ဟောပါသည်။

➤ **တံ ခေါ ပန ဘဝန္တံ ဂေါတမံ ဧဝံ ကလ္လာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော-ဒ်ဒ ဣတ္ထ-စသည် ခွဲပုံ။** ။ ၁။ ကောင်းသော အရဟံ-စသောဂုဏ်တို့သည် ဣတ္ထ, ၂။ အရဟံ-စသောဂုဏ်အထူးသို့ရောက်သော ကျော်စောသောအသံသည် ဘူတ, ၃။ ဂေါတမသဒ္ဒါသည် အာချာန, ၄။ အဘိသဒ္ဒါသည် ဣတ္ထမ္ဘူတာချာနဇောတက။

➤ **သာဓု ဒေဝဒတ္တော မာတရံ အနု-ဒ်ဒ ဣတ္ထ-စသည် ခွဲပုံ။** ။ ၁။ ဒေဝဒတ်၏ သူတစ်ပါးအပေါ်၌ ဆိုးသွမ်းနေသော်လည်း မိခင်အပေါ်၌ကောင်းနေခြင်းဂုဏ်သည် ဣတ္ထ။ ၂။ ဒေဝဒတ်သည် ဘူတ။ ၃။ ငါ့သားဒေဝဒတ်သည် သူတစ်ပါးအပေါ် ဆိုးသွမ်းနေသော်လည်း ငါ့အပေါ်ကား ကောင်းလှပါပေ၏ဟု မပြောကြားသော်လည်း ပြောကြားသကဲ့သို့ဖြစ်သော အဓိသည် အာချာန။ ၄။ အနုဥပသာရပုဒ်သည် ကမ္မပ္ပဝစနီယ။

➤ **ပဗ္ဗဇိတမနု ပဗ္ဗဇိသု-ဒ်ဒ လက္ခဏ-စသည် ခွဲပုံ။** ။ ပဗ္ဗဇိတကား-တောထွက်သူကို မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏ။ ပစ္ဆိမဇနတာကား-မှတ်အပ်သောကြောင့် လက္ခ။ လက္ခဏအနက်ကို ထွန်းပြတတ်သော အနုကား ကမ္မပ္ပဝစနီယ။

**၃၀၀။ ဂတိ ဗုဒ္ဓိ ဘုဇ ပဋ္ဌ ဟရ ကရ သယာဒီနံ ကာရိတေ ဝါ**

ဂတိ ဗုဒ္ဓိ ဘုဇ ပဋ္ဌ ဟရ ကရ သယာဒီနံ ပယောဂေ ကာရိတေ ဒုတိယာ ဝိဘတ္တိ ဟောတိ ဝါ။

ပုရိသော ပုရိသံ ဂါမံ ဂါမယတိ၊ ပုရိသော ပုရိသေန ဝါ၊ ပုရိသော ပုရိသဿ ဝါ။ ဧဝံ ဗောဓယတိ၊ ဘောဇယတိ၊ ပါဋယတိ၊ ဟာရယတိ၊ ကာရယတိ၊ သယာပယတိ၊ ဧဝံ သဗ္ဗတ္ထ ကာရိတေ။

* ဂတိ ဗုဒ္ဓိ ဘုဇ ပဋ္ဌ ဟရ ကရ သယာဒီနံ၊သွားခြင်း, သိခြင်း, စားခြင်း, ရွတ်ဆိုခြင်းအနက်ရှိသောဓာတ်,ဟရဓာတ်, ကရဓာတ်,သိ-အစရှိသော အကမ္မကဓာတ်တို့၏။ ကာရိတေ၊ကာရိတ်ပစ္စည်းနှင့်ယှဉ်ခြင်းသည်။သတိ၊ဖြစ်လတ်,သော်။ကမ္မနိ၊သုဒ္ဓကတ္တား ဖြစ်သော ကာရိတ်ကံ၌။ဒုတိယာ၊ဒုတိယာဝိဘတ်သည်။ဝါ၊အခြို့။ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com



* ဂတိ (ပ) သယာဒီနံ၊တို့၏။။ကာရိတေပ္ပယောဂေ၊ကာရိတ်ပစ္စည်းနှင့်ယှဉ်သည်။ သတိ၊သော်။။ကမ္မနိ၊၌။။ဒုတိယာဝိဘတ္တိ၊သည်။။ဝါ၊အချို့။။ဟောတိ၊ဖြစ်၏။။

ပုရိသော၊ယောက်ျားတစ်ယောက်သည်။။ပုရိသံ၊ယောက်ျားတစ်ယောက်ကို။။ဂါမံ၊ရွာသို့။။ဂါမယတိ၊သွားစေ၏။။ဝါ၊တစ်နည်းကား။။ပုရိသော၊သည်။။ပုရိသေန၊ကို။။ဝါ-ကား။။ ပုရိသော၊သည်။။ပုရိသဿ၊ကို။။ဂါမံ၊သို့။။ဂါမယတိ၊သွားစေ၏။။ဇေဝံ၊ဤအတူ။။ဘောဇယတိ၊ သိစေ၏။။ဘောဇယတိ၊စားစေ၏။။ပါဠယတိ၊ရွတ်ဆိုစေ၏။။ဟာရယတိ၊ဆောင်စေ၏။။ကာရယတိ၊ပြုစေ၏။။သယာပယတိ၊အိပ်စေ၏။။သဗ္ဗတ္ထ၊အလုံးစုံသော။။ကာရိတေ၊ကာရိတ် ပစ္စည်းနှင့်ယှဉ်ရာ၌။။ဇေဝံ၊ဤအတူတည်း။။

➤ **ဂတိ ဗုဒ္ဓိ (ပ) သယာဒီနံ+ကာရိတေ+ဝါ-ဟု (၃)ပုစ်ရှိသော ဝိဘတ္တိဝိဓိသုတ်။**

➤ **ကာရိတေ, အရ။ ။** ဓာတုဟိ ဏေ ဏယ ဏာပေ ဏာပယ ကာရိတာနိ ဟေတ္တတ္ထေသုတ်ဖြင့် သက်သော ဏေ, ဏယ, ဏာပေ, ဏာပယ-ပစ္စည်းတို့ဖြစ်ပါသည်။

➤ **ဤသုတ်ကို ဆိုရခြင်းအကျိုး။ ။** ကမ္မတ္ထေ ဒုတိယာသုတ်က နိစ္စဝိဓိဖြစ်၍ ကာရိတ်ကံ၌မူ ဝိကပ်ဝိဓိဖြစ်မှုကြောင့် ဝိကပ်ဝိဓိကို ပြခြင်းအကျိုးငှာ ဂတိဗုဒ္ဓိ-စသော သုတ်ကို ဆိုရပါသည်။

➤ **ကမ္မတ္ထေ ဒုတိယာသုတ်နှင့် ဂတိဗုဒ္ဓိသုတ်တို့ခြားနားပုံ။ ။** ကမ္မတ္ထေ ဒုတိယာသုတ်ကား ကံအနက်၌ ဒုတိယာအမြဲသက်ပါသည်။ ဂတိဗုဒ္ဓိသုတ်ကား ကာရိတ်ကံ အနက်၌ ဝိကပ်အားဖြင့်သာ ဒုတိယာသက်သည်။အမြဲ မသက်ပါ။ဤသို့ ခြားနားပါသည် မေး ။ ။ ကာရိတ်ကံအရာ၌ မည်သည့်သုတ်အစီအရင်အရ မည်သည့်ဝိဘတ်များ သက်နိုင်သည်ကို ကျမ်းရင်းဥဒါဟရုဏ်ဆောင်၍ ပြည့်စုံအောင် ညွှန်ပြပါ။

➤ **ကာရိတ်ကံအရာ၌ သက်နိုင်သော ဝိဘတ်များ။ ။** ဂတိ ဗုဒ္ဓိ ဘုဇ ပဋ ဟရ ကရ သယာဒီနံ ကာရိတေဝါသုတ်အစီအရင်အရ- ဒုတိယာဝိဘတ် (ဝုံစံ) ပုရိသော ပုရိသံ ဂါမံ ဂါမယတိ။ တတိယာဝိဘတ် (ဝုံစံ) ပုရိသော ပုရိသေနဝါ ဂါမံ ဂါမယတိ။ ဆဋ္ဌီဝိဘတ် (ဝုံစံ) ပုရိသော ပုရိသဿဝါ ဂါမံ ဂါမယတိ- တို့ဖြစ်ပါသည်။

နိယံ ။ ။ ကာရိတ်ကံမှာ၊ ဒုတိယာနှင့်၊ တတိယာ ဆဋ္ဌီ၊ သုံးလီဝိဘတ်၊ သက်တုံလတ်၊ ကျမ်းမြတ် ဤသို့မိန့်သတည်း။

➤ **ပုရိသော ပုရိသေနဝါ ဂါမံ ဂါမယတိ-၌ပုရိသေန-ဝယ် ဝိဘတ်, ဝိဘတ်အနက်, သက်သောသုတ်။ ။** ဝိဘတ်ကား-တတိယာဝိဘတ်, ဝိဘတ် အနက်ကား-ကံအနက်, သက်သောသုတ်ကား-ကတ္တရိစ-သုတ်၌ စသဖြင့်ဖြစ်ပါသည်။

* **ပုရိသောၵ္ခ ဝိဘတ္တိဝိဓိသုတ်-** အာလပနေစသုတ်၌ စသဖြင့် ဟေတု ကတ္တား အနက်၌ ပထမာ ဧကဝုစ် သိဝိဘတ်သက်သည်။

http://www.dhammadownload.com



➤ **ပုရိသော ပုရိသံ ဂါမံ ဂါမယတိ-၌ ပုရိသံ-ကား-** ဂတိ ဗုဒ္ဓိ ဘုဇ ပဋ ဟရ ကရ သယာဒီနံ ကာရိတေဝါ-သုတ်ဖြင့် ကာရိတ်ကဲ့အနက်၌ ဒုတိယာ ဧကဝုစ် အံဝိဘတ်သက်သည်။[ပုရိသံ-၌ ဝိဘတ္တိဝိဓိသုတ်- ဂတိ ဗုဒ္ဓိသုတ်]

➤ **ပုရိသော ပုရိသဿဝါ ဂါမံ ဂါမယတိ-၌ ပုရိသဿ ကား-** ဒုတိယာ ပဉ္စမိနဉ္စသုတ်ဖြင့် ဒုတိယာ(ကဲ့) အနက်၌ ဆဋ္ဌိသဝိဘတ်သက်သည်။

➤ **ဗုဓောတ် ပုံစံ-** သိဿံ ဓမ္မံ ဗောဓေတိ အာစရိယော၊ * ဘုဇောတ်ပုံစံ- မာတာ ပုတ္တံ ဘောဇနံ ဘောဇယတိ၊ * ပဋမောတ်ပုံစံ - သိဿံ ဓမ္မံ ပါဠေတိ အာစရိယော၊ * ဟရဓာတ်ပုံစံ - ပုရိသော ပုရိသံ ဘာရံ ဟာရေတိ၊ * ကရဓာတ်ပုံစံ- ပုရိသော ပုရိသံ ကမ္မံ ကာရယတိ၊ * သီဓာတ်ပုံစံ - ပုရိသော ပုရိသံ သယာပယတိ။

➤ **သိဿံ ဓမ္မံ ဗောဓေတိ အာစရိယော-ကို ကံဟောဝါကျ ပြောင်းလဲပုံ**

သိဿော ဓမ္မံ ဗောဓီယတေ အာစရိယေန-ဟု ပြောင်းလဲရပါမည်။

➤ **ပုရိသော ပုရိသံ ဂါမံ ဂမယတိ-ကို ကံဟောဝါကျ ပြောင်းလဲပုံ**

ပုရိသေန ပုရိသော ဂါမံ ဂမီယတေ-ဟု ပြောင်းလဲရပါမည်။

➤ **မာတာ ပုတ္တံ ဘောဇနံ ဘောဇယတိ -ကို ကံဟောဝါကျ ပြောင်းလဲပုံ**

မာတရာ ပုတ္တော ဘောဇနံ ဘောဇီယတေ-ဟု ပြောင်းလဲရပါမည်။

➤ **သိဿံ ဓမ္မံ ပါဠေတိ အာစရိယော-ကို ကံဟောဝါကျ ပြောင်းလဲပုံ**

သိဿော ဓမ္မံ ပါဠာပီယတေ အာစရိယေန-ဟု ပြောင်းလဲရပါမည်။

➤ **ပုရိသော ပုရိသံ ဘာရံ ဟာရေတိ -ကို ကံဟောဝါကျ ပြောင်းလဲပုံ**

ပုရိသေန ပုရိသော ဘာရံ ဟာရီယတေ-ဟု ပြောင်းလဲရပါမည်။

➤ **ပုရိသော ပုရိသံ သယာပယတိ-ကို ကံဟောဝါကျ ပြောင်းလဲပုံ**

ပုရိသေန ပုရိသော သယာပီယတေ-ဟု ပြောင်းလဲရပါမည်။

➤ **ယညဒတ္ထံ ကမ္မလံ ယာစထေ ဗြာဟ္မဏော-ကို ကံဟောဝါကျ ပြောင်းလဲပုံ** ။ ။ ယညဒတ္ထော ကမ္မလံ ယာစီယတေ ဗြာဟ္မဏေန-ဟု ပြောင်းလဲရပါမည်။

## ၃၀၁။ သာမိသို့ ဆဋ္ဌီ

သာမိသို့ ဆဋ္ဌီဝိဘတ္တိ ဟောတိ။ ။ တဿ ဘိက္ခုနော ပဋိဝီသော၊ တဿ ဘိက္ခုနော ပတ္တော၊ တဿ ဘိက္ခုနော စီဝရံ၊ အတ္တနော မုခံ။

* သာမိသို့၊သမ္ဗန်အနက်၌။ဆဋ္ဌီ၊ဆဋ္ဌီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။

* သာမိသို့၊သမ္ဗန်အနက်၌။ဆဋ္ဌီဝိဘတ္တိ၊ဆဋ္ဌီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။

* တဿ ဘိက္ခုနော၊ထိုရဟန်း၏။ပဋိဝီသော၊ဘဉ်း။ * တဿ ဘိက္ခုနော၊၏။ ပတ္တော၊သပိတ်။ * တဿ ဘိက္ခုနေ ၏။စီ ရံ၊သင်္ကန်း။အတ္တနော၊မိမိ၏။မုခံ၊မျက်နှာ။

http://www.dhammadownload.com



➤ သာမိသ္မိ+ဆဋ္ဌီ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။
(သာမီအနက်ကား ဝါစွ၊ ဆဋ္ဌီဝိဘတ်ကား ဝါစကား)

➤ ဆဋ္ဌီဝိဘတ် သတ်ရာဌာန။ ။ ဝိသေသန, ဌာနီ, အာဂမီသဒ္ဒါနောင် သမ္ဗန်အနက်၌ ဆဋ္ဌီဝိဘတ်သက်ပါသည်။

➤ ဆဋ္ဌီဝိဘတ် မသက်နိုင်သော သမ္ဗန်။ ။ ဝိသေသျသမ္ဗန်, ကြိယာကာရကသမ္ဗန်-စသည်တို့ဖြစ်ပါသည်။

## ၃၀၂။ ဩကာသေ သတ္တမီ

ဩကာသကာရကေ သတ္တမီဝိဘတ္တိ ဟောတိ။ ဂန္ဓိရေ ဩဒကန္တိကေ၊ ပါပသ္မိံ ရမတိ မနော၊ ဘဂဝတိ ပြဟ္မစရိယံ ဝုဿတိ ကုလပုတ္တော။

* ဩကာသေ၊ဩကာသကာရကာ၌။သတ္တမီ၊သတ္တမီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။
* ဩကာသကာရကေ၊၌။သတ္တမီဝိဘတ္တိ၊သတ္တမီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။
* ဂန္ဓိရေ၊နက်သော။ဩဒကန္တိကေ၊ရေအဆုံး၌။ * ပါပသ္မိံ၊မကောင်းမှု၌။မနော၊စိတ်သည်။ရမတိ၊မွေ့လျော်၏။ * ကုလပုတ္တော၊အမျိုးကောင်းသားသည်။ဘဂဝတိ၊မြတ်စွာဘုရား အထံတော်၌။ပြဟ္မစရိယံ၊မြတ်သော အကျင့်ကို။ဝုဿတိ၊သုံးနေ၏။

➤ ဩကာသေ+သတ္တမီ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။
(ဩကာသအနက်ကား ဝါစွ၊ သတ္တမီဝိဘတ်ကား ဝါစက)

မေး။ ။ ဂန္ဓိရေ ဩဒကန္တိကေ-၌ အဘယ့်ကြောင့် အဘယ်ပုဒ်သည် အဘယ်ကာရကမည်သင့်သည်ကို ရှင်းလင်းချက် ထုတ်ပြပါ။

ဖြေ။ ။ ဩဒကန္တိကေ-ပုဒ်သည် ကြိယာ၏မှီရာ, ကတ္တားကံ၏မှီရာဖြစ်သောကြောင့် ဩကာသကာရကမည်သင့်ပါသည်။ (ယောဓရော တမောကာသံ-သုတ်ထောက်)

**၃၀၃။ သာမိသဒ္ဒါဓိပတိ ဒါယာဒ သက္ခိ ပတိဘူ ပသုတ ကုသလေဟိ စ**

သာမီ ဣသရ အဓိပတိ ဒါယာဒ သက္ခိ ပတိဘူ ပသုတ ကုသလဣတ္ထစွေတေဟိ ပယောဂေ ဆဋ္ဌီဝိဘတ္တိ ဟောတိ သတ္တမီစ။

ဂေါဏာနံ သာမီ၊ ဂေါဏေသု သာမီ၊ ဂေါဏာနံ ဣသရော၊ ဂေါဏေသု ဣသရော၊ ဂေါဏာနံ အဓိပတိ၊ ဂေါဏေသု အဓိပတိ၊ ဂေါဏာနံ ဒါယာဒေါ ဂေါဏေသု ဒါယာဒေါ၊ ဂေါဏာနံ သက္ခိ၊ ဂေါဏေသု သက္ခိ၊ ဂေါဏာနံ ပတိဘူ၊ ဂေါဏေသု ပတိဘူ၊ ဂေါဏာနံ ပသုတော၊ ဂေါဏေသု ပသုတော၊ ဂေါဏာနံ ကုသလော၊ ဂေါဏေသု ကုသလော။

* သာမိသဒ္ဒါ ဓိပတိ ဒါယာ - ဂဏာနံ ပတိဘူ ပသုတ ကုသလေဟိ စ၊သာမီသဒ္ဒါ,

http://www.dhammadownload.com



ကြွသရသဒ္ဒါ, အဓိပတိသဒ္ဒါ, ဒါယာဒသဒ္ဒါ, သက္ခီသဒ္ဒါ, ပတိဘူသဒ္ဒါ, ပသုတသဒ္ဒါ, ကုသလသဒ္ဒါတို့နှင့်လည်း။ယောဂေါယှဉ်ရာ၌။ဆဋ္ဌီစ၊ဆဋ္ဌီဝိဘတ်သည်ငင်း။သတ္တမီစ၊ သတ္တမီဝိဘတ်သည်ငင်း။ဟောတိ၊ဖြစ်၏။ * သာမီ (ပ) ကုသလကြွစွေတေဟိစ၊သာမီ သဒ္ဒါ, (ပ) ကုသလဟုဆိုအပ်သော သဒ္ဒါတို့နှင့်လည်း။ပယောဂေါယှဉ်ရာ၌။ဆဋ္ဌီဝိဘတ္တိစ၊ဆဋ္ဌီဝိဘတ်သည်ငင်း။သတ္တမီစ၊သတ္တမီဝိဘတ်သည်ငင်း။ဟောတိ၊ဖြစ်၏။

ဂေါဏာနံ၊နွားတို့၏။သာမီ၊အရှင်တည်း။ဂေါဏေသု၊တို့၌။သာမီ၊တည်း။ဂေါဏာနံ၊တို့၏။ကြွသရော၊အစိုးရတည်း။ဂေါဏေသု၊တို့၌။ကြွသရော၊တည်း။ဂေါဏာနံ၊တို့၏။အဓိပတိ၊အကြီးအကဲတည်း။ဂေါဏေသု၊တို့၌။အဓိပတိ၊တည်း။ဂေါဏာနံ၊တို့၏။ဒါယာဒေါ၊အမွေခံ ဆွေမျိုးတည်း။ဂေါဏေသု၊တို့၌။ဒါယာဒေါ၊တည်း။ဂေါဏာနံ၊တို့၏။သက္ခီ၊သက်သေတည်း။ဂေါဏေသု၊တို့၌။သက္ခီ၊တည်း။ဂေါဏာနံ၊တို့၏။ပတိဘူ၊အတူ, အစား ဝန်ခံတည်း။ဂေါဏေသု၊တို့၌။ပတိဘူ၊တည်း။ဂေါဏာနံ၊တို့၏။ပသုတော၊မွေးဖွားသော သားတည်း။ဂေါဏေသု၊တို့၌။ပသုတော၊တည်း။ဂေါဏာနံ၊တို့၏။ကုသလော၊လိမ္မာသော ဆရာတည်း။ဂေါဏာနံ၊တို့၏။ကုသလော၊တည်း။

ံ သာမီသဒ္ဒါ (ပ) ကုသလေဟိ+စ-ဟု (၂)ဝုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။

➤ ဤသုတ်ကို ဆိုရကျိုး။ ။ သာမီ,စသည်တို့နှင့်ယှဉ်ရာဝယ် ဆဋ္ဌီသတ္တမီ နှစ်မျိုး သက်နိုင်ကြောင်းကို ပြခြင်း အကျိုးရှိပါသည်။

## ၃၀၄။ နိဒ္ဓါရဏော စ

နိဒ္ဓါရဏတ္ထေစ ဆဋ္ဌီဝိဘတ္တိ ဟောတိ သတ္တမီစ။

ကဏ္ဌာ ဂါဝိနံ သမ္ပန္နခီရတမာ၊ ကဏ္ဌာ ဂါဝီသု သမ္ပန္နခီရတမာ၊ သာမာ နာရီနံ ဒဿနီယတမာ၊ သာမာ နာရီသု ဒဿနီယတမာ၊ မနုဿာနံ ခတ္တိယော သူရတမော၊ မနုဿေသု ခတ္တိယော သူရတမော၊ ပထိကာနံ ဓာဝန္တော သီယ တမော၊ပထိကေသု ဓာဝန္တော သီယတမော။

* နိဒ္ဓါရဏေစ၊နိဒ္ဓါရဏာအနက်၌လည်း။ဆဋ္ဌီသတ္တမီ၊ဆဋ္ဌီ, သတ္တမီဝိဘတ်တို့သည်။ ဟောန်ကြွ၊ဖြစ်ကုန်၏။ * နိဒ္ဓါရဏတ္ထေစ၊နိဒ္ဓါရဏာအနက်၌လည်း။ဆဋ္ဌီဝိဘတ္တိစ၊သည်ငင်း။ သတ္တမီဝိဘတ္တိစ၊သတ္တမီဝိဘတ်သည်ငင်း။ဟောတိ၊ဖြစ်၏။

* ဂါဝိနံ၊နွားမတို့တွင်။ကဏ္ဌာ၊နွားနက်မသည်။သမ္ပန္နခီရတမာ၊ချိုမြိန်သော နို့ရည်ရှိ လွန်း၏။ * ဂါဝီသု၊နွားမတို့တွင်။ကဏ္ဌာ၊နွားနက်မသည်။သမ္ပန္နခီရတမာ၊ချိုမြိန်သော နို့ရည်ရှိလွန်း၏။ * နာရီနံ၊မိန်းမတို့တွင်။သာမာ၊ရွှေအဆင်းရှိသော မိန်းမသည်။ဒဿ နီယတမာ၊ချွေကြည့်ဖွယ်ကောင်း၏။ * နာရီသု၊မိန်းမတို့တွင်။သာမာ၊ရွှေအဆင်းရှိသော မိန်းမသည်။ဒဿနီယတမာ၊ချွေကြည့်ဖွယ်ကောင်း၏။ * မနုဿာနံ၊လူတို့တွင်။ခတ္တိယော

http://www.dhammadownload.com



မင်းမျိုးသည်။သူရတမော၊အရဲလွန်၏။ * မနုဿသူလူတို့တွင်။ခတ္တိယော၊မင်းမျိုးသည်။ သူရတမော၊အရဲလွန်၏။ * ပထိကာနံ၊ခရီးသွားတို့တွင်။ဓာဝန္တော၊ပြေးသွားသောသူ သည်။သိယတမော၊လျင်မြန်လွန်း၏။ * ပထိကေသု၊ခရီးသွားတို့တွင်။ဓာဝန္တော၊ပြေးသွား သောသူသည်။သိယတမော၊လျင်မြန်လွန်း၏။

➢ နိဒ္ဓါရဏော+စ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။

➢ နိဒ္ဓါရဏ, မည်ပုံ။ ။ ဇာတိ, ဂုဏ်, ကြိယာ, နာမည်တို့ဖြင့် အပေါင်းမှ တစ်စိတ် ကို သီးခြားပြုခြင်းသည် နိဒ္ဓါရဏမည်ပါသည်။

➢ ကဏ္ဍာ ဂါဝိသု ဒီရတမာ-၌ နိဒ္ဓါရဏ စသည်ခဲ့ပုံ ။ ။ ဂါဝိသု-သည် ထုတ်ရာ အပေါင်းဖြစ်သောကြောင့် နိဒ္ဓါရဏသမုဒါယ မည်၏။ ကဏ္ဍာ-သည် ထုတ် အပ်သော အနက်ဖြစ်သောကြောင့် နိဒ္ဓါရဏီယ မည်၏။ နွားတို့၏ တစ်ကောင်သည် တစ်ခု ...ခြင့် တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်သည် ထုတ်ခြင်း၏ အကြောင်း...ဖြစ်သောကြောင့် နိဒ္ဓါရဏဟေတု မည်၏။ နွားဖြစ်တည်းဟူသော အပေါင်း မှ နွားနက်မဖြစ်တည်းဟူသော အစိတ်ကို ထုတ်ခြင်းသည် နိဒ္ဓါရဏ မည်၏။

➢ ဝိဘတ်သက်ရာ ဌာန။ ။ အပေါင်းကိုဟောသော လိင်မှနောက်၌ ဆဋ္ဌီ, သတ္တမီ ဝိဘတ်သက်ရပါသည်။

➢ နိဒ္ဓါရဏ သရူပ်။ ။ ၁။ ဇာတိနိဒ္ဓါရဏ။(ပုံစံ) မနုဿာနံ ခတ္တိယော သူရတမော ၂။ ဂုဏနိဒ္ဓါရဏ။(ပုံစံ) သာမာ နာရီနံ ဒဿနီယတမာ၊ ၃။ ကြိယာနိဒ္ဓါရဏ။(ပုံစံ) ပထိကာနံ ဓာဝန္တော သိယတမော၊ ၄။ နာမနိဒ္ဓါရဏ (ပုံစံ) အရုဟတိ အာနန္ဒော ဗဟုသုတော-တို့ဖြစ်ပါသည်။

## ၃၀၅။ အနာဒရေ စ

အနာဒရေ ဆဋ္ဌီဝိဘတ္တိ ဟောတိ သတ္တမီစ။

ရုဒတော ဒါရကဿ ပဒ္ဓဇီ၊ ရုဒန္တဿိ ဒါရကေ ပဒ္ဓဇီ။

* အနာဒရေမရိုသေအပ်သော ကြိယာမှ။ဂမျမာနေ၊သိအပ်သည်ရှိသော်။အနာဒ ရိယတော၊မရိုသေအပ်သော ကြိယာမှ။ပရံနောက်၌။ဆဋ္ဌီသတ္တမီ၊ဆဋ္ဌီ, သတ္တမီတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ * အနာဒရေမှ။ဂမျမာနေ၊သော်။အနာဒရိယတော၊မှ။ပရံနောက်၌။ ဆဋ္ဌီဝိဘတ္တိစ၊သည်ငင်း။သတ္တမီဝိဘတ္တိစ၊သတ္တမီဝိဘတ်သည်ငင်း။ဟောတိ၊ဖြစ်၏။

* ဒါရကဿ၊သူငယ်သည်။ရုဒတော-ရုဒန္တဿ၊ငိုစဉ်။ဝိတာ၊အဖသည်။ပဒ္ဓဇီ၊ရဟန်း ပြု၏။ * ဒါရကေ၊သူငယ်သည်။ရုဒန္တဿိ၊ငိုစဉ်။ဝိတာ၊အဖသည်။ပဒ္ဓဇီ၊ရဟန်းပြု၏။

➢ အနာဒရေ+စ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။

➢ အနာဒရ, မည်ပုံ။ ။ မထိမဲ့မြင် အောက်မေ့ခြင်းသည် အနာဒရမည်ပါသည်။

http://www.dhammadownload.com



(တစ်နည်း) ရုဒတော ဒါရကဿ ပဌမွိ ပိတာ-၌ ဝိုခြင်းကြိယာနှင့် ရဟန်းပြုခြင်းကြိယာ နှစ်မျိုးရှိရာတွင် ပဌမွိ-ရဟန်းပြုခြင်း ကြိယာသည် ရုဒတော-ဝိုခြင်းကြိယာကို အဇ္ဈေမစိုက် အလေးမထားသောကြောင့် "အနာဒရ" မည်ပါသည်။ [ကြိယာနှစ်မျိုး ပြိုင်၍ ဖြစ်ခြင်းသည် "အနာဒရ" မည်၏။]

➤ ရုဒတော ဒါရကဿ ပိတာ ပဌမွိ-၌ အနာဒရ-စသည် ခွဲပုံ။ ။ ၁။ ပဌမွိ ကား- ဂရုမစိုက်ခြင်း သဘောပါသောကြောင့် အနာဒရ။ ၂။ ပိတာကား- အနာဒရ ကြိယာရှိသောကြောင့် အနာဒရဝန္တကတ္တား။ ၃။ ရုဒတောကား-ဂရုမစိုက်အပ်သော ကြောင့် အနာဒရိယ။ ၄။ ဒါရကဿကား- ထိုအနာဒရိယကြိယာရှိသောကြောင့် အနာဒရိယဝန္တကတ္တား။

➤ အာတောဇယန္တော သော နေတိ သိဝိရာဇဿ ပေတ္တတော-၌။ ။ ၁။ ဝေဿန္တရာ မင်း၏ကြည့်နေခြင်းကို အလေးမပြုဘဲ ဆောင်သွားသောကြောင့် ဇုဇကာ၏စိတ်သည် မုချအနာဒရ, ထိုစိတ်ကြောင့်ဖြစ်သော နေတိကြိယာလည်း ဥပစာအ-၌ ၄င့် အနာဒရ။ ၂။ သော, အရ- ဇုဇကာပုဏ္ဏားသည် အနာဒရဝန္တ, ၃။ပေတ္တတော, အရ- ဝေဿန္တရာ မင်း၏ကြည့်ခြင်းကြိယာကား-မလေးစားအပ်သောကြောင့် အနာဒရိယ။ ၄။ သိဝိရာဇဿ, အရ- ဝေဿန္တရာမင်းသည် အနာဒရိယဝန္တ။

➤ မစ္ဆု ဝစ္ဆတိ အာဒါယ ပေတ္တမာနေ မဟာဇနေ-၌။ ။ ၁။ လူအများ၏ကြည့်ခြင်းကို မလေးစားဘဲ ယူသွားသောကြောင့် ဝစ္ဆတိ, အရ- သွားခြင်းကြိယာသည် အနာဒရ။ ၂။ မစ္ဆု, အရ- သေမင်းသည် အနာဒရဝန္တ။ ၃။ ပေတ္တမာန, အရ- ကြည့်ခြင်းကြိယာသည် အနာဒရိယ။ ၄။ မဟာဇနေ, အရ- လူအများသည် အနာဒရိယဝန္တ။

➤ စသဒ္ဒါ၏အနက်။ ။ စသဒ္ဒါသည် ဆဋ္ဌီ, သတ္တမီဝိဘတ် နှစ်လုံးကို ယူငင်သောကြောင့် အနုကမုနအနက် ဖြစ်ပါသည်။

## ၃၀၆။ ကွစိ ဒုတိယာ ဆဋ္ဌီနမတ္ထေ

ဆဋ္ဌီနမတ္ထေ ကွစိ ဒုတိယာဝိဘတ္တိ ဟောတိ။

အပိသု မံ အဂ္ဂိဝေဿန တိသော ဥပမာ ပဋိဘံသု။

* ဆဋ္ဌီနံ၊ဆဋ္ဌီဝိဘတ်တို့၏။အတ္ထေ၊အနက်၌။ကွစိ၊အချို့၌။ဒုတိယာ၊ဒုတိယာဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ (ဝုတ္တိအနက်လွယ်ပြီ) * အဂ္ဂိဝေဿန၊အဂ္ဂိဝေဿန။အပိသု၊ စင်စစ်။တိသော ဥပမာ၊ဥပမာသုံးခုတို့သည်။မံ၊ငါဘုရား၏။ပဋိဘံသု၊ရှေ့ရှုဉာဏ်တွင် ထင်လာကုန်ပြီ။

➤ ကွစိ+ဒုတိယာ+ဆဋ္ဌီနံ+အတ္ထေ-ဟု (၄)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။

➤ ဆဋ္ဌီအနက်၌ ဒုတိယာဝိဘတ်သတ်ရာ ဌာန။ ။ သုတ်၌ ကွစိသဒ္ဒါကို ဆို

http://www.dhammadownload.com



သောကြောင့် အန္တရာ, အဘိတော, ပရိတော, ပတိ, ပဋိဘာ-စသည်တို့နှင့်ယှဉ်ရာ၌သာ ဆဋ္ဌီအနက်၌ ဒုတိယာဝိဘတ်သက်ရပါသည်။ (ပုံစံ) အန္တရာစ ရာဇဂဟံ၊ အဘိတော ဂါမံ ဝသတိ၊ ပရိတော ဂါမံ ဝသတိ၊ နဒီ နေရဉ္ဇရံ ပတိ၊ ပဋိဘာန္တု တံ စုန္ဒ ဗောဇ္ဈင်္ဂါ။

➤ ယူရမည့် ဆဋ္ဌီအနက်။ ။ သုတ်၌ ကွစိသဒ္ဒါကို ဆိုသောကြောင့် အန္တရာ, အဘိတော, ပရိတောနိပါတ်ပုဒ်တို့၏အယှဉ်, ပတိဥပသာရ၏အယှဉ်, ပဋိပုဗ္ဗဘာဓာတ်၏အယှဉ်ဖြစ်သော ဆဋ္ဌီအနက်ကိုသာ ယူရပါမည်။

## ၃၀၇။ တတိယာ သတ္တမီနဉ္စ

တတိယာ သတ္တမီနံ အတ္ထေစ ကွစိ ဒုတိယာဝိဘတ္တိ ဟောတိ။

သစေ မံ သမဏော ဂေါတမော ဿာလဝိဿတိ၊ တွဉ္စ မံ နာဘိဿာသသိ။ ဧဝံ တတိယတ္ထေ။

ပုဗ္ဗဏှသမယံ နိဝါသေတွာ၊ ဧကံ သမယံ ဘဂဝါ၊ ဧဝံ သတ္တ မျတ္ထေ။

* တတိယာ သတ္တမီနံ၊တတိယာ, သတ္တမီဝိဘတ်တို့၏။အတ္ထေစ၊အနက်၌လည်း။ ကွစိ၊အချို့၌၊ဒုတိယာ၊ဒုတိယာဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ (ဝုတ္တိအနက်လွယ်ပြီ)

* သမဏော ဂေါတမော၊ရဟန်းဂေါတမသည်။မံ၊ငါ့ကို။သစေ နာလဝိဿသိ၊ အကယ်၍ စကားမပြောဆိုသည်ဖြစ်အံ့။တွဉ္စ၊သင်သည်လည်း။မံ၊ငါ့ကို။နာဘိဿာသတိ၊ စကားမဆို။ဧဝံ၊ဤသို့။တတိယတ္ထေ၊တတိယာအနက်၌ ပုံစံတည်း။ * ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။နိဝါသေတွာ၊သင်းပိုင်ကိုပြင်ဝတ်၍။ဧကံ သမယံ၊အခါတစ်ပါး၌။ဘဂဝါ၊ သည်။ဧဝံ၊ဤသို့။သတ္တမျတ္ထေ၊သတ္တမီအနက်၌ ပုံစံတည်း။

➤ တတိယာသတ္တမီနံ+စ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။

➤ ယူရမည့် တတိယာအနက်။ ။ ကွစိဒုတိယာ ဆဋ္ဌီနမတ္ထေသုတ်မှ ကွစိသဒ္ဒါလိုက်လာသောကြောင့် အန္တရေန, ဝိနာ-စသော နိပါတ်တို့၏အယှဉ်, လပဓာတ်, ဘာသဓာတ်တို့၏အယှဉ်, သဟာဒိယောဂတ္ထ တတိယာအနက်ကို ယူရပါမည်။

➤ ယူရမည့် သတ္တမီအနက်။ ။ လိုက်လာသော ကွစိသဒ္ဒါကြောင့် ကာလသတ္တမီ, ဥပရှေး, အနုရှေး, အဓိရှေး, အာရှေးရှိသော ဝသဓာတ်၏အယှဉ်, အဓိရှေးရှိသော သိဓာတ်, ဌာဓာတ်, ဘာသဓာတ်တို့၏အယှဉ်ဖြစ်သော သတ္တမီအနက်ကိုသာ ယူရပါမည်။

➤ သတ္တမီအနက်၌, ဒုတိယာဝိဘတ်သက်ရာဌာန (ဝိသယ)။ ။ ကွစိဒုတိယာ ဆဋ္ဌီနမတ္ထေ-သုတ်မှ ကွစိသဒ္ဒါလိုက်လာသောကြောင့် အခါဟူသောအနက်၌ဂင်း, ဥပရှေး, အနုရှေး, အဓိရှေး, အာရှေးရှိသော ဝသဓာတ်၏ယှဉ်ရာ၌ဂင်း, အဓိရှေးရှိသော သိဓာတ်, ဌာဓာတ်, ဝသဓာတ်တို့၏ယှဉ်ရာ၌ဂင်း, သောက်ခြင်း, လှည့်လည်ခြင်းအနက်၌ဂင်း, သတ္တမီအနက်၌ ဒုတိယာဝိဘတ်သက်ရပါမည်။ (ပုံစံ) ပုဗ္ဗဏှသမယံ

http://www.dhammadownload.com



နိဝါသေတွာ၊ ဂါမံ ဥပဝဿတိ၊ ဂါမံ အနုပဝဿတိ၊ ဝိဟာရံ အဓိဝသတိ၊ ဂါမံ အာဝသတိ၊ အဂါရံ အဗျာဝသတိ၊ ပထဝိ အဓိသေဿတိ၊ ဂါမံ အဓိတိဋ္ဌတိ၊ ဂါမံ အဗျာဝသတိ၊ နဒိ ပိဝတိ၊ ဂါမံ စရတိ။

## ၃၀၈။ ဆဋ္ဌီ စ

တတိယာသတ္တမိနံ အတ္ထေစ ကွစိ ဆဋ္ဌီဝိဘတ္တိ ဟောတိ။

ကတော မေ ကလျာဏော၊ ကတံ မေ ပါပံ၊ ဧဝံ တတိယတ္ထေ။

ကုသလာ နစ္စဂီတဿ သိက္ခိတာ စာတုရိတ္ထိယော၊ ကုသလော တွံ ရထဿ အင်္ဂပစ္စင်္ဂါနံ။ ဧဝံ သတ္တမျတ္ထေ။ ကွစိတိ ကိမတ္ထံ? ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ အာနန္ဒော အတ္ထေသု ဝိစက္ခဏော။

* တတိယာသတ္တမိနံ၊တတိယာသတ္တမီဝိဘတ်တို့၏။အတ္ထေ၊အနက်၌။ကွစိ၊အချို့၌။ ဆဋ္ဌီ၊ဆဋ္ဌီဝိဘတ်သည်လည်း။ဟောတိ၊ဖြစ်၏။ (ဝုတ္တိအနက်လွယ်ပြီ)

* မေ၊ငါ့သည်။ကလျာဏော၊ကောင်းမှုကို။ကတော၊ပြုအပ်ပြီ။မေ၊ငါသည်။ပါပံ၊ မကောင်းမှုကို။ကတံ၊ပြုအပ်ပြီ။ဧဝံ၊ဤသို့။တတိယတ္ထေ၊တတိယာအနက်၌ ပုံစံတည်း။ * နစ္စဂီတဿ၊ကခြင်း၊ သီဆိုခြင်း၌။ကုသလာ၊လိမ္မာကုန်သော။သိက္ခိတာ၊သင်ပြအပ်ပြီး သော အတတ်ရှိကုန်သော။စာတုရာ၊တင့်တယ်စွာယ်ခြင်းရှိကုန်သော။ဣတ္ထိယော၊မိန်းမ တို့သည်။ပဓိဝါရေန္တိ၊ခြံရံ ခစားကုန်၏။ * တွံ၊သင် (အဘယမင်္ဂသား)သည်။ရထဿ၊ ရထား၏။အင်္ဂပစ္စင်္ဂါနံ၊အစိတ်အင်္ဂါကြီးငယ်တို့၌။ကုသလော၊လိမ္မာသည် မဟုတ်လော။ ဧဝံ၊ဤသို့။သတ္တမျတ္ထေ၊သတ္တမီအနက်၌ ပုံစံတည်း။တွမွီစီတိပဒံ။သည်း၊ကိမတ္ထံ၊နည်း။ * အာနန္ဒ၊အာနန္ဒာ၊မယား၊ငါသည်။ဓမ္မောစ၊သုတ်, အဘိဓမ္မာကိုလည်း။ဒေသိတော၊ဟော အပ်လေပြီ။ဝိနယောစ၊ဝိနည်းကိုလည်း။ပညတ္တော၊ပညတ်အပ်လေပြီ။ * အာနန္ဒော၊ အာနန္ဒာသည်။အတ္ထေသု၊အနက်တို့၌။ဝိစက္ခဏော၊လိမ္မာ၏။

### ➤ ဆဋ္ဌီ+စ-တု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိမိသုတ်။

➤ **တတိယာအနက်၌, ဆဋ္ဌီဝိဘတ်သက်ရာဌာန (ဝိသယ)။** ။ ယဇောတ်နှင့် ယှဉ်ရာ, တင်းတိမ်ခြင်းအနက်ရှိသော ပူရဓာတ်နှင့်ယှဉ်ရာ, တုလျအနက်ရှိသောသဒ္ဒါ, ကိသဒ္ဒါ, အလ်သဒ္ဒါ, ကတ္တားအနက်ရှိသော ကိတကမည်သော ပစ္စည်းတို့နှင့်ယှဉ်ရာ၌ ဆဋ္ဌီဝိဘတ်သက်ရပါမည်။ (ပုံစံ) ပုပ္ပဿ ဗုဒ္ဓံ ယဇတိ၊ ပတ္တံ ဩဒနဿ ပူရေတွာ၊ ဝိတုဿ တုလျော၊ မာတု သဒိသော၊ ကိ တဿစ တုဋ္ဌဿ၊ အလံ တဿစ တုဋ္ဌဿ၊ သောဘနော ကစ္စာယနဿ ကတိ။

➤ **သတ္တမီအနက်၌, ဆဋ္ဌီဝိဘတ်သက်ရာဌာန (ဝိသယ)။** ။ ကုသလသဒ္ဒါ, ပဿန္နသဒ္ဒါ, တိက္ခတ္တုံသဒ္ဒါ, ဒွိက္ခတ္တုံသဒ္ဒါ-စသည်တို့နှင့်ယှဉ်ရာ၌ သတ္တမီအနက်၌ ဆဋ္ဌီ

http://www.dhammadownload.com



ဝိဘတ်သက်ရပါမည်။ (ပုံစံ) ကုသလော မဂ္ဂဿ၊ သန္တိဟိ ဘန္တေ ဥဉာရာ ယက္ခာ ဘဂဝတော ပဿန္နာ၊ ဒိဝသဿ တိက္ခတ္တုံ၊ မာသဿ ဒွိက္ခတ္တုံ။

➤ **ကွစိသဒ္ဒါ အလိုက်ခံရကျိုး**။ ။ ယော ဝေါ (ပ) ဝိစက္ခဏော-စသည်တို့၌ ဆဋ္ဌီဝိဘတ်သက်ခြင်းကို တားမြစ်ခြင်းအကျိုးငှာ ကွစိသဒ္ဒါ အလိုက်ခံရပါသည်။

➤ **ဆဋ္ဌီကတ္တား သုံးစွဲရမည့်နေရာ**။ ။ ကိတကအမည်ရသော ပစ္စည်းတို့နှင့်ယှဉ်ရာ၌ ဆဋ္ဌီကတ္တားကို သုံးစွဲရပါမည်။

## ၃၀၉။ ဒုတိယာ ပဉ္စမီနဉ္စ

ဒုတိယာပဉ္စမီနဉ္စ အတ္ထေ ကွစိ ဆဋ္ဌီဝိဘတ္တိ ဟောတိ။

တဿ ဘဝန္တိ ဝတ္တာရော၊ သဟသာ ကမ္မဿ ကတ္တာရော၊ ဧဝံ ဒုတိယတ္ထေ။

အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ၊ ကိန္နု ခေါ အဟံ တဿ သုခဿ ဘာယာမိ၊ သတ္ထေ တဿန္တိ ဒဏ္ဍဿ၊ သတ္ထေ ဘာယန္တိ မစ္စုနော၊ ဘီတော စတုန္နံ အာသီဝိသာနံ ယောရဝိသာနံ၊ ဘာယာမိ ယောရဝိသဿ နာဂဿ၊ ဧဝံ ပဉ္စမျတ္ထေ။

* ဒုတိယာပဉ္စမီနဉ္စ၊ဒုတိယာ, ပဉ္စမီဝိဘတ်တို့၏။အတ္ထေ၊အနက်၌။ကွစိ၊အချို့၌။ ဆဋ္ဌီ၊ဆဋ္ဌီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ (ဝုတ္တိအနက်လွယ်ပြီ)

* တဿ၊ထိုသူကို။ဝတ္တာရော၊ဆိုတတ်သော သူတို့သည်။ဘဝန္တိ၊ရှိကုန်၏။ * သဟသာ၊အဆောတလျင်။ကမ္မဿ၊အမှုကို။ကတ္တာရော၊ပြုတတ်ကုန်သည်။ဧဝံ၊ဤသို့။ဒုတိယတ္ထေ၊ဒုတိယာအနက်၌ ပုံစံတည်း။ * အဿဝနတာ၊မကြားနာရသည်၏အဖြစ်ကြောင့် ဓမ္မဿ၊အကျင့်တရား၌ပရိဟာယန္တိ၊ဆုတ်ယုတ်ကုန်၏။ * အဟံ၊ငါသည်။တဿ သုခဿ၊ထိုချမ်းသာမှ။ကိန္နု၊ခေါ်ဘာယာမိ၊အဘယ့်ကြောင့် ကြောက်ချိမ့်မည်နည်း။ * သတ္ထေ။ သူခိုးသိမ်းတို့သည်။ဒဏ္ဍဿ၊ဒဏ်မှ။တဿန္တိ၊ထိတ်လန့်ကုန်၏။ * သတ္ထေ၊ခိုးသိမ်းသူတို့ သည်။မစ္စုနော၊သေရမည်မှ။ဘာယန္တိ၊ကြောက်ကုန်၏။ * အာသီဝိသာနံ၊လျင်သော အဆိပ်ရှိကုန်သော။ယောရဝိသာနံ၊ကြမ်းသော အဆိပ်ရှိကုန်သော။စတုန္နံ၊မြွေလေးမျိုးတို့မှ။ဘီတော၊ကြောက်၏။ * ယောရဝိသဿ၊ကြမ်းသော အဆိပ်ရှိသော။နာဂဿ၊နဂါးမှ။ဘာယာမိ၊ကြောက်၏။ဧဝံ၊ဤသို့။ပဉ္စမျတ္ထေ၊ပဉ္စမီအနက်၌ ပုံစံတည်း။

➤ **ဒုတိယာပဉ္စမီနံ+စ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်**။

➤ **ဒုတိယာအနက်၌, ဆဋ္ဌီဝိဘတ်သက်ရာဌာန (ဝိသယ)**။ ။ ကတ္တားအနက်ကိုဟောသော တုပစ္စည်း, ဏ္ဍုပစ္စည်း,တို့နှင့်ယှဉ်ရာ၌ငင်း, ဘောအနက်ကိုဟောသော ယုပစ္စည်း, ဏပစ္စည်းတို့နှင့်ယှဉ်ရာ၌ငင်း, သရဓာတ်, ဂ္ဂသုဓာတ်, ပြုပြင်ခြင်းအနက်ရှိသော ကရဓာတ်တို့နှင့်ယှဉ်ရာ၌ငင်း, ဒုတိယာအနက်၌ ဆဋ္ဌီဝိဘတ်သက်ရပါမည်။

(ပုံစံ) တဿ ဘဝန္တိ ဝတ္တာရော၊ ကမ္မဿ ကာရကော နတ္ထိ၊ ပါပါနံ အကရဏံ သုခံ၊

http://www.dhammadownload.com



အစ္ဆရိယော အရဇကေန ဓတ္တာနံ ရာဂေါ။ မာတု သရတိ၊ ပုတ္တသ္သ ဣစ္ဆတိ၊ ဥဒကသ္သ ပတိကုရုတေ။

➤ **ဆဋ္ဌိကံနှင့် ဆက်စပ်နေသောပုဒ်ဝယ်ရှိသင့်သည့် ဓာတ်ပစ္စည်း။** ။ သရ ဓာတ်, ဣသုဓာတ်, ပြုပြင်ခြင်းအနက်ရှိသော ကရဓာတ်, ယု, ဏွု, တု, ဏာ-စသော ပစ္စည်းများ ဖြစ်ပါသည်။

➤ **ဆဋ္ဌိကံ သုံးစွဲရမည့်နေရာ။** ။ ကတ္တားအနက်ကိုဟောသော တုပစ္စည်း, ဏွုပစ္စည်း, ဘောအနက်ကိုဟောသော ယုပစ္စည်း, ဏာပစ္စည်းတို့နှင့်ယှဉ်ရာ၌ ဆဋ္ဌိကံကို သုံးစွဲရပါမည်။

➤ **ပဉ္စမီအနက်၌ ဆဋ္ဌိဝိဘတ်သက်ရာ ဌာန။** ။ ဆုတ်ယုတ်ခြင်းအနက်ရှိသော သဒ္ဒါ, ကြောက်လန့်ခြင်းအနက်ရှိသောသဒ္ဒါတို့နှင့်ယှဉ်ရာ၌ ပဉ္စမီအနက်၌ ဆဋ္ဌိဝိဘတ် သက်ရပါမည်။ (ပုံစံ) အဿဝနတာ ဓမ္မဿ ပရိဟာဟန္တိ၊ ကိံနုခေါ အဟံ တဿ သုခဿ ဘာယာမိ။

➤ **ယူရမည့် ဒုတိယာ။** ။ ဏွု, ယု, တု, ဏာ-ဟု ဆိုအပ်သော ကိတ်ပစ္စည်းတို့၏ အယှဉ်ဖြစ်သောကဲ့အနက်, ဘာဝသာဓန အယှဉ်ဖြစ်သော အောက်မေ့ခြင်း, အလိုရှိခြင်းအနက်ရှိသော ဓာတ်တို့၏ကံအနက်, ပြုပြင်ခြင်းအနက်ဟော ကရဓာတ်၏အယှဉ် ဖြစ်သော ကံအနက်ကိုသာ ယူရပါမည်။

➤ **ယူရမည့် ပဉ္စမီ။** ။ ပရိဟာနိ, ဘယအနက်ရှိသော သဒ္ဒါတို့၏အယှဉ်ဖြစ်သော ပဉ္စမီ အပါဒါန်ကိုသာ ယူရပါမည်။

## ၃၁၀။ ကမ္မ ကရဏ နိမိတ္တတ္ထေသု သတ္တမီ

ကမ္မ ကရဏ နိမိတ္တတ္ထေသု သတ္တမီ ဝိဘတ္တိ ဟောတိ။

သုန္ဒရာဝုသော ဣမေ အာဇီဝကာ ဘိက္ခူသု အဘိဝါဒေန္တိ ဧဝံ ကမ္မတ္ထေ။

ဟတ္ထေသု ပိဏ္ဍာယ စရန္တိ၊ ပတ္တေသု ပိဏ္ဍာယ စရန္တိ၊ ပထေသု ဂစ္ဆန္တိ၊ ဧဝံ ကရဏတ္ထေ။ ဒီပိ စမ္မေသု ဟညတေ၊ ကုဉ္ဇရော ဒန္တေသု ဟညတေ၊ ဧဝံ နိမိတ္တတ္ထေ

* ကမ္မကရဏနိမိတ္တတ္ထေသုဂ်, ကရိဏ်း, နိမိတ်အနက်တို့၌သတ္တမီသတ္တမီဝိဘတ်သည်ဟောတိ၊ဖြစ်၏။ (ဝုတ္တိအနက်လွယ်ပြီ)

* အာဝုသော၊ငါ့ရှင်တို့။သုန္ဒရာ၊ကောင်းကုန်သော။ဣမေအာဇီဝကာ၊ဤတက္ကတွန်းတို့သည်။ဘိက္ခူသု၊ရဟန်းတို့ကို။အဘိဝါဒေန္တိ၊ရှိခိုးကုန်၏။ဧဝံ၊ဤသို့။ကမ္မတ္ထေ၊ဂဂ်အနက်၌ ပုံစံတည်း။ * ဟတ္ထေသု၊လက်တို့ဖြင့်။ပိဏ္ဍာယ၊ဆွမ်းခံဖို့ရာ။စရန္တိ၊သွားကုန်၏။ * ပတ္တေသု၊သပိတ်တို့ဖြင့်။ပိဏ္ဍာယ၊ဆွမ်းခံဖို့ရာ။စရန္တိ၊သွားကုန်၏။ * ပထေသု၊လမ်း (ခရီး) တို့ဖြင့်။ဂစ္ဆန္တိ၊သွားကုန်၏။ဧဝံ၊ဤသို့။ကရဏတ္ထေ၊ကရိဏ်းအနက်၌ ပုံစံတည်း *

http://www.dhammadownload.com



ဒီပိ၊သစ်ကို။စမွေသု၊အရေတို့ကြောင့်။ဟညတေ၊သတ်အပ်၏။ * ကုဋ္ဌရော၊ဆင်ကို။ ဒန္တေသု၊အစွယ်တို့ကြောင့်။ဟညတေ၊သတ်အပ်၏။ဇဝံ၊ဤသို့။နိမိတ္တတ္ထေ၊နိမိတ်အနက်၌ ပုံစံတည်း။

➤ **တမ္ဟကရဏနိမိတ္တတ္ထေသု+သတ္တမီ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။**

➤ **ကံအနက်၌ သတ္တမီဧကဝုစ်ဝိဘတ် သက်သောပုံစံ။ ။ မုဒ္ဒနိ စုမ္ဗိတွာ။**

➤ **ကရိဏ်းအနက်၌ သတ္တမီဧကဝုစ်ဝိဘတ် သက်သောပုံစံ။ ။ သောပိ မံ အနုသာသေယျ သမ္မဒိဿာမိ မတ္တကေ။**

➤ **နိမိတ်အနက်၌ သတ္တမီဧကဝုစ်ဝိဘတ် သက်သောပုံစံ။ ။ သမ္မဇာနမုသာ ဝါဒေ ပါစိတ္တိယံ။**

➤ **ဟိတ်+ကာရဏ+နိမိတ် (တတိယာဟိတ်+ပဉ္စမီဟိတ်+သတ္တမီဟိတ်) အထူး ။ ။** အကျိုးကရှေးဖြစ်နှင့်၍ အကြောင်းက နောက်မှဖြစ်မူ ဟိတ်(တတိယာဟိတ်) မည်၏။ အကြောင်းက ရှေးဖြစ်နှင့်၍ အကျိုးကနောက်မှဖြစ်မူ ကာရဏ(ပဉ္စမီဟိတ်) မည်၏။ အကျိုးအကြောင်းနှင့်တကွဖြစ်၍ ယေဘုယျအားဖြင့် နိမိတ်ဝန်ပျက်မူ နိမိတ် (သတ္တမီဟိတ်)မည်၏။ ဤသို့ ထူးပါသည်။

**[ရှင်းလင်းချက်]** ၁။ အနွေန ဝသတိ-၌ နေခြင်းကြိယာတည်းဟူသော အကျိုးက ရှေးဖြစ်နှင့်၍ ထမင်းခြင်္ဂတည်းဟူသော အကြောင်းက နောက်မှဖြစ်သောကြောင့် အနွေန-သည် ဟိတ်(တတိယာဟိတ်) မည်၏။ ၂။ စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာ အပ္ပဋိဝေဓာ-စသည်၌ သစ္စာလေးပါးကို မသိခြင်းအကြောင်းက ရှေးဖြစ်ပြီးမှ သံသရာ၌ ကျင်လည်ခြင်းအကျိုးက နောက်မှဖြစ်သောကြောင့် အနနုဗောဓာ-သည် ကာရဏ(ပဉ္စမီဟိတ်) မည်၏။ ၃။ ဒီပိ စမွေသု ဟညတေ-၌ အရေသည် အကြောင်းမည်၏၊ သတ်ခြင်းကြိယာသည် အကျိုးမည်၏။ယင်း အကျိုးအကြောင်း နှစ်ပါးသည် အတူတကွဖြစ်ကြ၏။ခြင်္ဂကာလ မပြားခေ့၊ စမ္မ-ဟူသောနိမိတ်၏တည်ရာ, သစ်တည်း ဟူသော နိမိတ်ဝန်သည် သေကျေပျက်စီး၍သွား၏၊ ထို့ကြောင့် စမွေသု-သည် နိမိတ် (သတ္တမီဟိတ်) မည်၏။

## ၃၁၁။ သမ္မဒါနေ စ

သမ္မဒါနေစ သတ္တမီဝိဘတ္တိ ဟောတိ။ သံယေ ဒိန္နံ မဟပ္ဖလံ၊ သံယေ ဂေါတမိ ဒေဟိ၊ သံယေ တေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ။

* သမ္မဒါနေစ၊သမ္မဒါန်အနက်၌လည်း။သတ္တမီ၊သတ္တမီဝိဘတ်သည်း။ဟောတိ၊၏။
* သမ္မဒါနေစ၊သမ္မဒါန်အနက်၌လည်း။သတ္တမီဝိဘတ္တိ၊သည်း။ဟောတိ၊ဖြစ်၏။
* သံယေ၊သံဃာအား။ဒိန္နံ၊လှူအပ်သော ဝတ္ထုသည်း။မဟပ္ဖလံ၊အကျိုးများ၏။ *

http://www.dhammadownload.com



၁ဂါတ၊မိ၊ဂေါတမီ။တို့၊သင်သည်။သံယေ၊အား။ဒေဟိ၊လျှူလော့။သံယေ၊အား။ဒိန္နေ၊လျှူအပ်သည်ရှိသော်။အဟဥ္စေဝ၊ငါဘုရားသည်ငင်း။သံယော၊သံဃာသည်ငင်း။ပူဇိတော၊ပူဇော်အပ်သည်။ဘဝိဿာမိ၊ဖြစ်လတ္တံ့။

➢ သမ္မဒါနေ+စ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။

➢ စသဒ္ဒါ၏အနက်။ ။ စသဒ္ဒါသည် မဏိမို့ ပဿ နိမ္မိတ်-၌ ကတ္တားအနက်ကို ဆည်းယူသောကြောင့် သမုစ္စည်းအနက်ရှိပါသည်။ (မဏိမို့၊ပတ္တမြားသည်။နိမ္မိတ်၊စီမံဘန်ဆင်းအပ်သော စည်းစိမ်ကို။ပဿ၊ရှုကြည့်စမ်းပါလော။)

## ၃၁၂။ ပဋ္ဌမ္မတ္ထေ စ

ပဋ္ဌမ္မတ္ထေစ သတ္တမီဝိဘတ္တိ ဟောတိ။

ကဒလီသု ဂဇေ ရက္ခန္တိ။

* ပဋ္ဌမ္မတ္ထေစ၊ပဋ္ဌမီအနက်၌လည်း။သတ္တမီ၊သတ္တမီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။

* ပဋ္ဌမ္မတ္ထေစ၊ပဋ္ဌမီအနက်၌လည်း။သတ္တမီဝိဘတ္တိ၊သည်။ဟောတိ၊ဖြစ်၏။

ကဒလီသု၊ဌက်ဗျောပင်တို့မှ။ဂဇေ၊ဆင်တို့ကို။ရက္ခန္တိ၊စောင့်ကုန်၏။

➢ ပဋ္ဌမ္မတ္ထေ+စ-ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။

➢ စသဒ္ဒါ၏အနက်။ ။ စသဒ္ဒါသည် ကဲ, ကရိဏီး, နိမိတ်, သမ္ဗန်ဓိန်အနက်တို့၌သာ သတ္တမီဝိဘတ်သက်သည်မဟုတ်, ပဋ္ဌမီအနက်၌လည်း သက်ရသေး၏ဟု ပေါင်းယူသောကြောင့် သမ္ပိဏ္ဏနအနက် ဖြစ်ပါသည်။ (နိဒ္ဒေသ)

## ၃၁၃။ ကာလဘာဝေသုစ

ကာလဘာဝေသုစ ကတ္တရိ ပယုဇ္ဇမာနေ သတ္တမီဝိဘတ္တိ ဟောတိ။

ပုဗ္ဗဏှသမယေ ဂတော၊ သာယန္ဟသမယေ အာဂတော၊ ဘိက္ခူသု ဘောဇိယမာနေသု ဂတော၊ ဘုတ္တေသု အာဂတော၊ ဂေါသု ဒုယ္ဟမာနေသု ဂတော၊ ဒုဒ္ဓါသု အာဂတော။

* ကာလဘာဝေသုစ၊ကာလအနက်, ဘာဝေန ဘာဝလက္ခဏအနက်တို့၌လည်း။သတ္တမီ၊သတ္တမီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ * ကာလဘာဝေသုစ၊တို့၌လည်း။ကတ္တရိကတ္တားကို။ပယုဇ္ဇမာနေ၊ယှဉ်အပ်သည်ရှိသော်။သတ္တမီဝိဘတ္တိ၊သတ္တမီဝိဘတ်သည်။ဟောတိ၊၏။ ။ * ပုဗ္ဗဏှသမယေ၊နံနက်အခါ၌။ဂတော၊သွား၏။ * သာယန္ဟသမယေ၊ညချမ်းအခါ၌။အာဂတော၊လာ၏။ * ဘိက္ခူသု၊ရဟန်းတို့ကို။ဘောဇိယမာနေသု၊ဆွမ်းကျွေးအပ်ကုန်သည်ရှိသော်။ဂတော၊သွား၏။ * ဘုတ္တေသု၊ဆွမ်းစားကုန်ပြီးသည်ရှိသော် အာဂတော၊လာ၏။ * ဂေါသု၊နွားတို့ကို။ ဒုယ္ဟမာနေသု၊နို့ညှစ်အပ်ကုန်သည်ရှိသော်။

http://www.dhammadownload.com



ဂတော၊သွား၏။ * ဒုဒ္ဓါသု၊နို့ညှစ်အပ်ကုန်ပြီးသည်ရှိသော်။အာဂတော၊လာ၏။

**➢ တာလဘာဝေသု+စ-ဟု (၂) ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။**

**➢ ဘာဝ-ဟူသည် ။ ။** ဘိက္ခူသု ဘောဇ်ယမာနေသု ဂတော-၌ ဂတော-အရ သွားသည်ဟူသည် အဘယ်အချိန်၌ သွားသနည်းဟု မေးဖွယ်ရှိ၍ ဆွမ်းကျွေးချိန်၌ သွားသည်ဟု ဆွမ်းကျွေးခြင်းကြိယာဖြင့် သွားခြင်းကြိယာကို မှတ်သားရသည်၊ ဤသို့ ကြိယာတစ်ပါးဖြင့် ကြိယာတစ်ပါးကို မှတ်ခြင်းကို "ဘာဝ"ဟု ဆိုပါသည်။

**➢ ကာလ-အရ ။ ။** မျက်စိတစ်မှိတ်, ခဏ, လယ, မုဟုတ္တ, ပုဗ္ဗဏှ, သမယ-စသော အခါကာလတို့ကို ယူရပါမည်။

**➢ ဘာဝ-အရ ။ ။** ကြိယာတစ်ပါးဖြင့် ကြိယာတစ်ပါးကို မှတ်သားတတ်သော ကြိယာကို ယူရပါမည်။

**➢ ဤ၌ အလိုရှိသော ဘာဝတား။** ။ကြိယာတစ်ပါးကို မှတ်သားကြောင်းဖြစ်သော ကြိယာကိုသာ ယူရပါမည်။(ဝါ)ဘာဝေန ဘာဝလက္ခဏာကို ယူရပါမည်။

**➢ သတ္တမီဝိဘတ်သက်ရာဌာန (ဝိသယ)။ ။** ကာလအနက်, ဘာဝလဲ့ကဏ ဘာဝ အနက်၌ သတ္တမီဝိဘတ်သက်ရပါမည်။

**➢ ဘိက္ခူသု ဘောဇ်ယမာနေသု ဂတော ပုရိသော-၌ လက္ခဏ-စသည် ခွဲပုံ။ ။** (၁) ဘောဇ်ယမာနေသု-သည် သွားခြင်းကြိယာကို မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏမည်၏။ (၂) ဘိက္ခူသု-သည် လက္ခဏ၏ ကံဖြစ်သောကြောင့် လက္ခဏဝစ္ဆမည်၏။ (၃) ဂတော-သည် ဘောဇ်မာနေသုဟူသော လက္ခဏကြိယာဖြင့် မှတ်အပ်သောကြောင့် လက္ခဏမည်၏။ (၄) ပုရိသော-သည် လက္ခကြိယာ၏ ကတ္တားဖြစ်သောကြောင့် လက္ခဝန္တမည်၏။

## ၃၁၄။ ဥပဓျာဓိ ကိဿရဝစနေ

ဥပအဓိက္ကစ္စေတေသံ ပယောဂေ အဓိကက္ကဿရဝစနေ သတ္တမီဝိဘတ္တိ ဟောတိ။ ဥပ ခါရိယံ ဒေါဏော၊ ဥပ နိက္ခေ ကဟာပဏာ၊ အဓိဩဟ့ဒတ္တေ ပဘွာလာ အဓိ နစ္စေသု ဂေါဘိမိ၊ အဓိ ဒဒဝေသု ဝုဒ္ဓေါ။

**( ဥပဓိ+အဓိကိဿရဝစနေ(ဥပ+အဓိ+အဓိက+ကိဿရဝစနေ)ဟု (၂)ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။)**

* ဥပဓိ၊ဥပသဒ္ဒါ, အဓိသဒ္ဒါတို့၏။ပယောဂေ၊အယှဉ်၌။အဓိကိဿရဝစနေ၊ဥပသဒ္ဒါ၏ အဓိကအနက်, အဓိသဒ္ဒါ၏ ကိဿရအနက်ကိုဟောသည်။သတိ၊ဖြစ်လတ်သော်။ သတ္တမီ၊သတ္တမီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ * ဥပအဓိက္ကစ္စေကေသံ၊တို့၏။ပယောဂေ၊ ၌ အဓိကက္ကဿရဝစနေ၊သည်။သတိ၊သော်။သတ္တမီဝိဘတ္တိ၊သည်။ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com



* ဒေါဏော၊ (လေးပြည်ရှိ)စိတ်သည်။ခါရိယံ၊ (လေးတင်းရှိ)တို့ထက်။ဥပ၊လွန်၏။ * ကဟာပဏော၊အခြိန်တစ်ကျပ်သည်။နိက္ခေ (တစ်ပိသာရှိ) နိက္ခထက်။ဥပ၊လွန်၏။ * ပဿာလာ၊ပဿာလတိုင်းသူတို့သည်။ပြဟ္မဒတ္တော၊ပြဟ္မဒတ်မင်း၏။အဓိ၊အခြံအရံ ကျေးကျွန်တို့တည်း။ * ဂေါတမီ၊ဂေါတမီသည်။နစ္စေသု၊ကချေသည်တို့၏။အဓိ၊အရှင်တည်း။ * ပုဒ္ဓေါ၊ဘုရားသည်။ ဒဒေသု၊နတ်တို့၏။အဓိ၊အရှင်တည်း။

## ၃၁၅။ မဏ္ဍိတုဿုဏ္ဍေသု တတိယာ
➢ **ရုက္ခောပသောဘိတကန္ဒရော-၌ ကန္ဒရပုဒ်နှင့် သမာသ်ဖြစ်နိုင်ခြင်းအကြောင်း** ။ ။ ဥပသောဘိတကန္ဒရော-ဟု သမာသ်ပြီးသော အခါ၌လည်း ရုက္ခသဒ္ဒါကို ဥပသောဘိတ-ဟူသော မိမိ၌သာ စပ်ရသည်၏အဖြစ်ကို သိစေတတ်သော ဂမကသတ္တိရှိသောကြောင့် ကန္ဒရနှင့် သမာသ်ဖြစ်နိုင်ပါသည်။

➢ **ဆန္ဒဇာတ စသည်တို့၌ ဝိသေသန-ဝိသေသျနှစ်မျိုး ရှေ့ကဖြစ်နိုင်ခြင်းအကြောင်း** ။ ။ ဆန္ဒဇာတ စသည်တို့၌ ဝိသေသန, ဝိသေသျတို့သည် ဝဒန္တပုဂ္ဂိုလ်၏ အလိုအတိုင်းဖြစ်သောကြောင့် ဝိသေသန, ဝိသေသျနှစ်မျိုး ရှေ့က ဖြစ်နိုင်ပါသည်။

➢ **ဆိန္နဟတ္ထော-ဟူသော ဗဟုဗ္ဗီဟိသမာသ်ကို ဟတ္ထစ္ဆိန္နော-ဟု ပြင်၍ ရနိုင်/မရနိုင်** ။ ။ ဝိသေသန, ဝိသေသျတို့သည် ဝဒန္တပုဂ္ဂိုလ်၏ အလိုအတိုင်း ဖြစ်နိုင်သောကြောင့် ဟတ္ထနှင့်ဆိန္ဒ နှစ်ပုဒ်လုံး ရှေ့က နေနိုင်ပါသည်၊ ထို့ကြောင့် ဟတ္ထစ္ဆိန္နော-ဟု ပြင်၍ ရနိုင်ပါသည်။ [ မာသဇာတော+ဇာတမာသော-စသည်နည်းတူ]

➢ **ဥပမာနပုဗ္ဗပဒ ဗဟုဗ္ဗီဟိ-၌ ဣဝ/ဝိယသဒ္ဒါ ထည့်ဆိုရခြင်းအကျိုး**

နိဂြောဓ-၏ ဥပမာနဖြစ်ကြောင်း ပရိမဏ္ဍလ-၏ ဥပမေယျဖြစ်ကြောင်း ထင်ရှားစေခြင်း အကျိုးငှာ ဣဝ/ဝိယသဒ္ဒါကို ထည့်ဆိုရပါသည်။

## ၃၂၉။ နာမာနံ သမုစ္စယော ဒွန္ဒော

နာမာနံ ဧကဝိဘတ္တိကာနံ ယော သမုစ္စယော၊ သော ဒွန္ဒသညော ဟောတိ။

စန္ဒိမာစ သူရိယော၀ စန္ဒိမသူရိယာ၊ သမဏောစ ဗြာဟ္မဏောစ သမဏာ

http://www.dhammadownload.com



ပြာဟ္မဏာ၊ သာရိပုတ္တောစ မောဂ္ဂလ္လာနောစ သာရိပုတ္တမောဂ္ဂလ္လာနာ၊ ပြာဟ္မဏောစ ဂဟပတိကောစ ပြာဟ္မဏဂဟပတိကာ၊ ယမောစ ဝရုဏောစ ယမဝရုဏာ၊ ကုဝေရောစ ဝါသဝေါစ ကုဝေရဝါသဝါ။ ဒွန္ဒက္ကစ္စနေန ကွတ္ထော? ဒွန္ဒဌာဝါ။

* နာမာနုံဝိဘတ်တုကုန်သော နာမ်တို့၏။(ဝါ) ဝိဘတ်တုကုန်သော နာမ်တို့တွင်။ သမုစ္စယော၊ပေါင်းစည်းခြင်းအနက်သည်။(ဝါ) အနက်ရှိသော သဒ္ဒါသည်။ဒွန္ဒော၊ဒွန္ဒမည်၏။ * ဓကဝိဘတ္တိကာနုံ၊တူသောဝိဘတ်ရှိကုန်သော။နာမာနုံ၊နာမ်တို့၏။(ဝါ) နာမ်တို့တွင်။ယော သမုစ္စယော၊အကြင်ပေါင်းစည်းခြင်းအနက်သည်။(ဝါ) အနက်ရှိသော သဒ္ဒါသည်။အတ္ထိ၊ရှိ၏။သော သမုစ္စယော၊ထိုပေါင်းစည်းခြင်းအနက်သည်။(ဝါ) အနက်ရှိသော သဒ္ဒါသည်။ဒွန္ဒသညော၊ဒွန္ဒမည်သည်။ဟောတိ၊ဖြစ်၏။

စန္ဒိမာစ၊လလည်း။သူရိယောစ၊နေလည်း။စန္ဒိမသူရိယာ၊လ၊ နေတို့။ * သမဏောစ၊ရဟန်းလည်း။ပြာဟ္မဏောစ၊ပုဏ္ဏားလည်း။သမဏပြာဟ္မဏာ၊ရဟန်း, ပုဏ္ဏားတို့။ * သာရိပုတ္တောစ၊သာရိပုတ္တရာလည်း။မောဂ္ဂလ္လာနောစ၊မောဂ္ဂလ္လာန်လည်း။သာရိပုတ္တမောဂ္ဂလ္လာနာ၊သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့။ * ပြာဟ္မဏောစ၊ပုဏ္ဏားလည်း။ဂဟပတိကောစ၊သူကြွယ် လည်း။ပြာဟ္မဏဂဟပတိကာ၊ပုဏ္ဏား, သူကြွယ်တို့။ * ယမောစ၊ယမမင်းလည်း။ဝရုဏောစ၊ဝရုဏနတ်မင်းလည်း။ယမဝရုဏာ၊ယမမင်း, ဝရုဏနတ်မင်းတို့။ * ကုဝေရောစ၊ကုဝေရနတ်မင်းလည်း။ဝါသဝေါစ၊ဝါသဝနတ်မင်းလည်း။ကုဝေရဝါသဝါ၊ကုဝေရနတ်မင်း, ဝါသဝနတ်မင်းတို့။ဒွန္ဒက္ကစ္စနေန၊ဒွန်အမည်ကို မှည့်ရသဖြင့်။ကွတ္ထော၊နည်း။ဒွန္ဒဌာဝါ၊ဒွန္ဒဌာဝါ-စသောသုတ်တို့၌ ဒွန်-ဟုခေါ်ဆိုရခြင်းအကျိုးရှိ၏။

➢ **နာမာနံ+သမုစ္စယော+ဒွန္ဒော-ဟု (၃)ပုဒ်ရှိသော သညာသုတ်။**

➢ **ဒွန္ဒော-ဝိဂ္ဂဟ။** ။ ဒွေစ ဒွေစ ဒွန္ဒာ၊ ဒွန္ဒော ဝိယာတိ ဒွန္ဒော။

➢ **ဒွန်ခွစ်မျိုး။** ။ ၁။ ဣတရိတရယောဂဒွန်။ ၂။ သမာဟာရဒွန်-တို့ဖြစ်ပါသည်။

➢ **ဒွန်သမာသ်-၌ စသဒ္ဒါထည့်ဆိုရခြင်းအကျိုး။** ။ သာရိပုတ္တမောဂ္ဂလ္လာနာ-ပြဃုဂ်-၌ သာရိပုတ္တသဒ္ဒါ, မောဂ္ဂလ္လာနသဒ္ဒါတို့၏အပြန်အလှန် ဆည်းယူခြင်းကြိယာကို ထွန်းပြခြင်းအကျိုးငှာ စသဒ္ဒါကို ထည့်ဆိုရပါသည်။

➢ **သမာသ်ပြီးလတ်သော် စသဒ္ဒါတို့ကို ချေပစ်ရခြင်းအကြောင်း။** ။ သမာသ်သည်ပင် စသဒ္ဒါ၏သမုစ္စည်းအနက်ကို ဟောအပ်ပြီးဖြစ်သောကြောင့်ငင်း, ဝုတ္တတ္ထာနမပ္ပယောဇဂါ-ဟူသော ပရိဘာသာကြောင့်ငင်း, သမာသ်ပြီးလတ်သော် စသဒ္ဒါတို့ကို ချေပစ်ရပါသည်။

➢ **နာမာနံသဒ္ဒါ တဖန်ဆိုရခြင်းအကျိုး။** ။ အခြားသမာသ်များသည် ခွစ်ပုဒ်, သုံးပုဒ်သာ သမာသ်တွဲစပ်နိုင်၏။ဤဒွန်သမာသ်ကား လေးပုဒ်, ငါးပုဒ်-စသည်ဖြင့် များ

http://www.dhammadownload.com



စွာသောနာမ်ပုဒ်တို့၏လည်း သမာသ်ဖြစ်ခြင်းကို ပြရခြင်းအကျိုးရှိပါသည်။

➢ **ကေဝိဘတ္တိကာနံဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်**။ ။ တစ်ဝါကျတည်း၌ ဝိဘတ်တူသော နာမ်ပုဒ်များကိုသာ ဒွန်သမာသ်စပ်နိုင်သည်ဟု ပြဆိုပါသည်။

➢ **သမုစ္စယ, အရ- [သမုစ္စည်း ၄-မျိုး-ဒွန် ၄-မျိုး]** ။ ။ ၁။ ကေဝလသမုစ္စည်း-အန္ဝာစယ-စသည်တို့ခွဲ့ မရောမယှက် သက်သက်သောသမုစ္စည်း။ ၂။အန္ဝာစယသမုစ္စည်း-နောက်ထပ်ပေါင်းဆည်းခြင်း။ ၃။ကြတရီတရယောဂသမုစ္စည်း-အခြားအနက်၏ အခြားအနက်နှင့်ယှဉ်ခြင်း။ ၄။ သမာဟာရသမုစ္စည်း-ပေါင်း၍ ဆောင်ခြင်း။

➢ **ဤသုတ်၌ ယူရမည့် သမုစ္စည်း**။ ။ နာမ်တို့၏ အချင်းချင်းယုတ္တထွဖြစ်သောကြောင့် ကြတရီတရယောဂသမုစ္စည်း, သမာဟာရသမုစ္စည်း-တို့ဖြစ်ပါသည်။

➢ **ဤသုတ်၌ ကေဝလသမုစ္စည်း အန္ဝာစယသမုစ္စည်း-နှစ်ပါးကို မယူရခြင်းအကြောင်း**။ ။ ကြိယာကို ငဲ့ခြင်းရှိရကား နာမ်တို့၏အချင်းချင်း ယုတ္တထွမဖြစ်သောကြောင့် ။

➢ **သမာသ်မဖြစ်နိုင်သော သမုစ္စည်း [ဒွန္ဒ်]** ။ ။ ကြိယာကို ငဲ့ခြင်းရှိသည့်အတွက် နာမ်တို့၏အချင်းချင်း ယုတ္တထွမဖြစ်သောကြောင့် ကေဝလသမုစ္စည်းနှင့် အန္ဝာစယသမုစ္စည်း-တို့ဖြစ်ပါသည်။ [ **ရှင်းလင်းချက်**] စီဝရံ ပိဏ္ဍာပါတဉ္စ ပစ္စယံ သယနာသနံ အဒါသိ-၌ စီဝရံသည် အဒါသိကိုငဲ့၏။ပိဏ္ဍာပါတံ-စသော ၃-ပုဒ်သည်လည်း အဒါသိကိုငဲ့၏။ဤသို့လျှင် စီဝရံ ပိဏ္ဍာပါတဉ္စ ပစ္စယံ သယနာသနံ-တို့သည် မိမိတို့အချင်းချင်း သမုစ္စယ သမုစ္စေတဒ္ဒ-အဖြစ်ဖြင့် ငဲ့ကြ, စပ်ကြသော်လည်း မိမိတို့အချင်းချင်းမှတစ်ပါး 'အဒါသိ'ဟူသော ကြိယာပုဒ်တစ်ပါးကိုလည်း ငဲ့နေကြသေးသောကြောင့် ယုတ္တထွမဖြစ်ရကား "စီဝရပိဏ္ဍာပါတပစ္စယ သယနာသနာနိ"-ဟု ဒွန်သမာသ်မဖြစ်နိုင်ပါ။

➢ **ဒါနဉ္စ သီလဉ္စ ဒါနသီလံ-ဟု သမာသ်မဖြစ်နိုင်ပုံ/အန္ဝာစယသမုစ္စည်းပုံစံ**

ဒါနဉ္စ ဒေဟိ, သီလဉ္စ ရက္ခာဟိ-၌ ဒါနံနှင့်သီလံသည် အချင်းချင်း အလျှဉ်းမငဲ့ကြ၊ ဒါနံ-သည် 'ဒေဟိ'ဟူသော ကြိယာကို သီလံလည်း 'ရက္ခာဟိ'ဟူသော ကြိယာကိုသာ ငဲ့သောကြောင့် ယုတ္တထွမဖြစ် ရကား ဒါနဉ္စ သီလဉ္စ ဒါနသီလံ-ဟု သမာသ်မဖြစ်နိုင်ပါ။

➢ **သမာသ်ဖြစ်နိုင်သော သမုစ္စည်း**။ ။ နာမ်တို့၏အချင်းချင်း ပေါင်းစပ်အပ်သောအနက်ရှိသောကြောင့် ကြတရီတရယောဂသမုစ္စည်းနှင့် သမာဟာရသမုစ္စည်း-တို့ဖြစ်ပါသည်။

➢ **ဒွန်သမာသ်မည်ပုံ**။ ။ နှစ်ပုဒ် နှစ်ပုဒ်အားဖြင့် တည်ခြင်းကြောင့် ဝိဘတ်တူနာမ်ပုဒ်တို့၏ ပေါင်းအပ်သောအနက်ရှိသောသဒ္ဒါသည် ဒွန်သမာသ်မည်ပါသည်။

➢ **ဒွန်သမာသ်၏ ဒွန္ဒသဒ္ဒါနှင့်တူပုံ**။ ။ မဟာပုရိသော-စသော အခြားသမာသ်

http://www.dhammadownload.com



များ၌ နှစ်ပုဒ်ပေါင်းစပ်မှ ယောက်ျားမြတ်-စသော တစ်နက်သာရကြောင့် နောက်ပုဒ်အနက်ဖြစ်စေ, ရှေ့ပုဒ်အနက်ဖြစ်စေ, အညပုဒ်အနက်ဖြစ်စေ, အနက်တစ်ခုသာပဓာနဖြစ်ကြသည်။သမဏဗြာဟ္မဏာ- စသော သမာသ်များ၌ကား ရဟန်း, ပုဏ္ဏား-နှစ်မျိုးလုံးကိုရ၍ နှစ်နက်လုံးပဓာနဖြစ်သည်၊ထို့ကြောင့် ဒွန်သမာသ်သည် စုံတွဲအနက်နှစ်ခုကို ဟောသောကြောင့် ဒွန္ဒသဒ္ဒါနှင့် တူပါသည်။

➢ **သမုစ္စည်းမည်ပုံ။** ။ နှစ်ပါးသောနာမ်, များစွာသောနာမ်ပုဒ်တို့ကို ပေါင်းစည်းခြင်းသည် သမုစ္စည်းမည်ပါသည်။

➢ **ဒွန်သမာသ်၏ ဧကတ္ထီဘာဝဖြစ်ပုံ။** ။ သမဏဗြာဟ္မဏာ-၌ သမဏသဒ္ဒါသည် ရဟန်း, ပုဏ္ဏား-ဟူသောအနက်, ဗြာဟ္မဏသဒ္ဒါသည်လည်း ပုဏ္ဏား, ရဟန်း - ဟူသော အနက်နှစ်ပါးလုံးကို တစ်ပြိုင်နက်သော ခဏ၌ပင် ပြနိုင်သောကြောင့် ဧကတ္ထီဘာဝဖြစ်ပါသည်။

➢ **ဒွန်သမာသ်အရာ၌ 'ဥဘယပဒတ္ထပ္ပဓာန'နှင့် 'ဧကတ္ထီဘာဝ'ဟူသော စကားနှစ်ရပ် မဆန့်ကျင်ပုံ။** ။ အဗြာဟ္မဏော-စသည်၌ ဗြာဟ္မဏသဒ္ဒါသည် ပုဏ္ဏားစစ်အနက်အပြင် ပုဏ္ဏားတုဟူသော သဒိသအနက်ကိုသာ ဟောသကဲ့သို့ သမဏဗြာဟ္မဏာ-စသည်၌လည်း သမဏသဒ္ဒါသည် ရဟန်းဟူသောမူလအနက်အပြင် ပုဏ္ဏားဟူသောအခြားအနက်ကိုလည်း တပြိုင်နက်ဟောနိုင်သည်။ ဗြာဟ္မဏသဒ္ဒါသည်လည်း ပုဏ္ဏားဟူသောမူလအနက်အပြင် ရဟန်းဟူသောအခြားအနက်ကိုလည်း တပြိုင်နက်ဟောနိုင်သည်။ထိုသို့ဟောနိုင်လျှင် သမဏ၏ဟောနက် တစ်စုံကိုပင် ဗြာဟ္မဏသဒ္ဒါကလည်း ဟောသည်။ဗြာဟ္မဏသဒ္ဒါ၏ဟောနက်တစ်စုံကိုပင် သမဏသဒ္ဒါကလည်း ဟောသည်။ထိုသို့ သဒ္ဒါနှစ်ခု၏အနက်သည် တူနေသောကြောင့် ဧကတ္ထဖြစ်သည်။ဤသို့ နှစ်ပုဒ်လုံးကပင် အနက်နှစ်ခုကို တပြိုင်နက်သဘောတူပြိုင်သောကြောင့် နှစ်ပုဒ်အနက်ပြဌာန်းသော်လည်း ဧကတ္ထီဘာဝ လက္ခဏာနှင့် မဆန့်ကျင်ပါ။

➢ **ဒွန်သမာသ်အရာ၌ သဒ္ဒါတစ်ခုတည်းက အနက်နှစ်ခုတပြိုင်နက် ပြနိုင်ပုံ (၀၊) ဆောင်နိုင်ပုံ။** ။ ဂဝဿက်-စသည်၌ ဂေါသဒ္ဒါတစ်ခုတည်းက နွား, မြင်း-ဟူသော အနက်နှစ်ခုကို အဿသဒ္ဒါတစ်ခုတည်းက မြင်း, နွား-ဟူသော အနက်နှစ်ခုကို ပြနိုင်၏ အဿနှင့်မတွဲဘဲ ဂေါသဒ္ဒါသက်သက်, ဂေါနှင့်မတွဲဘဲ အဿသဒ္ဒါသက်သက်က အနက်နှစ်ခုကို မ်ပြနိုင်သောကြောင့် သဒ္ဒါတစ်ခုတည်းက အနက်နှစ်ပါးကိုတစ်ပြိုင်နက် ပြနိုင်သည်ဟု ဆိုပါသည်။ [ဥပမာ] ဘူသဒ္ဒါသည် ခံစားခြင်း, လွှမ်းမိုးခြင်း-စသော အနက်တို့ကို အနု, အဘိ-စသော ဥပသဂ်ရတို့နှင့်တွဲမှသာ ပြနိုင်၏။ ဘူသဒ္ဒါသက်သက်က မပြနိုင်သကဲ့သို့ ဖြစ်ပါသည်။

http://www.dhammadownload.com



မေး။ ။ ဣတရီတရယောဂဒွန်သမာသ်ပုဒ်တို့၏ ဝုစ်ကိုသာ အကြောင်းနှင့်တကွ သတ်မှတ်ပြပါ။ ➢ **ဣတရီတရယောဂဒွန်၌ ဗဟုဝုစ်သာဖြစ်ရခြင်းအကြောင်း**။ ဖြေ။ ။ ဣတရီတရယောဂဒွန်သမာသ်ပုဒ်တို့သည် အစိတ်အစိတ်ပြဌာန်းသောကြောင့် ဗဟုဝုစ်သာ ဖြစ်ရပါသည်။

➢ **သာရီပုတ္တမောဂ္ဂလ္လာနာ-၌ သာရီပုတ္တသဒ္ဒါ ရှေ့တထားရခြင်းအကြောင်း**။ ဒွန်သမာသ်၌ ပူဇော်အပ်သော အနက်ဒျင်းတူလျှင် သာ၍ပူဇော်အပ်သော အနက်ကို ဟောသောပုဒ်သည် ရှေ့ကနေ၏။ထို့ကြောင့် အရှင်မောဂ္ဂလ္လာန်ထက် အရှင်သာရိပုတ္တရာ-က ပဌမအဂ္ဂသာဝကဖြစ်ရကား သာရီပုတ္တသဒ္ဒါကို ရှေ့ကထားရပါသည်။

➢ **ဒွန်သမာသ်၏ လိင်**။ ။ နောက်ပုဒ်၏လိင် ဖြစ်ပါသည်။ [ထို့ကြောင့် မာတာ-ဣတ္ထိလိင်။ ပိတာ-ပုလ္လိင်]-ဟု လိင်ကွဲရာ၌ ပိတာအတိုင်း 'မာတာပိတရော'ကို ပုလ္လိင်-ဟု မှတ်ရမည်။ ဇာယာပတိ-ဟု လိင်ကွဲရာ၌ ပတိ၏လိင်လိုက်၍ ပုလ္လိင်-ဟု မှတ်ရမည်။

➢ **မာတာပိတရော-၌ လိင်**။ ။ အသမာဟာရဒွန်သမာသ်-၌ နောက်ပုဒ်လိင် အတိုင်း လိင်ရှိရမည်ဖြစ်သောကြောင့် မာတာပိတရော-ကား ပုလ္လိင်ဖြစ်ပါသည်။

➢ **မာတာပိတရော-ပုံစံဝယ် ဒွန်သမာသ်အရာ၌ 'မာတုပိတု'ဟု မနေဘဲ 'မာတာပိတရော'ဟု ဖြစ်နေရခြင်းအကြောင်း**။ ။ တေသုဝုဒ္ဓိ-စသောသုတ်ကြီးဖြင့် ရှေ့ပုဒ်၌ ဥ-ကို အာပြု၍ထားသောကြောင့် မာတုပိတု-ဟု မနေဘဲ မာတာပိတရော-ဟု ဖြစ်နေပါသည်။ (၁၃၆၂-ခုနှစ် တနင်္သာရီတိုင်း)

## ၃၃၀။ မဟတံ မဟာ တုလျာမိကရဏော ပဒေ

တေသံ မဟန္တသဒ္ဒါနံ မဟာအာဒေသော ဟောတိ တုလျာမိကရဏော ပဒေ။

မဟန္တောစ သော ပုရိသောစာတိ မဟာပုရိသော၊ မဟန္တီစ သာ ဒေဝီစာတိ မဟာဒေဝီ၊ မဟန္တဉ္စ တံ ဗလဉ္စာတိ မဟာဗလံ၊ မဟန္တောစ သော နာဂေါစာတိ မဟာနာဂေါ၊ မဟန္တောစ သော ယသောစာတိ မဟာယသော၊ မဟန္တဉ္စ တံ ပဒုမဝနဉ္စာတိ မဟာပဒုမဝနံ၊ မဟန္တီစ သာ နဒီစာတိ မဟာနဒီ၊ မဟန္တောစ သော မဏိစာတိ မဟာမဏိ၊ မဟန္တောစ သော ဂဟပတိကောစာတိ မဟာဂဟပတိ ကော၊ မဟန္တဉ္စ တံ ဓနဉ္စာတိ မဟာဓနံ၊ မဟန္တောစ သော ပုညောစာတိ မဟာပုညော။ ဗဟုဝစနဂ္ဂဟဏေန? ကုစိ မဟန္တသဒ္ဒသ မဟာဒေသော ဟောတိ။ မဟန္တဉ္စ တံ ဖလဉ္စာတိ မဟာဖွလံ၊ မဟာဖလံ၊ ဇဝံ မဟာဇနံ၊ မဟာဇယံ။

[မဟန္တဉ္စ တံ ဓနဉ္စာတိ မဟာဇနံ၊ မဟန္တဉ္စ တံ ဘယဉ္စာတိ မဟာဇယံ]

* တုလျာမိကရဏော၊တူသောတည်ရာအနက်ရှိသော။ပဒေ၊ပုဒ်ကြောင့်။မဟတံ၊

http://www.dhammadownload.com



မဟန္တသဒ္ဒါ တစ်ခုတို့၏။မဟာ၊မဟာပြုသည်။ဟောတိ၊ဖြစ်၏။

* တုလျာဓိကရဏော၊သော။ပဒေ၊ကြောင့်။တေသံ မဟန္တသဒ္ဒါနံ၊ထိုမဟန္တသဒ္ဒါ တစ်ခုတို့၏။မဟာအာဒေသော၊မဟာပြုသည်။ဟောတိ၊ဖြစ်၏။

မဟန္တောစ၊မြတ်သည်လည်း ဟုတ်၏။သော၊ထိုမြတ်၏ဟူသည်။ပုရိသောစ၊ယောက်ျားလည်း ဟုတ်၏။ဣတိ၊ကြောင့်။မဟာပုရိသော၊ယောက်ျားမြတ်မည်၏။ * မဟန္ဒိစ၊မြတ်သည်လည်း ဟုတ်၏။သာ၊ထိုမြတ်၏ဟူသည်။ဒေဝိစ၊မိဖုရားလည်း ဟုတ်၏။ဣတိ၊ကျ်ိုန့စ်ပါးသော သတ္တိကြောင့်။မဟာဒေဝိ၊မြတ်သော မိဖုရားကြီးမည်၏။ * မဟန္တဋ္ဌာ၊ကြီးသည်လည်း ဟုတ်၏။တံ၊ထိုကြီး၏ဟူသည်။ဗလဋ္ဌာ၊ခွန်အားလည်း ဟုတ်၏။ဣတိ၊ကျ်ိုန့စ်ပါးသော သတ္တိကြောင့်။မဟာဗလဋ္ဌာ၊ကြီးသော ခွန်အားမည်၏။ * မဟန္တောစ၊ကြီးသည်လည်း ဟုတ်၏။သော၊ထိုကြီး၏ဟူသည်။နာဂေါစ၊ဆင်လည်း ဟုတ်၏။ဣတိ၊ကြောင့်။မဟာနာဂေါ၊ဆင်ပြောင်ကြီးမည်၏။ * မဟန္တောစ၊များမြတ်သည်လည်း ဟုတ်၏သော၊ထိုများမြတ်၏ဟူသည်။ယသောစ၊အခြံအရံလည်း ဟုတ်၏။ဣတိ၊ကြောင့်။မဟာယသော၊များမြတ်သော အခြံအရံမည်၏။ * မဟန္တဋ္ဌာ၊ကြီးကျယ်သည်လည်း ဟုတ်၏။တံ၊ထိုကြီးကျယ်၏ဟူသည်။ပဒုမဝဏ္ဏ၊ပဒုမ္မာကြာတောလည်းဟုတ်၏။ဣတိ၊ကြောင့်။မဟာ ပဒုမဝဏ်၊ပဒုမ္မာကြာတောကြီး မည်၏။ * မဟန္တီစ၊ကြီးသည်လည်း ဟုတ်၏။သာ၊ထိုကြီး၏ဟူသည်။နဒီစ၊မြစ်လည်း ဟုတ်၏။ဣတိ၊ကြောင့်။မဟာနဒီ၊မြစ်ကြီး မည်၏။ * မဟန္တောစ၊ကြီးမြတ်သည်လည်း ဟုတ်၏။သော၊ထိုကြီးမြတ်၏ဟူသည်။မဏိစ၊ပတ္တမြားလည်း ဟုတ်၏။ဣတိ၊ကြောင့်။မဟာမဏိ၊ပတ္တမြားကြီးမည်၏။ * မဟန္တောစ၊မြတ်သည်လည်း ဟုတ်၏။သော၊ထိုမြတ်၏ဟူသည်။ဂဟပတိကောစ၊သူကြွယ် (သူဌေး)လည်း ဟုတ်၏။ဣတိ၊ကြောင့်။မဟာဂဟပတိကော၊မြတ်သောသူကြွယ် (သူဌေး)ကြီးမည်၏။ * မဟန္တဋ္ဌာ၊များသည်လည်း ဟုတ်၏။တံ၊ထိုများ၏ဟူသည်။ဓနဋ္ဌာ၊ဥစ္စာလည်း ဟုတ်၏။ဣတိ၊ ကြောင့်။မဟာဓန်၊များသောဥစ္စာမည်၏။ * မဟန္တောစ၊ကြီးသည်လည်း ဟုတ်၏။သော၊ထိုကြီး၏ဟူသည်။ပုညောစ၊ပုဉ်း (ဘုန်း)ရှိသူလည်းဟုတ်၏။ဣတိ၊ကြောင့်။မဟာပုညော၊ပုဉ်း (ဘုန်း)ကြီးသူမည်၏။ ဗဟုဝစနဂ္ဂဟဏေန၊ [မဟတံ-ဟူသော] ဗဟုဝုစ်သဒ္ဒါလွန်ဖြင့်။ကွစိဒဋ္ဌ။မဟန္တသဒ္ဒဿ၊မဟန္တသဒ္ဒါ၏။မဟာအာဒေသော၊မဟာပြုသည်။ဟောတိ၊ဖြစ်၏။* မဟန္တဋ္ဌာ၊ကြီးသည်လည်း ဟုတ်၏။တံ၊ထိုကြီး၏ဟူသည်။ဗလဋ္ဌာ၊သစ်သီးလည်း ဟုတ်၏။ဣတိ၊ကြောင့်။မဟာဗွဲလ်၊ကြီးသောသစ်သီးမည်၏။ ဧဝံ၊ဤအတူ၊မဟာဗွဲလ်၊ကြီးသောအား။မဟာဒန်၊များသောဥစ္စာ။မဟာဗ္ဘယ်၊ကြီးသောဘေး။

➢ **မဟတံ+မဟာ+တုလျာဓိကရဏော+ပဒေ-ဟု (၄)ပုဒ် အာဒေသဝိဓိသုတ်။**

➢ **ပဒ, အရ။** ။ မဟန္တ-ဟူသော ရှေ့ပုဒ်နှင့်အရတူသော ပုရိသ, ဒေဝီ, ဗလ,

http://www.dhammadownload.com



နာဂ, ယသ, ပဒုမဝန, နဒီ, မဏိ, ဂဟပတိက, ဓန, ပုည-စသောပုဒ်များကို ယူရပါမည်။

➢ **မဟတံ-ဟု ဗဟုဝုစ်ဖြင့် ဆိုရခြင်းအကျိုး**။ ။ [မဟတော-ဟု ဧကဝုစ်ဖြင့် မဆိုဘဲ] မဟတံ-ဟု ဗဟုဝုစ်ဖြင့် ဆိုခြင်းသည် မဟပ္ပလံ, မဟဒ္ဓနံ, မဟဇ္ဇယံ-စသည်တို့၌ မဟတံ-ဟူသော ဗဟုဝုစ်သဒ္ဒါဖြင့် မဟန္တကို ပဟပြုရခြင်းအကျိုးရှိပါသည်။

➢ **မဟတံ-ဟု ဗဟုဝုစ်သဒ္ဒါ ပိုလွန်ပုံ**။ ။ မဟန္တသဒ္ဒါ တစ်ခုတည်းဖြစ်သော ကြောင့် မဟန္တသဟု ဧကဝုစ်ဖြင့်သာ ဆိုသင့်ပါလျက် မဆိုမူ၍ မဟတံဟု ဗဟုဝုစ်ဖြင့် ဆိုခြင်းသည် ဗဟုဝုစ်သဒ္ဒါ ပိုလွန်ပါသည်။

➢ **မဟန္တဥ္စ တံ ဓနဥ္စာတိ မဟာဓနံ-၌ မဟာဓနံ/မဟဒ္ဓနံ-ပါဠိနှစ်မျိုး အဆုံးအဖြတ်**။ ။ မဟတံ မဟာ တုလျာဓိကရဏော ပဒေ-သုတ်ဖြင့် မဟန္တ-ကို မဟာပြု၍ ဒွေဘော်မလာလျှင် မဟာဓနံ-ပါဠိမှန်ပါသည်။ ယင်းသုတ်၌ မဟတံ-ဟူသော ဗဟုဝုစ်သဒ္ဒါဖြင့် မဟန္တ-ကို မဟပြု၍ ဒွေဘော်လာလျှင် မဟဒ္ဓနံ-ပါဠိလည်း မှန်ပါသည်။

➢ **ယောဂဝိဘာဂ/မဟတံ မဟာ-ဟူသုတ်ခွဲ၍ တည်ရကျိုး**။ ။ မဟတံ မဟာ-ဟူသော ဒွိဓာ ကရဏယောဂဝိဘာဂဖြင့် မဟာပညော-ဟူသော ဗဟုဗ္ဗီဟိသမာသ်၌လည်း မဟန္တသဒ္ဒါကို မဟာပြုနိုင်ရခြင်း အကျိုးရှိပါသည်။

➢ **တုလျာဓိကရဏသဒ္ဒါ ဆိုရခြင်းအကျိုး**။ ။ ရှေ့၌ မဟန္တသဒ္ဒါပါသော ကမ္မဓာရဲသမာသ်, ဗဟုဗ္ဗီဟိသမာသ်နှစ်ပါးကို ယူနိုင်ခြင်း အကျိုးရှိပါသည်။

➢ **ကမ္မဓာရဲသမာသ်၌ ဝိသေသနပုဒ် ရှေ့၌ကျရခြင်းအကြောင်း**။ ။ ဝိသေသနဖြစ်သော ရှေ့ပုဒ်ကို မဟာအပြုစီရင်ရသောကြောင့်-တည်း။

➢ **ဤသုတ်ဖြင့် စီရင်နိုင်သောသမာသ်**။ ။ ကမ္မဓာရဲသမာသ်, ဗဟုဗ္ဗီဟိသမာသ်

## ၃၃၁။ ဣတ္ထိယံ ဘာသိတ ပုမိတ္ထိ ပုမာဝစေ

ဣတ္ထိယံ တုလျာဓိကရဏော ပဒေ စေ ဘာသိတ ပုမိတ္ထိ ပုမာဝ ဒဋ္ဌဗ္ဗာ။ ဒီဃာ ဇယ်ာ ယသ သောယံ ဒီဃဇယော်၊ ကလျာဏဘရိယော၊ ပဟူတပညော။

**ဘာသိတပုမေတိ ကိမတ္ထံ?** ပြာဟုဏဟန္တစ သာ ဘရိယာစာတိ ပြာဟုဏဟန္တ ဘရိယာ။ [ကလျာဏာ ဘရိယာ ယသ သောယံ ကလျာဏဘရိယော။ ပဟူတာ ပညာ ယသ သောယံ ပဟူတပညော။]

* ဣတ္ထိယံ၊နိယတဣတ္ထိလိင်၌။ဝတ္တမာနေ၊ဖြစ်သော။တုလျာဓိကရဏော၊တူသော တည်ရာ အနက်ရှိသော။ပဒေ၊ပုဒ်ကြောင့်။ဘာသိတပုမာ၊ဟောဖူးသော ပုလ္လိင်ရှိသော။ ဣတ္ထိ၊အနိယတဣတ္ထိလိင်ဟော သဒ္ဒါသည်။စေ အတ္ထိ၊အကယ်၍ ရှိငြားအံ့။သော၊ထိုအနိယတဣတ္ထိလိင်ဟော သဒ္ဒါကို။ပုမာဝ၊ပုလ္လိင်ကဲ့သို့။ဒဋ္ဌဗ္ဗော၊ရှုမှတ်အပ်၏[ဝုတ္တိအနက်တူ] ယသ၊အကြင်ယောကျာ်းအား။ဒီဃာ၊ရှည်သော။ဇယ်၊မြင်းခေါင်းသည်။အတ္ထိ၊

http://www.dhammadownload.com



ရှိ၏။ကြွတိ၊ကြွန့်စပါးသော သတ္တိကြောင့်။သောယံ၊ထိုယောကျ်ားသည်။ဒီယဇယော်၊ (ရှည်သော မြင်းခေါင်းရှိသော ယောကျ်ား) မည်၏။ * ကလျာဏဘရိယော၊မယား ကောင်း ရှိသူ။ * ပဟူတပညော၊များသော ပညာရှိသူ။ ➢ ဘာသိတပုမာတိပဒံ ဘာသိတပုမာ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘယ်အကျိုးရှိသနည်း။ပြာဟွဏဘန္ဓု၊ပုဏ္ဏား မျိုးလည်း ဟုတ်၏။သာ၊ထိုပုဏ္ဏားမျိုးဟူသည်။ဘရိယာစ၊မယားလည်းဟုတ်၏။ကြွတိ၊ ကြောင့်။ပြာဟွဏဘန္ဓုဘရိယာ၊ (ပုဏ္ဏားမျိုး မယား) မည်၏။

➢ **ကြွတ္ထိယ်+ဘာသိတပုမာ+ကြွတ္ထိ+ပုမာ+ကြွဝ+စေ-ဟု (၆) ပုဒ်ရှိသော တံသဘာဝါတိဒေသ (ဝိဓိ) သုတ်။**

➢ **ဘာသိတပုမာ-ဝိဂ္ဂဟ** ။ ။ ဘာသိတော ပုမာ ဇတေနာတိ ဘာသိတပုမာ။

➢ **ပုမ္ဘော/ပုံလိင်/ပုမ္ဘာဝဲ့ရမည့်အဂ်ိ ၄-ပါး** ။ ။ ၁။နောက်ပုဒ်သည် ကြွတ္ထိ လိင်ဖြစ်ခြင်း၊ ၂။ ရှေ့ပုဒ်နှင့် တူလျာဓိကရဏဖြစ်ခြင်း၊ ၃။ ရှေ့ပုဒ်သည် ဝါကျမဖြစ်နို ရှေ့က ပုလ္လိင်ကို ဟောခဲ့ဘူးခြင်း၊ ၄။ ယခုဝါကျအတွင်း၌ ကြွတ္ထိလိင်ကို ဟောနေခြင်း

➢ **ပုလ္လိင်ကဲ့သို့ ဲ့ဥ္ဆန်းရခြင်းအကျိုး/ပုမ္ဘောဲ့ရခြင်းအကျိုး**

ဒီယဇယော်ဝယ် ဒီယာ-ဟူသော ရှေ့ပုဒ်၌ ကြွတ္ထိပစ္စည်းဖြစ်သော အာသရပ္ပောက် ၍ ဒီယ-ဟု အာပစ္စည်း မသက်မီကအတိုင်း ဖြစ်ရခြင်းအကျိုးရှိပါသည်။

**မေး** ။ ။ ဤသုတ်သည် အဘယ့်ကြောင့် အဘယ်သမာသ်အရာ၌ စီရင်ပါသနည်း။

(၀ါ) ပုမ္ဘော/ပုလ္လိင် ဲ့ပါသနည်း။

**ဖြေ** ။ ။ ကမ္မဓာရယသညေစသုတ်ဖြင့် ကမ္မဓာရည်းသမာသ်အရာ၌ ပုမ္ဘောဲ့မှုကို စီရင် လတံ့ဖြစ်သောကြောင့် (၀ါ) ကမ္မဓာရယသညေစသုတ်ကိုထောက်၍ ဗဟုဗ္ဗိဟိ သမာသ်အရာ၌ စီရင်ပါသည်။ (၀ါ) ပုမ္ဘောဲ့ပါသည်။

➢ **ဒီယဇယော်-၌ ဒီယ-သဒ္ဒါ၏ ဘာသိတပုမဖြစ်ပုံ** ။ ။ ဒီယ-သဒ္ဒါသည် ဒီယော သံသာရော-စသော ဝါကျမျိုး၌ ပုလ္လိင်ကို ဟောဘူး၏၊ ဒီယာဇယော်-စသော ဝါကျ၌ကား ကြွတ္ထိလိင်ကို ဟောဆဲဖြစ်၏။ ဤသို့ အခြားဝါကျ၌ ပုလ္လိင်ကို ဟောဘူး သည်ကို "ဘာသိတပုမာ"ဟု ဆိုပါသည်။

➢ **ဘာသိတပုမာ-အရ** ။ ။ ရှေး၌ ပုလ္လိင်ကို ဟောဖူးသော ဒီယာ-စသော ကြွတ္ထိလိင်ဟော သဒ္ဒါကို ယူရပါမည်။

➢ **ရှေ့ပုဒ်ကိုသာ ပုလ္လိင်/ပုမ္ဘောဲ့ရခြင်းအကျိုး** ။ ။ ဗဟုဗ္ဗိဟိကော-စသော ပြယုဂ်တို့၌ နောက်ပုဒ်တို့ကို ပုလ္လိင်ကဲ့သို့ မဲ့ရခြင်းအကျိုးရှိပါသည်။

➢ **ခမာဝနော-၌ ပုလ္လိင်/ပုမ္ဘော မဲ့ရခြင်းအကြောင်း** ။ ။ ခမာဝနော-၌ ဝန-ဟူသော နောက်ပုဒ်သည် နပုံလိင်သာဖြစ်၍ ကြွတ္ထိလိင် မဖြစ်သောကြောင့် ပုလ္လိင်

http://www.dhammadownload.com



(ဝါ) ပုဗ္ဗော မင့်ရပါ။

➢ **သဒ္ဓါဓုရော/သဒ္ဓါပကတိကော/ပညာပကတိကော/ပညာဝိသုဒ္ဓိကော တို့၌ ပုလ္လိင် (ဝါ) ပုဗ္ဗော မင့်ရခြင်းအကြောင်း** ။ ။ ဤပုံစံတို့၌ သဒ္ဓါ, ပညာ-ဟူသော ရှေ့ပုဒ်သည် သမာသ်မဖြစ်မီ ရှေ့အဖို့၌ ပုလ္လိင်ကို မဟောဘူးသောကြောင့် ပုလ္လိင် (ဝါ) ပုဗ္ဗော မင့်ရပါ။

➢ **သမဏိဘတ္တိကော-၌ ပုလ္လိင် (ဝါ) ပုဗ္ဗော မင့်ရခြင်းအကြောင်း** ။ ။

သမဏိ-ဟူသော ရှေ့ပုဒ်နှင့် ဘတ္တိ-ဟူသော နောက်ပုဒ်သည် တုလျာဓိကရဏ မဖြစ်သောကြောင့် ပုလ္လိင် (ဝါ) ပုဗ္ဗော မင့်ရပါ။

➢ **တုမာရိဘတ္တိကော/ကုမာရိဘတ္တိ-တို့၌ ပုလ္လိင် (ဝါ) ပုဗ္ဗော မင့်ရခြင်းအကြောင်း** ။ ။ ဤပုံစံတို့၌ ကုမာရိ-ဟူသော ရှေ့ပုဒ်နှင့် ဘတ္တိ-ဟူသော နောက်ပုဒ်သည် တုလျာဓိကရဏ မဖြစ်သောကြောင့် ပုလ္လိင် (ဝါ) ပုဗ္ဗော မင့်ရပါ။

➢ **ဗဟုဒါသိတော/ ဗဟုကုမာရိတံ- တို့၌ ပုလ္လိင် (ဝါ) ပုဗ္ဗော မင့်ရခြင်းအကြောင်း** ။ ။ ရှေ့ပုဒ်ကိုသာ ပုဗ္ဗောင့်ရမည်ဖြစ်သောကြောင့် ပုလ္လိင် (ဝါ) ပုဗ္ဗော မင့်ရပါ။ [ဗဟုဒါသိကော-၌ ဗဟု ဒါသိယော ဧတဿ-ဟု ဝိဂြိုဟ်ပြု၍ "ဗဟုဒါသိ" ဟု ပကတိဖြစ်သောအခါ နောက်ပုဒ်ကိုင့်လျှင် ဒါသီ-၌ ဒါသ-ဟုဖြစ်၍ ကပစ္စည်းဖြင့် 'ဗဟုဒါသကော'ဟု ရုပ်ဖြစ်ဖွယ်ရှိသောကြောင့် ရှေ့ပုဒ်ကိုသာ ပုဗ္ဗောင့်ရသည်။ နောက်ပုဒ်ကို ပုဗ္ဗော မင့်ရပါ။]

➢ **ပုတ္ထဿာစ ဒက္ခိဏာဿာစ ဒိသာယ ယဒန္တရာဠ္ဍ သာယံ ပုတ္ထဒက္ခိဏာ-၌ ပုတ္ထဒက္ခိဏာဝယ် ပုလ္လိင် (ဝါ) ပုဗ္ဗော မင့်ရခြင်း အကြောင်း/ကွစာဒိမဏ္ဍုတ္တရာနံ စသော သုတ်ဖြင့် ရဿပြုရခြင်းအကြောင်း** ။ ။ ပုတ္ထာနှင့် ဒက္ခိဏာ-သည် အနက်အရ မတူကြ၍ တုလျာဓိကရဏပုဒ် နှောင်းသည်၏အဖြစ် မရှိခြင်းကြောင့် ဣတ္တိယ် ဘာသိတ-စသောသုတ်ဖြင့် ပုလ္လိင်(ဝါ) ပုဗ္ဗော မင့်ရပါ။ (ကွစာဒိသုတ်ဖြင့် ရဿ ပြုရပါသည်။)

## ၃၃၂။ ကမ္မဓာရယသညေ့စ

ကမ္မဓာရယသညေ့စ သမာသေ ဣတ္တိယ် တုလျာဓိကရဏေ ပဒေ ပုတ္ထေ ဘာသိတပုမိတ္တိ စေ ပုမာဝ ဒဠ္ဎာ။

ဗြာဟ္မဏဒါရိကာ၊ ခတ္တိယကညာ၊ ခတ္တိယကုမာရိကာ။ ဘာသိတပုမေတိ ကိမတ္ထံ? ခတ္တိယဗန္ဓုဒါရိကာ၊ ဗြာဟ္မဏဗန္ဓုဒါရိကာ။

[ဗြာဟ္မဏီစ သာ ဒါရိကာစာတိ ဗြာဟ္မဏဒါရိကာ၊ ခတ္တိယာစ သာ ကညာစာတိ ခတ္တိယကညာ၊ ခတ္တိယဗန္ဓူစ သာ ဒါရိကာစာတိ ခတ္တိယဗန္ဓုဒါရိကာ၊ ဗြာဟ္မဏဗန္ဓူစ

http://www.dhammadownload.com



သာ ဒါရိကာစာတိ ပြာဟ္မဏဗန္ဓုဒါရိကာ။]

* ကမ္မဓာရယသညေစ၊ကမ္မဓာရဲအမည်ရှိသော သမာသ်၌လည်း။ကျက်ထိုယ်၊နိယတ ကျက်ထိုလိုင်၌။ဝတ္တမာနေ၊ဖြစ်သော။တုလျာဓိကရဏော၊တူသောတည်ရာ အနက်ရှိသော ပဒေ၊ပုဒ်ကြောင့်။ဘာသိတပုမာ၊ဟောဖူးသော ပုလ္လိင်ရှိသော။ကျက်ထို၊အနိယတ ကျက်ထိုလိုင် ဟော သဒ္ဒါသည်။စေ အတ္ထိ၊အကယ်၍ ရှိငြားအံ့။သော၊ထိုအနိယတ ကျက်ထိုလိုင်ဟော သဒ္ဒါကို။ပုမာဝ၊ပုလ္လိင်ကဲ့သို့။ဒဋ္ဌော၊ရှုမှတ်အပ်၏။

ပြာဟ္မဏဒါရိကာ၊ပုဏ္ဏားသူငယ်မ။ * ခတ္တိယကညာ၊မင်းမိန်းမငယ်။ * ခတ္တိယ ကုမာရိကာ၊မင်းသမီး။ ➢ ဘာသိတပုမေတိပဒံ၊သည်။ကိုမတ္ထံ၊နည်း။ခတ္တိယဗန္ဓုဒါရိကာ၊ မင်းမျိုးမိန်းမငယ်။ * ပြာဟ္မဏဗန္ဓုဒါရိကာ၊ပုဏ္ဏားမျိုး မိန်းမငယ်။

**➢ ကမ္မဓာရယသညေ+စ-ဟု (၂)ပုဒ်ရှိသော တံသဘာဝါတိဒေသ(ဝိဓိ)သုတ်။**

**➢ ကမ္မဓာရယသည-ဝိဂ္ဂဟ** ။ ။ ကမ္မဓာရယော ဣတိ သညာ ဧတေသာတိ ကမ္မဓာရယသညော။(တသ္မိ ကမ္မဓာရယသညေ)

**➢ သညာ-သဒ္ဒါ ထည့်ဆိုရခြင်းအကျိုး** ။ ။ ပြာဟ္မဏဒါရိကာ-စသော သမာသ် သည် ကမ္မဓာရည်းမည်၏ဟု သိစေခြင်းအကျိုးရှိပါသည်။

**➢ ပုလ္လိင်/ပုမ္ဘောဒဲ့ရမည့်အင်္ဂါ ၄-ပါး** ။ ။ ၁။ ကမ္မဓာရည်းသမာသ်ဖြစ်ခြင်း၊ ၂။ ဣတ္ထိလိင်၌ဖြစ်သော တူသောတည်ရာအနက်ရှိသော ပုဒ်နှောင်းခြင်း၊ ၃။ သမာသ် မဖြစ်မီ ရှေ့အဖို့၌ ပုလ္လိင်ကို ဟောဖူးခြင်း၊ ၄။ ယခု သမာသ်ဖြစ်သောအခါ ဣတ္ထိလိင် ကို ဟောနေခြင်း တို့ဖြစ်ပါသည်။

**➢ ပုမ္ဘာဝဲ့မူကြောင့် ရရှိသော အကျိုး** ။ ။ ခတ္တိယကညာ-ဝယ် ရှေ့ပုဒ်၌ ဣတ္ထိပစ္စည်း ဆုတ်နစ်ရခြင်း အကျိုးရှိပါသည်။

**➢ ခတ္တိယကုမာရီ-၌ ဣတ္ထိလိင် ဤပစ္စည်းနှင့် နေနိုင်ခြင်းအကြောင်း**

ကမ္မဓာရယသညေစသုတ်သည် ရှေ့ပုဒ်ကိုသာ ပုမ္ဘာဝဲ့၍ နောက်ပုဒ်ကို ပုမ္ဘာဝ မဲ့သောကြောင့် နောက်ပုဒ်၌ ဣတ္ထိလိင် ဤပစ္စည်းဖြင့် ခတ္တိယကုမာရီ-ဟု နေနိုင် ပါသည်။

**➢ ရှေ့ပုဒ်ကိုသာ ပုမ္ဘာဝဲ့ရခြင်းအကျိုး** ။ ။ ခတ္တိယကုမာရီ, ကုမာရသမဏီ, တရုဏပြာဟ္မဏီ စသည်တို့ဝယ် နောက်ပုဒ်၌ ဣတ္ထိပစ္စည်း မဆုတ်နစ်ခြင်း အကျိုး

http://www.dhammadownload.com



ရှိပါသည်။

➢ **နန္ဒာပေါက္ခရဏီ-၌ ပုလ္လိင်/ပုမ္ဘာဝ မဲ့ရခြင်းအကြောင်း** ။ ။ နန္ဒာ-သဒ္ဒါသည် သညာ-သဒ္ဒါဖြစ်သောကြောင့် ပုလ္လိင်/ပုမ္ဘာဝ မဲ့ရပါ။

➢ **စန္ဒာဒေဝီ-၌ ပုလ္လိင်/ပုမ္ဘာဝ မဲ့ရခြင်းအကြောင်း** ။ ။ စန္ဒာ-သဒ္ဒါသည် သညာ-သဒ္ဒါဖြစ်သောကြောင့် ပုလ္လိင်/ပုမ္ဘာဝ မဲ့ရပါ။

➢ **ကုမာရီရတနံ-၌ ပုလ္လိင် မဲ့ရခြင်းအကြောင်း** ။ ။ ကုမာရီရတနံ-၌ ရတနံ သဒ္ဒါသည် ဣတ္ထိလိင် မဟုတ်သောကြောင့် (ဝါ) နပုလ္လိင်ဖြစ်နေသောကြောင့် ပုလ္လိင် မဲ့ရပါ။

➢ **သမဏီပဒုမံ-၌ ပုလ္လိင် မဲ့ရခြင်းအကြောင်း** ။ ။သမဏီပဒုမံ-၌ ပဒုမ သဒ္ဒါသည် ဣတ္ထိလိင် မဟုတ်သောကြောင့် (ဝါ) နပုလ္လိင်ဖြစ်နေသောကြောင့် ပုလ္လိင် မဲ့ရပါ။

➢ **ဂင်္ဂါနဒီ-၌ ပုလ္လိင် မဲ့ရခြင်းအကြောင်း** ။ ။ ဂင်္ဂါ-ဟူသောပုဒ်သည် ဟောဖူးသော ပုလ္လိင် မရှိသောကြောင့် ပုလ္လိင် မဲ့ရပါ။

➢ **တဏှာနဒီ-၌ ပုလ္လိင် မဲ့ရခြင်းအကြောင်း** ။ ။ တဏှာ-ဟူသောပုဒ်သည် ဟောဖူးသော ပုလ္လိင် မရှိသောကြောင့် ပုလ္လိင် မဲ့ရပါ။

➢ **ပထဝီဓာတု-၌ ပုလ္လိင် မဲ့ရခြင်းအကြောင်း** ။ ။ ပထဝီ-ဟူသောရှေ့ပုဒ်သည် ဟောဖူးသော ပုလ္လိင် မရှိသောကြောင့် ပုလ္လိင် မဲ့ရပါ။

**မေး** ။ ။ ဤသုတ်ဖြင့် ရှေ့ပုဒ်ကို ပုလ္လိင်ကဲ့သို့ မဲ့သင့်သော ပုဒ်အမျိုးအစားကို - အကြောင်းနှင့်တကွ ထုတ်ပြပါ။

**ဖြေ** ။ ။ နန္ဒာပေါက္ခရဏီ, နန္ဒာဒေဝီ-စသော ပြယုဂ်တို့၌ သညာ-သဒ္ဒါဖြစ်သောကြောင့် ရှေ့ပုဒ်ကို ပုလ္လိင်ကဲ့သို့ မဲ့ရပါ။

**မေး** ။ ။ ဤသုတ်ဩ့် ပုမ္ဘာဝဲ့ရာ၌ ရှေ့/နောက် နှစ်ပုဒ်တို့တွင် မည်သည့်ပုဒ်ကို ဲ့ပါသနည်း၊ ရှုပသိဒ္ဓိကျမ်းလာ ပုံစံနှင့်တကွ မှတ်သားဖွယ် ရှင်းပြပါ။

**ဖြေ** ။ ။ ခတ္တိယကုမာရီ, ဂုမာရသာမဏီ, တရုဏဗြာဟ္မဏီ-စသော ပြယုဂ်တို့ဝယ်-နောက်ပုဒ်တို့၌ ဣတ္ထိလိင်ပစ္စည်း မပျောက်ဘဲ ရှိနေသောကြောင့် ရှေ့ပုဒ်ကိုသာ - ပုမ္ဘာဝ (ဝါ) ပုလ္လိင် ဲ့ရပါသည်။

➢ **ပုမ္ဘာဝါတိဒေ့သသုတ် ၂-သုတ်အထူး** ။ ။ ဣတ္ထိယ် ဘာသိတ-သုတ်ကား ဂဟုဋ္ဌိဟိသမာသ်အရာ၌ စီရင်ပါသည်။ ကမ္မဓာရယသညေစသုတ်ကား ကမ္မဓာရဲ့ သမာသ်အရာ၌ စီရင်ပါသည်။ ဤသို့ ထူးပါသည်။

http://www.dhammadownload.com



## ၃၃၃။ အတ္တံ နဿ တပ္ပရိသေ

နဿ ပဒဿ တပ္ပရိသေ ဥတ္တရပဒေ အတ္တံ ဟောတိ။ နှ ပြာဟ္မဏော အပြာဟ္မဏော၊ အဝသလော၊ အဘိက္ခု၊ အပဋ္ဌဝဿံ၊ အပဋ္ဌဂဝံ။

* တပ္ပရိသေ၊တပ္ပရိသ်သမာသ်၌။(မုခ) တပ္ပရိသ်သမာသ်ကြောင့်။ (ဥပစာ) နဿ နှိုပါတ်၏။အတ္တံ၊အ-၏အဖြစ်သည်။ဟောတိ၊ဖြစ်၏။ ။ * တပ္ပရိသေ၊၌။ဥတ္တရပဒေ၊ နောက်ပုဒ်ကြောင့်။နဿ ပဒဿ၊နှ-နိပါတ်ပုဒ်၏။အတ္တံ၊သည်။ဟောတိ၊ဖြစ်၏။

ပြာဟ္မဏော၊ပုဏ္ဏားစစ်သည်။နှ။မဟုတ်။အပြာဟ္မဏော၊ပုဏ္ဏားစစ် မဟုတ်။(ပုဏ္ဏားတု) အဝသလော၊သူယုတ်မဟုတ်။အဘိက္ခု၊ရဟန်းစစ်မဟုတ်။(ရဟန်းတု) အပဋ္ဌဝဿံ၊ ငါးနှစ် မဟုတ်။ အပဋ္ဌဂဝံ၊ငါးကောင်သော နွားမဟုတ်။

➢ **အတ္တံ+နဿ+တပ္ပရိသေ-ဟု (၃)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **တပ္ပရိသ-အရ ။ ။** ဥတ္တရပဒေ-ပုဒ်ကိုထောက်၍ အပြာဟ္မဏော-စသည်၌ ပြာဟ္မဏ-ဟူသော နောက်ပုဒ်တစ်စိတ်ကို ယူရပါမည်။(တစ်နည်း) မိဿကတပ္ပရိသ်ဟူသော တပ္ပရိသ်တစ်စိတ် တစ်ပိုင်းကိုသာ ယူရပါမည်။

➢ **အပြာဟ္မဏော-ဟူသော သမာသ်၌ ဥတ္တရပဒတ္တပဓာန ဖြစ်နိုင်ပုံ**

➢ **အပြာဟ္မဏော(ပုဏ္ဏားတု)ဟူသော တပ္ပရိသ်၏ နောက်ပုဒ်အနက် ပြဌာန်းပုံ ။။** ပြာဟ္မဏ-သဒ္ဒါသည် နှ-နှင့်မဖက် သူချည်းသက်သက်ဖြစ်လျှင် ပုဏ္ဏားစစ် အနက်ကိုသာ ဟော၏၊ နှ-နှင့် တွဲဖက်သောအခါ၌ကား ပုဏ္ဏားတုဟူသော အနက်ကိုလည်း ဟောနိုင်၏၊ ထိုသို့ ဟောရာ၌ နှ-နိပါတ်ပုဒ်က ဟောသည်မဟုတ်၊ နဃဒ္ဒါသည် နိပါတ်ပုဒ်ဖြစ်၍ ထွန်းပြရုံသာ ထွန်းပြနိုင်၏။ ပြာဟ္မဏပုဒ်ရင်းကပင် ပုဏ္ဏားတုဟူသော အနက်ကိုဟောသောကြောင့် ပြာဟ္မဏ-ဟူသော နောက်ပုဒ်အနက် ပြဌာန်းပါသည်။

➢ **နှ-ပဋိသေဓအပြား/ပဋိသေဓနှစ်မျိုး လက္ခဏာ**

၁။ တားမြစ်အပ်သော ဝတ္ထု၏လုံးဝမရှိခြင်းသည် ပသဇ္ဇပ္ပဋိသေဓ၏ လက္ခဏာ ဖြစ်ပါသည်။ ၂။ တားမြစ်အပ်သော ဝတ္ထုမှ အခြားသော အလားတူဝတ္ထု၊ ဆန့်ကျင်ဘက် ဝတ္ထု စသည်တို့၌ ဖြစ်ခြင်းသည် ပရိယုဒါသပဋိသေဓ၏ လက္ခဏာ ဖြစ်ပါသည်။

➢ **ပသဇ္ဇပဋိသေဓ အဓိပ္ပါယ် ။ ။** အသူရိယပသာ ရာဇဒါရာ-၌ နှ-အက္ခရာသည် နောက်ပုဒ်၏အနက်ကို အချင်းခပ်သိမ်း မရှိခြင်းကဲ့သို့ ပြသောကြောင့် ပသဇ္ဇပဋိသေဓ မည်ပါသည်။

➢ **ပရိယုဒါသ ပဋိသေဓ အဓိပ္ပါယ် ။ ။** အပြာဟ္မဏော-၌ နှ-သဒ္ဒါသည် ပြာဟ္မဏသဒ္ဒါ၏ ပုဏ္ဏားစစ်ဟူသောအနက်ကို တားမြစ်၍ ထိုပုဏ္ဏားစစ်နှင့် သဏ္ဌာန်ချင်းတူသော ဗျပ်ဟီး-စသောအနက်ကို ယူစေရန် ပြထားသောကြောင့် "ပရိယုဒါသ

http://www.dhammadownload.com



ပဒိသေဓ" မည်ပါသည်။

➢ **အကုသလာ-၌ အ(နှ) အမျိုးအစား** ။ ။ အကုသလာ-၌ပါသော အ(နှ) သည် တားမြစ်အပ်သော ကုသိုလ်၏ ဆန့်ကျင်ဘက် အကုသိုလ်အနက်ဟူသော အခြားဝတ္ထု၌ဖြစ်ခြင်းကြောင့် ပရိယုဒါသ ပဒိသေဓ ဖြစ်ပါသည်။

➢ **အဗျာကတာ/အသံကိလိဋ္ဌာ/အပရိယာပန္နာ-တို့၌ အ (နှ) အနက်-** အညအနက်ဖြစ်ပါသည်။

➢ **အကုသလာ/အလောဘော/အဓိတ္ထော-တို့၌ အ (နှ) အနက်ကား-** ဝိရုဒ္ဓအနက်ဖြစ်ပါသည်။

➢ **အကတ္တာ/အကာတုန/အကရောန္တော-တို့၌ အ (နှ) အမျိုးအစား-** ပသဒ္ဓပွဓိသေဓ ဖြစ်ပါသည်။

➢ **အဗြာဟ္မဏော-၌ န-နှင့်ဗြာဟ္မဏတို့ သမာသ်ဖြစ်သင့်ခြင်းအကြောင်း** ပြောဆိုနေသူ အခြားလူ၏မှားယွင်းနေသော အသိဉာဏ်ကို ထင်ရှားစေခြင်းငှာ သင့်မြတ်သောကြောင့် နနှင့်ဗြာဟ္မဏတို့ သမာသ်ဖြစ်သင့်ပါသည်။

➢ **ယောဂိဘာဂ/အတ္ထံ နဿ-ဟု သုတ်ခွဲ၍ တည်ရကျိုး** ။ ။ အသမော-စသော ပြယုဂ်၌ အတ္ထံ နဿ-ဟူသော ယောဂိဘာဂဖြင့် ဗဟုဗ္ဗိဟိအရာ၌လည်း န-ကို အ-ပြုနိုင်ခြင်း အကျိုးရှိပါသည်။ (ရူ-၂၀၅)

➢ **ဤသုတ်ဖြင့် စီရင်နိုင်သော သမာသ်** ။ ။ တပ္ပုရိသ်သမာသ် (အဗြာဟ္မဏော ဗဟုဗ္ဗိဟိသမာသ် (အသမော) တို့ဖြစ်ပါသည်။ (ရူ-၂၀၅)

## ၃၃၄။ သရေ အန်

နဿ ပဒဿ တပ္ပုရိသေ အန်အာဒေသော ဟောတိ သရေ ပရေ။

နှ အသော အနသော၊ အနိဿရော၊ အနရိယော။

[နှ ဣသရော အနိဿရော၊ နှ အရိယော အနရိယော]

* တပ္ပုရိသေ၊တပ္ပုရိသ်သမာသ်၌။(ဝါ) တပ္ပုရိသ်သမာသ်၌ဖြစ်သော။သရေသရ ကြောင့်။နဿ၊နှ-နိုပါတ်ပုဒ်၏။အန်၊အန်ပြုသည်။ဟောတိ၊ဖြစ်၏။ ။

* တပ္ပုရိသေ၊၌။ပရေနောက်ဖြစ်သော။သရေသရကြောင့်။နဿ ပဒဿ၊နှ-နိုပါတ်ပုဒ်၏။အန်အာဒေသော၊အန်ပြုသည်။ဟောတိ၊ဖြစ်၏။

အသော၊မြင်းသည်။နှ၊မဟုတ်။အနသော၊မြင်း မဟုတ်။(မြင်းနှင့်တူသော သတ္တဝါ) အနိဿရော၊အစိုးရ မဟုတ်။ အနရိယော၊အရိယာသူတော်ကောင်း မဟုတ်။

➢ **သရေ+အန်-ဟု (၂) ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **ဤသုတ်ကို ဆိုရခြင်းအကျိုး** ။ ။ [ဤ]သုတ်ကို မဆိုလျှင် ယဝမဒန-စသော

http://www.dhammadownload.com



သုတ်ဖြင့် န-သာ လာမည်မဟုတ်၊တ-စသော အက္ခရာတို့လည်း လာလိမ့်မည်ဖြစ်၍ ယင်း၂ တ-စသော အက္ခရာတို့လာခြင်းကို တားမြစ်ခြင်းအကျိုးငှာ ဆိုရပါသည်။

➤ **အန်ပြုရာဌာန** ။ ။ အနသော-ဟူသော တပ္ပုရိသ်၌ သရေအန်သုတ်ဖြင့် အန်ပြု၏၊ အနန္တံ, အနုတ္တရော-ဟူသော ဗဟုဗ္ဗိဟိ၌ သရေ အန်ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် အန်ပြုပါသည်။

➤ **ဤသုတ်ဖြင့် စီရင်နိုင်သော သမာသ်များ** ။ ။ တပ္ပုရိသ်သမာသ် (အနသော ဗဟုဗ္ဗိဟိသမာသ် (အနန္တံ, အနုတ္တရော) တို့ဖြစ်ပါသည်။

➤ **သရေ-အရ/နိမိတ်-အရ** ။ ။ (ကစ္စည်းအလို) အ, ဣသရတို့ကို ယူရပါမည် (ရူပသိဒ္ဓိအလို) အ, အာ, ဣ, ဩ သရတို့ကို ယူရပါမည်။ (ပုံစံ) အနသော၊ အနိဿရော၊အံနုပဝါဒေါ်၊အနာဒါယ၊အနောလောကေတွာ။

## ၃၃၅။ ကဒ် ကုဿ

ကုဣ္ဂစ္ဆေတဿ ကဒ် ဟောတိ သရေ ပရေ။

ကုစ္ဆိတံ အန္ခံ ကဒန္ခံ၊ ကုစ္ဆိတံ အသနံ ကဒသနံ၊ သရေတိ ကိမတ္ထံ? ကုစ္ဆိတာ ဒါရာ ယေသံ အပုညကာရာနံ တေ ဟောန္တိတိ ကုဒါရာ၊ ကုဇနာ၊ ဧဝံ ကုပုတ္တာ ကုဂေဟာ၊ ကုဝတ္ထာ၊ ကု ဒါသာ။

* သရေနောက်သရကြောင့်။ကုဿ၊ကုနိပါတ်ပုဒ်၏။ကဒ်၊ကဒ်ပြုသည်။ဟောတိ၊ ဖြစ်၏။ ။ * ပရေနောက်ဖြစ်သော။သရေသရကြောင့်။ကုဣ္ဂစ္ဆေတဿ၊ကုနိပါတ်ပုဒ် ၏။ကဒ်၊ကဒ်ပြုသည်။ဟောတိ၊၏။ ။ * ကုစ္ဆိတံ၊စက်ဆုပ်ဖွယ်သော။အန္ခံ၊ထမင်း တည်း။ကဒန္ခံ၊စက်ဆုပ်ဖွယ်သော ထမင်း။ * ကုစ္ဆိတံ၊သော။အသနံ၊အစာတည်း။ကဒသနံ စက်ဆုပ်ဖွယ်သော အစာ။ ➤ သရေတိပဒ်၊သည်။ကိမတ္ထံ၊နည်း။အပုညကာရာနံ၊ မကောင်းမှုပြုကုန်သော။ယေသံ ကုဇနာနံ၊အကြင်သူယုတ်တို့အား။ကုစ္ဆိတာ၊စက်ဆုပ် ဖွယ်ကုန်သော။ဒါရာ၊မယားတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ၊ဤအကြောင်းကြောင့်။ တေကုဇနာ၊ထိုသူယုတ်တို့သည်။ကုဒါရာ၊စက်ဆုတ်ဖွယ်ရာ မယားရှိကုန်သည်၊ မည်ကုန် ၏။ဧဝံဣတ္ထာ။ * ကုပုတ္တာ၊စက်ဆုတ်ဖွယ်ရာ သားရှိကုန်သည်။ * ကုဂေဟာ၊စက်ဆုတ် ဖွယ်ရာ အိမ်ရှိကုန်သည်။ * ကုဝတ္ထာ၊စက်ဆုတ်ဖွယ်ရာ အဝတ်ရှိကုန်သည်။ * ကုဒါသာ၊ စက်ဆုတ်ဖွယ်ရာ ကျွန်ရှိကုန်သည်။

➤ **ကဒ်+ကုဿ-ဟု (၂) ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➤ **ကဒ်ပြုနိုင်သည့် သမာသ်များ/ဤသုတ်ဖြင့် စီရင်နိုင်သည့် သမာသ်များ**

ကမ္မဓာရည်းသမာသ်, ကမ္မဓာရယမိဿက တပ္ပုရိသ်သမာသ်, ဗဟုဗ္ဗိဟိသမာသ် (၃)ပါးတို့၌ ကုနိပါတ်ပုဒ်ကို ကဒ်ပြုနိုင်ပါသည်။

http://www.dhammadownload.com



➢ **ကဒန္ဒံ-၌ အခြားပုဒ်ဖြင့် ဝိဂ္ဂဟ ပြုရခြင်းအကြောင်း** ။ ။ နိစ္စသမာသ် ဖြစ်သောကြောင့် ကဒန္ဒံ-၌ အခြားပုဒ်ဖြင့် ဝိဂ္ဂဟပြုရပါသည်။

➢ **ကုဿ-အာရ** ။ ။ နိပါတ် ကု, အာဒေသ-ကု နှစ်မျိုးတို့တွင် တဒနုပရောဓေန ဟု ပရိဘာသာလာသောကြောင့် နိပါတ်-ကုကိုသာ ယူရပါမည်။

## ၃၃၆။ ကာပွတ္ထေသုစ

ကုက္ကစ္စေတဿ ကာ ဟောတိ အပွတ္ထေသုစ။

ကာလဝဏ်၊ ကာပုပ္ပံ၊ **ဗဟုဝစနဂ္ဂဟဏ်** ကိမတ္ထံ? ကုက္ကစ္စေတဿ အနုပ္ပကတ္ထေသုပိ ကွစိ ကာ ဟောတိ။ ကာ ပုရိသာ။

[အပွက် လဝဏ်၊ ကာလဝဏ်၊ အပွက် ပုပ္ပံ ကာပုပ္ပံ၊ ကုစ္ဆိတာ ပုရိသာ ကာပုရိသာ]

* တပ္မူရိသေ၊တပ္မူရိသ်သမာသ်၌။(၀ါ)ကြောင့်။အပွတ္ထေသုစ၊အနည်းငယ်ဟူသော အနက်တို့၌လည်း။ဝတ္တာမာနသ်၊ဖြစ်သော။ကုဿ၊ကုနိပါတ်ပုဒ်၏။ကာ၊ကာပြုသည်။ ဟောတိ၊ဖြစ်၏။ ။ * အပွတ္ထေသုစ၊တို့၌လည်း။ဝတ္တာမာနသ်၊ဖြစ်သော။ကုက္ကစ္စေ တဿ၊ကုနိပါတ်ပုဒ်၏။ကာ၊ကာပြုသည်။ဟောတိ၊၏။

ကာလဝဏ်၊အနည်းငယ်သော ဆား။။* ကာပုပ္ပံ၊အနည်းငယ်သော ပန်း။ ➢ ဗဟု ဝစနဂ္ဂဟဏ်၊ဗဟုဝုစ်သဒ္ဒါသည်။ကိမတ္ထံ၊ဘယ်ကျိုးရှိသနည်း။အနုပ္ပကတ္ထေသုပိ၊အနည်း ငယ် မဟုတ်သော အနက်တို့၌လည်း။ကုက္ကစ္စေတဿ၊ကုနိပါတ်ပုဒ်၏။ကာ၊ကာပြုသည် ဟောတိ၊၏။ * ကာပုရိသာ၊စက်ဆုပ်ဖွယ်ကုန်သော ယောကျ်ားတို့။

➢ **ကာ+အပွတ္ထေသု+စ-ဟု (၃)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **သမာသ်ကျမ်းလာ နိပါတ်ပုဒ်တို့၏ ကာရိယများကို ဆိုင်ရာသုတ်နှင့် ယှဉ်တွဲပုံ** ။ ။ အတ္ထံ နုဿ တပ္မူရိသေသုတ်ဖြင့် န-နိပါတ်ကို အ-ပြု၊ သရေ အန်သုတ် ဖြင့် န-နိပါတ်ကို အန်ပြု၊ ကဒ် ကုဿသုတ်ဖြင့် ကု-နိပါတ်ကို ကဒ်ပြု၊ ကာပွတ္ထေသုစ သုတ်ဖြင့် ကု-နိပါတ်ကို ကာပြုပါသည်။

➢ **သု-ဟူသော ဗဟုဝုစ်သဒ္ဒါ ပိုလွန်ပုံ** ။ ။ ကာပွတ္ထေသုစ-၌ အပွအနက်သည် တစ်ခုတည်းဖြစ်၍၊ ကာပွတ္ထေစ-ဟု ဧကဝုစ်ဖြင့် ဆိုသင့်လျက် မဆိုမူ၍ ကာပွတ္ထေသုစ ဟု ဗဟုဝုစ်ဖြင့် ဆိုခြင်းသည် သု-ဟူသော ဗဟုဝုစ်သဒ္ဒါ ပိုလွန်ပါသည်။

➢ **သု-ဟူသော ဗဟုဝုစ်သဒ္ဒါ ပိုလွန်ရခြင်းအကျိုး/ကာပွတ္ထေသု-ဟု ဗဟုဝုစ် ဖြင့် ဆိုရခြင်းအကျိုး** ။ ။ ကာပုရိသာ-စသော ပြယုဂ်တို့၌ အနည်းငယ်မဟုတ်သော အနက်တို့၌လည်း ကုနိပါတ်ပုဒ်ကို ကာပြုရခြင်း အကျိုးရှိပါသည်။(ကစ္စည်း)

(ရူပသိဒ္ဓိအလို) သု-ဟူသော ဗဟုဝုစ်သဒ္ဒါပိုကြောင့် ကာပုရိသော, ကုပုရိသော ပြယုဂ်တို့၌ အပွအနက်အပြင် ကုစ္ဆိတအနက်၌လည်း ပုရိသ-သဒ္ဒါနှောင်းရာ၌ အချို့

http://www.dhammadownload.com



ကုကို ကာပြုရခြင်း အကျိုးရှိပါသည်။

➢ **စသဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် အနုကမုနအနက် ဖြစ်ပါသည်။

➢ **စသဒ္ဒါ ဆိုရကျိုး** ။ ။ စသဒ္ဒါဖြင့် ရှေ့သုတ်မှ ကုဿ-ဟူသော ကာရိယကို လိုက်ပါအောင် ဆွဲငင်ခြင်း အကျိုးရှိပါသည်။

➢ **ကဒ်ပြုသော တုနှင့် ကာပြုသော တုတို့၏ အနက်အားဖြင့် ထူးခြားပုံ**

ကုဿိတံ အနံ့ ကဒန်ံ-၌ ကုဿိတအနက်ဟော ကုကို ကဒ်ပြုပါသည်၊ အပွက် လဝဏ် ကာလဝဏ်-၌ အပွအနက်ဟော ကုကိုလည်းကောင်း, ကုဿိတော ပုရိသော ကာပုရိသော ၌ ကုဿိတအနက်ဟော ကုကိုလည်းကောင်း ကာပြုပါသည်။

## ၃၃၇။ ကွစိ သမာသန္တဂတာန မကာရန္တော

သမာသန္တဂတာနံ နာမာနမန္တော သရော ကွစိ အကာရော ဟောတိ။

ဒေဝါနံ ရာဇာ ဒေဝရာဇော၊ ဒေဝရာဇာ၊ ဒေဝါနံ သခါ ဒေဝသခေါ၊ ဒေဝ သခါ၊ ပဠု အဟာနိ ပဠာဟံ၊ သတ္တာဟံ၊ ပဠဂဝံ၊ ဆတ္တုပါဟနံ၊ ဥပသရဒ်၊ ဝိသာလ ကွော၊ ဝိမုခေါ။ **ကာရဂ္ဂဟဏံ** ကိမတ္ထံ? အာကာရန္တ ဣကာရန္တာစ ဟောန္တိ၊ ပစ္စက္ခာဓမ္မာ ယသ သောယန္တိ ပစ္စက္ခဓမ္မာ၊ သုရဘိနော ဂန္ဓော သုရဘိဂန္ဓိ၊ သုန္ဒရော ဂန္ဓော သုဂန္ဓိ၊ ပူတိနော ဂန္ဓော ပူတိ ဂန္ဓိ၊ ကုဿိတော ဂန္ဓော ကုဂန္ဓိ၊ဒုဋ္ဌ ဂန္ဓော ယသ သောယန္တိ ဒုဂန္ဓိ၊ပူတိဇော ဂန္ဓော ပူတိဂန္ဓိ။

နဒီအန္တာစ ကတ္တုအန္တာစ ကပစ္စယော ဟောတိ သမာသန္တေ၊ ဗဟူ နဒီယော ယသ္မိ သောယံ ဗဟုနဒီကော၊ ဇနပဒေါ။ ဗဟဝေါ ကတ္တာရော ယသ သောယံ ဗဟုကတ္တုကော၊ ပုရိသော။

[* ပဠုအဟာနိ ပဠာဟံ၊(ဒိဂု) * သတ္တ အဟာနိ သတ္တာဟံ၊(ဒိဂု) * ပဠု ဂါဝေါ သမာဟရဏာတိ ပဠဂဝံ၊(ဒိဂု) * ဆတ္တုဠ ဥပါဟနာစ ဆတ္တုပါဟနံ၊(ဒွန်) * ဥပ သရဒသသမိပေါ ဥပသရဒံ၊ (အဗျယီဘော) * ဝိသာလာ အက္ခိ ယသ္မာတိ ဝိသာလက္ခော၊ (ဗဟုဗ္ဗိဟိ) * ဝိရူပံ မုခံ ယသ္မာတိ ဝိမုခေါ။(ဗဟုဗ္ဗိဟိ) ]

**[သုတ်ကို အကာရော+အန္တော-ဟု ပုဒ်ဖြတ်၍ အာဒေသကြဲ၍ အနက်ပေးပုံ]**

* သမာသန္တဂတာနံ၊သမာသ်ပုဒ်တို့၏ အဆုံးဌိတည်ကုန်သော။ရာဇာဒိနံ၊ရာဇ-အစရှိကုန်သော။နာမာနံ၊နာမ်တို့၏။အန္တော၊အစိတ်သရသည်။ကွစိ၊အချို့သော ပုံစံ၌။ အကာရော၊အ-အပြုသည်။ဟောတိ၊ဖြစ်၏။

**[သုတ်ကို အကာ+အန္တော-ဟု ပုဒ်ဖြတ်၍ ပစ္စယဝိဓိကြဲ၍ငင်း, ရ-အက္ခရာ ပဒသန္ဓိကရကြဲ၍ငင်း အနက်ပေးပုံ]**

http://www.dhammadownload.com



* သမာသန္တဂတာနံ၊သမာသ်ပုဒ်၏ အဆုံး၌တည်သော ရာဇ, ရတ္တိ အစရှိသော နာမ်တို့၏။အန္တော၊အဆုံးဖြစ်၍။အကာ၊အပစ္စည်း, ကပစ္စည်းတို့သည်။ကွစိ၊အချို့သော ပုံစံ၌။ဟောန္တိ၊ဖြစ်ကုန်၏။

* သမာသန္တဂတာနံ၊သမာသ်ပုဒ်၏အဆုံး၌ဖြစ်ကုန်သော။နာမာနံ၊နာမ်တို့၏။ အန္တော်သရော၊အစိတ်သရသည်။ကွစိ၊၌။အကာရော၊အ-ပြုသည်။ဟောတိ၊ဖြစ်၏။

ဒေဝါနံ၊နတ်တို့၏။ရာဇာ၊မင်းတည်း။ဒေဝရာဇော၊ဒေဝရာဇာ၊နတ်တို့၏မင်း။ * ဒေဝါနံ၊နတ်တို့၏။သခါ၊ခင်ပွန်းတည်း။ဒေဝသခေါ၊ဒေဝသခါ၊နတ်တို့၏ ခင်ပွန်း။ * ပဥ္စ ငါးခုကုန်သော။အဟာနိ၊ရက်တို့တည်း။ပဥ္စာဟံ၊ငါးရက်။ * သတ္တာဟံ၊ခုနစ်ရက်။ * ပဥ္စဝံ၊ငါးကောင်သော နွား။ * ဆတ္တုပါဟနံ၊ထီး ဖိနပ်။ * ဥပသာရဝံ၊တန်ဆောင်မုန်း လ သရဒဥတု၏ အနိုး၌ဖြစ်သော စကား။ * ဝိသာလက္ခော၊ကျယ်သော မျက်စိရှိသည်။ * ဝိမုခေါ်၊မလှသော မျက်နှာရှိသည်။

**ကာရဂ္ဂဟဏံ**၊ကာရသဒ္ဒါသည်။ကိမတ္ထံ၊ဘယ်အကျိုးရှိသနည်း။အာကာရန္တံ ဣကာရန္တာစ၊သမာသ်၏အဆုံး အ-ကို အာပြု, ဣပြုတို့သည်လည်း။ဟောန္တိ၊ကုန်၏။ ယဿ၊ အကြင်သူအား။ပစ္စက္ခာ၊မျက်မှောက်ပြုအပ်ကုန်သော။ဓမ္မာ၊တရားတို့သည်။သန္တိ၊ရှိကုန် ၏။ဣတိ၊ဤနှစ်ပါးသော သတ္တိကြောင့်။သောယံ၊ထိုသူသည်။ပစ္စက္ခဓမ္မာ၊မျက်မှောက် ပြုအပ်ကုန်သော တရားတို့ရှိသောသူ၊ မည်၏။ * သုရဘိနော၊ပန်းကောင်း၏။ဂန္ဓော၊ အနံ့တည်း။သုရဘိဂန္ဓိပန်းကောင်း၏ အနံ့။ * သုန္ဒရော၊ကောင်းသော။ဂန္ဓော၊အနံ့ တည်း။သုဂန္ဓိကောင်းသောအနံ့။ * ပူတိနော၊အပုပ်၏။ဂန္ဓော၊အနံ့တည်း။ပူတိဂန္ဓိ၊အပုပ် နံ့။ * ကုဋ္ဌိတော၊စက်ဆုတ်ဖွယ်သော။ဂန္ဓော၊အနံ့တည်း။ကုဂန္ဓိ၊စက်ဆုတ်ဖွယ်သော အနံ့ * ယဿ၊အကြင်သူအား။ဥဋ္ဌု၊မကောင်းသော။ဂန္ဓော၊အနံ့သည်။အတ္ထိ၊ရှိ၏။ဣတိ၊ဤ နှစ်ပါးသော သတ္တိကြောင့်။သောယံ၊ထိုသူသည်။ဒုဂန္ဓိ၊မကောင်းသော အနံ့ရှိသူ၊ မည်၏။ * ပူတိဇဝေါ၊ပုပ်သည်သာလျှင်ဖြစ်သော။ဂန္ဓော၊အနံ့တည်း။ပူတိဂန္ဓိ၊အပုပ်နံ့။

သမာသန္တေ၊သမာသ်၏အဆုံး၌။နဒီအန္တာစ၊နဒီ-အဆုံးရှိသော သဒ္ဒါမှဇင်း။ကတ္တု အန္တာစ၊ကတ္တု အဆုံးရှိသော သဒ္ဒါမှဇင်း။ပရေနောက်၌။ကပစ္စယော၊ကပစ္စည်းသည်။ ဟောတိ၊ဖြစ်၏။ * ယသ္မိ ဇနပဒေ၊အကြင်ဇနပုဒ်၌။ဗဟူ၊များကုန်သော။နဒိယော၊မြစ် တို့သည်။သန္တိ၊ရှိကုန်၏။ဣတိ၊ဤနှစ်ပါးသော သတ္တိကြောင့်။သောယံ ဇနပဒေါ၊ထို ဇနပုဒ်သည်။ဗဟုနဒိကော၊ [များကုန်သော မြစ်တို့ရှိသော ဇနပုဒ်] မည်၏။ * ယဿ ပုရိသဿ၊အကြင်ယောကျ်ားအား။ကတ္တာရော၊အမှုလုပ်တို့သည်။ဗဟဝေါ၊များကုန်၏။ ဣတိ၊ကြောင့်။သောယံ ပုရိသော၊ထိုယောကျ်ားသည်။ဗဟုကတ္တု၊ကော၊ [များကုန်သော အမှုလုပ်တို့ရှိသော ယောကျ်ား] မည်၏။

http://www.dhammadownload.com



➢ **ကွစိ+သမာသန္တဂတာနံ+အကာရော+အန္တော-ဟု (၄)ပုဒ်ရှိသော အာဒေသ ဝိဓိသုတ်/ရာဇာဒိဂိုဏ်းကို ဖျက်သောသုတ်။**

➢ **သမာသန္တဂတာန-ဝိဂ္ဂဟ** ။ ။ သဓာသဿ အန္တေ ဂတာ သမာသန္တဂတာ။

➢ **သမာသ-အရ** ။ ။ တပ္ပုရိသ်, ဒ်ဂု, ဒွန်, အဗျယီဘော, ဗဟုဗ္ဗိဟိသမာသ်တို့ကို ယူရပါမည်။

➢ **သမာသန္တ-အရ** ။ ။ တပ္ပုရိသ်, ဒ်ဂု, ဒွန်, အဗျယီဘော, ဗဟုဗ္ဗိဟိသမာသ်ပုဒ်တို့၏ အဆုံးဌာနကို ယူရပါမည်။

➢ **သမာသန္တဂတ-အရ** ။ ။ တပ္ပုရိသ်, ဒ်ဂု, ဒွန်, အဗျယီဘော, ဗဟုဗ္ဗိဟိသမာသ်ပုဒ်တို့၏ အဆုံးဌိတည်သော နာမ်ပုဒ်တို့ကို ယူရပါမည်။

➢ **အကာ-အရ** ။ ။ အပစ္စည်း, ကပစ္စည်းတို့ကို ယူရပါမည်။

➢ **အကာရ-အရ** ။ ။ အ-အက္ခရာနှင့် အပစ္စည်းကို ယူရပါမည်။

➢ **အန္တ-အရ** ။ ။ တပ္ပုရိသ်, ဒ်ဂု, ဒွန်, အဗျယီဘော, ဗဟုဗ္ဗိဟိသမာသ်ပုဒ်တို့၏ အဆုံးဌိတည်ကုန်သော နာမ်ပုဒ်တို့၏ အစိတ်ဖြစ်သော အ, အာ, ဣ သရတို့ကို ယူရပါမည်။(တစ်နည်း) တပ္ပုရိသ်, ဒ်ဂု, ဒွန်, အဗျယီဘော, ဗဟုဗ္ဗိဟိသမာသ်ပုဒ်တို့၏ အဆုံးဌိတည်သော နာမ်ပုဒ်တို့၏ အဆုံးဌာနကို ယူရပါမည်။

➢ **သမာသန္တဂတာနံ နာမာနမန္တော-ဌ် နာမာန်-အရ** ။ ။ သမာသ်အဆုံးဝယ် တည်သမျှသော နာမ်အားလုံးကို မယူရ၊ ရာဇ, သခ စသည်ကဲ့သို့ သမာသ်မဟုတ်လျှင် ကာရန္တတစ်မျိုးဖြစ်၍ သမာသ်အဆုံးရောက်နေသည့်အခါ အကာရန္တဖြစ်လေ့ရှိသော နာမ်များကိုသာ ယူရပါမည်။ **အကြောင်းကား**- ရာဇ, သခတို့သည် သမာသ်မဟုတ်လျှင် ရာဇသခါ-ဟု အာကာရန္တဖြစ်၍ သမာသ်အဆုံးသို့ ရောက်နေသောအခါ ဒေဝရာဇော၊ဒေဝသခေါ-ဟု ဩကာရန္တဖြစ်သောကြောင့်တည်း။

➢ **ကပစ္စယော ဟောတိ သမာသန္တေ-ဌ် ယူရမည့်သမာသ်များ**
ဒ်ဂုသမာသ်နှင့် ဗဟုဗ္ဗိဟိသမာသ်တို့ကို ယူရပါမည်။

➢ **အ-ကို အထပ်၍ ပြုရကျိုး/ဤသုတ်တည်ရကျိုး** ။ ။ (ကွစိ သမာသန္တ စသောသုတ်ဖြင့် ဒေဝရာဇ-ဌ် အဆုံးသရကို အထပ်၍ ပြုခြင်းသည်) ရာဇာဒိဂိုဏ်းကိုလည်း ဖျက်ရခြင်း, ဒွိ+အဂုံလိ စသည်၌ ဒွဂုံလ် စသည်ဖြင့် ဣကာရန္တမှ အကာရန္တ အထူးသို့ ရောက်စေခြင်း အကျိုးရှိပါသည်။

**မေး** ။ ။ ဤသုတ်ဖြင့် အဘယ်သဒ္ဒါတို့၏ အဆုံးသရကို အ-ပြုရမည်နည်း။

**ဖြေ** ။ ။ ဤသုတ်ဖြင့် ဒွိရတ္တံ-ဌ် ရတ္တိသဒ္ဒါ, ဒွဂုံလံ-ဌ် အဂုံလိသဒ္ဒါ, သတ္တဂေါဒါဝံရံ-ဌ် ဂေါဒါဝရီသဒ္ဒါတို့၏ အဆုံးသရတို့ကို အ-ပြုရပါမည်။

http://www.dhammadownload.com



**မေး** ။ ။ ဤသုတ်သည် အဘယ်ကို ယူကြောင်းသုတ် ဖြစ်ပါသနည်း။

**ဖြေ** ။ ။ ဤသုတ်သည် ရာဇဒိဂိုဏ်းကို ယူကြောင်းသုတ် ဖြစ်ပါသည်။

**➤ဒေဝရာဇော-၌ သျာစသုတ်ဖြင့် သိ-ကို အာ-မပြုနိုင်ခြင်းအကြောင်း**

ကွစိ သမာသန္တဂတာနမကာရန္တောသုတ်ဖြင့် သမာသ်ပုဒ်၏ အဆုံးအ-ကို အ-ထပ်၍ ပြုထားသောကြောင့် သျာစသုတ်ဖြင့် သိ-ကို အာ-မပြုနိုင်ပါ။

**➤ ကွစိ-သဒ္ဒါ ထည့်ဆို ရခြင်းအကျိုး** ။ ။ ကွစိသဒ္ဒါဖြင့် ဒေဝရာဇော, ဒေဝရာဇာ စသည်တို့၌ အ-ပြုခြင်း အ-မပြုခြင်း ဒွိရူပ်ကို ဖြစ်စေခြင်း အကျိုးရှိပါသည်။

**➤ ကာရသဒ္ဒါ ထည့်ဆို ရကျိုး/ကာရသဒ္ဒါ၏ အစီအရင်များ** ။ ။ (ကစ္စည်း အလို) ကာရသဒ္ဒါဖြင့် ပစ္စက္ခမှာ, သုရာဘိဂန္ဓီ ပြယုဂ်တို့၌ သမာသ်ပုဒ်အဆုံးသရတို့ကို အာပြုရခြင်း, ဣပြုရခြင်း၊ ဗဟုနဒီကော, ဗဟုကတ္တုကော ပြယုဂ်တို့၌ သမာသ်ပုဒ်၏ အဆုံး နဒီသဒ္ဒါ၏ အဆုံး၌ဝင်း, ကတ္တုသဒ္ဒါ၏ အဆုံး၌ဝင်း ကပစ္စည်း သက်ရခြင်း အကျိုးရှိပါသည်။

(ရူပသိဒ္ဓိ-အလို) ကာရသဒ္ဒါဖြင့် ဗဟုဋ္ဌိဟိ-စသော သမာသ်တို့၌ ဗဟုနဒီကော, ဗဟုကတ္တုကောတို့ဝယ် ကပစ္စည်းသက်ရခြင်း, သုရာဘိဂန္ဓိဝယ် သုရာဘိပုဒ်, သုဂန္ဓိ ဝယ် သုပုဒ်, ဒုဂန္ဓိ-ဝယ် ဒုပုဒ်, ပူတိဂန္ဓိ-ဝယ် ပူတိပုဒ်တို့နောင်ရှိသော ဂန္ဓသဒ္ဒါ၏ အစိတ် အ-ကို ဣပြုရခြင်း အကျိုးရှိပါသည်။

**➤ ရူပသိဒ္ဓိ၌ ဒုတိယနည်းကြံရကျိုး** ။ ။ ပဋ္ဌဝဝံ-စသော ရုပ်များ ပြီးနိုင်ခြင်း အကျိုးရှိပါသည်။

**မေး** ။ ။ ပူတိဂန္ဓိ-ကို ဖြစ်သင့်သမျှ သမာသ်ဝိဂ္ဂဟပြုကာ ရနိုင်သော သမာသ်အမည်တို့ကို အကြောင်းပြ၍ ပေးခဲ့ပါ။

**ဖြေ** ။ ။ ၁။ ပူတိနော ဂန္ဓော ပူတိဂန္ဓိ၊ [ဆဋ္ဌန္တ ရှေ့ပုဒ်ကို နောက်ပုဒ်နှင့် စပ်ထားခြင်း နောက်ပုဒ်အနက်ပြဋ္ဌာန်းခြင်းတို့ကြောင့် တပ္ပုရိသ်သမာသ် ဖြစ်ပါသည်။]

၂။ ပူတိဧဝ ဂန္ဓိ ပူတိဂန္ဓိ၊ [တုလျာဓိကရဏဖြစ်သော နှစ်ပုဒ်တို့ကို စပ်ထားခြင်း ကြောင့် ကမ္မဓာရည်းသမာသ် ဖြစ်ပါသည်။]

## ၃၃၈။ နဒီမှာစ

နဒီမှာစ ကပစ္စယော ဟောတိ သမာသန္တေ။ ဗဟူ နဒိယော ယသ္မိ သောယန္တိ ဗဟုနဒိကော၊ ဗဟူ ကန္တိယော ယသ သောယန္တိ ဗဟုကန္တိကော၊ ဗဟုနာရိကော။

[ဗဟူ နာရိယော ယသ သောယန္တိ ဗဟုနာရိကော]

* သမာသန္တဂတာ၊သမာသ်ပုဒ်၏အဆုံး၌ဖြစ်သော။နဒီမှာစ၊နဒီ-မည်သော သဒ္ဒါမှ လည်း။(ဝါ) နဒီမည်သော် ဣတ္ထိလိင် ဤ, ဦကာရန္တသဒ္ဒါမှလည်း။ပရေနောက်၌။က

http://www.dhammadownload.com



ပစ္စယော၊ကပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ ။

* သမာသန္တေ၊သမာသ်ပုဒ်၏အဆုံး၌။ဂတာ၊ဖြစ်သော။နဒီမှာစ၊နဒီမည်သော သဒ္ဒါ မှလည်း။ပရေ၌။ကပစ္စယော၊ကပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

ယသ္မိ၊အကြင်ဇနပုဒ်၌။နဒီယော၊မြစ်တို့သည်။ဗဟူ၊များကုန်၏။ကွတိ၊ကျ၌နှစ်ပါး သော သတ္တိကြောင့်။သောယံ၊ထိုဇနပုဒ်သည်။ဗဟုနဒီကော၊[များစွာကုန်သော မြစ်တို့ရှိ သော ဇနပုဒ်] မည်၏။ * ယဿ၊အကြင်သူအား။ကန္တီယော၊နှစ်သက်ဖွယ်တို့သည်။ ဗဟူ၊များကုန်၏။ကွတိ၊ကြောင့်။သောယံ၊ထိုသူသည်။ဗဟုကန္တီကော၊[များစွာကုန်သော နှစ်သက်ဖွယ်တို့ရှိသောသူ]မည်၏။ * ဗဟုနာရိယော၊မိန်းမများသည်။

➤ **နဒီမှာ+စ-ဟု (၂)ပုဒ်ရှိသော က-ပစ္စယဝိဓိသုတ်။**

➤ **စသဒ္ဒါ၏ အနက်** ။ ။ စသဒ္ဒါသည် သမုစ္စည်းအနက် (တစ်နည်း) အနုကမ္မုန အနက် ဖြစ်ပါသည်။

➤ **စသဒ္ဒါ ဆိုရကျိုး** ။ ။ စသဒ္ဒါဖြင့် ကတ္တု၊ ဘတ္တု-စသော တုပစ္စည်း ဝုံးရှိ သော သဒ္ဒါတို့မှနောက်၌လည်း ကပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

➤ **ဤသုတ်ကိုဆိုရကျိုး** ။ ။ နဒီမည်သော ဤ၊ ဦ-တို့နောက်၌ အမြဲ ကပစ္စည်း သက်ရခြင်းအကျိုးရှိပါသည်။

➤ **ကပစ္စည်းသက်သောသုတ် နှစ်ခုအထူး** ။ ။ ကွစိ သမာသန္တ-စသောသုတ် ဖြင့် ကပစ္စည်းသက်ခြင်းသည် အနိစ္စဝိဓိ၊ နဒီမှာစသုတ်ဖြင့် ကပစ္စည်းသက်ခြင်းကား နိစ္စဝိဓိ ဖြစ်ပါသည်။ ဤသို့ထူးပါသည်။

➤ **နဒီ-ဟူသောအမည်သည်** ။ ။ နဒီဟူသောအမည်သည် ဣတ္ထိလိင်ကိုဟော သော ဤ-အက္ခရာ, ဦ-အက္ခရာတို့၏ တစ်ပါးသော သဏ္ဌာနကျမ်းတို့၌လာသော အမည် ဖြစ်ပါသည်။

➤ **နဒီ-အရ** ။ ။ နဒီ, နာရီ, ကုမာရီ, ကန္တီ, ဇမ္ဗူ, ဝဓူ-စသော ဣတ္ထိလိင် ဤ ကာရန္တ, ဦကာရန္တ သဒ္ဒါတို့ကို ယူရပါမည်။

➤ **သမာသန္တေ-အရ** ။ ။ ဗဟုဝ္ဗီဟိသမာသ်ကိုသာ ယူရပါမည်။

## ၃၃၉။ ဇာယာယ တုဒံ ဇာနိ ပတိမှိ

ဇာယာဣတ္ထေတာယ တုဒံ ဇာနိဣတ္ထေတေ အာဒေသော ဟောန္တိ ပတိမှိ ပရေ။ တုဒံ ပတိ၊ ဇာနိ ပတိ။ [ဇာယာစ ပတိစ တုဒံပတိ, ဇာနိပတိ]

* ပတိမှိ၊ပတိသဒ္ဒါကြောင့်။ဇာယာယ၊ဇာယာသဒ္ဒါ၏။တုဒံဇာနိ၊တုဒံပြု, ဇာနိပြုတို့ သည်။ဟောန္တိ၊ဖြစ်ကုန်၏။ * ပရေနောက်ဖြစ်သော။ပတိမှိ၊ကြောင့်။ဇာယာဣတ္ထေတာ ယ၊ဇာယာသဒ္ဒါ၏။တုဒံဇာနိဣတ္ထေတေအာဒေသော၊တုဒံပြု, ဇာနိပြုတို့သည်။ဟောန္တိ၊၏။

http://www.dhammadownload.com


တုဒံ ပတိ-ဇာနိ ပတိ၊မယား, လင်တို့။ (ဝါ) သမီး, ခင်ပွန်းတို့။

➢ ဇာယာယ+တုဒံ ဇာနိ+ ပတိမှိ-ဟု (၃)ပုဗ်ရှိသော အာဒေသဝိဓိသုတ်။

➢ ဇာယာစ ပတိစ ဇာယာပတိ-၌ အယုတ်ဟော ဇာယာသဒ္ဒါ ရွှေ့ကနေခြင်း အကြောင်း။ ။ ပတိသဒ္ဒါနှောင်းရာ၌ ဇာယာသဒ္ဒါကို စီရင်သောကြောင့် အယုတ်ဟော ဇာယာသဒ္ဒါသည် ရွှေ့ကနေရပါသည်။

## ၃၄၀။ ဓနုမှာ စ

ဓနုမှာစ အာပစ္စယော ဟောတိ သမာသန္တေ။

ဂါဏ္ဍီဝေါ ဓနု ယဿ သောယံ ဂါဏ္ဍီဝဓန္ဝာ။

* သမာသန္တဂတာ၊သမာသ်ပုဒ်၏အဆုံး၌ဖြစ်သော။ဓနုမှာစ၊ဓနုသဒ္ဒါမှလည်း။ပရေ၌။အာ၊အာပစ္စယ်လည်းသည်။ဟောတိ၊ဖြစ်၏။ * သမာသန္တေ၊သမာသ်ပုဒ်၏အဆုံး၌။ဂတာ၊ ဖြစ်သော။ဓနုမှာစ၊ဓနုသဒ္ဒါမှလည်း။ပရေ၌။အာပစ္စယော၊သည်။ဟောတိ၊ဖြစ်၏။

ယင်း အကြောင်းသူအား။ဂါဏ္ဍီဝေါ၊အဖုအထစ်များသော။ဓနု၊လေးသည်။အတ္ထိ၌၏ ဣတိ၊ဤနှစ်ပါးသော သတ္တိကြောင့်။သောယံ၊ထိုသူသည်။ဂါဏ္ဍီဝဓန္ဝာ၊ (အဖုအထစ်များသော လေးရှိသောသူ) မည်၏။

➢ ဓနုမှာ+အာ+စ-ဟု (၃)ပုဗ်ရှိသော ပစ္စယဝိဓိသုတ်။

➢ စသဒ္ဒါ၏အနက်။ ။ စသဒ္ဒါသည် သမုစ္စည်းအနက်ရှိပါသည်။

➢ စသဒ္ဒါဆိုရကျိုး။ ။ စသဒ္ဒါဖြင့် ပစ္စက္ခဓမ္မာ-၌ ဓမ္မာ-စသော သဒ္ဒါနောင် အာပစ္စည်း သက်ရခြင်းအကျိုးရှိပါသည်။

➢ သမာသ်အဆုံး၌ ပစ္စည်းသက်သော သုတ်နှင့် သက်ရာဌာန- ၁။ ကွစိ သမာသန္တဂတာန မကာရန္တော-သုတ်၌ ကာရ-သဒ္ဒါ၊ (သမာသ်အဆုံး၌ နဒီမည်သော ဣတ္ထိ ဝါစက ဤ, ဥ အဆုံးရှိသော သဒ္ဒါ, ကတ္တု အဆုံးရှိသော သဒ္ဒါတို့နောင် ကပစ္စည်း သက်ပါသည်။) ၂။နဒီမှာစ (သမာသ်အဆုံး၌ နဒီ-မည်သော ဣတ္ထိဝါစက ဤ, ဥ အဆုံးရှိသော သဒ္ဒါနောင် ကပစ္စည်းသက်ပါသည်။) ၃။ ဓနုမှာ စ (သမာသ်အဆုံး၌ ဓနုသဒ္ဒါနောင် အာ- ပစ္စည်းသက်ပါသည်။)

## ၃၄၁။ အံ ဝိဘတ္တိန မကာရန္တာ အဗျယီဘာဝါ

တသ္မာ အကာရန္တာ အဗျယီဘာဝ သမာသာ ပရာသံ ဝိဘတ္တိနံ ကွစိ အံ ဟောတိ။ အဓိစိတ္တံ၊ ယထာဝုဏ္ဍံ၊ ဥပကုမ္ဘံ၊ ယာဝဇီဝံ၊ တိရောပဗ္ဗတံ၊ တိရောပါကာရံ၊ တိရောကုဋ္ဋံ၊ အန္တောပါသာဒံ။ ကွစိတိ ကိမတ္ထံ? အဓိစိတ္တသဿ ဘိက္ခုနော။

* အကာရန္တာ၊ဇာ, အက္ခရာအဆုံးရှိသော။အဗျယီဘာဝါ၊အဗျယီဘောသမာသ်မှ။ ပရာသံ၊နောက်၌ဖြစ်ကုန်သော။ဝိဘတ္တိနံ၊ (အာလုပ်နှင့်တကွ)ဝိဘတ်ရှစ်သွယ်တို့၏။ကွစိ၊

http://www.dhammadownload.com



၌။အံ၊အံပြုသည်။ဟောတိ၊ဖြစ်၏။ * အကာရန္တော၊သော။တသ္မာ အဗျယီဘာဝသမာသာ၊ထိုအဗျယီဘောသမာသ်မှ။ပရာသံ၊နောက်၌ဖြစ်ကုန်သော။ဝိဘတ္တိနှံ၊ (အာလုပ်နှင့်တကွ) ဝိဘတ်ရှစ်သွယ်တို့၏။ကွစိ၊အချို့သောပုံစံ၌။အံ၊အံပြုသည်။ဟောတိ၊ဖြစ်၏။

အဓိစိတ္တံ၊စိတ်ကို အစိုးရသောသူ။ယထာဝုတ္တံ၊ကြိုးစဉ်ငယ်လိုက်၊ဥပတပ္ပံ၊အိုး၏အနီး၌ဖြစ်သောစကား။ယာဝဇီဝံ၊အသက်၏အပိုင်းအခြား။တီရောပဗ္ဗတံ၊တောင်၏တစ်ဘက်။ တီရောပါကာရံ၊တံတိုင်း၏တစ်ဘက်။တီရောကုဋ္ဋံ၊နံရံ၏တစ်ဘက်။အန္တောပါသာဒံ၊ပြဿဒ်၏အတွင်း။**ကွစိတိပဒံ**၊သည်။ကိမတ္ထံ၊နည်း။အဓိစိတ္တသ၊စိတ်ကို အစိုးရသော။ဘိက္ခုနော၊ရဟန်းအား-ရဟန်း၏။

➢ **အံ+ဝိဘတ္တိနံ+အကာရန္တော+အဗျယီဘာဝါ+ဟု (၄)ပုဒ်ရှိသော အာဒေသဝိဓိ**။

➢ **အဓိကာရ ကွစိသဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် (ဝိဓိ-ဥ-ပါး)**။ ။ ကွစိသမာသန္တ-စသောသုတ်မှ ကွစိသဒ္ဒါလိုက်လာသောကြောင့် ပထမာ, ဒုတိယာ, စတုတ္ထီဝိဘတ်တို့ကို အမြဲ အံ,ပြုခြင်းဟူသော နိစ္စဝိဓိကိုလည်း, တတိယာ, သတ္တမီ, ဆဋ္ဌီ ဝိဘတ်တို့ကို ခဲခါဝိကပ်အားဖြင့် အံ,ပြုခြင်းဟူသော အနိစ္စဝိဓိကိုလည်း, ပဉ္စမီဝိဘတ်ကို လုံးဝ အံ,မပြုရခြင်းဟူသော အသန္တဝိဓိကိုလည်း ပြဆိုပါသည်။

➢ **အမြဲ အံ,ပြုနိုင်သည့် ဝိဘတ်**။ ။ ကွစိသမာသန္တ-စသောသုတ်မှ ကွစိသဒ္ဒါလိုက်လာသောကြောင့် ပထမာ, ဒုတိယာ, စတုတ္ထီဝိဘတ်တို့ဖြစ်ပါသည်။

➢ **ခဲခါ အံ, ပြုရမည့် ဝိဘတ်**။ ။ တတိယာ, ဆဋ္ဌီ သတ္တမီဝိဘတ်တို့ဖြစ်ပါသည်။

➢ **လုံးဝ အံ,မပြုနိုင်သည့် ဝိဘတ်**။ ။ ပဉ္စမီဝိဘတ် ဖြစ်ပါသည်။

➢ **ဝိဘတ္တိသဒ္ဒါ ဆိုရခြင်းအကျိုး**။ ။ အာလုပ်အနက်၌သာသက်သော ဝိဘတ်ကို သိမ်းယူရခြင်းအကျိုးရှိပါသည်။

➢ **ဝိဘတ္တိ, အရ**။ ။ ဝိဘတ်အားလုံးကို ယူရပါသည်။

➢ **အကာရန္တ, အရ**။ ။ ဥပနဂရံ-စသည်၌ ပကတိအကာရန္တ, ဥပဂင်္ဂ-စသည်၌ အာဒီဃမှဖြစ်သော ဝိကတိအကာရန္တကို ယူရပါမည်။

➢ **အံ, ပြုရခြင်းအကျိုး (ဤသုတ် တည်ရကျိုး)**။ ။ ဥပနဂရံ-စသော အဗျယီဘောသမာသ်တို့၌ သော, သိ, သဗ္ဗယောနီနမာဇ-စသောသုတ်တို့၏ ဩ, အံ, အာ, ဇ-စသော အာဒေသ အစီအရင်းကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

## ၃၄၂။ သရော ရဿော နပုံသကေ

နပုံသကေ ဝတ္တမာနဿ အဗျယီဘာဝသမာသဿ လိင်္ဂဿ သရော ရဿော ဟောတိ။ ။ ကုမာရီသု အဓိကိစ္စ ပဝတ္တတိ ကထာ ဣတိ အဓိကုမာရိ ဥပဝဓု၊ ဥပဂင်္ဂိ၊ ဥပမဏ္ဍိကံ။

http://www.dhammadownload.com



**[ကစ္စည်းအလို]** နပုံသကေ၊နပုံလိင်၌။ဝတ္တမာန၊သ၊ဖြစ်သော အဗျယီဘောသမာသ် ပုဒ်၏။သရော၊အစိတ်သရသည်။ရသော၊ရသပြုသည်။ဟောတိ၊၏။ **[၅-အလို]** * နပုံသကေ၊၌။ဝတ္တမာနသ၊ဖြစ်သော သမာသ်ပုဒ်၏။သရော၊အစိတ် သရသည်။ ရသော၊သည်။ဟောတိ၊၏။ * နပုံသကေ၊၌။ဝတ္တမာနသ၊ဖြစ်သော။အဗျယီဘာဝ သမာသသ၊အဗျယီဘောသမာသ်ဖြစ်သော။လိင်္ဂသ၊လိင်ပုဒ်၏။သရော၊သည်။ရသော၊ ရသပြုသည်။ဟောတိ၊ဖြစ်၏။ * ယာ ကထာ၊အကြင်စကားသည်။ကုမာရီသု၊ မိန်းမပျိုတို့၌။အဓိကိစ္စ၊စွဲမှီ၍။ပဝတ္တတိ၊ဖြစ်၏။ဣတိ၊ဤနှစ်ပါးသော သတ္တိကြောင့်။သာ ကထာ၊ထိုစကားသည်။အဓိကုမာရိ၊ [မိန်းမပျိုတို့၌ စွဲမှီ၍ဖြစ်သော စကား] မည်၏။ * ဥပဝဓု၊သွေးမ၏အနီး၌ဖြစ်သော စကား။ * ဥပဂဂ်၊ဂဂ်ါမြစ်၏ အနီး၌ဖြစ်သော စကား။ * ဥပမကိ်၊မကိ်ကမည်သော မိန်းမ၏ အနီး၌ဖြစ်သော စကား။

➤ **သရော+ရဿော+နပုံသကေ–ဟု (၃)မှုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➤ **သရော–အရ/ကာရီ–အရ** ။ ။ ဥပမကိ်က-၌ အာသရ, အဓိကုမာရိ-၌ ဤသရ, ဥပဝဓု-၌ ဦသရ, ဥပဂု-၌ ဩသရတို့ကို ယူရပါမည်။

➤ **ရဿော–အရ/ကာရီယ–အရ** ။ ။ အ, ဣ, ဥသရတို့ကို ယူရပါမည်။

➤ **အဗျယီဘာဝ–သဒ္ဒါ မလိုက်ခြင်းကြောင့် ရရှိသော အာကျိုးများ**

အဗျယီဘာဝ-သဒ္ဒါ မလိုက်ခြင်းကြောင့် နပုံလိင်၌ဖြစ်သော စတုဒ္ဒိသံ-စသော ဒိဂုသမာသ်, မုခနာသိကံ-စသော ဒွန်သမာသ်, အသဒ္ဒံ-စသော ဗဟုဗ္ဗိဟိသမာသ်တို့ ၏ အဆုံးသရကိုလည်း ရဿပြုရခြင်း အကျိုးရှိပါသည်။ (ရူပသိဒ္ဓိ)

➤ **အဗျယီဘာဝ–သဒ္ဒါ လိုက်ရခြင်းအကျိုး** ။ ။ (ကစ္စည်းအလို) အဗျယီဘာဝ သဒ္ဒါ လိုက်ခြင်းကြောင့် နပုံလိင်၌စိရင်သော အဗျယီဘောသမာသ်၏ အဆုံးသရကိုသာ ရဿပြုနိုင်ခြင်း အကျိုးရှိပါသည်။

**ဓမး** ။ ။ ဤသုတ်ဖြင့် နပုံလိင်၌ဖြစ်သော အဗျယီဘောသမာသ်၏ အဆုံးသရကိုသာ ရဿပြုရပါမည်လော? အကြောင်းသွင်း၍ ရှင်းလင်းပြပါ။

**ဓဖြေ** ။ ။ အဗျယီဘာဝ-သဒ္ဒါ မလိုက်စေသင့်သောကြောင့် အဗျယီဘောသမာသ်နှင့် တကွ ဒိဂု, ဒွန်, ဗဟုဗ္ဗိဟိသမာသ်တို့၌လည်း ရဿပြုရပါမည်။

**ဓမး** ။ ။ ဤသုတ်ဖြင့် ရဿပြုရာဝယ် အဗျယီဘောသမာသ်၌သာ ပြုပါသလော? အဘယ်သမာသ်တို့၌လည်း ပြုပါသေးသနည်း၊အကြောင်းနှင့်တကွ ဖေါ်ပြပါ။

**ဓဖြေ** ။ ။ အဗျယီဘောသမာသ်၌သာ ရဿပြုရသည် မဟုတ်ပါ၊ အဗျယီဘာဝသဒ္ဒါ လိုက်မလာခြင်းကြောင့် ဒိဂု, ဒွန်, ဗဟုဗ္ဗိဟိသမာသ်တို့၌လည်း ရဿပြုသေးသည်။

➤ **ရဿ ပြုရမည့်သမာသ်အမည်/ဤသုတ်ဖြင့် စီရင်နိုင်သော သမာသ်များ**
အဗျယီဘော, ဒိဂု, ဒွန်, ဗဟုဗ္ဗိဟိသမာသ်များ ဖြစ်ပါသည်။

http://www.dhammadownload.com



➢ **စိတ္တဂု-၌ ဩ-တို့ ဥရဿပြုရခြင်းအကြောင်း** ။ ။ စိတ္တဂု-၌ ပယတ်အားဖြင့် နီးစပ်သောကြောင့် သရော ရဿော နပုံသကေသုတ်ဖြင့် ဩ-အက္ခရာကို ဥရဿ ပြုရပါသည်။

## ၃၄၃။ အညသ္မာ လောပေါစ

အညသ္မာ အဗျယီဘာဝသမာသာ အနကာရန္တာ ပရာသံ ဝိဘတ္တိနံ် လောပေါစ ဟောတိ။ ။ အဓိတ္ထိ၊ အဓိကုမာရိ၊ ဥပဝဓု။

* အညသ္မာ၊အကာရန္တ အဗျယီဘောသမာသ်မှ တစ်ပါးသော အနကာရန္တ အဗျယီဘောသမာသ်မှ။ပရာသံ၊နှောင်းကုန်သော။ဝိဘတ္တိနံ်၊ဝိဘတ်ခုနစ်သွယ်တို့၏။။လောပေါစ၊ကျေခြင်းသည်လည်း။ဟောတိ၊ ဖြစ်၏။ ။ * အညသ္မာ၊တစ်ပါးသော။အနကာရန္တာ၊ အကာရန္တ မဟုတ်သော။အဗျယီဘာဝသမာသာ၊အဗျယီဘောသမာသ်မှ။ပရာသံ၊နှောင်းကုန်သော။ဝိဘတ္တိနံ်၊ဝိဘတ် ခုနစ်သွယ်တို့၏။။လောပေါစ၊ကျေခြင်းသည်လည်း။ဟောတိ၊ ဖြစ်၏။ ➢ အဓိတ္ထိ၊မိန်းမယျိုတို့၌ အရှိအသေပြု၍ ဖြစ်သောစကား။ * အဓိကုမာရိ၊ မိန်းမယျိုတို့၌ စွဲ၍ဖြစ်သော စကား။ * ဥပဝဓု၊ချွေးမ၏အနီး၌ဖြစ်သော စကား။

➢ အညသ္မာ+လောပေါ+စ-ဟု (၃)ပုဒ်ရှိသော လောပဝိဓိသုတ်။

➢ **အညဇာပါဒါန်-အရ** ။ ။ အံဝိဘတ္တိန မကာရန္တာ အဗျယီဘာဝါသုတ်ကို ထောက်၍ အကာရန္တ အဗျယီဘောသမာသ်ကို ယူရပါမည်။

➢ **အည-အရ** ။ ။ သရော ရဿော နပုံသကေသုတ်နှင့် အနကာရန္တာ-ကို ထောက်၍ အကာရန္တ-မှ တစ်ပါးသော ဣကာရန္တ-စသော အနကာရန္တ အဗျယီဘောသမာသ်ကို ယူရပါမည်။

➢ **စသဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် အဗျယီဘောသမာသ်ကို ငင်သောကြောင့် အနုကမုနအနက် ဖြစ်ပါသည်။

➢ **အနကာရန္တ အဗျယီဘောသမာသ် ဝိဘတ်တို့တို့ ချေရခြင်းအကြောင်း** အကာရန္တ အဗျယီဘောသမာသ်နောင် အာလုပ်နှင့်တကွ ဝိဘတ်ရှစ်သွယ်ကို အံဝိဘတ္တိန မကာရန္တာ အဗျယီဘာဝါသုတ်ဖြင့် အံပြုရသောကြောင့် -- တည်း။

မေး ။ ။ အဗျယီဘောသမာသ်နောင် ဝိဘတ်တို့၏ အစီအရင်ကို သဒ္ဒါပဒေသ သုတ် ထောက်ပြ၍ ဖြေဆိုပါ။

ဖြေ ။ ။ အံ ဝိဘတ္တိန မကာရန္တာ အဗျယီဘာဝါသုတ်ကိုထောက်၍ အကာရန္တ အဗျယီဘောသမာသ်နောင် ဝိဘတ်ခုနစ်သွယ်ကို အံပြုပါသည်။ အညသ္မာ လောပေါစ သုတ်ကိုထောက်၍ အနကာရန္တ အဗျယီဘောသမာသ်နောင် ဝိဘတ်ခုနစ်သွယ်ကို ချေပါသည်။

http://www.dhammadownload.com



➢ **အကာရန္တ အဗျယီဘောသမာသ်နှင့် အနကာရန္တ အဗျယီဘောသမာသ် တို့၌ ရှုပ်စီရင်ပုံ ခြားနားဟန်** ။ ။ အံ ဝိဘတ္တိန မကာရန္တာ အဗျယီဘာဝါသုတ်ဖြင့် အကာရန္တ အဗျယီဘောသမာသ်နောင်ရှိသော ဝိဘတ်တို့ကို အံပြုပါသည်။

အညသွာ လောပေါစသုတ်ဖြင့် အနကာရန္တ အဗျယီဘောသမာသ်နောင်ရှိသော ဝိဘတ်တို့ကို ချေရပါသည်။ ဤသို့ ခြားနားပါသည်။

➢ **သမာသ်(၆)ပါးတို့ ပြဋ္ဌာန်းပုံ** ။ ။ ၁။ အဗျယီဘောသမာသ်သည် ပုဗ္ဗပဒတ္ထ ပဓာန-ရှေ့ပုဒ်အနက်ပြဋ္ဌာန်းပါသည်။ ၂။ ကမ္မဓာရည်း, ဒိဂု, တပ္ပုရိသ်သမာသ်တို့သည် ဥတ္တရပဒတ္ထပဓာန-နောက်ပုဒ်အနက် ပြဋ္ဌာန်းပါသည်။ ၃။ ဒွန်သမာသ်သည် ဥဘယ ပဒတ္ထပဓာန-နှစ်ပုဒ်အနက် ပြဋ္ဌာန်းပါသည်။ ၄။ ဗဟုဗ္ဗိဟိသမာသ်သည် အညပဒတ္ထ ပဓာန-အညပုဒ်အနက် ပြဋ္ဌာန်းပါသည်။

➢ **ပုဗ္ဗ ပဒတ္ထပဓာနသမာသ်-** အဗျယီဘောသမာသ် ဖြစ်ပါသည်။

➢ **ဥတ္တရ ပဒတ္ထပဓာနသမာသ်-** ကမ္မဓာရည်း, ဒိဂု, တပ္ပုရိသ်သမာသ်။

➢ **ဥဘယ ပဒတ္ထပဓာနသမာသ်-** ဒွန်သမာသ် ဖြစ်ပါသည်။

➢ **အညပဒတ္ထပဓာနသမာသ်-** ဗဟုဗ္ဗိဟိသမာသ် ဖြစ်ပါသည်။

➢ **နိစ္စ-သာ ဖြစ်သော သမာသ်** - အဗျယီဘော, ဒိဂုသမာသ်တို့ ဖြစ်ပါသည်။

➢ **အနိစ္စ-သာ ဖြစ်သော သမာသ်** - ဒွန်သမာသ် ဖြစ်ပါသည်။

➢ **နိစ္စ-အနိစ္စ နှစ်ပါးစုံဖြစ်သော သမာသ်** - ကမ္မဓာရည်း, တပ္ပုရိသ်, ဗဟုဗ္ဗိဟိ သမာသ်တို့ ဖြစ်ပါသည်။

➢ **သမာသော စတုရဋ္ဌာ-၌ စတုရဋ္ဌာ-အရ [သမာသ်-၃၂ပါးရေတွက်ပုံ]**

အဗျယီဘောသမာသ် ၂-ပါး၊ကမ္မဓာရဲသမာသ် ၉-ပါး၊ ဒိဂုသမာသ် ၂-ပါး။တပ္ပုရိသ် သမာသ် ၈-ပါး၊ ဗဟုဗ္ဗိဟိသမာသ်-၉ပါး၊ ဒွန်သမာသ် ၂-ပါး၊ပေါင်း ၃၂-ပါး။

➢ **တပ္ပုရိသ်သမာသ် ၈-ပါး** ။ ။ ဒုတိယာတပ္ပုရိသ်-စသော ၆-ပါး၊ အဗြာဟ္မဏော-စသော ပဌမာ တပ္ပုရိသ် ၁-ပါး၊ ပဘာ်ရော-စသော အလုတ္တတပ္ပုရိသ် ၁-ပါး

➢ **ဝိဂ္ဂဟပြုရာ၌ ဏ္ဍကီ-သဒ္ဒါ ထည့်ခြင်း/မထည့်ခြင်းအကြောင်း**

အဗျယီဘော, ကမ္မဓာရဲ, ဗဟုဗ္ဗိဟိသမာသ်တို့၌ ပဝတ္တိနိမိတ်ကို ထင်စွာပြုလိုသော ကြောင့် "ဏ္ဍကီ"သဒ္ဒါကို ထည့်ရပါသည်။

ဒိဂု, ဒွန်, တပ္ပုရိသ်သမာသ်တို့၌ ပဝတ္တိ နိမိတ် ထင်ရှားပြီးဖြစ်သောကြောင့် "ဏ္ဍကီ"သဒ္ဒါ မထည့်ရပါ။

**သမာသ် ပါဠိ-နိဿယ အဓိပ္ပါယ်များ ပြီး၏။**

http://www.dhammadownload.com



# တဒ္ဓိတ ကပ္ပ

## ၃၄၄။ ဝါ ဏပစ္စေ

ဏပစ္စယော ဟောတိ ဝါ 'တဿာပစ္စ' မိစ္စေတသ္မိ အတ္ထေ။

ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော၊ ဝသိဋ္ဌဿ အပစ္စံ ဝါ၊ ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌီ ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌံ၊ ဧဝံ ဘာရဒ္ဝါဇော၊ ဘာရဒ္ဝါဇီ၊ ဘာရဒ္ဝါဇံ၊ ဂေါတမော၊ ဂေါတမီ၊ ဂေါတမံ၊ ဝါသုဒေဝေါ၊ ဝါသုဒေဝီ၊ ဝါသုဒေဝံ၊ ဗာလဒေဝေါ၊ ဗာလဒေဝီ၊ ဗာလဒေဝံ၊ ဝေသာမိတ္တော၊ ဝေသာမိတ္တီ၊ ဝေသာမိတ္တံ။

* အပစ္စေ၊အပစ္စအနက်၌။ဏော၊ဏပစ္စည်းသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

* တဿ၊ထိုသူ၏။အပစ်္စံ၊သားတည်း။ဣတ္ထစ္စေတသ္မိ အတ္ထေ၊ဤအနက်၌။ဏပစ္စယော ဏပစ္စည်းသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ ။ ဝသိဋ္ဌဿ၊ဝသိဋ္ဌရသေ့၏။အပစ်္စံ၊သား တည်း။ဝါသိဋ္ဌော၊ဝသိဋ္ဌရသေ့၏သား။ဝါ၊တစ်နည်းကား။ဝသိဋ္ဌဿ၊၏။အပစ်္စံ၊သား။* ဝသိဋ္ဌဿ၊ဝသိဋ္ဌရသေ့၏။အပစ်္စံ၊သမီးတည်း။ဝါသိဋ္ဌီ၊ဝသိဋ္ဌရသေ့၏ သမီး။ * ဝသိဋ္ဌဿ၊ဝသိဋ္ဌရသေ့၏။အပစ်္စံ၊အမျိုးတည်း။ဝါသိဋ္ဌံ၊ဝသိဋ္ဌရသေ့၏ အမျိုး။ဧဝံ၊ဤအတူ။ * ဘာရဒ္ဝါဇော၊ဘာရဒ္ဝါဇမည်သောသူ၏ သား။ဘာရဒ္ဝါဇီ၊ဘာရဒ္ဝါဇမည်သောသူ၏ သမီး။ ဘာရဒ္ဝါဇံ၊ဘာရဒ္ဝါဇမည်သောသူ၏ အမျိုး။ * ဂေါတမော၊ဂေါတမမည်သောသူ၏ သား ဂေါတမီ၊ဂေါတမမည်သောသူ၏ သမီး။ဂေါတမံ၊ဂေါတမမည်သောသူ၏ အမျိုး။ * ဝါသုဒေဝေါ၊ဝါသုဒေဝ၏ သား။ ဝါသုဒေဝီ၊ဝါသုဒေဝ၏ သမီး။ဝါသုဒေဝံ၊ဝါသုဒေဝ၏ အမျိုး။ * ဗာလဒေဝေါ၊ဗလဒေဝ၏ သား။ဗာလဒေဝီ၊ဗလဒေဝ၏ သမီး။ဗာလဒေဝံ၊ ဗလဒေဝ၏ အမျိုး။ * ဝေသာမိတ္တော၊ဝေသာမိတ္တ၏သား။ဝေသာမိတ္တီ၊ဝေသာမိတ္တ၏ သမီး။ဝေသာမိတ္တံ၊ဝေသာမိတ္တ၏ အမျိုး။

➢ **ဝါ+ဏ+အပစ္စေ-ဟု (၃)ပုဒ်ရှိ၏ဟု ပစ္စယဝိဓိသုတ်။**

➢ **ဝါသိဋ္ဌော-ရူပ်တွက်** ။ ။ ဝါသိဋ္ဌော-ကို "ဝသိဋ္ဌဿ+အပစ္စံ" ဟုတည်၊ ဝါ ဏ ပစ္စေ-သုတ်ဖြင့် ဝသိဋ္ဌဿ-နောင် ဏ-ပစ္စည်းသက်၊[ဝသိဋ္ဌဿ+ဏ+အပစ္စံ] တေ သံ ဝိဘတ္တိယော လောပါစ-သုတ်၌ တေသံ-သဒ္ဒါဖြင့် တဒ္ဓိတ်၏ ဝိဘတ်တို့ကိုချေ၊ [ဝသိဋ္ဌသ်+ဏ+အပစ္စ] ဝုတ္တတ္ထာနမပွယောဂေါ-ဟူသော ပရိဘာသာ-အရ အပစ္စပုဒ် (သ) အာဂုံကိုချေ၊ တေသံ ဏော လောပ်-သုတ်ဖြင့် ဏ်-အနုဗန်ကိုချေ [ဝသိဋ္ဌ-အ] ဋ္ဌ-ခွင်း, ချေ, ကပ် [ဝသိဋ္ဌ] ဝုဒ္ဓါဒိသရဿ ဝါ သံယောဂန္တဿ သဏော့စ-သုတ်ဖြင့် ဝ-၏ အဆုံး အ-ကို အာဝုဒ္ဓိပြု [ဝါသိဋ္ဌ] တဒ္ဓိတသမာသကိတကာ နာမံဝါ တဝေတုနာ ဒိသုစ-သုတ်ဖြင့် ဝါသိဋ္ဌ-ဟူသော တဒ္ဓိတ်ပုဒ်ကို နာမ်ကိုကဲ့သို့ငဲ့၊ သိ-သက်၊ သော-ဟူသောသုတ်ဖြင့် သိဝိဘတ်ကို သြ-ပြု, ဋ္ဌ-ခွင်း, ချေ, ကပ်, ဝါသိဋ္ဌော-ပြီး၏။

http://www.dhammadownload.com



➢ **ဝါသိဒ္ဓော-ကို ပဒ-ပုဒ်, ပစ္စယ-ပစ္စည်း, ပစ္စယတ္ထ-ပစ္စည်းအနက်, ပစ္စယဝိဓိ-ပစ္စည်းသက်သောသုတ် ခွဲပုံ** ။ ။ ဝါသိဒ္ဓော၌ ပဒကား- ဝသိဒ္ဓပဒ, ပစ္စယကား- ဏပစ္စယ, ပစ္စယတ္ထကား- အပစ္စတ္ထ, ပစ္စယဝိဓိကား- ဝါဏပစ္စေသုတ် ဖြစ်ပါသည်။

➢ **နာမကဏ္ဏနောင် တဒ္ဓိတကဏ္ဏကို ဆိုရခြင်းအကြောင်း/သမာသ်ကျမ်း၏ အခြားမဲ့၌ တဒ္ဓိတ်ကျမ်းကို ဆိုရခြင်းအကြောင်း** ။ ။ ဝါသိဒ္ဓော-စသည်၌ ဏ-စသော် တဒ္ဓိတ်သည် ဝသိဒ္ဓသ အပစ္စ်-စသော ဝိဂ္ဂဟတို့တွင် သဒိဘတ်အဆုံးရှိသော ဝသိဒ္ဓသနာမ်ပုဒ်နောင် အပစ္စ-စသော အနက်ထူး၌ စီရင်သောကြောင့် နာမကဏ္ဏနောင် တဒ္ဓိတကဏ္ဏကို ဆိုရပါသည်။

➢ **တဒ္ဓိတ်ကို နာမ်ငဲ့ရခြင်းအကြောင်း** ။ ။ တဒ္ဓိတ်ပစ္စည်းတို့သည် ကတ္တား, ကံ-စသော သတ္တိအနက်ကိုဟော၍ ဒြဗ်ကိုမဟောသည့်အတွက် လိင်အမည်မရနိုင်သောကြောင့် လိင်အမည်ရရန် တဒ္ဓိတ်ကို နာမ်ငဲ့ရပါသည်။

➢ **တဒ္ဓိတ်မည်ပုံ** ။ ။ သုဒ္ဓနာမ်, သမာသ်နာမ်, တဒ္ဓိတ်ပစ္စည်းရှိသော နာမ်ဟု ဆိုအပ်သော လိင်သုံးမျိုးမှနောက်၌ ဆက်စပ်(ဝါ) သက်အပ်သောကြောင့် ဏ-စသော ပစ္စည်းများသည် တဒ္ဓိတ်မည်ပါသည်။ (တစ်နည်း) ထိုနာမ်တို့အား ကျေးဇူးများသဖြင့် ထိုနာမ်တို့၏ စီးပွားဖြစ်သော ပစ္စည်းများသည် တဒ္ဓိတ် မည်ပါသည်။

➢ **တဒ္ဓိတ-ဝိဂ္ဂဟ** ။ ။ တသ္မာ ဟိတာ တဒ္ဓိတာ၊ (ပဉ္စမီ တပ္ပုရိသ်)
(တစ်နည်း) တေသံ ဟိတာ တဒ္ဓိတာ၊ (ဆဋ္ဌီ တပ္ပုရိသ်)

➢ **တဒ္ဓိတ-အရ** ။ ။ ဏ-စသော ပစ္စည်းများကို ယူရပါမည်။

➢ **တဒ္ဓိတ-၌ တ-အရ နိပါတ်ပုဒ်များကို ယူနိုင်/မယူနိုင်** ။ ။ ဇာတာဒိန မိမိယာစသုတ်လာ ပစ္ဆိမော-စသည်၌ ပစ္ဆာ-စသော နိပါတ်ပုဒ်နောင် ဣမပစ္စည်း သက်သည်ကိုထောက်၍ တ-အရ နိပါတ်ပုဒ်များကို ယူနိုင်ပါသည်။

➢ **တဒ္ဓိတ-၌ တ-အရ** ။ ။ သုဒ္ဓနာမ်, သမာသ်နာမ်, တဒ္ဓိတ်ပစ္စည်းရှိသော နာမ်တို့၏ အပြားအားဖြင့် သုံးပါးသောနာမ် (ဝါ) သုံးပါးသော လိင်ကို ယူရပါမည်။

➢ **တဒ္ဓိတ်ပစ္စည်း ဆိုင်းထမ်းနည်း-ဟု ခေါ်ဆိုရပုံ** ။ ။ ဆိုင်းထမ်းသော သူသည် အလယ်၌နေ၍ ထမ်းသည်ရှိသော် ရှေ့ဆိုင်း နောက်ဆိုင်း နှစ်ဘက်ကို ဆောင်ယူနိုင်သကဲ့သို့ ဝါသိဒ္ဓော-၌ ဏပစ္စည်းသည် ဝသိဒ္ဓသ အပစ္စ်-ဟူသော် ဝါကျအခိုက်ဝယ် ဝသိဒ္ဓ-ဟူသော ရှေ့ပုဒ်၏သမ္ဗန်အနက်, အပစ္စ-ဟူသော နောက်ပုဒ်၏ ကရိဏ်းအနက်တို့ကို အလယ်မှနေ၍ဟောသောကြောင့် "တဒ္ဓိတ်ပစ္စည်း ဆိုင်းထမ်းနည်း"ဟု ခေါ်ဆိုရပါသည်။

➢ **ဥဒ်ကြာ ဟိ တဒ္ဓိတဝုတ္တိ-ဟူသော ပရိဘာသာ-အရ တဒ္ဓိတ်ပစ္စည်းတို့**

http://www.dhammadownload.com



**ဆန်းကြယ်စွာဖြစ်ပုံ** ။ ။ မာဂဓော-၌ ဏပစ္စည်းတစ်ခုတည်းကပင် "မဂဓေဟိ အာဂတော"ဟူသော ဝါကျအခိုက်၌ အာဂတအနက်၌သက်၏၊ "မဂဓေသု ဇာတော" ဟူသော ဝါကျအခိုက်၌ ဇာတအနက်၌သက်၏၊ "မဂဓာနံ ဣဿရော"ဟူသော ဝါကျအခိုက်၌ ဣဿရအနက်၌ သက်၏၊ "မဂဓာ အဿ နိဝါသော"ဟူသော ဝါကျအခိုက်၌ နိဝါသအနက်၌ သက်၏၊ ဤသို့ ဏပစ္စည်းတစ်ခုတည်းက အနက်များစွာ၌ သက်နိုင်ခြင်းသည် "တဒ္ဓိတ်ပစ္စည်းတို့ ဆန်းကြယ်စွာ" ဖြစ်ကြပါသည်။

➢ **တဒ္ဓိတ်အပြား ၃-ပါး** ။ ။ (၁) သာမညတဒ္ဓိတ်၊ (၂) အဇ္ဈယတဒ္ဓိတ်၊ (၃) ဘာဝတဒ္ဓိတ်တို့ ဖြစ်ပါသည်။

➢ **သာမညတဒ္ဓိတ် ၁၅-ပါး** ။ ။ (၁) ဂေါတ္တတဒ္ဓိတ်၊ (၂) သံသဋ္ဌာဒိ၊ (၃) ရာဂါဒိ၊ (၄) ဇာတာဒိ၊ (၅) သမူဟ၊ (၆) ဌာန၊ (၇) ဥပမာ၊ (၈) နိဿိတ၊ (၉) ဗဟုလ၊ (၁၀) ဝိသိဋ္ဌ(၁၁)တဒဿတ္ထိ၊ (၁၂) ပကတိ(၁၃) ပူရဏ၊(၁၄) သန္ဒါန(၁၅)ဝိဘာဂတဒ္ဓိတ်။

➢ **သာမညတဒ္ဓိတ် အပြား ၄-ပါး** ။ ။ ၁။ အပစ္စတဒ္ဓိတ်၊ ၂။ အနေကတ္ထတဒ္ဓိတ်၊ ၃။ အဿတ္ထိတဒ္ဓိတ်၊ ၄။ သန္ဒါနတဒ္ဓိတ်တို့ ဖြစ်ပါသည်။

➢ **ဘာဝတဒ္ဓိတ် ၅-ပါး** ။ ။ ၁။ ဒဗ္ဗဘာဝတဒ္ဓိတ်၊ ၂။ ဂုဏဘာဝတဒ္ဓိတ်၊ ၃။ ကြိယာဘာဝတဒ္ဓိတ်၊ ၄။ နာမဘာဝတဒ္ဓိတ်၊ ၅။ ဇာတိဘာဝတဒ္ဓိတ်တို့ ဖြစ်ပါသည်။

တိမိရံဝိယ ဒိဿတိ အဒုံ ဝန် တဒိဒံ တိမိရာယိတတ္တံ-၌ (က) အမိုက်မှောင်ခြင်း သည် ဥပမာန၊ [ကြွင်းတူ၏]

## ၃၅၈။ တန္နိဿိတတ္ထေ လော

"တန္နိဿိတတ္ထေ, တဒဿ ဌာန" မိစ္စေတသ္မိ အတ္ထေစ လပစ္စယော ဟောတိ

ဒုဋ္ဌ နိဿတံ ဒုဋ္ဌလ္လံ၊ ဝေဒံ နိဿိတံ ဝေဒလ္လံ၊ ဒုဋ္ဌ ဌာနံ ဒုဋ္ဌလ္လံ၊ ဝေဒဿ ဌာနံ ဝေဒလ္လံ။

* တန္နိဿိတတ္ထေစ၊ထိုကိုမှီ၏ဟူသောအနက်၌ဝင်း။တဒဿ ဌာနတ္ထေစ၊ထိုဝတ္ထု သည် ထိုကြိယာ၏ တည်ရာအကြောင်းဟူသော အနက်၌ဝင်း။လော၊လပစ္စည်းသည်။ ဟောတိ၊ဖြစ်၏။ ။ * တန္နိဿိတတ္ထေစ၊၌ဝင်း။တဒဿ ဌာန မိစ္စေတသ္မိ အတ္ထေစ၊၌ ဝင်း။လပစ္စယော၊လပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

ဒုဋ္ဌ။မကောင်းသည်ကို။နိဿိတံ၊မှီသည်တည်း။ဒုဋ္ဌလ္လံ၊မကောင်းသည်ကို မှီသည်။ * ဝေဒံ၊နှစ်သက်ခြင်းကို။နိဿိတံ၊တည်း။ဝေဒလ္လံ၊နှစ်သက်ခြင်းကို မှီသည်။ * ဒုဋ္ဌ။ မကောင်းသည်၏။ဌာနံ၊တည်ရာအကြောင်းတည်း။ဒုဋ္ဌလ္လံ၊မကောင်းသည်၏ တည်ရာ အကြောင်း။ * ဝေဒဿ၊နှစ်သက်ခြင်း၏။ဌာနံ၊တည်း။ဝေဒလ္လံ၊နှစ်သက်ခြင်း၏ တည် ရာ အကြောင်း။

➤ တန္နိဿိတတ္ထေ+လော-ဟု (၂) ပုဒ်ရှိသော ပစ္စယဝိဓိသုတ်။

➤ အတ္ထ-သဒ္ဒါ ပိုလွန်ပုံ ။ ။ တန္နိဿိတေ လော-ဟု ဆိုလျှင် လပစ္စ်းသက်ခြင်း ကိစ္စ ပြီးနိုင်လျက် အတ္ထ-သဒ္ဒါကို ဆိုခြင်းသည် ပိုလွန်ပါသည်။

➤ အတ္ထ-သဒ္ဒါ ထည့်ဆိုရခြင်းအကျိုး ။ ။ အတ္ထ-သဒ္ဒါဖြင့် ရှေ့သုတ်မှ တဒဿ ဌာန်-ဟူသော အနက်ကို ဆွဲယူခြင်း အနက်လွန်ကို ပြရခြင်းအကျိုးရှိသည်။(နိဒ္ဒေသ)

➤ ဌာနအနက်၌သက်သော တဒ္ဓိတ်ပစ္စည်းများ ။ ။ တဒဿ ဌာနမိဟောစ

http://www.dhammadownload.com



သုတ်ဖြင့် ကြယပစ္စည်း၊ (ပုံစံ) မဒနိယ်၊ တန္ဒိသိတတ္ထေလောသုတ်ဖြင့် လပစ္စည်း (ပုံစံ) ဒုဋ္ဌုလ္လဲ။

## ၃၅၉။ အာလု တဗ္ဗဟုလေ

အာလုပစ္စယော ဟောတိ တဗ္ဗဟုလတ္ထေ။ ။ အဘိဇ္ဈာ အဿ ပကတိ အဘိဇ္ဈာလု၊ အဘိဇ္ဈာ အဿ ဗဟုလာ ဝါ အဘိဇ္ဈာလု။ ဧဝံ သီတာလု၊ ဓဇာလု၊ ဒယာလု။ [သီတံ၊ ဓဇော အဿ ပကတိ ဓဇာလု၊ ဓဇော အဿ ဗဟုလာဝါ ဓဇာလု။ ဒယာ အဿ ပကတိ ဒယာလု၊ဒယာ အဿ ဗဟုလာဝါ ဒယာလု]

* တဗ္ဗဟုလေ၊ထိုသူအား ထိုတရားများ၏ဟူသော အနက်၌။အာလု၊အာလုပစ္စည်း သည်။ဟောတိ၊ဖြစ်၏။ ။ * တဗ္ဗဟုလတ္ထေ၊၌။အာလုပစ္စယော၊သည်။ဟောတိ၊၏။

အဿ၊ထိုသူ၏။ပကတိ၊ပင်ကိုယ်ရင်းသဘောစရိုက်ကား။အဘိဇ္ဈာ၊သူ့ဥစ္စာကိုရလို သမှူ ရှေ့ရှုကြဲခြင်းတည်း။ကြတိ၊ကျိုးနွံစပါးသော သတ္တိကြောင့်။အဘိဇ္ဈာလု၊[သူ့ဥစ္စာကို ရလိုသမှူ ရှေ့ရှုကြဲသသူ] မည်၏။ * အဿ၊ထိုသူအား။အဘိဇ္ဈာ၊အဘိဇ္ဈာသည်။ဗဟု လာ၊များ၏။ကြတိ၊ကြောင့်။အဘိဇ္ဈာလု၊[အဘိဇ္ဈာများသသူ] မည်၏။ဧဝံ၊ဤအတူ။ * သီတာလု၊ချမ်းအေးခြင်းများသသူ။ * ဓဇာလု၊တံခွန်အလံ များသသူ။ * ဒယာလု၊ သနားခြင်း ကရုဏာ များသသူ။

➢ အာလု+တဗ္ဗဟုလေ-ဟု (၂)ပုဒ်ရှိသော ပစ္စယဝိဓိသုတ်။

➢ တဗ္ဗဟုလ, အရ။ ။ တသ ဗဟုလံ တဗ္ဗဟုလံ-ဟု ဝစနတ္ထပြု၍ အဘိဇ္ဈာ-စသည်ကို ရသော်လည်း ဌာနူပစာအားဖြင့် ထိုအဘိဇ္ဈာရှိသူဟူသော အနက်တိုင်အောင် ယူရပါမည်။

➢ အာလုပစ္စည်း သက်ရာဌာန [ဝိသယ] ။ ။ အဘိဇ္ဈာ-အစရှိသော ပဋ္ဌာ ဝိဘတ်အဆုံးရှိသော ပုဒ်နောင် တဗ္ဗဟုလအနက်၌ အာလုပစ္စည်း သက်ရပါမည်။

## ၃၆၀။ ဏျတ္ထတာ ဘာဝေ တု

ဏျတ္ထတာက္ကစ္စေတေ ပစ္စယာ ဟောန္တိ ဘာဝတ္ထေ။ အလသဿ ဘာဝေါ အာလသျံ၊ အရောဂဿ ဘာဝေါ အာရောဂျံ၊ ပံသုကူလိကဿ ဘာဝေါ ပံသု ကူလိကတ္တံ၊ အနောဒရိကဿ ဘာဝေါ အနောဒရိကတ္တံ၊ သင်္ကာရာမဿ ဘာဝေါ သင်္ကာရာမတာ၊ နိဒ္ဒါရာမဿ ဘာဝေါ နိဒ္ဒါ ရာမတာ။

တုဋ္ဌဟဏောန တ္တနပစ္စယော ဟောတိ။ ပုထုဇ္ဇနတ္တံ၊ ဝေဒနတ္တံ။

* ဘာဝေ၊ဘောအနက်၌။ဏျတ္ထတာတု၊ဏျပစ္စည်း, တ္တပစ္စည်း, တာပစ္စည်းတို့သည် လည်း။ဟောန္တိ၊ဖြစ်ကုန်၏။ * ဘာဝတ္ထေ၊ဘောအနက်၌။ဏျတ္ထတာက္ကစ္စေတေပစ္စယာ၊

http://www.dhammadownload.com



တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

အလသဿ၊ပျင်းသောသူ၏။ဘာဝေါ၊ဖြစ်ကြောင်းတည်း။အာလသျံ၊ပျင်းသောသူ၏ဖြစ်ကြောင်း။ * အရောဂဿ၊အနာကင်းသူ၏။ဘာဝေါတည်း။အာရောဂျံ၊အနာကင်းသူ၏ဖြစ်ကြောင်း။ * ပံသုကူလိကဿ၊ပံသုကူ ဓုတင်ဆောင်ရဟန်း၏။ဘာဝေါတည်း။ပံသုကူလိကတ္တံ၊ပံသုကူ ဓုတင်ဆောင်ရဟန်း၏ဖြစ်ကြောင်း။ * အနောဒရိကဿ၊ငယ်သောဝမ်း (ဝမ်းဗိုက်) ရှိသောသူ၏။ဘာဝေါတည်း။အနောဒရိကတ္တံ၊ငယ်သောဝမ်းရှိသူ၏ဖြစ်ကြောင်း။ * သဂၢိကာရာမဿ၊အပေါင်းအဖော်နှင့် မွေ့လျော် (ပျော်ပိုက်) သူ၏ဘာဝေါတည်း။သဂၢိကာရာမတာ၊အပေါင်းအဖော်နှင့် မွေ့လျော်သူ၏ဖြစ်ကြောင်း။ * နိဒ္ဒါရာမဿ၊အိပ်ခြင်း၌မွေ့လျော်သူ (အအိပ်ကြိုးသူ) ၏။ဘာဝေါ၊ဖြစ်ကြောင်းတည်း။ နိဒ္ဒါရာမတာ၊အိပ်ခြင်း၌မွေ့လျော်သူ၏ဖြစ်ကြောင်း။

**တုဋ္ဌဟကောန**၊တုသဒ္ဓါဖြင့်။တ္တာနုပဓ္ဓယော၊တ္တာနုပဓ္ဓည်းသည်။ဟောတိ၊ဖြစ်၏။ပုထုဇ္ဇနတ္တာနံ၊ပုထုဇဉ်၏ဖြစ်ကြောင်း။ဝေဒနတ္တာနံ၊ဝေဒနာ၏ဖြစ်ကြောင်း။

➢ **ဏျတ္တတာ+ဘာဝေ+တု-ဟု (၃)ပုဒ်ရှိသော ပစ္စယဝိဓိသုတ်။**

➢ **ဘာဝမည်ပုံ။** ။ အသိဉာဏ်သဒ္ဓါဖြစ်ရာဖြစ်သောကြောင့် ဇာတ်-စသည်သည် ဘာဝမည်ပါသည်။

➢ **ဘာဝ, အရ။** ။ [အသိဉာဏ်နှင့်သဒ္ဓါဖြစ်ပေါ်ရာ ဇာတ်, ဂုဏ်, ကြိယာ, ဒြဗ်, သမ္ဗန်, နာမ်-စသော]-သဒ္ဒပဝတ္တိနိမိတ်တို့ကို ယူရပါမည်။

➢ **တုသဒ္ဓါ၏အနက်။** ။ တုသဒ္ဓါသည် အဝုတ္တသမုစ္စည်းအနက်ရှိပါသည်။

➢ **တုသဒ္ဓါ ထည့်ဆိုရကျိုး။** ။ (ကစ္စည်းအလို) တုသဒ္ဓါဖြင့် ပုထုဇ္ဇနတ္တာနံ, ဝေဒနတ္တာနံ-တို့ဝယ် ဘောအနက်၌ တ္တာနုပဓ္ဓည်း သက်ရခြင်း, အကျိုးရှိပါသည်။

(**ရူပသိဒ္ဓိအလို**) တုသဒ္ဓါဖြင့် ပုထုဇ္ဇနဿ ဘာဝေါ ပုထုဇ္ဇနတ္တာနံ, သုစိဿ ဘာဝေါ သောစေယျံ-စသော ပြယုဂ်တို့ဝယ် ဘာဝအနက်၌ တ္တာနုပဓ္ဓည်း ဏေယျုပစ္စည်း သက်ရခြင်းအကျိုးရှိပါသည်။

➢ **ယောဂဝိဘာဂ/ဏျတ္တတာ-ဟု သုတ်ခွဲ၍ တည်ရကျိုး။** ။ ဏျတ္တတာယောဂဝိဘာဂဖြင့် ဝိရာနံ ကမ္မံ ဝိရိယံ, ယထာဘူတမေဝ ယထာဘူစ္စံ-ပြယုဂ်တို့ဝယ် ကမ္မအနက်, သကတ်အနက်တို့၌လည်း ဏျပစ္စည်း သက်နိုင်ပါသည်။

➢ **တဒ္ဓိတ်ဏျမ်းလာ ဏျ-ပစ္စည်းသက်နိုင်သော အနက်များ** ။ ။ ၁။ အပစ္စ (ပုတ္တ)အနက် (ပုံစံ) အဓိတိယာ ပုတ္တော အာဒိစ္စော၊ ၂။ သာဓုအနက်(ပုံစံ) ပရိသာယံ သာဓု ပါရိသဇ္ဇော၊ ၃။ ဘာဝအနက် (ပုံစံ) အလသဿ ဘာဝေါ အာလသျံ၊ ၄။ ကမ္မအနက် (ပုံစံ) ဝိရာနံ ကမ္မံ ဝိရိယံ၊ ၅။ သကတ်အနက် (ပုံစံ) ယထာဘူတမေဝ ယထာ

http://www.dhammadownload.com



ဘုန်စွဲ တို့ဖြစ်ပါသည်။

➢ **ဤသုတ်ဖြင့် သက်သော ပစ္စည်းတို့၏လိင်။** ။ ဇာ, တ္တ, တ္တနပစ္စည်းများသည် အမြဲ နပုလ္လိင်။ တာပစ္စည်းသည် အမြဲ ဣတ္ထိလိင်ဖြစ်ပါသည်။

➢ **ဇာပစ္စည်း၏ သက်ရာဌာန [ဝိသယ]** ။ ။ ဇာပစ္စည်းသည် ဝိသေသနဝုက်ကို ဆိုလိုရာ၌ ပြာဟွဇာ-စသော သဒ္ဒါနောင် သက်ပါသည်။

➢ **ဇာတ္တာတာ ပစ္စည်းများသက်ရာဌာန [ဝိသယ]** ။ ။ အလသ-စသော ဆဋ္ဌီဝိဘတ်အဆုံးရှိသော လိင်နောင် ဘောအနက်၌ ဇာ, တ္တ, တာပစ္စည်းများ သက်ပါသည်။

## ၃၆၁။ ဇာ ဝိသမာဒီဟိ

ဇာပစ္စယော ဟောတိ ဝိသမာဒီဟိ 'တဿ ဘာဝေါ' ဣစ္စေတသ္မိဘဏ္ဍေ။

ဝိသမဿ ဘာဝေါ ဝေသမံ၊ သုစိဿ ဘာဝေါ သောစံ။

* ဘာဝေ၊ဘောအနက်၌။ဝိသမာဒီဟိ၊ဝိသမ-အစရှိသော သဒ္ဒါတို့မှ။ပရေ၊နောက်၌။ဇာ၊ဇာပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ * တဿ၊ထိုအရာ၏။ဘာဝေါ၊ဖြစ်ကြောင်းတည်းဣစ္စေတသ္မိအတ္ထေ၊ဤအနက်၌။ဝိသမာဒီဟိ၊တို့မှ။ပရေ၌။ဇာပစ္စယော၊သည်။ဟောတိ၊၏၊ ဝိသမဿ၊မညီညွတ်သည်၏။ဘာဝေါ၊တည်း။ * ဝေသမံ၊မညီညွတ်သည်၏ဖြစ်ကြောင်း။ * သုစိဿ၊စင်ကြယ်သူ၏။ဘာဝေါ၊တည်း။သောစံ၊စင်ကြယ်သူ၏ဖြစ်ကြောင်း။

➢ **ဇာ+ဝိသမာဒီဟိ-ဟု (၂)ပုဒ်ရှိသော ပစ္စယဝိဓိသုတ်။**

➢ **အာဒိ (ဝါ) အာဒိဝန္တ, အရ။** ။ (ကစ္စည်းအလို) သုစိသဒ္ဒါကို ယူရပါမည်။ (ရူပသိဒ္ဓိအလို) ဇာပစ္စည်းသက်လျှင်-ဂရု, ကဋ္ဌ, ဥဇု, မုဒု, ဥသဘ, ကုမာရ, ယုဝ, ပရမ, သမဂ္ဂ-စသော သဒ္ဒါတို့ကို ယူရမည်။ တ္တပစ္စည်းသက်လျှင်-သုစိသဒ္ဒါကို ယူရပါ မည်။ တာပစ္စည်းသက်လျှင်-သုစိ, ဥဇု, မုဒု-စသော သဒ္ဒါတို့ကို ယူရပါမည်။

➢ **ဤသုတ်ဖြင့် ဝိသမသဒ္ဒါနောင် တ္တ-တာပစ္စည်းများ သက်နိုင်ခြင်း အကြောင်း။**

ဇာတ္တာတာ ဘာဝေတု-သုတ်မှ တ္တ, တာပုဒ်များ လိုက်လာသောကြောင့် ဤသုတ်ဖြင့် ဝိသမသဒ္ဒါနောင် တ္တ, တာပစ္စည်းများ သက်နိုင်ပါသည်။

➢ **ဇာပစ္စည်း သက်ရာဌာန [ဝိသယ]** ။ ။ ဇာပစ္စည်းသည် ဝိသမ-စသော ဆဋ္ဌီဝိဘတ်အဆုံးရှိသော ပုဒ်တို့နောင် သက်ပါသည်။

## ၃၆၂။ ရမဏီယာဒီတော ကဏ်

ရမဏီယဣစ္စေဝမာဒီတော ကဏ် ပစ္စယော ဟောတိ 'တဿ ဘာဝေါ' ဣစ္စေတသ္မိဘဏ္ဍေ။

ရမဏီယဿ ဘာဝေါ ရာမဏီယကံ၊ မနုဉ်ဿ ဘာဝေါ မနုဉ်ကံ။

http://www.dhammadownload.com



* ဘာဝေါဘောအနက်၌။ရမဏီယာဒိတော၊ရမဏီယ-အစရှိသော သဒ္ဒါမှ။ပရေ နောက်၌။ကဏ်၊ကဏ်ပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ ။ * တဿ၊ထိုသူ၏။ဘာဝေါ ဖြစ်ကြောင်းတည်း။ဣတ္ထေတသ္မိ အတ္ထေ၊ဤအနက်၌။ရမဏီယ ဣတ္ထစ္ဆေဝမာဒိတော၊ ရမဏီယ-အစရှိသော သဒ္ဒါမှ။ပရေ၌။ကဏ်ပစ္စယော၊ကဏ်ပစ္စည်းသည်။ဟောတိ၊၏။

ရမဏီယဿ၊မွေ့လျော်ဖွယ်၏။ဘာဝေါ၊ဖြစ်ကြောင်းတည်း။ရာမဏီယကံ၊မွေ့ လျော်ဖွယ်၏၊ဖြစ်ကြောင်း။ * မနုညဿ၊နှစ်သက်ဖွယ်၏။ဘာဝေါ၊ဖြစ်ကြောင်းတည်း။ မာနုညကံ၊နှစ်သက်ဖွယ်၏ ဖြစ်ကြောင်း။

➢ **ရမဏီယာဒိတော+ကဏ်-ဟု (၂)ပုဒ်ရှိသော ပစ္စယဝိဓိသုတ်။**

➢ **အာဒိ/အာဒိဝန္ဆ-အရ** ။ ။ (ကစ္စည်းအလို) မနုညသဒ္ဒါကို ယူရပါမည်။

(ရူပသိဒ္ဓိ-အလို) မနုည, ဝိယ, ရူပ, ကလျာဏ, စောရ, အမှု-စသော သဒ္ဒါတို့ကို ယူရပါမည်။ ➢ **ဏ-အနုဝန်ထည့်ဆိုရခြင်း၏ဂုဏ်** ။ ။ အသံယောဂန္တသရကို ဝုဒ္ဓိပြုရခြင်း အကျိုးရှိပါသည်။

➢ **ဤသုတ်ဖြင့် ဏ္ဍ+တာပစ္စည်းလည်း သတ်နိုင်ခြင်းအကြောင်း**။ ။ ဏ္ဍတ္တ တာ ဘာဝေတုသုတ်မှ ဏ္ဍတာ-ဟူသောပုဒ် လိုက်လာသောကြောင့် သက်နိုင်ပါသည်။

➢ **ဘာဝတဒ္ဓိတ်ကို သာမညတဒ္ဓိတ်အလယ်၌ ဆိုရခြင်းအကြောင်း**

သာမညတဒ္ဓိတ်၌လာသော ဏိက, ဏ, ဏိယ-စသော ပစ္စည်းတို့ကို တုသဒ္ဒါဖြင့် သိမ်းယူလိုသောကြောင့် ဘာဝတဒ္ဓိတ်ကို သာမညတဒ္ဓိတ်အလယ်၌ ဆိုရပါသည်။

➢ **ဘာဝတဒ္ဓိတ်၌ စီရင်သောသုတ်များ**

➢ **ဘာဝတ္ထ (ဘောဇနက်)၌ သတ်သောသုတ်နှင့် ပစ္စည်းများ**

(ကစ္စည်း-အလို) ၁။ ဏ္ဍတ္တတာ ဘာဝေ တုသုတ်ဖြင့် ဏ္ဍ, တ္တ, တာပစ္စည်း၊ ၎င်းသုတ် တု-သဒ္ဒါဖြင့် တ္တနပစ္စည်း၊ ၂။ ဏ ဝိသမာဒိဟိ-သုတ်ဖြင့် ဏပစ္စည်း၊ ၃။ ရမဏီယာဒိတော ကဏ်-သုတ်ဖြင့် ကဏ်ပစ္စည်းတို့ ဖြစ်ပါသည်။

(ရူပသိဒ္ဓိ-အလို) ၁။ ဏ္ဍတ္တတာ ဘာဝေ တုသုတ်ဖြင့် ဏ္ဍ, တ္တ, တာပစ္စည်း၊ ၎င်း သုတ် တု-သဒ္ဒါဖြင့် တ္တနပစ္စည်း, ဏေယျပစ္စည်း၊ ၂။ ဏ ဝိသမာဒိဟိ-သုတ်ဖြင့် ဏ ပစ္စည်း, တ္တပစ္စည်း, တာပစ္စည်း၊ ၃။ ရမဏီယာဒိတော ကဏ် သုတ်ဖြင့် ကဏ်ပစ္စည်း, တ္တပစ္စည်း, တာပစ္စည်းတို့ ဖြစ်ပါသည်။

## ၃၆၃။ ဝိသေသေ တရ တမိ သိကိယိဋ္ဌာ

ဝိသေသတ္ထေ တရ တမ ဣသိက ဣယ ဣဋ္ဌ ဣစ္ဆေတေ ပစ္စယာ ဟောန္တိ

သတ္ထေ ဣမေ ပါပါ, အယမိမေသံ ဝိသေသေန ပါပေါတိ ပါပတရော၊ ဧဝံ ပါပ... ...ာ၊ ပါပိသိကော၊ ပါပိယော၊ ပါပိဋ္ဌော။

http://www.dhammadownload.com



* ဝိသေသေ၊ဝိသေသအနက်၌။တရ တမိသိကိယိဋ္ဌာ၊တရ, တမ, ဣသိက, ဣယ, ဣဋ္ဌ ငါးပစ္စည်းတို့သည်။ဟောန်ကြိုဖြစ်ကုန်၏။ (ဝုတ္တိအနက်လွယ်ပြီ)

သဗ္ဗေ၊ခပ်သိမ်းကုန်သော။ဣမေ၊ဤသူတို့သည်။ပါပါ၊ယုတ်မာကုန်၏။အယံ၊ဤသူသည်။ဣမေသံ၊ဤယုတ်မာသူတို့တွင်။(ဓါ) ယုတ်မာသူတို့အောက်။ဝိသေသေန၊အထူး အချွန်အားဖြင့်။ပါပေါ၊ယုတ်မာ၏။ဣတိ၊ဤနှစ်ပါးသော သတ္တိကြောင့်။ပါပတရော၊ယုတ်မာသောသူတို့အောက် အထူးအချွန်အားဖြင့် ယုတ်မာသူ၊ မည်၏။ ဧဝံ၊ဤအတူ။ ပါပတရော၊ပါဝိသိကော၊ပါဝိယော၊ပါဝိဋ္ဌော၊ထူးချွန်ယုတ်မာသူ။

➢ **ဝိသေသေ+တရတမိသိကိယိဋ္ဌာ[တရ တမ+ဣသိက+ဣယ+ဣဋ္ဌာ] ဟု (၂)ပုဒ် ရှိသော ပစ္စယဝိဓိသုတ်။**

➢ **ဝိသေသတဒ္ဓိတ်၌ စီရင်သောသုတ်- ဝိသေသေ တရတမိသိကိယိဋ္ဌာ**

➢ **ဝိသေသတ္ထ (ဝိသေသအနက်)၌ သတ်သော ပစ္စည်းများ ။ ။ တရ, တမ, ဣသိက, ဣယ, ဣဋ္ဌ ငါးပစ္စည်းတို့ ဖြစ်ပါသည်။**

➢ **ဝိသေသအနက်၌ ပစ္စည်းသက်ပြီးပုဒ်နောင် တစ်ဖန်ထပ်၍ ဝိသေသ-အနက်၌ ပစ္စည်းသက်နိုင်ခြင်းအကြောင်း ။ ။** ပါပ-ဟူသောပုဒ်နောင် ဝိသေသ အနက်၌ ဣဋ္ဌပစ္စည်းသက်၍ ပါဝိဋ္ဌော-ဖြစ်၏၊ ထိုပါဝိဋ္ဌပုဒ်နောင် ဝိသေသအနက်၌ ပင် တရပစ္စည်း တမပစ္စည်းသက်၍ ပါဝိဋ္ဌတရော, ပါဝိဋ္ဌတမော-ဟု ဖြစ်လာနိုင်၏၊ ထို့ကြောင့် သက်နိုင်ပါသည်။

## ၃၆၄။ တဒဿတ္ထိတိ ဝိစ

'တဒဿတ္ထိ' ဣဿစွေတသို့ အတ္ထေ ဝိပစ္စယော ဟောတိ။ ။ မေဓာ ယဿ အတ္ထိ, တသို့ ဝါ ဝိဇ္ဇတိတိ မေဓာဝီ၊ ဧဝံ မာယာဝီ။ စဂ္ဂဟဏေန သော ပစ္စယော ဟောတိ။ သုမေဓာ ယဿ အတ္ထိ, တသို့ ဝါ ဝိဇ္ဇတိတိ သုမေဓသော။

* တံ၊ထိုဝတ္ထုသည်။အဿ၊ထိုသူအား။အတ္ထိ၊ရှိ၏။ဣဿတိအတ္ထေ၊ဤအနက်၌။ဝိစ၊ ဝိပစ္စည်းသည်လည်း။ဟောတိ၊ဖြစ်၏။ ။ * တံ၊သည်။အဿ၊အား။အတ္ထိ၊၏။ဣဿစွေတသို့ အတ္ထေ၊ဤအနက်၌။ဝိပစ္စယော၊ဝိပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

ယဿ၊အကြင်သူအား။မေဓာ၊ပညာသည်။အတ္ထိ၊ရှိ၏။ဝါ၊တစ်နည်းကား။တသို့၊ထိုသူ၌။မေဓာ၊ပညာသည်။ဝိဇ္ဇတိ၊ရှိ၏။ဣတိ၊ဤနှစ်ပါးသော သတ္တိကြောင့်။မေဓာဝီ၊ ပညာများသူ၊ မည်၏။ဧဝံ၊ဤအတူ။ * မာယာဝီ၊မာယာများသူ။ ➢ စဂ္ဂဟဏေန၊စသဒ္ဒါ ဖြင့်။သောပစ္စယော၊သောပစ္စည်းသည်။ဟောတိ၊၏။ * ယဿ၊အကြင်သူအား။သုမေဓာ၊ ကောင်းသော ပညာသည်။အတ္ထိ၊ရှိ၏။ဝါ၊တစ်နည်းကား။တသို့၊ထိုသူ၌။သုမေဓာ၊သည်။ ဝိဇ္ဇတိ၊၏။ဣတိ၊ကြောင့်။သုမေဓသော၊[ကောင်းသော ပညာရှိသူ] မည်၏။

http://www.dhammadownload.com



➢ **တံ+အဿ+အတ္ထိ+ဣတိ+ဝိ+စ-ဟု (၆)ပုဒ်ရှိသော ပစ္ဆယဝိဓိသုတ်။**

➢ **ဝိပစ္စည်းသက်ရာဌာန** ။ ။ ဝိပစ္စည်းသည် ပဌမာဝိဘတ်အဆုံးရှိသော မဓာ မာယာ-စသော သဒ္ဒါတို့နောင် အဿတ္ထိအနက်၌ သက်ပါသည်။

➢ **မဓာဝိနိ-၌ ဣနိပစ္စည်းသက်ရခြင်းအကြောင်း** ။ ။ ဤ-အက္ခရာ အဆုံးရှိ သောကြောင့် ပတိဘိက္ခုရာဇိကာရန္တေဟိ ဣနိသုတ်ဖြင့် ဣနိပစ္စည်း သက်ရပါသည်။

➢ **ဘဒ္ဒဿတ္ထိဆိ ဝိစ-ဟု ဣတိ-သဒ္ဒါဖြင့် သုတ်တည်ရကျိုး** ။ ။ ဝိပစ္စည်း သည် ဘဒ္ဒဿတ္ထိ-ဟူသော ဝါစ္စတ္ထ-မှတစ်ပါး ပဟူတ, ပသံသ, အတိသယ, နိစ္စယောဂ, သံသဂ္ဂ-ဟူသော ဇောတကတ္ထကို ထွန်းပြသေး၏ဟု ညွှန်ပြခြင်းအကျိုး ရှိပါသည်။

➢ **စသဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် သမုစ္စည်းအနက် ဖြစ်ပါသည်။

➢ **စသဒ္ဒါ ဆိုရခြင်းအကျိုး** ။ ။ (ကစ္စည်းအလို) စသဒ္ဒါဖြင့် သုမေဓသော-ဝယ် အဿတ္ထိအနက်၌ သောပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။ **(ရူပသိဒ္ဓိအလို)** စသဒ္ဒါဖြင့် သုမေဓသော, ပိစ္ဆိလော, ကေသဝေါ, ဝါစာလော ပြယုဂ်တို့၌ သောပစ္စည်း, ဏ္ဍလပစ္စည်း, ဝပစ္စည်း, အာလပစ္စည်း သက်ရခြင်း အကျိုးရှိပါသည်။

➢ **ရူပသိဒ္ဓိ-အလို စသဒ္ဒါဖြင့် သက်နိုင်သော ပစ္စည်းများ** ။ ။သောပစ္စည်း, (ပုံစံ) သုမေဓသော၊ ဏ္ဍလပစ္စည်း (ပုံစံ) ပိစ္ဆိလော၊ ဝပစ္စည်း(ပုံစံ)ကေသဝေါ အာလပစ္စည်း(ပုံစံ) ဝါစာလော- တို့ဖြစ်ပါသည်။

## ၃၆၅။ တပါဒိတော သိ

တပါဒိတော သိပစ္စယော ဟောတိ 'တဒဿတ္ထိ' ဏ္ဍစ္စေတသို့ အတ္ထေ။ တပေါ ယဿ အတ္ထိ, တသို့ ဝါ ဝိဇ္ဇတိတိ တပဿီ။ ဧဝံ ယသဿီ၊ တေဇဿီ။

[ယသော၊တေဇော ယဿ အတ္ထိ, တသို့ ဝါ ဝိဇ္ဇတိတိ တေဇဿီ]

* တံ၊ထိုဝတ္ထုသည်။အဿ၊ထိုသူအား။အတ္ထိ၊ရှိ၏။ဏ္ဍတိအတ္ထေ၊ဤအနက်၌။တပါဒိတော၊တပ-အစရှိသော သဒ္ဒါမှ။ပရေ၊နောက်၌။သိ၊သိပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ [ဝုတ္တိအနက်လွှယ်ပြီ] * ယဿ၊အကြောင်းရသေ့အား။တပေါ၊ခြိုးခြံသော အကျင့်သည်။ အတ္ထိ၊ရှိ၏။ဝါ၊တစ်နည်းကား။တသို့၊ထိုရသေ့၌။တပေါ၊သည်။ဝိဇ္ဇတိ၊ရှိ၏။ဏ္ဍတိ၊ဤနှစ်ပါး သော သတ္တိကြောင့်။တပဿီ၊[ခြိုးခြံသော အကျင့်ရှိသော ရသေ့]မည်၏။ဧဝံ၊ဤအတူ ယသဿီ၊အခြံအရံရှိသည်။တေဇဿီ၊တန်ခိုးရှိသည်။

➢ **တပါဒိတော+သိ-ဟု (၂)ပုဒ်ရှိသော ပစ္ဆယဝိဓိသုတ်။**

➢ **အာဒိ (ဝါ) အာဒိဝန္တ, အရ** ။ ။ တပသဒ္ဒါနှင့် မနောဂိုဏ်းခြင်းတူသော ယသ, တေဇ-စသော သဒ္ဒါတို့ကို ယူရပါမည်။

➢ **ဿီ/တပဿီ-ပါဠိနှစ်မျိုး အဆုံးအဖြတ်** ။ ။ "တပါဒိတော သက်သော

http://www.dhammadownload.com



သီမှာ ဒွေဘော်လာ"ဟူသော နိယံနှင့်အညီ တပါဒိတောသီ-သုတ်ဖြင့်သက်သော သီ-ပစ္စည်းကို ဒွေဘော်လာရမည်ဖြစ်သောကြောင့် တပသီ-ပါဠိသာ မှန်ပါသည်။

## ၃၆၆။ ဒဏ္ဍာဒိတော ဣက ဤ

ဒဏ္ဍာဒိတော ဣက ဤဣစ္စေတေပစ္စယာ ဟောန္တိ 'တဒဿတ္ထိ' ဣစ္စေတသ္မိ အတ္ထေ။ ဒဏ္ဍော ယဿ အတ္ထိ, တသ္မိဝါ ဝိဇ္ဇတိတိ ဒဏ္ဍီကော၊ ဒဏ္ဍီ။ ဇဝံ မာလိကော၊ မာလီ။ [မာလာ ယဿ အတ္ထိ တသ္မိဝါ ဝိဇ္ဇတိတိ မာလိကော၊ မာလီ]

* တဒဿတ္ထိတိ အတ္ထေ၊တံ အဿ အတ္ထိ-ဟူသော အနက်၌။ဒဏ္ဍာဒိတော၊ဒဏ္ဍ-သဒ္ဒါ အတူရှိသော အဝဏ္ဏန္တသဒ္ဒါမှ။ပရေနောက်၌။ဣက ဤ၊ဣကပစ္စည်း, ဤပစ္စည်း တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ (ဝုတ္တိအနက်လွယ်ပြီ)

ယဿ၊အကြင်သူအား။ဒဏ္ဍော၊တုတ်(တောင်ဒေါင်း)သည်။အတ္ထိ၊ရှိ၏။ဝါ၊တစ်နည်းကား။တသ္မိ၊ထိုသူ၌။ဒဏ္ဍော၊တုတ်(တောင်ဒေါင်း)သည်။ဝိဇ္ဇတိ၊ရှိ၏။ဣက၊ဤ၌နှစ်ပါးသော သတ္တိကြောင့်။ဒဏ္ဍီကော၊ဒဏ္ဍီ၊တုတ်တောင်ဒေါင်းရှိသောသူ၊မည်၏။ဇဝံ၊ဤအတူ။မာလိကော၊မာလီ၊ပန်းကုံးရှိသည်။

➤ ဒဏ္ဍာဒိတော+ဣက ဤ-ဟု (၂)ပုဒ်ရှိသော ပစ္စယဝိဓိသုတ်။

➤ ဣက ဤ ပစ္စည်းများနှင့် တွဲဖက်သင့်သော ပုဒ်များ ။ ။ ဒဏ္ဍ, မာလာ, ဆတ္တ, ရူပ, ကေသာ, သံယ, ဉာဏ, ဟတ္ထ-စသော အဝဏ္ဏန္တပုဒ်များ ဖြစ်ပါသည်။

➤ အာဒိ/အာဒိဝန္တ-အရ ။ ။ အာဒိ-သဒ္ဒါသည် အတူဟူသော ပကာရအနက်ကို ဟောသောကြောင့် ဒဏ္ဍ-သဒ္ဒါနှင့် အဝဏ္ဏန္တချင်းတူသော မာလာ, ဆတ္တ, ရူပ, ကေသာ, သံယ, ဉာဏ, ဟတ္ထ-စသော သဒ္ဒါတို့ကို ယူရပါမည်။

➤ ဣက-ဤ ပစ္စည်းသက်ရာဌာန ။ ။ ဒဏ္ဍ-အစရှိသော အဝဏ္ဏန္တသဒ္ဒါနောင် ဣက, ဤ ပစ္စည်းများ သက်ရပါမည်။

➤ ယောဝဝိဘာဝ/ဣက ဤ-ဟု သုတ်ခဲ့၍ ဓာဉ်ရကျိုး ။ ။ ဣက ဤ-ဟူသော ဒွိဓာကရဏ ယောဝဝိဘာဝဖြင့် သမ္ဘာဒိဌ် ယဿ အတ္ထိတိ သမ္ဘာဒိဌိကော-ဌ် သမ္ဘာဒိဌိကော-ဝယ် ဣကဝဏ္ဏန္တပုဒ်နောက်၌လည်း ဣက ဤ ပစ္စည်းသက်နိုင်ပါသည်။

## ၃၆၇။ မဓွာဒိတော ရော

မဓုဣစ္စေဝမာဒိတော ရပစ္စယော ဟောတိ 'တဒဿတ္ထိ' ဣစ္စေတသ္မိ အတ္ထေ။

မဓု ယဿ အတ္ထိ-တသ္မိ ဝါ ဝိဇ္ဇတိတိ မဓုရော၊ ဇဝံ ကုဥ္ဇရော၊ မုဂ္ဂရော၊ မုခရော၊ သုသိရော၊ သီသရော၊ သုကရော၊ သုက်ရော၊ သုဘရော၊ သုစိရော၊ ရုစိရော။ [ကုဥ္ဇော၊ မုဂ္ဂံ၊ မုခံ၊ သုသိ၊ သီသံ၊ သုကံ၊ သုက်၊ သုဘံ၊ သုစိ၊ ရုစိ။]

http://www.dhammadownload.com



* တဒဿတ္ထိတိ အတ္ထော၊တဲ့ အဿ အတ္ထိ-ဟူသော အနက်၌။မတ္တာဒိတော၊မခု-အစရှိသော သဒ္ဒါမှ။ပရေ၊နောက်၌။ရော၊ရပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ (ဝုတ္တိအနက် လွယ်ပြီ) * ယဿ၊အကြင်တင်လဲအား။မခုရော၊ချိုသော အရသာသည်။အတ္ထိ၊ရှိ၏။ ဝါ၊တစ်နည်းကား။တသ္မိ၊ထိုတင်လဲ၌။မခု၊သည်။ဝိဇ္ဇတိ၊ရှိ၏။ကွတိ၊ကျွန်စပါးသော သတ္တိ ကြောင့်။မခုရော၊ချိုသော အရသာရှိသော တင်လဲမည်၏။ဇဝံ၊ဤအတူ။ * ကုဥ္ဇရော၊ မေးရှိသော ဆင်။ *မုဂ္ဂရော၊ပဲနောက်ရှိသူ။ * မုခရော၊နှုတ်ထွက်ကြမ်းသော သူ။(ဝါ) စကားများသောသူ။ * သုသိရော၊အခေါင်းရှိသော သစ်ပင်။ * သီသရော၊ဦးခေါင်းရှိသူ * သုကရော၊မြားရှိသူ။ * သုကံရော၊ကင်းခွန်ရှိသူ။ * သုဘရော၊တင့်တယ်ခြင်း ရှိသသူ * သုစိရော၊စင်ကြယ်ခြင်းရှိသသူ။ * ရုစိရော၊အရောင်ရှိသသူ။

➢ **မတ္တာဒိတော[မခု+အာဒိတော]+ရော-ဟု (၂)ပုဒ်ရှိသော ပစ္စယဝိဓိသုတ်။**

➢ **ရပစ္စည်းသက်ရာဌာန** ။ ။ ဝုဏ်ဖြင်ဖြင့် ဖြင်ကို အထူးပြုခြင်း အဿတ္ထိ အနက်၌ ရပစ္စည်းသက်ရပါမည်။

➢ **အာဒိ/အာဒိဝန္ဆ-အရ** ။ ။ ကုဥ္ဇ, မုဂ္ဂ, မုခ, သုသိ, သီသ, သုက, သုကံ, သုဘ, သုစိ, ရုစိ-စသော သဒ္ဒါများကို ယူရပါမည်။

## ၃၆၈။ ဝုဏာဒိတော ဝန္ဆ

ဝုဏာဏ္ဏစ္စေဝမာဒိတော ဝန္ဆပစ္စယော ဟောတိ 'တဒဿတ္ထိ' ဏ္ဏစ္စေတသ္မိ အတ္ထေ။ **ဝုဏော** ယဿ အတ္ထိ တသ္မိ ဝါ ဝိဇ္ဇတိတိ ဝုဏဝါ၊ ဇဝံ ယသဝါ၊ ဓနဝါ၊ ပညဝါ၊ ဗလဝါ၊ ဘဂဝါ။ [ယသော၊ ဓနံ၊ ပညာ၊ ဗလံ၊ ဘဂံ]

* တဒဿတ္ထိတိ အတ္ထော၊တဲ့ အဿ အတ္ထိ-ဟူသော အနက်၌။ဝုဏာဒိတော၊ဝုဏ-အစရှိသော သဒ္ဒါမှ။ပရေ၊နောက်၌။ဝန္ဆ၊ဝန္ဆပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ (ဝုတ္တိအနက် လွယ်ပြီ) * ယဿ၊အကြင်သူအား။ဝုဏော၊ဝုဏ်သည်။အတ္ထိ၊ရှိ၏။ဝါ၊တစ်နည်းကား။ တသ္မိ၊ထိုသူ၌။ဝုဏော၊ဝုဏ်သည်။ဝိဇ္ဇတိ၊ရှိ၏။ကွတိ၊ကျွန်စပါးသော သတ္တိကြောင့်။ဝုဏ ဝါ၊[ဝုဏ်ရှိသသူ]မည်၏။ဇဝံ၊ဤအတူ။ * ယသဝါ၊အခြံအရံရှိသသူ။ * ဓနဝါ၊ဥစ္စာရှိသသူ * ပညဝါ၊ပညာရှိသသူ။ * ဗလဝါ၊အားရှိသသူ။ * ဘဂဝါ၊ဘုန်းရှိသသူ။

➢ **ဝုဏာဒိတော+ဝန္ဆ-ဟု (၂)ပုဒ်ရှိသော ပစ္စယဝိဓိသုတ်**

➢ **အာဒိ/အာဒိဝန္ဆ-အရ** ။ ။ ယသ, ဓန, ပညာ, ဗလ, ဘဂ-စသည်တို့ကို ယူရပါမည်။

➢ **အဿတ္ထိအနက်၌သက်သော ဝန္ဆပစ္စည်း, မန္ဆပစ္စည်းတို့၏ ထူးခြားမှု**

ဝန္ဆပစ္စည်းသည် အဝဏ္ဏန္တပုဒ်နောင် သက်ပါသည်။ မန္ဆပစ္စည်းသည် အဝဏ္ဏန္တ မှ တစ်ပါး ဏ္ဏဝဏ္ဏန္တ, ဥဝဏ္ဏန္တ, ဩကာရန္တလိင်နောင် သက်ပါသည်။

http://www.dhammadownload.com



မေး ။ ။ ဝုဏဝါ-သဒ္ဒါသည် ဣတ္ထိလိင်ဝယ် သိဝိဘတ်ဖြင့် အဘယ်သို့ ရုပ်ပြီးပါသနည်း ပုဗ်ပြီးနိပ္ပန္နမျှသာ ဖော်ပြပါ။

ဖြေ ။ ။ ဝုဏဝတီ၊ ဝုဏဝန္တီ-ဟု ရုပ်ပြီးပါသည်။

## ၃၆၉။ သတ္ထာဒီဟိ မန္တ္ယ

သတိဣတ္ထစွေဝဓမာဒီဟိ မန္တ္ယပစ္စယော ဟောတိ 'တဒဿတ္ထိ' ဣတ္ထစွေတသို့ အတ္ထေ။ သတိ ယဿ အတ္ထိ တသို့ ဝါ ဝိဇ္ဇတိတိ သတိမာ။ ဧဝံ ဇုတိမာ၊ရုစိမာ၊ ထုတိမာ၊ မိတိမာ၊ မတိမာ၊ ဘာဏုမာ။ [ဇုတိ၊ ရုစိ၊ ထုတိ၊ မိတိ၊ မတိ၊ ဘာဏု]

* တဒဿတ္ထိတိ အတ္ထေ၊တံ အဿ အတ္ထိ-ဟူသော အနက်၌။သတ္ထာဒီဟိ၊သတိ သဒ္ဒါ အတူရှိသော ဣဝဏ္ဏန္တ, ဥဝဏ္ဏန္တ, ဩကာရန္တသဒ္ဒါတို့မှ။ပရေနောက်၌။မန္တ္ယ၊မန္တ္ယ ပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ (ဝုတ္တိအနက်လွယ်ပြီ)

ယဿ၊အကြင်သူ့အား။သတိ၊သတိသည်။အတ္ထိ၊ရှိ၏။ဝါ၊တစ်နည်းကား။တသို့၊ထို သူ၌။သတိ၊သည်။ဝိဇ္ဇတိ၊ရှိ၏။ဣတိ၊ဤနှစ်ပါးသော သတ္တိကြောင့်။သတိမာ၊[သတိရှိသူ] မည်၏။ဧဝံ၊ဤအတူ။ * ဇုတိမာ၊အရောင်အဆင်း တင့်တယ်ခြင်းရှိသည်။ * ရုစိမာ၊ အရောင်ရှိသည်။ * ထုတိမာ၊ခြီးမွမ်းခြင်းရှိသည်။ * မိတိမာ၊တည်ကြည်ခြင်းရှိသည်။ * မတိမာ၊ပညာရှိသည်။ * ဘာဏုမာ၊အရောင်ရှိသော နေ, မီး။

➢ သတ္ထာဒီဟိ[သတိ+အာဒီဟိ]+မန္တ္ယ-ဟု (၂)ပုဒ်ရှိသော ပစ္စယဝိဓိသုတ်။

➢ အာဒိ/အာဒိဝန္တ-အရ ။ ။ ဇုတိ, ရုစိ, ထုတိ, မိတိ, မတိ, ဘာဏု စသည်တို့ကို ယူရပါမည်။

➢ မန္တ္ယပစ္စည်းသတ်ရမည့် ဌာန ။ ။ ဒဏ္ဍာဒိတော ဣက ဤ၊ ဝုဏ္ဏာဒိတော ဝန္တ္ယသုတ်တို့ဖြင့် အဝဏ္ဏန္တလိင်နောင် ပစ္စည်းသက်သောကြောင့် အဝဏ္ဏန္တ-မှတစ်ပါး သော ဣဝဏ္ဏန္တ, ဥဝဏ္ဏန္တ, ဩကာရန္တလိင်နောင် မန္တ္ယပစ္စည်း သက်ရပါမည်။

➢ သတ္ထာဒီဟိ-ဟူ ဗဟုဝုစ်ဖြင့် ဆိုရခြင်းအကျိုး ။ ။ ပုတ္တော ယဿ အတ္ထိတိ ပုတ္တိမာ စသည်ဝယ် သတ္ထာဒီဟိ-ဟူသော ဗဟုဝုစ်လွန်ဖြင့် အဿတ္ထိအနက်၌ အဝဏ် အဆုံးရှိသော လိင်တို့နောင် ဣကမန္တ္ယပစ္စည်း သက်နိုင်ခြင်း အကျိုးရှိပါသည်။

## ၃၇၀။ သဒ္ဒါဒိတော ဏ

သဒ္ဒါ ဣတ္ထစွေဝမာဒိတော ဏပစ္စယော ဟောတိ 'တဒဿတ္ထိ' ဣတ္ထစွေတသို့ အတ္ထေ။ သဒ္ဒါ ယဿ အတ္ထိ တသို့ ဝါ ဝိဇ္ဇတိတိ သဒ္ဒေါ။ ဧဝံ ပညော၊ အမစ္စရော [ပညာ ယဿ အတ္ထိ တသို့ ဝါ ဝိဇ္ဇတိတိ ပညော၊ အမစ္စရဲ့ ယဿ အတ္ထိ တသို့ ဝါ ဝိဇ္ဇတိတိ အမစ္စရောနတ္ထိ မစ္စရဲ့ ယဿာတိ အမစ္စရော။(ဗဟုဗ္ဗီဟိသမာသ်)]

* တဒဿတ္ထိတိ အတ္ထေ၊တံ အဿ အတ္ထိ-ဟူသော အနက်၌။သဒ္ဒါဒိတော၊သဒ္ဒါ

http://www.dhammadownload.com



အစရှိသော သဒ္ဒါမှ။ပရေနောက်၌။ဏာ၊ဏာပစ္စည်းသည်။ဟောတိ၊ဖြစ်၏။(ဝုတ္တိအနက် လွယ်ပြီ) * ယဿ၊အကြင်သူအား။သဒ္ဒါ၊သဒ္ဒါတရားသည်။အတ္ထိ၊ရှိ၏။ဝါ၊တစ်နည်းကား။ တသ္မိ၊ထိုသူ၌။သဒ္ဒါ၊သည်။ဝိဇ္ဇတိ၊ရှိ၏။ကွတိ၊ဤနှစ်ပါးသော သတ္တိကြောင့်။သဒ္ဒေါ၊သဒ္ဒါ တရားရှိသူ မည်၏။ဧတံ၊ဤအတူ။ * ပညော၊ပညာရှိသူ။ * အမစ္စရော၊ဝန်တိုသူမဟုတ်

➢ **သဒ္ဒါဒိတော+ဏာ-ဟု (၂) ပုဒ်ရှိသော ပစ္စယဝိဓိသုတ်။**

➢ **ဏာပစ္စည်း သက်ရာဌာန** ။ ။ ဂုဏ်ဖြင့် ဖြစ်ကို အထူးပြုခြင်း အသတ္ထိအနက်၌ ဏာပစ္စည်း သက်ရပါမည်။

➢ **အာဒိ/အာဒိဝန္ဓ-အရ** ။ ။ ပညာ, အမစ္စရ, ဗဟု စသည်တို့ကို ယူရပါမည်။

➢ **အဿတ္ထိတဒ္ဓိတ်၌ စီရင်သောသုတ်များ/အဿတ္ထိအနက်၌ သက်သော သုတ်နှင့် ပစ္စည်းများ** ။ ။ ၁။ ဇာတာဒိန မိမိယာစသုတ်၌ အာဒိသဒ္ဒါဖြင့် ဣမ, ဣယ, ဣကပစ္စည်း။ ၂။ တဒဿတ္ထိတိ ဝိစသုတ်ဖြင့် ဝိပစ္စည်း၊ ၎င်းသုတ် စသဒ္ဒါဖြင့် (ကစ္စည်းအလို) သောပစ္စည်း၊ (ရူပသိဒ္ဓိအလို) သောပစ္စည်း, ဣလပစ္စည်း, ဝပစ္စည်း, အာလပစ္စည်း၊ ၃။ တပါဒိတော သီသုတ်ဖြင့် သီပစ္စည်း၊ ၄။ ဒဏ္ဍာဒိတော ဣက ဤသုတ်ဖြင့် ဣကပစ္စည်း, ဤပစ္စည်း၊ ၅။ မဓွာဒိတော ရောသုတ်ဖြင့် ရပစ္စည်း၊ ၆။ ဂုဏာဒိတော ဝန္ဓသုတ်ဖြင့် ဝန္ဓပစ္စည်း၊ ၇။ သတ္ထာဒိဟိ မန္ဓသုတ်ဖြင့် မန္ဓပစ္စည်း၊ ၈။ သဒ္ဒါဒိတော ဏာသုတ်ဖြင့် ဏာပစ္စည်းတို့ ဖြစ်သည်။ [အဿတ္ထိတဒ္ဓိတ်၌ စီရင်သောသုတ်များ-ဟု မေးပါက "အာယုဿကာရာသ မန္ဓမို့" သုတ်ကိုလည်း ထည့်၍ ရေးပါ။]

## ၃၇၁။ အာယုဿကာရာသ မန္ဓမို့

အာယုဿ အန္တော ဥကာရော အသာဒေသော ဟောတိ မန္ဓမို့ ပစ္စယေ ပရေ။ အာယု အဿ အတ္ထိ, တသ္မိ ဝါ ဝိဇ္ဇတိတိ အာယသ္မာ။

* မန္ဓမို့၊မန္ဓပစ္စည်းကြောင့်။အာယုဿ၊အာယုသဒ္ဒါ၏။အန္တော၊အစိတ်ဖြစ်သော။ ဥကာရော၊ဥ-အက္ခရာသည်။အသ၊အသပြုသည်။ဟောတိ၊ဖြစ်၏။ ။ * ပရေ၊သော။ မန္ဓမို့ပစ္စယေ၊မန္ဓပစ္စည်းကြောင့်။အာယုဿ၊၏။အန္တော၊သော။ဥကာရော၊သည်။အသာ ဒေသော၊အသပြုသည်။ဟောတိ၊၏။ ။ * အဿ၊ထိုသူအား။အာယု၊ရှည်သော အသက်သည်။အတ္ထိ၊ရှိ၏။ဝါ၊တစ်နည်းကား။တသ္မိ၊ထိုသူ၌။အာယု၊သည်။ဝိဇ္ဇတိ၊ရှိ၏။ ကွတိ၊ဤနှစ်ပါးသော သတ္တိကြောင့်။အာယသ္မာ [ရှည်သောအသက်ရှိသူ]မည်၏။

➢ **အာယုဿ+ဥကာရော+အဿ+မန္ဓမို့-ဟု (၄)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **ဤသုတ်၌ မန္ဓပစ္စယဝိဓိသုတ်/နိမိတ်ဖြစ်ထိုက်သောသုတ်** သတ္ထာဒိဟိ မန္ဓသုတ် ဖြစ်ပါသည်။

➢ **ကာရီ-အရ** ။ ။ အာယုသဒ္ဒါ၏ အစိတ် ဥ-အက္ခရာ ဖြစ်ပါသည်။

http://www.dhammadownload.com



## ၃၇၂။ တပ္ပကတိဝစနေ မယော

တပ္ပကတိဝစနတ္ထေ မယပစ္စယော ဟောတိ။ သုဝဏ္ဏေန ပကတံ ကမ္မံ သောဝဏ္ဏမယံ၊ ဧဝံ ရူပိယမယံ၊ ဇတုမယံ၊ ရဇတမယံ၊ ဣဋ္ဌကမယံ၊ အယော်မယံ မတ္တိကာမယံ၊ ဒါရုမယံ၊ ဂေါမယံ။

[ရူပိယေန၊ ဇတုနာ၊ ရဇတေန၊ ဣဋ္ဌကာယ၊ အယသာ၊ မတ္တိကာယ၊ ဒါရုနာ၊ ဂါဝေန ပကတံ ကမ္မံ ဂေါမယံ။]

* တပ္ပကတိဝစနေ၊ထိုဖြင့်ပြုအပ်သည်ဟူသော အနက်ဟောသဒ္ဒါ၏ တပ္ပကတိစသော အနက်၌။မယော၊မယပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ (ဝုတ္တိအနက်လွယ်ပြီ)

သုဝဏ္ဏေန၊ရွှေဖြင့်။ပကတံ၊ပြုအပ်သော။ကမ္မံ၊အမှုတည်း။(ဝါ) အရာဝတ္ထုတည်း။ သောဝဏ္ဏမယံ၊ရွှေဖြင့်ပြုအပ်သော အရာ။ဧဝံ၊ဤအတူ။ * ရူပိယမယံ၊ငွေဖြင့်ပြုအပ်သော အရာ။ * ဇတုမယံ၊ခွံပ်ဖြင့် ပြုအပ်သော အရာ။ * ရဇတမယံ၊ငွေဖြင့်ပြုအပ်သော အရာ။ * ဣဋ္ဌကမယံ၊အုတ်ဖြင့်ပြုအပ်သော အရာ။ * အယောမယံ၊သံဖြင့် ပြုအပ်သော အရာ။ * မတ္တိကာမယံ၊မြေစိုင်ဖြင့်ပြုအပ်သောအရာ။ * ဒါရုမယံ၊သစ်သားဖြင့် ပြုအပ်သော အရာ။ * ဂေါမယံ၊နွားချေးဖြင့် ပြုအပ်သော အရာ။

➢ **တပ္ပကတိဝစနေ+မယော-ဟု (၂)ပုဒ်ရှိသော ပစ္စယဝိဓိသုတ်။**

➢ **တပ္ပတတိဝစန-ဝိဂ္ဂဟ** ။ ။ ပကရိယတိတိ ပကတိ၊ တေန ပကတိ တပ္ပကတိ၊ တပ္ပကတိယာ ဝစနံ ကထနံ တပ္ပကတိဝစနံ။

➢ **ပကတိတဒ္ဓိတ်၌ စိရင်သောသုတ်-** တပ္ပကတိဝစနေ မယော

➢ **တ-အရ** ။ ။ ရွှေ, ငွေ-စသော မူလဝတ္ထုတန်ခိုး-စသော မူလအကြောင်းရ၏။

➢ **ပကတိ-အရ** ။ ။ ထိုမူလဝတ္ထုဖြင့်ငင်း, ထိုတန်ခိုး-စသော မူလအကြောင်းရင်းဖြင့်ငင်း ပြုအပ်သော ဝိကတိသဏ္ဌာန်ဖြစ်ရ၏။

➢ **ဝစန-အရ** ။ ။ ထို တပ္ပကတိကို ဟောဆိုခြင်း ကထနကြိယာရ၏။

➢ **ယောဝိဘာဂ/ မယော-ဟု သုတ်ခွဲ၍ တည်ရခြင်းအကျိုး**

မယော-ဟူသော ဒွိဓာကရဏ ယောဝိဘာဂဖြင့် ဒါနမေဝ ဒါနမယံ-ဝယ် သကတ္ထ၌လည်း မယပစ္စည်း သက်ရခြင်း အကျိုးရှိပါသည်။

➢ **ဒါနမယံ-၌ ပစ္စယတ္ထနှင့် ပစ္စယဝိဓိသုတ်** ။ ။ ဒါနမယံ-၌ ပစ္စယတ္ထ-ကား သကတ္ထဖြစ်ပါသည်။ ပစ္စယဝိဓိသုတ်ကား- တပ္ပကတိဝစနေ မယော-၌ မယော-ဟူသော ယောဝိဘာဂ ဖြစ်ပါသည်။

➢ **မယ-ပစ္စည်းသတ်နိုင်သော အနုတ်များ** ။ ။ ၁။ တပ္ပကတိအနုတ် (ပုံစံ) သုဝဏ္ဏေန ပကတံ ကမ္မံ သောဝဏ္ဏမယံ၊ ၂။ နိဗ္ဗတ္တအနုတ် (ပုံစံ) ဣဋ္ဌိယာ နိဗ္ဗတ္တံ

http://www.dhammadownload.com



ဣဿိမယ်၊ ၃။ နိပ္ပန္နအနက် (ပုံစံ) မနတော နိပ္ပန္နံ မနောမယံ။ ၄။ သကတ်အနက် (ပုံစံ ဒါနမေဝ ဒါနမယံ။

## ၃၇၃။ သခ်ျာပူရဏော မော

သခ်ျာပူရဏာတ္ထေ မပစ္စယော ဟောတိ။ ပဉ္စန္နံ ပူရဏော ပဉ္စမော။ ဧဝံ သတ္တမော၊ အဋ္ဌမော၊ နဝမော၊ ဒသမော။ [သတ္တန္နံ၊ အဋ္ဌန္နံ၊ နဝန္နံ၊ ဒသန္နံ]

* သခ်ျာပူရဏော၊သခ်ျာတို့၏ပြည့်စုံကြောင်းအနက်၌။မော၊မပစ္စည်းသည်။ဟောတိ ဖြစ်၏။(ဝုတ္တိအနက်လွယ်ပြီ) * ပဉ္စန္နံ၊ငါးခုတို့၏။ပူရဏော၊ပြည့်ကြောင်း တစ်ခုတည်း။ ပဉ္စမော၊ငါးခုတို့၏ပြည့်ကြောင်း တစ်ခု။ဧဝံ၊ဤအတူ။ * သတ္တမော၊ခုနစ်ခုတို့၏ ပြည့်ကြောင်း တစ်ခု။ * အဋ္ဌမော၊ရှစ်ခုတို့၏ ပြည့်ကြောင်းတစ်ခု။ * နဝမော၊ကိုးခုတို့၏ ပြည့်ကြောင်းတစ်ခု။ * ဒသမော၊ဆယ်ခုတို့၏ ပြည့်ကြောင်းတစ်ခု။

➢ **သခ်ျာပူရဏော+မော-ဟု (၂)ပုဒ်ရှိသော ပစ္စယဝိဓိသုတ်။**

➢ **သခ်ျာပူရဏာ-ဝိဂ္ဂဟ** ။ ။ ပူရယတိ သခ်ျာ အနေနာတိ ပူရဏော၊ (အစိတ်) သခ်ျာယ ပူရဏော သခ်ျာပူရဏော။ (အပေါင်း-ဆဋ္ဌိတပ္ပုရိသ်သမာသ်)

➢ **မပစ္စည်းသက်ရာ ဌာန** ။ ။ ပဉ္စ-စသော ဆဋ္ဌိဝိဘတ်အဆုံးရှိသော လိင် နောင် ပူရဏာအနက်၌ မပစ္စည်းသက်ရပါမည်။

➢ **သခ်ျာပူရဏာ အဓိပ္ပါယ်** ။ ။ ငါးခု, ခုနစ်ခု-စသော အပေါင်းသခ်ျာတို့ ပြည့်စေရန် အကျိုးငှာ ထည့်ရသော နောက်ဆုံးသခ်ျာတစ်ခုသည် သခ်ျာပူရဏာ မည်ပါသည်။

➢ **ယောဂဝိဘာဂ/မော-ဟု သုတ်ခွဲ၍ တည်ရခြင်းအကျိုး** ။ ။ မော-ဟူသော ယောဂဝိဘာဂဖြင့် ဆဋ္ဌောစဝ ဆဋ္ဌမော-ဝယ် သကတ္ထ၌ ဆဋ္ဌသဒ္ဒါနောင် မပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

➢ **ဆဋ္ဌမော-၌ ပစ္စယတ္ထနှင့် ပစ္စယဝိဓိသုတ်** ။ ။ ဆဋ္ဌမော-၌ ပစ္စယတ္ထကား သကတ္ထ ဖြစ်ပါသည်။ ပစ္စယဝိဓိသုတ်ကား- သခ်ျာပူရဏော မောသုတ်၌ မော-ဟူသော ယောဂဝိဘာဂ ဖြစ်ပါသည်။

➢ **တဒ္ဓိတ်ပစ္စယန္တပုဒ်များနောင် တဒ္ဓိတ်ပစ္စည်း ထပ်ဆင့်သက်နိုင်/မသက်နိုင်** ။ ။ ဆဋ္ဌမော-၌ စတုဿော်ဟိ ယ ဌာသုတ်ဖြင့် ဆသခ်ျာသဒ္ဒါနောင် ဌပစ္စည်းသက်ပြီး နောက် သခ်ျာပူရဏော မောသုတ်၌ မော-ဟူသော ယောဂဝိဘာဂဖြင့် သကတ်အနက်၌ ဆဋ္ဌသဒ္ဒါနောင် မပစ္စည်းသက်သည်ကိုထောက်၍ တဒ္ဓိတ်ပစ္စယန္တပုဒ်များနောင် တဒ္ဓိတ်ပစ္စည်း ထပ်ဆင့်သက်နိုင်ပါသည်။

မေး ။ ။ ဤသုတ်ဖြင့် မည်သည့်သခ်ျာသဒ္ဒါနောင် မပစ္စည်းသက်ရမည်နည်း။

ဖြေ ။ ။ ဒွိ တိဟိ တိယော၊ စတုဿော်ဟိ ထ ဌာ-သုတ်တို့ကိုထောက်၍ ဒွိ, တိ, စတု,

http://www.dhammadownload.com



ဆသခ်ာ်လေးပုဒ်တို့နောင် တိယပစ္စည်း, ဆပစ္စည်း, ဌပစ္စည်းသက်ရမည်ဖြစ်သော ကြောင့် ပဋ္ဌ, သတ္တ-စသော သခ်ာ်သဒ္ဒါနောင် မပစ္စည်းသက်ရပါမည်။

➢ သကတ္တ (သတတ်အနက်) ၌ သက်သောသုတ်နှင့် ပစ္စည်းများ

တမဓိတေ တေန ကတာဒိ-စသောသုတ်ဖြင့် ဏိကပစ္စည်း(ပုံစံ) အသခီရောယေဝ အသခီရိဏ်၊ ဝါမ ဇန ဗန္ဓုသဟာယာဒီဟိတာသုတ်၌ တာ-ဟူသော ယောဂဝိဘာဂဖြင့် တာပစ္စည်း၊ (ပုံစံ) ဒေဝေါယေဝ ဒေဝတာ၊ ဏျတ္တတာ ဘာဝေတုသုတ်၌ ဏျတ္တတာ-ယောဂဝိဘာဂဖြင့် ဏျပစ္စည်း၊ (ပုံစံ) ယထာဘူတမေဝ ယထာဘူစ္စံ၊ သခ်ာ်ပူရဏော မောသုတ်၌ မော-ဟူသော ယောဂဝိဘာဂဖြင့် မပစ္စည်း(ပုံစံ)ဆဋ္ဌောယေဝ ဆဋ္ဌမောတို့ ဖြစ်ပါသည်။

## ၃၇၄။ သ ဆဿ ဝါ

ဆဿ သကာရာဒေသော ဟောတိ ဝါ သခ်ာ်ပူရဏာတ္ထေ။

ဆန္ဒံ ပူရဏော သဋ္ဌော၊ ဆဋ္ဌော ဝါ။

* သခ်ာ်ပူရဏော၊သခ်ာ်တို့၏ပြည့်ကြောင်း အနက်၌။ဆဿ၊ဆသခ်ာ်သဒ္ဒါ၏။သ၊ သပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ * သခ်ာ်ပူရဏာတ္ထော၌။ဆဿ၊၏။သကာရာ ဒေသော၊သပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ * ဆန္ဒံ၊ခြောက်ခုတို့၏။ပူရဏော၊ပြည့် ကြောင်းတည်း။သဋ္ဌော၊ခြောက်ခုတို့၏ ပြည့်ကြောင်းတစ်ခု။ဝါ၊တစ်နည်းကား။ဆဋ္ဌော၊ ခြောက်ခုတို့၏ပြည့်ကြောင်း တစ်ခု။

➢ သ+ဆဿ+ဝါ-ဟု (၃)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။

➢ သော ဆဿ-ဟု မဆိုဘဲ သဆဿ-ဟု ဆိုရကျိုး ။ ။ ရွတ်လွယ်စေခြင်း အကျိုးငှာ အဝိဘတ္တိကဖြင့် သဆဿ-ဟု ဆိုရပါသည်။

➢ ဝါသဒ္ဒါ၏အနက် ။ ။ ဝါသဒ္ဒါသည် ဝိကပ်အနက်, သမုစ္စည်းအနက်။

➢ ဝါသဒ္ဒါကို ဝိကပ်အနက်ကြံရကျိုး။ ။ဆဋ္ဌော-၌ ဆသခ်ာ်သဒ္ဒါကို သပြုခြင်း၏ မမြဲသည်၏အဖြစ်ကို သိစေခြင်းအကျိုးရှိပါသည်။

➢ ဝါသဒ္ဒါ သမုစ္စည်းအနက် ကြံရကျိုး ။ ။ သခ်ာ်ပူရဏာအနက် မရှိသော သဋ္ဌာယတန်-၌ ဆသခ်ာ်သဒ္ဒါ၏ သ-အက္ခရာ အပြုကို ဆည်းခြင်းအကျိုးရှိပါသည်။

## ၃၇၅။ ကောဒိတော ဒသဿီ

ကောဒိတော ဒသဿ အန္တေ ဣပစ္စယော ဟောတိ ဝါ သခ်ာ်ပူရဏာတ္ထေ

ကောစ ဒသစ ကောဒသ၊ ကောဒသန္နံ ပူရဏီ ကောဒသီ။ ပဋ္ဌစ ဒသစ ပဋ္ဌဒသ၊ ပဋ္ဌဒသန္နံ ပူရဏီ ပဋ္ဌဒသီ။ စတ္တာရောစ ဒသစ စတုဒ္ဒသ၊ စတုဒ္ဒသန္နံ ပူရဏီ စာတုဒ္ဒသီ။ ပူရဏောတိ ကိမတ္ထံ? ကောဒသ၊ ပဋ္ဌဒသ။

http://www.dhammadownload.com



* သင်္ခါပူရကီယ်၊သင်္ခါတို့၏ပြည့်ကြောင်း ဣတ္ထိလိင်အနက်၌။ကောဒိတော၊ ဇကာ အစရှိသော သင်္ခါသဒ္ဒါမှ။ပရဿ၊နောက်ဖြစ်သော။ဒသဿ၊ဒသ-သဒ္ဒါ၏။အန္တေ့အဆုံး၌။ဤ၊ဤပစ္စည်းသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ (ဝုတ္တိအုနက်လွယ်ပြီ)

ဧကောစ၊တစ်ခုလည်း။ဒသစ၊ဆယ်ခုလည်း။ဧကာဒသ၊တစ်ဆယ့်တစ်ခုတို့။ဧကာဒသန်္၊တစ်ဆယ့်တစ်ခုတို့၏။ပူရဏီ၊ပြည့်ကြောင်းဖြစ်သော ရက်(တိထိ)တည်း။ဧကာဒသီ၊တစ်ဆယ့်တစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ရက်။ * ပဉ္စ၊ငါးခုတို့လည်း။ဒသစ ဆယ်ခုတို့လည်း။ပဉ္စဒသ၊တစ်ဆယ့်ငါးခုတို့။ပဉ္စဒသန်္၊တစ်ဆယ့်ငါးခုတို့၏။ပူရဏီ၊ပြည့်ကြောင်းရက်တည်း။ပဉ္စဒသီ၊တစ်ဆယ့်ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော ရက်။ * စတ္တာရောစ၊လေးခုတို့လည်း။ဒသစ၊ဆယ်ခုတို့လည်း။စတုဒ္ဒသ၊တစ်ဆယ်လေးခုတို့။စတုဒ္ဒသန်္တစ်ဆယ့်လေးခုတို့၏။ပူရဏီ၊ပြည့်ကြောင်းတစ်ရက်တည်း။စာတုဒ္ဒသီ၊တစ်ဆယ့်လေးခုတို့၏ ပြည့်ကြောင်း တစ်ရက်။➢ ပူရဏောတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ဧကာဒသ၊တစ် ဆယ့် တစ်ခုတို့။ပဉ္စဒသ၊တစ်ဆယ့်ငါးခုတို့။

➢ ဧကာဒိတော+ဒသဿ+ဤ-ဟု (၃)ပုဒ်ရှိသော ပစ္စယဝိဓိသုတ်။

➢ အာဒိ/အာဒိဝန္တ-အရ ။ ။ ဒ္ဝိ, တိ, စတု, ပဉ္စ, ဆသင်္ခါတို့ ဖြစ်ပါသည်။

မေး ။ ။ ဤသုတ်အတွက် လိုအပ်လျှက်ရှိသော ပုဒ်ကို အကြောင်းသွင်းကာ ထုတ်ပြပါ။

ဖြေ ။ ။ ဆဋ္ဌီဝိဘတ်အဆုံးရှိသော ဒသ-သဒ္ဒါသည် ဤ-ဟူသော ပစ္စည်းဟောပုဒ်နှင့် မစပ်နိုင်သောကြောင့် သာမတ္ထိယအားဖြင့် အန္တေ-ဟူသောပုဒ်ကို လိုအပ်လျှက်ရှိပါသည်။

➢ ဝုတ္ထိ-၌ အန္တေ-သဒ္ဒါထည့်၍ ဖွင့်ဆိုရခြင်းအကြောင်း/
ဒသဿီတို့ ဒသဿ အန္တေ-ဟု ဖွင့်ဆိုနိုင်ခြင်းအကြောင်း။ ။

ဆဋ္ဌီဝိဘတ်အဆုံးရှိသော ဒသသဒ္ဒါသည် ဤ-ဟူသောပစ္စည်းဟောပုဒ်နှင့် မစပ်နိုင်သောကြောင့် အန္တေ-သဒ္ဒါထည့်၍ ဖွင့် ဆိုရပါသည်။

➢ ဤပစ္စည်းသက်ရာ ဌာန ။ ။ ဤပစ္စယန္တပုဒ်များသည် ပင်ကိုယ်သဘောအားဖြင့် ဣတ္ထိလိင်ကို ထွန်းပြနိုင်သောကြောင့် ဧကာဒိတော ဒသဿီသုတ်ဖြင့် သက်သော ဤပစ္စည်းသည် ဣတ္ထိလိင်၌သာ သက်ရပါသည်။

➢ ဤသုတ်ဖြင့်သက်သော ဤပစ္စည်းနှင့်လိင်။ ။ ဤပစ္စည်းသည် သဘောအားဖြင့် ဣတ္ထိလိင်၌သာလျှင် ဖြစ်သင့်သောကြောင့် ဣတ္ထိလိင်ဖြစ်ပါသည်။

## ၃၇၆။ ဒသေ သော နိစ္စဉ္စ

ဒသသဒ္ဒေ ပရေ နိစ္စံ ဆဿ သော ဟောတိ။ သောဥသ။

http://www.dhammadownload.com



* ဒသေစ၊ဒသသဒ္ဒါကြောင့်လည်း။ဆဿ၊ဆသခ်ာ၏။နိစ္စံ၊အမြဲ။သော၊သောပြု သည်။ဟောတိ၊ဖြစ်၏။ * ပရေသော။ဒသသဒ္ဒေ၊ဒသသဒ္ဒါကြောင့်လည်း။ဆဿ၊၏။ နိစ္စံ၊အမြဲ။သော၊သောပြုသည်။ဟောတိ၊ဖြစ်၏။သောဠသ၊တစ်ဆယ့်ခြောက်ခုတို့။

➤ ဒသေ+သော+နိစ္စဋ္ဌ-ဟု (၃)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။

➤ **စသဒ္ဒါ၏အနက်**။ ။ စသဒ္ဒါသည် အနုကမုနအနက်ရှိပါသည်။

➤ **စသဒ္ဒါဆိုရကျိုး**။ ။ စသဒ္ဒါဖြင့် သဆဿဝါ-ဟူသော ရှေ့သုတ်မှ ဆဿဟူ သော ကာရီ-ပုဒ်ကို မိမိသုတ်သို့ လိုက်ဖို့ရာ ဆွဲငင်ယူခြင်း အကျိုးရှိပါသည်။

## ၃၇၇။ အန္တေ နိဂ္ဂဟိတဋ္ဌ

တာသံ သခ်ာနံ အန္တေ နိဂ္ဂဟိတာဂမော ဟောတိ။ ပဋ္ဌဒသိ၊ စာတုဒ္ဒသိ။

* သခ်ာနံ၊သခ်ာသဒ္ဒါတို့၏။အန္တေ၊အဆုံး၌။နိဂ္ဂဟိတဋ္ဌ၊နိဂ္ဂဟိတ်လာသည်လည်း။ ဟောတိ၊ဖြစ်၏။စ၊မလာသည်လည်းရှိသေး၏။ * တာသံသခ်ာနံ၊ထိုသခ်ာသဒ္ဒါတို့၏။ အန္တေ၊အဆုံး၌။နိဂ္ဂဟိတာဂမော၊နိဂ္ဂဟိတ်လာသည်။ဟောတိ၊ဖြစ်၏။ပဋ္ဌဒသိ၊တစ်ဆယ့် ငါးရက်မြောက်သောနေ့။စာတုဒ္ဒသိ၊တစ်ဆယ့်လေးရက်မြောက်သောနေ့။

➤ အန္တေ+နိဂ္ဂဟိတံ+စ-ဟု (၃)ပုဒ်ရှိသော အာဂမဝိဓိသုတ်။

➤ **နိဂ္ဂဟိတ်လာရာဌာန [ဝိသယ]** ။ ။ ဒသသခ်ာသဒ္ဒါ၏ အဆုံး၌လာရပါမည်။ (သာဓက) တာသံ သခ်ာနံ အန္တေ နိဂ္ဂဟိတာဂမော ဟောတိ။

➤ **စသဒ္ဒါ၏အနက်**။ ။ စသဒ္ဒါသည် နိဝတ္တာပနာ ဝေါဟာရဏအနက်ရှိပါသည်။

➤ **စသဒ္ဒါဆိုရကျိုး**။ ။ စသဒ္ဒါဖြင့် ပဋ္ဌဒသိ, စာတုဒ္ဒသိ-ပြဿုဂ်တို့၌ နိဂ္ဂဟိတ်လာ ခြင်းကို နစ်စေခြင်းအကျိုးရှိပါသည်။

➤ **သန္ဓိနိဂ္ဂဟိတ်နှင့် တဒ္ဓိတ်နိဂ္ဂဟိတ် အထူး**။ ။ သန္ဓိနိဂ္ဂဟိတ်သည် သရဂျည်း နှောင်းမှသာ လာနိုင်သောကြောင့် သနိမိတ္တနိဂ္ဂဟိတာဂမ မည်၏။တဒ္ဓိတ်နိဂ္ဂဟိတ်သည် သရ, ဗျည်းမနှောင်းဘဲ လာသောကြောင့် အနိမိတ္တနိဂ္ဂဟိတာဂမ မည်၏။ ဤသို့ ထူးပါ သည်။ [သုတ်နက်ကို ရှု၍လည်း ဖြေနိုင်သည်။]

## ၃၇၈။ တိ စ

တာသံ သခ်ာနံ အန္တေ တိကာရာဂမော ဟောတိ။ ဝိသတိ၊ တိံသတိ။

* သခ်ာနံ၊သခ်ာသဒ္ဒါတို့၏။အန္တေ၊အဆုံး၌။တိစ၊တိလာသည်လည်း။ဟောတိ၊ဖြစ် ၏။ * တာသံသခ်ာနံ၊ထိုသခ်ာသဒ္ဒါတို့၏။အန္တေ၊အဆုံး၌။တိကာရာဂမော၊တိအကွရာ လာသည်။ဟောတိ၊ဖြစ်၏။ ➤ ဝိသတိ၊နှစ်ဆယ်။တိံသတိ၊သုံးဆယ်။

➤ တိ+စ-ဟု (၂)ပုဒ်ရှိသော အာဂမဝိဓိသုတ်။

➤ **တိအတ္ထရာလာရာဌာန [ဝိသယ]** ။ ။ သဆဿ ဝါ-သုတ်မှ လိုက်လာသော

http://www.dhammadownload.com



ဝါသဒ္ဓါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့် ဝိသံ, တိသံသခ်္ခါသဒ္ဓါတို့၏ အဆုံးဠ သာလာရပါမည်။

➢ **ဝိသံ, တိသံ သခ်္ခါသဒ္ဓါတို့၏အဆုံးဠ်သာ တိအက္ခရာလာရခြင်း အကြောင်း** သဆသ ဝါ-သုတ်မှ လိုက်လာသော ဝါသဒ္ဓါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့် ဝိသံ, တိသံ-သခ်္ခါသဒ္ဓါတို့၏အဆုံးဠ်သာ တိအက္ခရာလာရပါသည်။

➢ **ဝိသံ, တိသံ-မှတစ်ပါးသော သခ်္ခါသဒ္ဓါတို့၏ အဆုံးဠ် တိ,မလာရခြင်း အကြောင်း**။ ။ သဆသ ဝါ-သုတ်မှ လိုက်လာသော ဝါသဒ္ဓါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့်ငင်း, တဒနုပရောဓေန-ဟု ပရိဘာသာလာသောကြောင့်ငင်း, ဝိသံ, တိသံ-မှ အခြားသောသခ်္ခါသဒ္ဓါတို့၏အဆုံးဠ် တိ-မလာရပါ။

မေး ။ ။ တိစသုတ်ဖြင့် အဘယ်သခ်္ခါတို့နောင် တိ-အက္ခရာ လာရမည်ကို အကြောင်းပြ ဖြေဆိုပါ။

ဖြေ ။ ။ သဆသ ဝါ-သုတ်မှ လိုက်လာသော ဝါသဒ္ဓါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့် ဝိသံ, တိသံ-သခ်္ခါသဒ္ဓါတို့၏အဆုံးဠ်သာ တိအက္ခရာလာရပါသည်၊ အခြားသော သခ်္ခါတို့၏အဆုံးဠ် တိ-မလာရပါ။

➢ **စသဒ္ဓါ၏အနက်**။ ။ စသဒ္ဓါသည် အနုကမုနအနက်ရှိပါသည်။

➢ **စသဒ္ဓါဆိုရကျိုး**။ ။ စသဒ္ဓါဖြင့် အန္တေနိဂ္ဂဟီတဉ္စ-သုတ်မှ အန္တေသဒ္ဓါကို တိစသုတ်သို့ လိုက်ဖို့ရာ ဆွဲငင်ရခြင်းအကျိုးရှိပါသည်။

➢ **အဓိကာရ ဝါသဒ္ဓါဖြင့် ပြအပ်သောဝိဓိ နှစ်ပါး/ဝါသဒ္ဓါဖြင့် ပြအပ်သော အဓိပ္ပါယ်**။ ။ လိုက်လာသော ဝါသဒ္ဓါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိသောကြောင့် ဝိသတိ, တိသတိ-ပြဃုဂ်တို့၌ ဝိသံ, တိသံ-သဒ္ဓါနောင် ဝိကပ်အားဖြင့် တိလာရခြင်း အနိစ္စဝိဓိကိုငင်း, ဝိသံ, တိသံ-မှ အခြားသော သခ်္ခါသဒ္ဓါ၏အဆုံးဠ် တိ-မလာရခြင်း အသန္တဝိဓိကိုငင်း ပြပါသည်။

မေး။ ။ ဤသုတ်ဖြင့် တိအက္ခရာလာရာဝယ် သခ်္ခါသဒ္ဓါတိုင်းနောက်၌ လာနိုင်ပါသလော? ရှုပသိဒ္ဓိအလိုက္ခ ဖြေဆိုခဲ့ပါ။

ဖြေ။ ။ ဝဝတ္ထိတဝိဘာသာ ဝါသဒ္ဓါကြောင့် ဝိသံ, တိသ-သဒ္ဓါတို့၏ အဆုံးဠ် ဝိကပ်အားဖြင့် တိ-အက္ခရာ လာပါသည်၊ အခြားသခ်္ခါတို့၏အဆုံးဠ် တိအက္ခရာ မလာရပါ။

## ၃၇၉။ လဒရာန်

ဒကာရ ရကာရာန် သခ်္ခါန် လကာရာဒေသော ဟောတိ။

သောဠသ၊ စတ္တာလီသံ။

* သခ်္ခါန်းသခ်္ခါဖြစ်ကုန်သော။ဒရာန်း၊ဒ-အက္ခရာ, ရ-အက္ခရာတို့၏။လ၊လပြုသည်

http://www.dhammadownload.com



ဟောတိ၊ဖြစ်၏။ ။ * သခ်ၤာနံ၊ကုန်သော။ဒကာရ ရကာရာနံ၊တို့၏။လကာရာဒေသော၊ လပြုသည်။ဟောတိ၊ဖြစ်၏။သောဠသ၊တစ်ဆယ့်ခြောက်ခုတို့။စတ္တာလီသံ၊လေးဆယ်တို့။

➢ လ+ဒရာနံ-ဟု (၂)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။

➢ ဒ-တို့ လပြုပါလျှက် သောဠသ-၌ မုဒ္ဓဇ-ဠ ဖြစ်ရခြင်းအကြောင်း

လယေ်နှင့် ဠကြီးသည် ဒန္တဇ မုဒ္ဓဇ-သာထူး၍ အနက်အားဖြင့်တူသောကြောင့် လယေ်ပြုလျှင် ဠကြီးလည်း ပြုနိုင်ပါသည်၊ထို့ကြောင့် သောဠသ-၌ မုဒ္ဓဇ-ဠ ဖြစ်ရသည်

➢ ဤသုတ်၏ အဓိအရင် ။ ။ လဒရာနံသုတ်ဖြင့် သောဠသ-၌ ဒသသခ်ၤာသဒ္ဒါ၏ ဒ-အက္ခရာကို ဠပြုပါသည်၊ စတ္တာလီသံ-၌ ရ-အက္ခရာကို လပြုပါသည်။

➢ အဓိကာရ ဝါသဒ္ဒါဖြင့် ပြအပ်သော ဝိဓိ သုံးပါး/လပြုရမည့်သတ်မှတ်ချက် ။ ။ သ ဆဿ ဝါသုတ်မှ လိုက်လာသော ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိသောကြောင့် သောဠသ-၌ ဒသ-၏ ဒ-ကို ဠ-အမြဲပြုရခြင်း နိစ္စဝိဓိကိုဂင်း တေဠသ, တေရသ, စတ္တာလီသံ, စတ္တာရီသံ၌ ရ-အက္ခရာကို ဝိကပ်အားဖြင့် လပြုရခြင်း အနိစ္စဝိဓိကိုဂင်း။ ဒသ, ပန္နရသ စသည်တို့၌ ဒ-အက္ခရာကို လ-မပြုရခြင်း အသန္တဝိဓိကိုဂင်း ပြပါသည်။

## ၃၈၀။ ဝိသတိ ဒသေသု ဗာ ဒ္ဝိဿ တု

ဝိသတိ ဒသ ဣစ္စေတေသု ဒ္ဝိဿ ဗာ ဟောတိ။

ဗာဝိသတိန္ဒြိယာနိ၊ ဗာရသ မနုဿာ။ တုဋ္ဌဟဏေန ဒ္ဝိဿ ဒု ဒိ ဒေါ အာဒေသာစ ဟောန္တိ၊ ဒုရတ္တာ၊ ဒိရတ္တာ၊ ဒိဂုဏံ၊ ဒေါဟဠိနီ။

* ဝိသတိဒသေသု၊ဝိသတိ-သဒ္ဒါ, ဒသ-သဒ္ဒါတို့ကြောင့်လည်း။ဒ္ဝိဿတု၊ဒ္ဝိသဒ္ဒါ၏ လည်း။ဗာတု၊ဗာပြုသည်လည်း။ဟောတိ၊ဖြစ်၏။ ။ * ဝိသတိ ဒသ ဣစ္စေတေသု၊တို့ကြောင့်။ဒ္ဝိဿ၊ဒ္ဝိသခ်ၤာသဒ္ဒါ၏။ဗာ၊ဗာပြုသည်။ဟောတိ၊ဖြစ်၏။

ဗာဝိသတိ၊တစ်ဆယ့်နှစ်ပါး၊သော။ဣန္ဒြိယာနိ၊ဣန္ဒြေတို့သည်။ * ဗာရသ၊တစ်ကိုးပ်နှစ်ယောက်ကုန်သော။မနုဿာ၊လူတို့သည်။ ➢ တုဋ္ဌဟဏေန၊တုသဒ္ဒါဖြင့်။ဒ္ဝိဿ၊ဒ္ဝိသဒ္ဒါ၏။ဒု ဒိ ဒေါ အာဒေသာစ၊ဒုပြု, ဒိပြု, ဒေါပြုတို့သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။ဒုရတ္တာ၊ နှစ်ညဉ့်။ဒိဂုဏံ၊နှစ်ထပ်။ဒေါဟဠိနီ၊ဆွမ်းမွတ်ခြင်းရှိသော မိန်းမ။

➢ ဝိသတိ ဒသေသု+ဗာ+ဒ္ဝိဿ+တု-ဟု (၄)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။

➢ တု-သဒ္ဒါ၏ အနက် ။ ။ တုသဒ္ဒါသည် သမုစ္စည်းအနက် ဖြစ်ပါသည်။

➢ တုသဒ္ဒါ ဆိုရတ္ထိုး ။ ။ (ကစ္စည်းအလို) တုသဒ္ဒါဖြင့် ဒုရတ္တာ၊ ဒိရတ္တာ၊ ဒိဂုဏံ၊ ဒေါဟဠိနီ ပြဃုဝ်တို့၌ ဒ္ဝိသခ်ၤာသဒ္ဒါကို ဒုပြု, ဒိပြု, ဒေါပြုရခြင်း အကျိုးရှိပါသည်။

(ရူပသိဒ္ဓိအလို) တုသဒ္ဒါဖြင့် ဗာတ္တိသ ပုံစံ၌ တိသ-သဒ္ဒါနှောင်းသောကြောင့် ဒ္ဝိ

http://www.dhammadownload.com



သဒ္ဒါကို ဗာပြုရခြင်းအကျိုး ရှိပါသည်။

➢ **ကာရီ, ကာရိယ, နိမိတ်နောင်ထိုင်သော တုသဒ္ဒါ၏ အကျိုးများ**

ဝိသတိ ဒသေသု-ဟူသော နိမိတ်နောင်ထိုင်သော တု-သဒ္ဒါသည် ဗာတွင်သ, ဗာလ ဗာကုလ စသည်တို့၌ တိသ, လ, ကုလ-သဒ္ဒါတို့ကြောင့်လည်း ဒွိကို ဗာပြုရခြင်း အကျိုး ရှိပါသည်။ ➢ ဒွိဿ-ဟူသော ကာရီနောင်ထိုင်သော တုသဒ္ဒါသည် ပန္နဝိသတိ၊ ပန္နရသ၊ ပဏ္ဏဝိသတိ-စသော ပြယုဂ်တို့၌ ဝိသတိ, ဒသ-သဒ္ဒါတို့ကြောင့် ပဥ္စကို ပန္နပြု, ပဏ္ဏပြုရခြင်း အကျိုးရှိပါသည်။ ➢ ဗာ-ဟူသော ကာရိယနောင်ထိုင်သော တုသဒ္ဒါသည် ဒုရတ္တံ ဒိရတ္တံ၊ ဒိဂုဏံ၊ ဒေါဟဠိနီ ပြယုဂ်တို့၌ ဒွိကို ဒုပြု, ဒိပြု, ဒေါပြုရခြင်း အကျိုးရှိပါသည်။

➢ **ဒွိသဒ္ဒါ၏ ကာရိယများ ။ ။** ဗာပြု, ဒုပြု, ဒိပြု, ဒေါပြုတို့ ဖြစ်ပါသည်။

## ၃၈၁။ ဧကာဒိတော ဒသ ရ သဒ္ဒါနေ

ဧကာဒိတော ဒသသ ဒကာရသ ရကာရော ဟောတိ ဝါ သဒ္ဒါနေ။ ဧကာရသ၊ ဧကာဒသ၊ ဗာရသ၊ ဒွါဒသ။ သဒ္ဒါနေတိ ကိမတ္ထံ? ဒွါဒသာယတနာနိ

* သဒ္ဒါနေ၊သဒ္ဒါပဓာနအရာ၌။ဧကာဒိတော၊ဧက, ဒွိ, တိသဒ္ဒါတို့မှ။ပရသ၊ နောက်ဖြစ်သော။ဒသ၊ဒသ-သဒ္ဒါ၏ အစိတ်ဒ-၏။ရ၊ရပြုသည်။ဝါ။အဆို့။ဟောတိ၊၏။

* သဒ္ဒါနေ၊၌။ဧကာဒိတော၊မှ။ပရသ၊သော။ဒသသ၊ဒသ-သဒ္ဒါ၏။ဒကာရသ၊ အစိတ်ဒ-၏။ရကာရာဒေသော၊ရပြုသည်။ဝါ။အဆို့။ဟောတိ၊ဖြစ်၏။ ဧကာရသ၊ဧကာဒသ၊တစ်ဆယ့်တစ်ခုတို့။ဗာရသ၊ဒွါဒသ၊တစ်ဆယ့်နှစ်ခုတို့။ သဒ္ဒါနေတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ဒွါဒသ၊တစ်ဆယ့်နှစ်ပါးကုန်သော။အာယတနာနိ၊အာယတနတို့။

➢ **ဧကာဒိတော+ဒသ+ရ+သဒ္ဒါနေ-ဟု (၄)ပုဒ်ရှိသော အာဒေသပဓိသုတ်။**

➢ **အာဒိ/အာဒိဝန္ဓ-အရ ။ ။** ဒွိသဒ္ဒါ တိသဒ္ဒါတို့ကို ယူရပါမည်။

➢ **ဒသ ရ-ဟု သာမန်ဆိုပါလျက် ဒ-ကို ရပြုရခြင်းအကြောင်း/ဒ-ကို ရပြုရာ ဌာန ။ ။** ဧကာဒသ-စသည်ဝယ် ဧက-စသော ရှေ့နိမိတ်နှင့် နီးကပ်နေသောကြောင့် ဒသ-၏ ဒ-ကို ရပြုရပါသည်။ (ရူ-၂၄၇)

➢ **နိမိတ်-အရ ။ ။** ဧက, ဒွိ, တိ-သဒ္ဒါတို့ ဖြစ်ပါသည်။

➢ **ကာရီ-အရ ။ ။** ဒသ-သဒ္ဒါ၏ အစိတ် ဒ-အက္ခရာ ဖြစ်ပါသည်။

## ၃၈၂။ အဋ္ဌာဒိတော စ

အဋ္ဌက္ကစ္စေဝမာဒိတောစ ဒသသဒ္ဒသ ဒကာရသ ရကာရာဒေသော ဟောတိ ဝါ သဒ္ဒါနေ။ ။ အဋ္ဌာရသ၊ အဋ္ဌဒသ။ **အဋ္ဌာဒိတောတိ ကိမတ္ထံ?** ပဉ္စဒသ၊ သောဠသ။ **သဒ္ဒါနေတိ ကိမတ္ထံ? အဋ္ဌဒသိကော။**

http://www.dhammadownload.com



* သခ်ၤာနေ၊သခ်ၤာပဓာန အရာ၌။အဌာဒိတောစ၊အဋ္ဌ, သတ္တသဒ္ဒါတို့မှလည်း။ ပရဿ၊နောက်ဖြစ်သော။ဒသဿ၊ဒသ-သဒ္ဒါ၏ အစိတ်ဒ-၏။ရုရပြုသည်။ဟောတိ၊၏

* သခ်ၤာနေ၊၌။အဋ္ဌ ကွစ္ဆေဝမာဒိတော၊အဋ္ဌ, သတ္တ-သဒ္ဒါတို့မှ။ပရဿ၊နောက်ဖြစ်သော။ဒသ သဒ္ဒဿ၊၏။ဒကာရဿ၊အစိတ်ဒ-၏။ရကာရာဒေသော၊ရပြုသည်။ဟောတိ၊၏။ ။ အဌာရသ၊အဋ္ဌဒသ၊တစ်ဆယ့်ရှစ်ခုတို့။အဌာဒိတောတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ ပဋ္ဌဒသ၊တစ်ဆယ့်ငါးခုတို့။သောဠသ၊တစ်ဆယ့်ခြောက်ခုတို့။သခ်ၤာနေတိပဒံ၊သည်။ ကိမတ္ထံ၊နည်း။အဋ္ဌဒသိကော၊တစ်ဆယ့်ရှစ်ခုရှိသော အရာ။

➢ **အဌာဒိတော+စ-ဟု (၂) ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **အာဒိ/အာဒိဝန္ဓ-အရ** ။ ။ အဌာရသ-သခ်ၤာမှ အထက်၌ ဝိသတိသခ်ၤာသဒ္ဒါသာ ရှိ၍ ဒသ-သခ်ၤာသဒ္ဒါ မရှိသောကြောင့် အောက်ဖြစ်သော သတ္တ, ပဋ္ဌ-သခ်ၤာသဒ္ဒါတို့ ယူရပါမည်။

➢ **နိမိတ်-အရ** ။ ။ အဋ္ဌ, သတ္တ ပဋ္ဌ-သခ်ၤာသဒ္ဒါတို့ကို ယူရပါမည်။

➢ **ကာရီ-အရ** ။ ။ ဒသ-သဒ္ဒါ၏ အစိတ် ဒ-အက္ခရာဖြစ်ပါသည်။

➢ **ဤသုတ်ကို ဆိုရခြင်းအကျိုး** ။ ။ ဧကာဒိတော ဒသ ရ သခ်ၤာနေသုတ်ဖြင့် ဧကာရသ, တရသ, တေရသ ပုံစံတို့၌သာ ဒ-အက္ခရာကို ရပြုရ၏ဟု မှတ်ခြင်းအကျိုးငှာငင်း, စုဒ္ဒသ, ပဋ္ဌဒသ, သောဠသ ပုံစံတို့၌ ဒ-အက္ခရာကို ရ-မပြုရဟု သိစေခြင်းအကျိုးငှာငင်း ဆိုရပါသည်။

➢ **အာဒိ-သဒ္ဒါဖြင့် ပန္နရသ သတ္တရသ သခ်ၤာသဒ္ဒါကိုသာ ယူရခြင်းအကြောင်း**

အာဒိသဒ္ဒါဖြင့် အဌာရသ-သခ်ၤာမှ အထက်၌ ဝိသတိသခ်ၤာသဒ္ဒါသာရှိ၍ ဒသ သခ်ၤာသဒ္ဒါ မရှိသောကြောင့်--တည်း။

## ၃၈၃။ ဒွေကဋ္ဌာန မာကာရော ဝါ

ဒွိ ဧက အဋ္ဌ ကွစ္ဆေတေသမန္တော အာကာရော ဟောတိ ဝါ သခ်ၤာနေ။

ဒွါဒသ၊ ဧကာဒသ၊ အဌာရသ။ သခ်ၤာနေတိ ကိမတ္ထံ? ဒွိဒန္တော၊ ဧကဒန္တော ဧကစ္ဆန္နော၊ အဋ္ဌတ္ထမ္ဘော။

* သခ်ၤာနေ၊သခ်ၤာပဓာန အရာ၌။ဒွေကဋ္ဌာနံ၊ဒွိ, ဧက, အဋ္ဌ-သဒ္ဒါတို့၏။အန္တော၊ အစိတ်သရသည်။အာကာရော၊အာပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

* သခ်ၤာနေ၊၌။ဒွိ ဧက အဋ္ဌ ကွစ္ဆေတေသံ၊ဒွိ, ဧက, အဋ္ဌ သဒ္ဒါတို့၏။အန္တော၊သည် အာကာရော၊အာပြုသည်။ဝါ၊အချို့။ဟောတိ၊၏။ ။ * ဒွါဒသ၊တစ်ဆယ့်နှစ်ခုတို့။ဧကာဒသ၊တစ်ဆယ့်တစ်ခုတို့။အဌာရသ၊တစ်ဆယ့်ရှစ်ခုတို့။ ➢ သခ်ၤာနေတိပဒံ၊သည်။ကိမတ္ထံ၊နည်း။ဒွိဒန္တော၊သွားနှစ်ချောင်းရှိသည်။ဧကဒန္တော၊သွားတစ်ချောင်းရှိသည်။ ဧက

http://www.dhammadownload.com



ဆန္နော၊အမိုးတစ်ဘက်ရှိသော ကျောင်း။ အဋ္ဌကထာမှော၊တိုင်ရှစ်လုံးရှိသော ကျောင်း။

➤ **ဒွေကဋ္ဌာနံ[ဒ္ဝိ+ဧက+အဋ္ဌာနံ]+အာကာရော+ဝါ-ဟု (၃)ပုဒ်ရှိသော အာဒေသ ဝိဓိသုတ်။**

➤ **ထာရီ-အရ** ။ ။ ဒ္ဝိ, ဧက, အဋ္ဌ-သဒ္ဒါတို့၏ အဆုံး ဣသရ, အသရတို့ကို ယူရပါမည်။ ➤ **ကာရိယ-အရ** ။ ။ အာ-အက္ခရာကို ယူရပါမည်။

**မေး** ။ ။ သနှံာအစဉ်အားလျော်စွာ ဧကဒ်ဋ္ဌာနမကာရော ဝါ-ဟု သုတ်ကိုမတည်ဘဲ အဘယ့်ကြောင့် ဒွေကဋ္ဌာနမာကာရော ဝါ-ဟု သုတ်ကိုတည်ရသနည်း?

**ဖြေ** ။ ။ ရွှတ်ဆိုလွယ်ကူစေလိုသောကြောင့် ဒွေကဋ္ဌာနမာကာရော ဝါ-ဟု သုတ်ကို တည်ရပါသည်။

➤ **ဝုတ္ထိ-ဒ္ဒ အန္တော-အရ** ။ ။ ဒ္ဝိသဒ္ဒါ၏အစိတ်ဖြစ်သော ဣသရ, ဧကသဒ္ဒါ အဋ္ဌသဒ္ဒါတို့၏ အစိတ်ဖြစ်သော အသရကို ယူရပါမည်။

➤ **အာပြုရာဋ္ဌာန** ။ ။ ဒ္ဝိသဒ္ဒါ၏အစိတ်ဖြစ်သော ဣသရ, ဧကသဒ္ဒါ အဋ္ဌသဒ္ဒါတို့၏ အစိတ်ဖြစ်သော အသရကို အာပြုရပါမည်။

➤ **ဝါသဒ္ဒါ၏ အနက်**။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတ ဝိဘာသာအနက်ရှိပါသည်။

➤ **ဝါသဒ္ဒါဖြင့်ပြဆို့အပ်သော အဓိပ္ပါယ်** ။ ။ ဝါသဒ္ဒါဖြင့် ဒွါဒသ၊ ဧကာဒသ၊ အဋ္ဌာရသ ပုံစံတို့၌ ဒသ-သဒ္ဒါကြောင့် ဒ္ဝိ, ဧက, အဋ္ဌတို့၏ အဆုံးသရကို အမြဲအာပြုခြင်းဟူသော နိစ္စဝိဓိ၊ ဒွါဒိသတိ, ဧကဝိသတိ, ဒွါနဝုတိ, ဧကနဝုတိ ပုံစံတို့၌ ဝိသတိ-အစ နဝုတိတိုင်အောင်သော သဒ္ဒါတို့ကြောင့် ဒ္ဝိသဒ္ဒါ၏ အဆုံးသရကို ရံခါ အာပြုခြင်းဟူသော အနိစ္စဝိဓိ၊ ဧကဝိသတိ, အဋ္ဌဝိသတိ ပုံစံတို့၌ ဝိသတိ-စသည် နှောင်းရာ၌ ဒ္ဝိ-မှ တစ်ပါး အခြားသော ဧက, အဋ္ဌတို့ကို အာ-မပြုရခြင်းဟူသော အသန္တဝိဓိတို့ကို ပြဆိုပါသည်။

➤ **ပူရဏတ္ထ (သနှံာပူရဏအနက်)၌ သက်သောသုတ်နှင့် ပစ္စည်းများ**

၁။ သနှံာ ပူရဏော မောသုတ်ဖြင့် မပစ္စည်း၊ (ပုံစံ) ပဋ္ဌမော၊ ၂။ ကောဒိတော ဒသသီသုတ်ဖြင့် ဏ္ဍိပစ္စည်း၊(ပုံစံ) ဧကဒသီ၊ ၃။ စတုဿေဟိ ထဋ္ဌာသုတ်ဖြင့် ထပစ္စည်း, ဌပစ္စည်း၊(ပုံစံ) စတုတ္ထော၊ဆဋ္ဌော၊ ၄။ ဒ္ဝိတိဟိ တိယောသုတ်ဖြင့် တိယပစ္စည်း၊ (ပုံစံ) ဒုတိယော တို့ဖြစ်ပါသည်။

➤ **သနှံာတဒ္ဓိတ် ပစ္စည်းများ** ။ ။ သနှံာပူရဏော မောသုတ်ဖြင့် မပစ္စည်း၊ ဧကာဒိတော ဒသသီသုတ်ဖြင့် ဏ္ဍိပစ္စည်း၊ စတုဿေဟိ ထဋ္ဌာသုတ်ဖြင့် ထပစ္စည်း, ဌပစ္စည်း၊ ဒ္ဝိတိဟိ တိယောသုတ်ဖြင့် တိယပစ္စည်း၊ ဒွါဒိတောကော နေကတ္ထစသုတ်ဖြင့် က[illegible]တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➢ သန္နိဘာတဒ္ဒိတ်၌ စီရင်သောသုတ်များ ။ ။ ၃၇၃/၃၇၄/၃၇၅/၃၇၆/၃၇၇/၃၇၈/၃၇၉/၃၈၀/၃၈၁/၃၈၂/၃၈၃/၃၈၄/၃၈၅/၃၈၆/၃၈၇/၃၈၈/၃၈၉/၃၉၀/၃၉၁/၃၉၂/၃၉၃/၃၉၄+၂၃-သုတ်။

## ၃၈၄။ စတုဿေဟိ ထ ဌာ

စတု ဆ ဣကွေတေဟိ ထ ဌ ဣကွေတေ ပစ္စယာ ဟောန္တိ သန္နိဘူရဏာတ္ထေ စတုတ္ထော၊ ဆဋ္ဌော။

(စတုဿေဟိ+ထ ဌာ-ဟု (၂)ပုဒ်ရှိသော ပစ္စယဝိဓိသုတ်)

* သန္နိဘူရဏော၊သန္နိဘာတို့၏ ပြည့်ကြောင်းအနက်၌။စတုဿေဟိ၊စတု, ဆ-သဒ္ဒါတို့မှ ပရေနောက်၌။ထ ဌာ၊ထပစ္စည်း, ဌပစ္စည်းတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။(ဝုတ္တိအနက်လွယ်ပြီ) စတုတ္ထော၊လေးခုတို့၏ပြည့်ကြောင်း။ဆဋ္ဌော၊ခြောက်ခုတို့၏ပြည့်ကြောင်း။

## ၃၈၅။ ဒ္ဝိ တိဟိ တိယော .

ဒ္ဝိ တိ ဣကွေတေဟိ တိယပစ္စယော ဟောတိ သန္နိဘူရဏာတ္ထေ။

ဒုတိယော၊ တတိယော။

(ဒ္ဝိ တိဟိ+တိယော-ဟု (၂)ပုဒ်ရှိသော ပစ္စယဝိဓိသုတ်)

* သန္နိဘူရဏော၊သန္နိဘာတို့၏ ပြည့်ကြောင်းအနက်၌။ဒ္ဝိ တိဟိ၊ဒ္ဝိသဒ္ဒါ, တိသဒ္ဒါတို့မှ။ပရေနောက်၌။တိယော၊တိယပစ္စည်းသည်။ဟောတိ၊ဖြစ်၏။(ဝုတ္တိအနက်လွယ်ပြီ)

ဒုတိယော၊နှစ်ခုတို့၏ပြည့်ကြောင်း။တတိယော၊သုံးခုတို့၏ပြည့်ကြောင်း။

## ၃၈၆။ တိယေ ဒုတာဝိစ

ဒ္ဝိ တိ ဣကွေတေသံ ဒု တ ဣကွေတေ အာဒေသာ ဟောန္တိ တိယ ပစ္စယေ ပရေ။ ဒုတိယော၊ တတိယော။ **အဝိဂ္ဂဟဏေန** အညေသုပိ ဒ္ဝိဣကွေတသ ဒု အာဒေသော ဟောတိ။ ဒုရတ္တံ။ **စဂ္ဂဟဏေန** ဒ္ဝိဣကွေတသ ဒိကာရော ဟောတိ။ ဒိရတ္တံ၊ ဒိဝုဏှံ၊ သယ်ဦ ပါရုပေတွာ။

* တိယေ၊တိယပစ္စည်းကြောင့်။ဒ္ဝိတိနံ၊ဒ္ဝိသဒ္ဒါ, တိသဒ္ဒါတို့၏။ဒုတာဝိစ၊ဒုပြု, တ-ပြုတို့သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။ ။ * ပရေနောက်ဖြစ်သော၊တိယ ပစ္စယေ၊ တိယပစ္စည်းကြောင့်။ဒ္ဝိတိ ဣကွေတေသံ၊ဒ္ဝိသဒ္ဒါ တိသဒ္ဒါတို့၏။ဒု တ ဣကွေတေ အာဒေသာ၊ဒုပြု, တ-ပြုတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ➢ ဒုတိယော၊နှစ်ခုတို့၏ပြည့်ကြောင်း။ တတိယော၊သုံးခုတို့၏ပြည့်ကြောင်း။ ➢ **အဝိဂ္ဂဟဏေန**၊အပိသဒ္ဒါဖြင့်။အညေသုပိ၊ တစ်ပါးသော သဒ္ဒါတို့ကြောင့်လည်း။ဒ္ဝိဣကွေတသ၊ဒ္ဝိသဒ္ဒါ၏။ဒု အာဒေသော၊ဒုပြု သည်။ဟောတိ၊၏။ ဒုရတ္တံ၊နှစ်ညဉ့်။ ➢ **စဂ္ဂဟဏေန**၊စသဒ္ဒါဖြင့်။ဒ္ဝိဣကွေတသ၊ဒ္ဝိသဒ္ဒါ

http://www.dhammadownload.com



၏။ဒိကာရော၊ဒိပြုသည်။ဟောတိ၊၏။ ဒိရတ္တံ၊နှစ်ညဉ့်။ဒိဝုဏ်၊နှစ်ထပ်သော။သယ်ဘိုး၊ ဒုကုဋ်သင်္ကန်းကို။ပါရုပေတွာ၊ရုံ၍။

➢ **တိယေ+ဒုတ+အဝိ+စ-ဟု (၄)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **နိဗိတ်ဖြစ်ထိုက်သော သုတ်/တိယပစ္စယဝိဓိသုတ် ။ ။** ဒွိတိဟိ တိယော။

➢ **အဝိသဒ္ဒါ, စသဒ္ဒါတို့၏ အနက် ။ ။** သမုစ္စည်းအနက် ဖြစ်ပါသည်။

➢ **အဝိ-သဒ္ဒါ ဆိုရခြင်းအကျိုး ။ ။** အဝိသဒ္ဒါဖြင့် ဒုရတ္တံ-စသော ပုံစံ၌ ရတ္တိ စသော သဒ္ဒါနှောင်းသောကြောင့် ဒွိသဒ္ဒါသဒ္ဒါကို ဒုပြုရခြင်း အကျိုးရှိပါသည်။

➢ **အဝိသဒ္ဒါ, စသဒ္ဒါ နှစ်မျိုးခွဲ၍ ဆိုရခြင်းအကျိုး ။ ။** အဝိသဒ္ဒါဖြင့် ဒုပြု၏၊ စသဒ္ဒါဖြင့် ဒိပြု၏ဟု ကာရိယနှစ်မျိုးကို မရောယှက်စေခြင်း အကျိုးရှိပါသည်။

➢ **စသဒ္ဒါ ဆိုရခြင်းအကျိုး ။ ။** စသဒ္ဒါဖြင့် ဒိရတ္တံ, ဒိဝုဏ် ပြယုဂ်တို့၌ ဒွိသဒ္ဒါကို ဒိပြုရခြင်း အကျိုးရှိပါသည်။(ကစ္စည်း+ရှုပသိဒ္ဓိ)

➢ **ဒု-ဒိ အပြုကို တစ်ဖန်ထပ်၍ ယူရကျိုး ။ ။** ဒုရတ္တံ, ဒိဝုဏ်-၌ ဒု-ဒိ အမြဲပြုရကြောင်းကို ပြရခြင်းအကျိုးရှိပါသည်။

## ၃၈၇။ တေသမမ္ပုပဒေန အမ္ပုမု ဒိဝမု ဒိယမုမုတိယာ

တေသံ စတုတ္ထ ဒုတိယ တတိယာနံ အမ္ပုပဒါနံ အမ္ပုမု ဒိဝမု ဒိယမု အမုတိယာဒေသာ ဟောန္တိ။ အမ္ပုပဒေန သဟ နိပ္ပဇ္ဇန္တေ။

အမေန စတုတ္ထော အမ္ပုမော၊ အမေန ဒုတိယော ဒိဝမော၊ အမေန ဒုတိယော ဒိယမော၊ အမေန တတိယော အမုတိယော။

* တေသံ၊ထိုစတုတ္ထ, ဒုတိယ, တတိယသဒ္ဒါတို့၏။အမ္ပုပဒေန၊အမုဟူသော အနိုးပုဒ်နှင့်တကွ။အမ္ပုမု ဒိဝမု ဒိယမု မုတိယာ၊အမ္ပုမုပြု, ဒိဝမုပြု, ဒိယမုပြု, အမုတိယပြု တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ * အမ္ပုပဒါနံ၊အမုဟူသော အနိုးပုဒ်ရှိကုန်သော။တေသံ စတုတ္ထ ဒုတိယ တတိယာနံ၊ထိုစတုတ္ထ, ဒုတိယ, တတိယသဒ္ဒါတို့၏။အမ္ပုမု ဒိဝမု ဒိယမု အမုတိယာဒေသာ၊အမ္ပုမုပြု, ဒိဝမုပြု, ဒိယမုပြု, အမုတိယပြုတို့သည်။ဟောန္တိ၊ကုန်၏။ အမ္ပုပဒေန၊အမုဟူသော အနိုးပုဒ်နှင့်။သဟ၊တကွ။နိပ္ပဇ္ဇန္တေ၊ပြီးစေအပ်ကုန်၏။

အမေန၊အခွဲနှင့်တကွ။စတုတ္ထော၊လေးခုတည်း။အမ္ပုမော၊အခွဲနှင့်တကွလေးခု။ * အမေန၊အခွဲနှင့်တကွ။ဒုတိယော၊နှစ်ခုတည်း။ဒိဝမော၊အခွဲနှင့်တကွနှစ်ခု။ * အမေန၊ အခွဲနှင့်တကွ။ဒုတိယော၊နှစ်ခုတည်း။ဒိယမော၊အခွဲနှင့်တကွ နှစ်ခု။ * အမေန၊အခွဲနှင့် တကွ။တတိယော၊သုံးခုတည်း။အမုတိယော၊အခွဲနှင့်တကွ သုံးခု။

➢ **တေသံ+အမ္ပုပဒေန+အမ္ပုမု ဒိဝမု ဒိယမုမုတိယာ-ဟု (၃)ပုဒ်ရှိသော အာဒေဝိဓိသုပ်။**

http://www.dhammadownload.com



➢ **ကာရီ, ကာရိယ တွဲစပ်ပုံ။** ။ အမှုဟူသောအနီးပုဒ်နှင့်တကွ စတုတ္ထသဒ္ဒါကို အမှုမှုပြု, အမှုဟူသောအနီးပုဒ်နှင့်တကွ ဒုတိယ-သဒ္ဒါကို ဒိဝမှုပြု, ဒိယမှုပြု, အမှုဟူသောအနီးပုဒ်နှင့်တကွ တတိယ-သဒ္ဒါကို အမှုတိယပြုပါသည်။

➢ **တေသံ-သဒ္ဒါဖြင့် ယူရမည့်သဒ္ဒါ။** ။ တေသံ စတုတ္ထ ဒုတိယ တတိယာနံ အမှုပပဒါနံကိုထောက်၍ တေသံသဒ္ဒါဖြင့် အမှုဟူသောအနီးပုဒ်ကိုယူခြင်း၏အစွမ်းကြောင့် အမှုသဒ္ဒါရှေးရှိသော စတုတ္ထ, ဒုတိယ, တတိယသဒ္ဒါတို့ကို ယူရပါမည်။

## ၃၈၈။ သရူပါန မေကသေသွသကီ

သရူပါနံ ပဒဗျဥ္ဇနာနံ ဧကသေသော ဟောတိ အသကီ။

ပုရိသောစ ပုရိသောစ ပုရိသာ။ **သရူပါနမိတိ** ကိမတ္ထံ? ဟတ္ထိစ အဿောစ ရထောစ ပတ္တိကောစ ဟတ္ထိအဿရထပတ္တိကာ။ အသကီန္တိ ကိမတ္ထံ? ပုရိသော။

* **အသကီ၊တစ်ကြိမ်မဟုတ်ရာ၌။** (ဝါ) တစ်ကြိမ်မဟုတ်ကုန်သော။သရူပါနံ၊တူသောရုပ်သွင်, သုတိရှိကုန်သော ပုဒ်, ဗျည်းတို့၏။ (ဝါ)တို့တွင်။ဧကသေသော၊တစ်ပုဒ်၏ကြွင်းကျန်ခြင်းသည်။ဟောတိ၊ဖြစ်၏။ * **အသကီ၊၌**။ (ဝါ) ကုန်သော။သရူပါနံ၊တူသောရုပ်သွင်, သုတိရှိကုန်သော။ပဒဗျဥ္ဇနာနံ၊ပုဒ်, ဗျည်းတို့၏။ (ဝါ)တို့တွင်။ဧကသေသော၊တစ်ပုဒ်၏ကြွင်းကျန်ခြင်းသည်။ဟောတိ၊ဖြစ်၏။

ပုရိသောစ၊ယောကျ်ားလည်း။ပုရိသောစ၊လည်း။ပုရိသာ၊ယောကျ်ားတို့။**သရူပါနမိတိပဒံ၊သည်**။ကိမတ္ထံ၊နည်း။ဟတ္ထိစ၊ဆင်လည်း။အဿောစ၊မြင်းလည်း။ရထောစ၊ရထားလည်း။ပတ္တိကောစ၊ခြေသည်လည်း။ဟတ္ထိအဿရထပတ္တိကာ၊ဆင်, မြင်း, ရထား, ခြေသည်တို့။အသကီန္တိပဒံ၊သည်။ကိမတ္ထံ၊နည်း။ပုရိသော၊ယောကျ်ားသည်။

➢ **သရူပါနံ+ဧကသေသော+အသကီ-ဟု (၃)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **သရူပ, အရ။** ။ တူသောရုပ်သွင် ပုံဟန်တူသော သုတိရှိသော ပုရိသ+ပုရိသ, ဒသ+ဒသ-စသော ပုဒ်, ဗျည်းတို့ကို ယူရပါမည်။ [ သရူပါနံ ပဒဗျဥ္ဇနာနံ-ကိုထောက်]

➢ **အသကီသဒ္ဒါ တစ်ဖန်ဆိုရခြင်းအကျိုး။** ။ ဝိဘတ်တစ်မျိုးတည်း ပြယုဂ်တို့၏တစ်ကြိမ်မက အကြိမ်ကြိမ်ဆိုရာ၌သာ ဧကသိက်ဖြစ်သည်ဟု ပြရခြင်းအကျိုးရှိပါသည်

➢ **အသကီသဒ္ဒါ ပိုလွန်ပုံ။** ။ သရူပါနံသဒ္ဒါဖြင့် တစ်ကြိမ်မဟုတ် ပုဒ်အများပင်တည်းဟု သိသာထင်ရှားလျက် တစ်ဖန် အသကီသဒ္ဒါကို ထပ်၍ဆိုခြင်းသည် ပိုလွန်ပါသည်။

➢ **ဂါမေ, ဂါမေ-ဟူသော ဝိစ္ဆာပြယုဂ်များ၌ ဧကသိက်မပြုရခြင်းအကြောင်း။**

ဝဂ္ဂါ ပဋ္ဌ ပဋ္ဌဘော မန္တာ-သုတ်၌ ပဋ္ဌပဋ္ဌသောကို ညွှန်ပြခြင်းဖြင့်ပင် ဝိစ္ဆာပြယုဂ်ပြီးခြင်းကို သိစေအပ်ပြီးဖြစ်သောကြောင့် ဝိစ္ဆာပြယုဂ်များ၌ ဧကသိက် မလုပ်ရပါ။

http://www.dhammadownload.com



➢ **ယောဂဝိဘာဂ/ဧကသေသွသကီ-ဟု သုတ်ခွဲ၍ တည်ရကျိုး။ ။**

ဧကသေသွသကီ-ဟူသော ယောဂဝိဘာဂဖြင့် ဝိတူန်-စသော ပြယုဂ်တို့၌ ဝိကပ်အားဖြင့် ဝိရူပေကသိက် ပြုနိုင်ခြင်းအကျိုးရှိပါသည်။

➢ **သရူပါန်-ဖြင့် ပြအပ်သောအဓိပ္ပါယ်။ ။** သရူပါန်-ဖြင့် သဒ္ဒါတူရမည်ဟု ပြပါသည်။

➢ **အ,သကီဖြင့် ပြအပ်သောအဓိပ္ပါယ်။ ။** အသကီဖြင့် သဒ္ဒါတူသော်လည်း ဝိဘတ်တူမှသာ ဧကသိက်ပြုရမည်ဟု ပြပါသည်။

➢ **ဧကသိက် ခေါ်ပုံ။ ။** တစ်ပုဒ်သည်သာကြွင်း၍ ကျန်သောပုဒ်တို့ကို ချေပစ်ရခြင်းကို ဧကသိက်ဟု ခေါ်ပါသည်။

➢ **ဧကသိက်ပြုခြင်းအကျိုး။ ။** ပုဒ်ဗျည်းအများကို မရွတ်ဆို မရေးသားရဘဲ တစ်ပုဒ်တည်း ရွတ်ဆိုရေးသားရခြင်း အကျိုးရှိပါသည်။

**၃စဉ်။ ဂဏနေ ဒသဿ ဒ္ဒိ တိ စတု ပဥ္စ ဆ သတ္တ အဋ္ဌ နဝကာန် ဝိ တိ စတ္တာရ ပညာ ဆ သတ္တာသ နဝါ ယောသု၊ ယောနဉ္စီသမာသံ ဋ္ဌ ရိ တိ တု တိ။**

ဂဏနေ ဒသဿ ဒ္ဒိ တိက စတုက္က ပဥ္စက ဆက္က သတ္တက အဋ္ဌက နဝကာန် သရူပါန် ကတေကသေသာန် ယထာသင်္ချံ ဝိ တိ စတ္တာရ ပညာ ဆ သတ္တ အသ နဝက္ကစ္စာဒေသာ ဟောန္တိ အသကီ ယောသု ယောနဉ္စ ဤသံ အာသံ ဋ္ဌ ရိ တိ ဤတိ ဥတိက္ကစ္စာဒေသာ ဟောန္တိ။ ပစ္ဆာ ပုန နိပ္ပဒ္ဒန္တေ။

ဝိသံ၊ တိသံ၊ စတ္တာလိသံ၊ ပညာသံ၊ သဋ္ဌိ၊ သတ္တရိ၊ သတ္တတိ၊ အသီတိ၊ နဝုတိ။

**အသကီန္တိ ကိမတ္ထံ? ဒသ။ ဂဏနေတိ ကိမတ္ထံ? ဒသဒသကာ ပုရိသာ။**

* ယောသု၊ယောဝိဘတ်တို့ကြောင့်။ဂဏနေ၊ရေတွက်ခြင်းသင်္ချာ ပမာနအရာ၌။ အသကီ၊တစ်ကြိမ်မဟုတ်ရာ၌။ (ဝါ)ကုန်သော။ဒွိတိစတု ပဥ္စဆသတ္တအဋ္ဌနဝကာန်၊နှစ်ခု, သုံးခု, လေးခု, (ပ) ကိုးခုတို့၏အပေါင်းဖြစ်ကုန်သော ကာရိဒသသဒ္ဒါတို့၏။ (ဝါ) တို့တွင်း။ ဧကသေသသ၊တစ်ခုကြွင်းဖြစ်သော။ဒသဿ၊ကာရိယဒသသဒ္ဒါ၏။ဝိတိစတ္တာရ ပညာ ဆ သတ္တာသ နဝါ၊ဝီပြု, တိပြု, စတ္တာရပြု, ပညာပြု, ဆပြု, သတ္တပြု, အသပြု, နဝပြု တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ယောနဉ္စ၊ယောဝိဘတ်တို့၏လည်း။ဤသမာသံ ဋ္ဌရိတိတု တိ၊ဤသံပြု, အာသံပြု, ဋ္ဌိပြု, ရိပြု, တိပြု, ဤတိပြု, ဥတိပြုတို့သည်။ဟောန္တိ၊ကုန်၏။

* ယောသု၊တို့ကြောင့်။ဂဏနေ၊၌။အသကီ၊၌။ (ဝါ) ကုန်သော။သရူပါန်၊တူသော ရုပ်သွင် သုတိတူရှိကုန်သော။ကတေကသေသာန်၊ပြုအပ်ပြီးသော တစ်ခုကြွင်းရှိကုန်သော။ဒုက (ပ) နဝကာန်၊နှစ်ခုပေါင်း (ပ) ကိုးခုပေါင်းဖြစ်ကုန်သော ကာရိဒသ သဒ္ဒါတို့၏။ (ဝါ) တို့တွင်။ဧကသေသသ၊တစ်ခုကြွင်းဖြစ်သော။ဒသဿ၊၏။ယထာသင်္ချံ၊ အစဉ်အတိုင်း။ဝိတိ (ပ) ကျစ္စာဒေသာ၊တို့သည်။ဟောန္တိ၊ကုန်၏။ယောနဉ္စ၊တို့၏လည်း။

http://www.dhammadownload.com



ဤသံ (ပ) ဣစ္ဆာဒေသာ၊တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ပဿာ၊နောက်၌။ပုန၊တစ်ဖန်။နိပ္ပ ဒ္ဒန္တေပြီးစေအပ်ကုန်၏။ ➢ ဝိသံ၊နှစ်ဆယ်။တိံသံ၊သုံးဆယ်။စတ္တာလီသံ၊လေးဆယ်။ပညာ သံ၊ငါးဆယ်။သဋ္ဌိ၊ခြောက်ဆယ်။သတ္တရိ၊သတ္တတိ၊ခုနှစ်ဆယ်။အသီတိ၊ရှစ်ဆယ်။နဝုတိ၊ ကိုးဆယ်။ **အသင်္ခိယံ**ပဒံ၊သည်။ကိမတ္ထံ၊နည်း။ဒဃ၊ဆယ်ခုတို့။**ဂဏနေ**တိပဒံ၊သည်။ ကိမတ္ထံ၊နည်း။ဒသဒသကာ၊ဆယ်ခု, ဆယ်လီဖြစ်ကုန်သော။ပုရိသာ၊မျောက်များ တစ်ရာတို့

➢ **ဂဏနေ+ဒသဿ+ဒ္ဓိတိ (ပ) နဝကာန်+ဝိတိ (ပ) နဝါ+ယောသု+ဧယောနံ+စ+ ဤသ မာသံ ဋ္ဌိရိ တိ တု တိ-ဟု (၈)ပုဒ်ရှိသော အာဒေသဝိဓိသုတ်။**

➢ **ယောနဉ္ဈိသမာသံ-**ကို ယောနံ+စ+ဤသံ+အာသံ-ဟုပုဒ်ဖြတ်ရမည်။

➢ **ယထာသဒ္ဒိ အဓိပ္ပါယ်/တာရီ, ကာရီယ, အစဉ်ကျကျ တွဲစပ်ပုံ။** ။ ဒုနောက် ယောဝိဘတ်ကြောင့် ဧကသိက်ပြုထားသော ဒသ-သဒ္ဒါနှစ်ခုအပေါင်းကို ဝိပြု, ယော ဝိဘတ်ကိုလည်း ဤသံပြု, ဧကသိက်ပြုထားသော ဒသ-သဒ္ဒါသုံးခုအပေါင်းကို တိပြု, ယောဝိဘတ်ကိုလည်း ဤသံပြု, ဧကသိက်ပြုထားသော ဒသ-သဒ္ဒါလေးခုအပေါင်းကို စတ္တာရေပြု, ယောဝိဘတ်ကိုလည်း ဤသံပြု, ဧကသိက်ပြုထားသော ဒသ-သဒ္ဒါငါးခု အပေါင်းကို ပညာပြု,ယောဝိဘတ်ကိုလည်း အာသံပြု, ဧကသိက်ပြုထားသော ဒသ-သဒ္ဒါခြောက်ခုအပေါင်းကို ဆပြု, ယောဝိဘတ်ကိုလည်း ဋ္ဌိပြု, ဧကသိက်ပြုထားသော ဒသ-သဒ္ဒါခုနှစ်ခုအပေါင်းကို သတ္တပြု, ယောဝိဘတ်ကိုလည်း ရိပြု,တိပြု, ဧကသိက်ပြု ထားသော ဒသ-သဒ္ဒါရှစ်ခုအပေါင်းကို အသပြု, ယောဝိဘတ်ကိုလည်း ဤတိပြု, ဧက သိက်ပြုထားသော ဒသ-သဒ္ဒါကိုးခုအပေါင်းကို နဝပြု,ယော့ဝိဘတ်ကိုလည်း ဥတိပြု။

➢ **ဂဏနေသဒ္ဒါဖြင့် ယူရမည့်အနက်။** ။ အရေအတွက် သင်္ချာပြဋ္ဌာန်းသော သင်္ချာပဓာနအနက်ကို ယူရပါမည်။

➢ **ဂဏနေသဒ္ဒါဖြင့် နှစ်စေသောအနက်။** ။ ရေတွက်အပ်သော ဖြစ်ပြဋ္ဌာန်း သော သဒ္ဒေါယျ ပဓာနအနက်ဖြစ်ပါသည်။

➢ **ဝိသံ-စသည်၌ တစ်ဖန်ထပ်၍ ဝိဘတ်သက်ရခြင်းအကြောင်း။** ။ ဝိသံ-စသောပုဒ်များသည် အမြဲကွတ်လိုင် ဧကဝုစ်ကိုဟောသဖြင့် မပြီးသေးသော အနိပ္ပန္န အဖြစ်ကို ငဲ့သောကြောင့် တစ်ဖန်ထပ်၍ ဝိဘတ်သက်ရပါသည်။ ထို့ကြောင့် ဝိသတိ-ဟု နိပ္ပန္နပုဒ် ဖြစ်လာရပြန်ပါသည်။

## ၃၉၀။ စတူပဝဒဿ လောပေါ တုတ္တရပဒါဒိစဿ စုစောဝိ နဝါ

စတူပဝဒဿ ဂဏနေ ပရိယာပန္နဿ တုကာရဿ လောပေါ ဟောတိ၊ ဥတ္တရပဒါဒိစကာရဿ စုစောဝိ အာဒေသော ဟောန္တိ နဝါ။ စုဒ္ဓသ၊ စောဒ္ဓသ၊ စတုဒ္ဓသ။ **အပိဂ္ဂဟဏေန** အနုပဒဿာပိ ပဒါဒိစကာရဿ လောပေါ ဟောတိ

http://www.dhammadownload.com



နဝါ။ စဿ စုစောပိ ဟောန္တိ။ တာလီသံ၊ စတ္တာလီသံ၊ စုတ္တာလီသံ၊ စောတ္တာလီသံ။

* ဂဏနေ၊ရေတွက်ခြင်းသင်္ချာ ပဓာနအရာ၌။စတူပပဒဿ၊စတုဟူသော ရှေးနိုး ပုဒ်၏။တု၊တုသဒ္ဒါသည်။လောပေါ်၊ကျေပျောက်သည်။ဟောတိ၊ဖြစ်၏။ဥတ္တရပဒါဒိစဿ၊ တုကျေပျောက်၍နောက်ပုဒ်နှင့်နီးကပ်သော စအက္ခရာ၏။စုစောပိ၊စုပြု, စောပြုတို့သည်လည်း။နဝါ၊အချို့။ဟောတိ၊ဖြစ်၏။ * ဂဏနေ၊၌။ပရိယာပန္နဿ၊အကျုံးဝင်သော။စတူပပဒဿ၊၏။တုကာရဿ၊တုသဒ္ဒါ၏။လောပေါ်၊ကျေပျောက်သည်။ဟောတိ၊၏။ဥတ္တရပဒါဒိစကာရဿ၊တုကျေပျောက်၍နောက်ပုဒ်နှင့်နီးကပ်သော စအက္ခရာ၏။စုစောပိအာဒေသာ၊စုပြု, စောပြုတို့သည်လည်း။နဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။

စုဒ္ဒသ-စောဒ္ဒသ-စတုဒ္ဒသ၊တစ်ဆယ့်လေးခုတို့။ ➢ **အပိဂ္ဂဟဏေန**၊အပိသဒ္ဒါဖြင့်။ အနုပပဒဿာပိ၊အနီးပုဒ်မဟုတ်သည်လည်းဖြစ်သော။ပဒါဒိစကာရဿ၊ပုဒ်၏အစဖြစ်သော စအက္ခရာ၏။လောပေါ်သည်။နဝါ၊အချို့။ဟောတိ၊၏။စဿစ၊စအက္ခရာ၏လည်း။ စုစောပိ၊စုအပြု, စောအပြုတို့သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။

တာလီသံ-စတ္တာလီသံ-စုတ္တာလီသံ-စောတ္တာလီသံ၊လေးဆယ်။

➢ **စတူပပဒဿ [စတု+ဥပပဒဿ] +လောပေါ်+တု+ဥတ္တရပဒါဒိစဿ+စုစော +အပိ+နဝါ-ဟု (၇)ပုဒ်ရှိ သော လောပဝိဓိ/အာဒေသဝိဓိသုတ်။**

➢ **ပဒ, အရ။** ။ ဒသ, သဒ္ဒါဖြစ်ပါသည်။

➢ **စတူပပဒ, ဥပပဒ, အရ။** ။ စတုဒ္ဒသ-၌ နောက်ဒသ၏ ရှေ့အနီးဖြစ်သော စတုပုဒ်ကို ယူရပါမည်။

➢ **ဥတ္တရပဒ, အရ။** ။ စတုပုဒ်၏နောက်၌ရှိသော ဒသ,သဒ္ဒါကို ယူရပါမည်။

➢ **ဥတ္တရပဒါဒိ, အရ။** ။ စတု, သဒ္ဒါဖြစ်ပါသည်။ **(တစ်နည်း)** တုကျေပျောက်၍ နောက်ဒသပုဒ်၏အစ၌တည်ရှိသော စအက္ခရာကို ယူရပါမည်။

➢ **ဥတ္တရပဒါဒိစော, အရ။** ။ စအက္ခရာကို ယူရပါမည်။

➢ **အပိ, သဒ္ဒါ၏အနက်။** ။ အပိသဒ္ဒါသည် သမုစ္စည်းအနက်ဖြစ်ပါသည်။

➢ **အပိသဒ္ဒါဆိုရကျိုး။** ။ အပိသဒ္ဒါဖြင့် တာလီသံ-၌ စအက္ခရာကိုချေခြင်း, စုတ္တာလီသံ, စောတ္တာလီသံ-၌ စအက္ခရာကို ဥပြုရခြင်း စောပြုရခြင်း အကျိုးရှိပါသည်

➢ **အပိသဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်။** ။ အပိသဒ္ဒါဖြင့် တာလီသံ, စတ္တာလီသံ, စုတ္တာလီသံ, စောတ္တာလီသံ-တို့၌ အနီးပုဒ်မဟုတ်သော ပုဒ်၏အစဖြစ်သော စအက္ခရာကို အချို့ချေ၍ စအက္ခရာကို စုပြု, စောပြုရမည်ဟု သိစေပါသည်။

➢ **နဝါသဒ္ဒါ၏အနက်။** ။ နဝါသဒ္ဒါသည် ဝိကပ်အနက်ရှိပါသည်။

➢ **နဝါ, သဒ္ဒါဆိုရကျိုး။** ။ နဝါသဒ္ဒါဖြင့် စတုဒ္ဒသ-၌ တုအက္ခရာ၏ကျေခြင်း,

http://www.dhammadownload.com



စအက္ခရာ၏ စုပြုံ, စောပြုခြင်းတို့ကိုလည်းကောင်း, စတ္တာလီသံ-၌ စအက္ခရာ၏ ကျေခြင်း, စုပြုံ, စောပြုခြင်းကိုလည်းကောင်း နှစ်စေခြင်း အကျိုးရှိပါသည်။

## ၃၉၁။ ယဒနုပပန္နာ နိပါတနာ သိဗ္ဗန္တိ

ယေသဒ္ဒါ အနိဋ္ဌိဋ္ဌလက္ခဏာ အက္ခရပဒဗျဥ္ဇနတော, ကျက္ထိပုမနပုံသကလိင်္ဂတော, နာမုပသဂ္ဂနိပါတတော, အဗျယီဘာဝသမာသတဒ္ဓိတာချာတတော, ဂဏနသင်္ချာကာလကာရကပွယောဂသညာတော, သန္ဓိပကတိဝုဒ္ဓိလောပါဂမဝိကာရ ဝိပရိတတော, ဝိဘတ္တိဝိဘာဇနတောစ, တေ နိပါတနာ သိဗ္ဗန္တိ။

* ယဲယေသဒ္ဒါအကြင်သဒ္ဒါတို့သည်။အနုပပန္နာစီရင်ရန်သုတ်လက္ခဏာ မရှိ၍မပြီးမစုံ တင်နေကြကုန်၏။တေသဒ္ဒါထိုသဒ္ဒါတို့သည်။နိပါတနာ-နိပါတနေန၊ဝန်, မတင်စေရကျစေခြင်း နိရုတ္တိလက္ခဏာရှိသော ဤမဟာဝိသယသုတ်ကြီးဖြင့်။သိဗ္ဗန္တိ၊ပြီးကုန်၏။

